global witness

# ပဋိပက္ခ ပတ္တမြားများ

## တန်ဖိုးကြီးလက်ဝတ်ရတနာလုပ်ငန်းရှင်များသည် မြန်မာစစ်တပ်၏ တရားမဲ့ပြုကျင့်မှုများကို ငွေကြေးပံ့ပိုးပေးနေသကဲ့သို့ဖြစ်စေနိုင်သည့် အန္တရာယ်ရှိနေပုံ

၂၀၂၂ ခုနှစ် ဒီဇင်ဘာလ



# မာတိကာ


အတိုကောက်အသုံးအနှုန်းများ ၄

မြန်မာနိုင်ငံ မြေပုံ ၅

အနှစ်ချုပ် ၆

၁။ မြန်မာ့ကျောက်မျက်ကဏ္ဍကို လက်နက်ကိုင်အဖွဲ့အစည်းများက ထိန်းချုပ်လာခဲ့ပုံ ၁၁

၁.၁ စစ်တပ်၏ ဆယ်စုနှစ် ခြောက်ခုကြာ ထိန်းချုပ်မှု ၁၁
၁.၂ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ - စစ်တပ်၏ စိတ်မချရသော ဒုစရိုက်ကျူးလွန်ဖက်များ ၁၁
၁.၃ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုသည် ကျောက်မျက်တူးဖော်သည့်လုပ်ငန်းခွင်များအနီးပတ်ဝန်းကျင်အပါအဝင် လက်ရှိပဋိပက္ခအခြေအနေတစ်ရပ်အတွင်း အကြမ်းဖက်မှုများ နှင့် ဖိနှိပ်မှုများကို ပိုမိုဆိုးရွားလာစေခဲ့သည်။ ၁၄

၂။ ကျောက်မျက် တူးဖော်ခြင်းလုပ်ငန်းနှင့် ပဋိပက္ခ - မြေယာပိုင်ဆိုင်မှုများသိမ်းယူခြင်း နှင့် တရားမဲ့ပြုကျင့်မှုများ၏ သမိုင်းကြောင်းတစ်ခု ၁၅

၂.၁ ပိုင်ဆိုင်မှုသိမ်းယူခြင်းများကို မှတ်တမ်းတင်ခြင်း ၁၅
၂.၂ "အရာအားလုံး ပျက်စီးသွားခဲ့သည်" - မိုင်းရှူး၏ ပျက်စီးမှုများ ၁၅
အာဏာသိမ်းချိန်မှစတင်၍ - မိုင်းရှူးတွင် တရားမဝင် ကျောက်မျက်တူးဖော်မှုများ ဆက်လက်ပြုလုပ်လျက်ရှိကြသည် ၁၇
၂.၃ မိုးကုတ်ရှိ နေရာရွှေ့ပြောင်းရမှုများ နှင့် ငွေညှစ်ခြင်းများ ၁၈
အာဏာသိမ်းချိန်မှစတင်၍ - မိုးကုတ်တွင်နေထိုင်သူများသည် ကျောက်မျက်တူးဖော်ခွင့်ရရန်အတွက် စစ်တပ်ကို ငွေကြေးပေးအပ်နေရသည်။ ၁၈
ဖြစ်စဉ်လေ့လာမှု - ရွှေပြည်အေး - အမှောင်ထုကို အကာအကွယ်ယူ၍ ကျောက်တူးခြင်း ၂၀
၂.၄ တရားမဝင်ကျောက်မျက်တူးဖော်ခြင်း - အန္တရာယ်ရှိသည့် လုပ်ငန်းတစ်ခုသည် စစ်အာဏာသိမ်းစဉ်မှစတင်ကာ ပို၍ အန္တရာယ်များလာခဲ့သည်။ ၂၁

၃။ ကျောက်မျက်တူးဖော်မှုလုပ်ငန်းကို မြန်မာ စစ်တပ်က ထိန်းချုပ်ထားပုံ ၂၂

၃.၁ ယခင်လိုင်စင်ထုတ်ပေးသည့် စနစ်အောက်ရှိ စစ်တပ်၏ ထိန်းချုပ်မှု အတိုင်းအတာ ၂၂
ပွင့်လင်းမြင်သာမှုမရှိသောကဏ္ဍကို အလင်းရောင်ထိုးကြည့်ရှုခြင်း
လုပ်ငန်းလိုင်စင်ချထားမှုဆိုင်ရာအချက်အလက်များမှတဆင့် စစ်တပ်၏ ထိန်းချုပ်မှုအတိုင်းအတာပမာဏကို တွေ့မြင်နိုင်သည် ၂၂
ကျောက်မျက်လုပ်ငန်းကို စစ်တပ် နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက သိမ်းပိုက်ထားကြောင်း ထုတ်လုပ်ခြင်း နှင့် အခွန်ကောက်ခံခြင်းဆိုင်ရာ အချက်အလက်များကလည်း ပြသနေသည် ၂၄
၃.၂ လိုင်စင်ကို ထပ်ဆင့်အငှားချခြင်း သို့မဟုတ် ထင်သာမြင်သာမရှိသောဖက်စပ်လုပ်ငန်းများ - စစ်တပ်၏ လုပ်နည်းလုပ်ဟန် ၂၆
၃.၃ MEHL နှင့် MEC တို့မှ အကျိုးအမြတ်များသည် လူ့အခွင့်အရေးကျူးလွန်ချိုးဖောက်မှုများကို ငွေကြေးပံ့ပိုးပေးနေသည် ၂၈
၃.၄ မြန်မာနိုင်ငံတွင် အာဏာသိမ်းပြီးနောက်ပိုင်းတွင် စစ်တပ်သည် ကျောက်မျက်တူးဖော်မှုလုပ်ငန်းများမှ ၎င်း၏ ဝင်ငွေကိုတိုးတက်စေရန် လုပ်ဆောင်နိုင်ဖွယ်ရှိသည့် နည်းလမ်းများ ၂၈


မျက်နှာဖုံးပုံ - ၂၀၂၀ ခုနှစ် မတ်လတွင် မိုးကုတ်ရှိ လက်လုပ်လက်စား ပတ္တမြား တူးဖော်သူ အဖွဲ့တစ်ဖွဲ့ အလုပ်လုပ်နေပုံ။ MO

၄။ ပွင့်လင်းမြင်သာမှုမရှိသည့် ကြားလူများ - ထိုင်းနိုင်ငံမှတဆင့် ကုန်သွယ်ခြင်း ၃၂

၄.၁ ကျောက်မျက်များ ထုတ်လုပ်၊ စီမံ၊ ပြုပြင်ခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာ ဆုံချက် နှင့် မှောင်ခိုလုပ်ငန်းများ အား ဆွဲဆောင်ရာနေရာတစ်ခု ၃၂

၄.၂ နယ်စပ်ဒေသရှိ လုပ်ငန်းဆိုင်ရာထိန်းချုပ်ပိုင်ဆိုင်သည့်နယ်မြေများ - တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အခန်းကဏ္ဍ ဖြစ်စဉ်လေ့လာမှု - ထိုင်းနယ်စပ်တွင် ခွလျက်တည်ရှိခြင်း ၃၃

၄.၃ ကျောက်မျက်များ - မူးယစ်ဆေးဝါးကုန်သွယ်မှုအတွက် ဟန်ပြတစ်ခုလော။ ၃၅

၄.၄ မေးခွန်းမထုတ်ပါနှင့် - ထိုင်းနိုင်ငံရှိ ကုန်သည်များသည် အခြေခံ ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန် စိစစ်ခြင်းကို လုပ်ဆောင်ရန် ပျက်ကွက်ခဲ့ကြသည် ၃၅

ဖြစ်စဉ်လေ့လာမှု - Fai Dee Gems Co., Ltd. - စစ်တပ်နှင့် ဆက်စပ်နေသောကျောက်တွင်းတစ်ခုမှ ဝယ်ယူပြီး အနောက်နိုင်ငံမှကုမ္ပဏီများသို့ ရောင်းချနေခြင်း ၃၇

၄.၅ ထိုင်းနိုင်ငံရှိ ကျောက်မျက်၊ လက်ဝတ်ရတနာ ကုမ္ပဏီများ နှင့် ထိုင်းအစိုးရတို့အနေဖြင့် လုပ်ဆောင်သင့်သည့်အရာများ။ ၃၈

၅။ နိုင်ငံတကာ လက်ဝတ်ရတနာကုန်သည်များ နှင့် လေလံကုမ္ပဏီများသည် လူ့အခွင့်အရေးများကို လေးစားလိုက်နာရန် ပျက်ကွက်လျက်ရှိကြသည် ၃၉

၅.၁ နိုင်ငံတကာတွင် သဘောတူထားသည့် တာဝန်များကို ရှောင်တိမ်းခြင်း ၃၉

၅.၂ လုပ်ငန်းနယ်ပယ်ဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများသည် လုံလောက်မှုမရှိဘဲ မကောင်းသည့် အလေ့အထများကို ဖုံးဖိထားနိုင်စေသည် ၄၀

၅.၃ မြန်မာနိုင်ငံမှ ထုတ်လုပ်ရေး လမ်းကြောင်းများနှင့်ပတ်သက်၍ ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရေး စိစစ်ရန် အလွန်ခက်ခဲပါသည် ၄၂

၅.၄ အနောက်နိုင်ငံများမှ လက်ဝတ်ရတနာ အမှတ်တံဆိပ်များ၊ လေလံကုမ္ပဏီများ နှင့် ဈေးကွက်ကြီးအတွင်း လက်လီရောင်းချသူများသည် မြန်မာနိုင်ငံအတွင်း ရက်စက်ယုတ်မာသော လုပ်ရပ်များကို ၎င်းတို့အနေဖြင့် ငွေကြေး ပံ့ပိုးနေခြင်းဖြစ်နိုင်သည့် အန္တရာယ်ကို လျစ်လျူရှုထားကြသည် ၄၃

၅.၅ ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန် စိစစ်ခြင်း နှင့် တာဝန်ယူမှုရှိစွာ ဝယ်ယူတင်သွင်းခြင်း - အချို့ကုမ္ပဏီများသည် ရှေ့ဆောင်လမ်းပြအဖြစ် ဆောင်ရွက်ကြသော်လည်း အစီရင်ခံတင်ပြမှုများသည် အားနည်းလျက် ရှိနေဆဲဖြစ်သည် ၄၅

၅.၆ နိုင်ငံတကာ လက်ဝတ်ရတနာလုပ်ငန်းရှင်များ၊ လေလံကုမ္ပဏီများ နှင့် ကျောက်မျက်ကုန်သည်များအနေဖြင့် လုပ်ဆောင်သင့်သည့်အရာများ။ ၄၆

အကြံပြုတင်ပြချက်များ ၄၇

အစီရင်ခံစာ၏ နည်းစနစ် ၅၀

နောက်ဆက်တွဲ ၅၁

နောက်ဆက်တွဲ ၁ - မြန်မာနိုင်ငံရှိ အကြီးမားဆုံး ကျောက်မျက်တူးဖော်ရေး ကုမ္ပဏီများကို ရှာဖွေဖော်ထုတ်ကာ ၎င်းတို့နှင့် စစ်တပ်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအကြား ဆက်စပ်မှုများကို ဖော်ထုတ်ရန် MEITI အချက်အလက်များကို အသုံးပြုခြင်း ၅၁

နောက်ဆက်တွဲ ၂ - မြန်မာနိုင်ငံ၏ ရောင်စုံကျောက်မျက်ကဏ္ဍသည် မည်မျှ တန်ဖိုးရှိသနည်း။


ဤစာတမ်းသည် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်တွင် အင်္ဂလိပ်ဘာသာဖြင့် မူရင်းထုတ်ပြန်ခဲ့သော Conflict Rubies: How Luxury Jewellers Risk Funding Military Abuses in Myanmar စာတမ်းကို မြန်မာဘာသာသို့ ပြန်ဆိုထားခြင်း ဖြစ်ပါသည်။ ကွဲလွဲမှု သို့မဟုတ် မရှင်းလင်းမှု တစ်စုံတစ်ရာရှိပါက ကျေးဇူးပြု၍ မူရင်း အင်္ဂလိပ်ဘာသာကို ကိုးကားပါ။

## အတိုကောက်အသုံးအနှုန်းများ

| | |
|---|---|
| CGWG | ရောင်စုံ ကျောက်မျက်ရတနာများဆိုင်ရာ လုပ်ငန်းအဖွဲ့ |
| DICA | ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန |
| MEITI | မြန်မာနိုင်ငံ တွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး |
| JV | ဖက်စပ်လုပ်ငန်း |
| KIA | ကချင်လွတ်မြောက်ရေးတပ်မတော် |
| MEC | မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း |
| MEHL | မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် |
| MGE | မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း |
| MGJEA | မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း |
| MNDAA | မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် |
| NDAA | အမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် |
| NLD | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| NUG | အမျိုးသားညီညွတ်ရေးအစိုးရ |
| OECD | စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု နှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဖွဲ့အစည်း |
| PNO | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် |
| RCSS/SSA–S | သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ သျှမ်းပြည်တပ်မတော် - တောင်ပိုင်း |
| RJC | တာဝန်ယူမှုရှိသော လက်ဝတ်ရတနာလုပ်ငန်း ကောင်စီ |
| SAC | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ |
| SSPP/SSA–N | သျှမ်းပြည်တိုးတက်ရေးပါတီ/သျှမ်းပြည်တပ်မတော် - မြောက်ပိုင်း |
| TNLA | တအာင်း အမျိုးသား လွတ်မြောက်ရေး တပ်မတော် |
| UWSA | ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် |




၂၀၂၀ ခုနှစ် မတ်လတွင် မိုးကုတ်ရှိ လက်လုပ်လက်စား ပတ္တမြား တူးဖော်သူ အဖွဲ့များ အလုပ်လုပ်နေပုံ။ MO


MYANMAR
Kachin
Namya
Myitkyina
CHINA
BANGLADESH
INDIA
Sagaing
Lashio
Hakha
Chin
Mogok
Sagaing
Mandalay
Mong Hsu
Shan
Mandalay
Taunggyi
LAOS
Sittwe
Rakhine
Magway
Nay Pyi Taw
Kayah
THAILAND
Bago
Mon
Kayin
Ayeyarwady
Yangon
Tanintharyi
Capital City
Gemstone Mining Areas

# အနှစ်ချုပ်

Burmese rubies ဟုလည်း လူသိများသော မြန်မာနိုင်ငံမှ ပတ္တမြားသည် ကမ္ဘာပေါ်တွင် အကောင်းဆုံးဖြစ်သည်။ ၎င်းတို့သည် ကမ္ဘာပေါ်တွင် အရက်စက်ဆုံး အာဏာရှင်အစိုးရများအနက်မှ တစ်ခုအတွက် အရေးကြီးသော ငွေကြေး အရင်းအမြစ်လည်း ဖြစ်နေသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အာဏာသိမ်းပြီး တိုင်းပြည်၏ ရွေးကောက်ခံခေါင်းဆောင်များကို ဖမ်းဆီးထောင်ချပြီးချိန်မှစတင်ကာ မြန်မာ စစ်တပ်နှင့် ၎င်း၏ ရဲတပ်ဖွဲ့သည် ကလေးသူငယ် ၇၅ ဦးအပါအဝင် အရပ်သား ၁၂၀၀ ကျော်တို့ကို သတ်ဖြတ်ခဲ့သည်။ ၎င်းတို့သည် လူနေရပ်ကွက်များအတွင်း ခွဲခြားခြင်းမရှိဘဲ ပစ်ခတ်ခဲ့ကြပြီး ထောင်နှင့်ချီသော ပြည်လူများကို ယုတ္တိမရှိသော စွဲချက်များဖြင့် ဖမ်းဆီးကာ ထိန်းသိမ်းထားသည့် အကျဉ်းသားများကို စနစ်တကျ နှိပ်စက်မှုများ ကျူးလွန်ခဲ့သည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ သန်းပေါင်းများစွာသော ရဲရင့်သည့် ပြည်သူများသည် ၎င်း တို့၏ အသက်များကိုရင်းကာ စစ်အာဏာသိမ်းမှုကို ဆန့်ကျင်လျက်ရှိကြပြီး အနောက်နိုင်ငံများသည် အာဏာရှင်အစိုးရ၏ အဓိက ဝင်ငွေ အရင်းအမြစ်များကို ဖြတ်တောက်ရန် ရည်ရွယ်ကာ စီးပွားရေးပိတ်ဆို့မှုများကို ချမှတ်ခဲ့ကြသော်လည်း တိုင်းပြည်၏ သဘာဝ သယံဇာတ ကြွယ်ဝမှုများက စစ်ဗိုလ်ချုပ်များကို အသက်ဆက်နိုင်စေလျက်ရှိသည်။ ယင်းသို့ဖြစ်ခြင်းသည် ပထမဆုံးအကြိမ်လည်း မဟုတ်ပေ။ စစ်တပ်သည် တိုင်းပြည်၏အဖိုးတန်သော သဘာဝသယံဇာတများကို ခိုးဝှက်လုယက်ခြင်းဖြင့် ၎င်း၏ အုပ်ချုပ်မှုကို ဆယ်စုနှစ်များစွာ ခိုင်မာစေခဲ့သည်။

စစ်တပ် နှင့် ၎င်း၏ အကျင့်ပျက်ခြစားနေသည့် စစ်ဗိုလ်ချုပ်များအတွက် အရေးအပါဆုံး ဝင်ငွေအရင်းအမြစ်တစ်ခုမှာ တိုင်းပြည်၏ အမြတ်များစွာ ရရှိသော ကျောက်စိမ်း နှင့် ကျောက်မျက်ကဏ္ဍတို့ ဖြစ်ကြသည်။ ၂၀၁၅ ခုနှစ်မှ စတင်၍ Global Witness သည် ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုမတိုင်မီ ဖြေလျှော့မှုများ ပြုလုပ်လာခဲ့သည့် ဆယ်စုနှစ်အတွင်း၌ပင် ကျောက်စိမ်းတူးဖော်မှု၊ လက်နက်ကိုင်ပဋိပက္ခ နှင့် စစ်တပ်၏ ဆက်လက်ထိန်းချုပ်ထားမှု တို့အကြားရှိ ဆက်စပ်မှုများကို မှတ်တမ်းတင်ထားခဲ့သည်။ ကျွန်ုပ်တို့၏ ယခင်အစီရင်ခံစာများ၌ မြန်မာနိုင်ငံ၏ တန်ဖိုးအရှိဆုံး ကဏ္ဍများ၏ အချက်အချာတွင် ရှိနေသည့် ဆိုးဝါးသူများကို ဖော်ထုတ်ခဲ့သည်။

လူသိပိုမိုနည်းပါးသည့်အချက်တစ်ချက်မှာ စစ်တပ်နှင့် အခြားသော လက်နက်ကိုင်များအနေဖြင့် ပတ္တမြား၊ နီလာ နှင့် အခြားသော ရောင်စုံကျောက်မျက်များအပါအဝင် ကျောက်မျက်များမှ မည်သို့ အကျိုးအမြတ်များ ရရှိနေပုံဖြစ်သည်။ ဤအစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ ကျောက်မျက်ကဏ္ဍသည် ကျောက်စိမ်းကဏ္ဍကဲ့သို့ပင် ပြဿနာများမည်သို့ရှိနေကြောင်းကို ပထမဆုံးအကြိမ်အဖြစ် အသေးစိတ် ဖော်ထုတ်ထားပါသည်။ ဤအစီရင်ခံစာသည် အစိုးရအရာရှိများ၊ ရပ်ရွာလူထုများနှင့် လုပ်ငန်းကဏ္ဍအတွင်းမှ ကိုယ်စားလှယ်များဖြင့် တွေ့ဆုံမေးမြန်းမှု ၁၅၀ ကျော်၊ အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာတို့ဖြင့် ထုတ်ပြန်ထားသည့် မြန်မာနိုင်ငံတွင်းထွက် သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး အစီရင်ခံစာ၊ ကော်ပိုရိတ်မှတ်တမ်းများ၊ မြေပုံများ၊ ကုန်သွယ်ရေး အချက်အလက်များ နှင့် အခြားသော ရာနှင့်ချီသည့် အများ ပြည်သူ




စစ်အာဏာသိမ်းပြီး ၃ ပတ်အကြာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ဆူးလေဘုရားလမ်းပေါ်၌ ဆန္ဒပြသူများမှ ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်ပါတီ အလံကို ဝှေ့ယမ်းနေကြပုံ။ Hkun Lat/Getty Images

ဆိုင်ရာ အရင်းအမြစ်များအပါအဝင် အချက်အလက်များအပေါ် စိစစ် လေ့လာထားမှုတို့တွင် အခြေပြုထားပါသည်။

နိုင်ငံတကာရှိ လက်ဝတ်ရတနာလုပ်ငန်းများ၊ လေလံကုမ္ပဏီများ နှင့် စျေးကွက်ကြီးအတွင်း လက်လီရောင်းချသူများစွာတို့အနေဖြင့် မြန်မာနိုင်ငံ၏ ကျောက်စိမ်းလုပ်ငန်းအပေါ် ဖိစီးနေသည့်ပြဿနာများသည် ပတ္တမြားနှင့် အခြားသော ကျောက်မျက်များနှင့် မသက်ဆိုင်ဟူသော စိတ်ကူးယဉ်မှုပြောဆိုမှုနောက်ကွယ်တွင် ကာလရှည်ကြာ ပုန်းကွယ်နေခဲ့ကြသည်။ အမှန်စင်စစ်တွင် ကျောက်စိမ်းလုပ်ငန်းကဲ့သို့ပင် မြန်မာနိုင်ငံ၏ ကျောက်မျက်ကုန်သွယ်မှုများသည် စစ်တပ် နှင့် အင်အားကြီးမားပြီး တရားမဲ့ကျူးလွန်လုပ်ဆောင်ကြသည့် လက်နက်ကိုင်အဖွဲ့များမှ ထိန်းချုပ်ထားသည့် တရားမဝင်လုပ်ငန်းတစ်ခုဖြစ်သည်။

မြန်မာစစ်တပ်သည် တိုင်းပြည်၏ ကျောက်မျက်တွင်းများအပေါ် ဆယ်စုနှစ် သုံးခုကြာ အခိုင်အမာ ထိန်းချုပ်ထားခဲ့သည်။ ၎င်းသည် ၎င်း၏ ကိုယ်ပိုင်လုပ်ငန်းစုကြီးများထံသို့ တူးဖော်ခွင့်များ ပေးအပ်ခဲ့ပြီး ကျောက်မျက်တွင်းများမှ ဝင်ငွေများအား ရက်စက်ကြမ်းကြုတ်သော လုပ်ရပ်များကို ကျူးလွန်နေသည့် အဖွဲ့များထံ ငွေကြေးထောက်ပံ့ခဲ့သည်။ ၎င်းသည် တိုင်းပြည်၏ ကျောက်မျက်ကြွယ်ဝမှုများကို အသုံးပြုကာ အမြတ်အစွန်းများစွာရရှိသော လိုင်စင်များကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များထံပေးအပ်ပြီး လက်နက်ကိုင်ဆန့်ကျင်သော အဖွဲ့များကို သိမ်းသွင်းခဲ့သည်။ ထို့ပြင် ယခုနှစ်အစောပိုင်းအတွင်း နိုင်ငံတော်အာဏာကို တရားမဝင် လုယူခဲ့သဖြင့် ကျောက်မျက်လုပ်ငန်းအပေါ် ကွပ်ကဲထိန်းကျောင်းမှုသည် ၎င်း၏ လက်ဝယ်သို့ ပြန်လည်ရောက်ရှိလာခဲ့ပြီဖြစ်သည်။

တရားဝင် ထုတ်လုပ်မှု ပမာဏဆိုင်ရာ အချက်အလက်များကို အခြေခံ၍ ကျွန်ုပ်တို့၏ စိစစ်လေ့လာမှုများအရ မြန်မာနိုင်ငံ၏ ကျောက်မျက်လုပ်ငန်းသည် လိုင်စင်များ သက်တမ်းစတင်ကုန်ဆုံးလာခြင်းမတိုင်မီ ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း အပြည့်အဝ ထုတ်လုပ်မှုဖြင့်တွက်ချက်လျှင် တစ်နှစ် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၃၄၆ သန်းမှ ၄၁၅ သန်းအထိ တန်ဖိုးရှိခဲ့သည်။ သို့ရာတွင် မှောင်ခိုကုန်သွယ်မှု၊ တရားမဝင် ကုန်သွယ်မှုများ နှင့် ပတ်သက်၍ ကျွန်ုပ်တို့ သိရှိထားသည်များကို ပေါင်းစပ်ထည့်သွင်းပါက ဤကဏ္ဍသည် အဆိုပါ လေးနှစ်ကျော်ကြာ ကာလအတွင်း နှစ်စဉ်ပျမ်းမျှ အမေရိကန်ဒေါ်လာ ၁.၇၃ ဘီလီယံမှ ၂.၀၇ ဘီလီယံအထိ တန်ဖိုး ရှိခဲ့မည်ဖြစ်သည်ဟု တွေ့ရှိရသည် (စာမျက်နှာ ၃၀ ရှိ စိစစ်လေ့လာမှုကို ကြည့်ရှုပါ)။ ဆိုလိုသည်မှာ အကယ်၍ စစ်တပ်အနေဖြင့် ကျောက်မျက်တူးဖော်ရေး လိုင်စင်များကို ပြန်လည်စတင်ထုတ်ပေးပါက ဒေါ်လာဘီလီယံနှင့်ချီကာတန်ဖိုးရှိသည့် လုပ်ငန်းတစ်ခုသည် ၎င်း၏ လက်ဝယ်အတွင်း ရောက်ရှိသွားမည် ဖြစ်ပြီး ရက်စက်ယုတ်မာသော လုပ်ရပ်များကို ဆက်လက် ကျူးလွန်နိုင်ရေးအတွက် ရန်ပုံငွေ ရရှိနိုင်စေရန် အသုံးပြုနိုင်ကာ ၎င်း၏ တရားမဝင် အာဏာလုယူမှုကို သက်ဆိုး ရှည်စေမည်ဖြစ်သည်။

ယခုအချိန်တွင် မြန်မာနိုင်ငံရှိ ကျောက်မျက်တူးဖော်မှုအားလုံးသည် တရားမဝင်ပေ။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံအတွင်း မည်သည့် ကျောက်မျက်တူးဖော်ရေး လုပ်ဆောင်မှုများမှ ရှိမနေသင့်ပေ။ ၂၀၁၆ ခုနှစ်တွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရသည် ကျောက်မျက်တူးဖော်သည့်လိုင်စင်များ သက်တမ်းတိုးခြင်း နှင့် လိုင်စင်သစ်များ ထုတ်ပေးခြင်းတို့ကို ဆိုင်းငံ့ထားခဲ့ပြီး နောက်ဆုံးကျန်ရှိနေသေးသည့် လိုင်စင်များသည် အာဏာသိမ်းမှုမတိုင်မီ တစ်နှစ်အလို ၂၀၂၀ ခုနှစ်တွင် သက်တမ်းကုန်ဆုံးပြီဖြစ်သည်။ စစ်အစိုးရသည် မည်သည့် လိုင်စင်သစ်ကိုမျှ လူသိရှင်ကြား ထုတ်ပေးခဲ့ခြင်း မရှိသေးပေ။ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ နှင့် အခြားသော တော်လှန်ရေးခေါင်းဆောင်များဖြင့် ဖွဲ့စည်းထားသည့် အဝေးရောက်အစိုးရဖြစ်သော မြန်မာနိုင်ငံ၏ အမျိုးသားညီညွတ်ရေးအစိုးရက ၎င်းအနေဖြင့် စစ်တပ်မှ ထုတ်ပေးသည့် မည်သည့်လိုင်စင်ကိုမဆို တရားမဝင်ဟု သတ်မှတ်မည်ဖြစ်ပြီး အဆိုပါ လိုင်စင်များကို ရယူသည့် ကုမ္ပဏီများကို အမည်ပျက်စာရင်းတွင် ထည့်သွင်းမည်ဟု ယခုနှစ် အစောပိုင်း ဇူလိုင်လတွင် ထုတ်ပြန်ခဲ့သည်။

မည်သို့ပင်ဆိုစေကာမူ အာဏာသိမ်းပြီးစဉ်မှစတင်ကာ အလွတ်တန်းကျောက်မျက်တူးဖော်မှုများ တဟုန်ထိုး မြင့်တက်လာခဲ့သည်။ တိုင်းပြည်အတွင်း ကျောက်မျက်တူးဖော်ထုတ်လုပ်မှု၏ ခန့်မှန်းခြေ ၉၀% ရှိသော မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မိုးကုတ်မြို့နယ်တွင် မြန်မာစစ်တပ်သည် စစ်တပ်ပိုင် လုပ်ငန်းစုကြီး ဖြစ်သော မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (MEHL) နှင့် ၎င်း၏ လက်အောက်ခံကုမ္ပဏီ



စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ဆန္ဒပြစဉ် သေဆုံးခဲ့သူများကို ဂုဏ်ပြုသည့်အားဖြင့် ဖယောင်းတိုင်မီးထွန်းကာ ဆန္ဒပြသည့် ဆုတောင်းပွဲ၌ ဖမ်းဆီးခံ အရပ်သားခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ပုံ ပါသည့် ပိုစတာတစ်ခုကို ဆန္ဒပြသူတစ်ဦးက ကိုင်ဆောင်ထားပုံ၊ ရန်ကုန်၊ ၂၀၂၁ ခုနှစ် မတ်လ ၁၃ ရက်။ STR/AFP via Getty Images

များအပါအဝင် လုပ်ငန်းနယ်ပယ်အတွင်းမှ ဩဇာရှိသူများထံသို့ ယခင်က လိုင်စင်ထုတ်ချထားပေးခဲ့သော လုပ်ကွက်များအတွင်းတွင် လက်ဖြင့် တူးဖော်ကြသည့် သောင်းနှင့်ချီသော ဒေသခံများကို ငွေကြေးများ စနစ်တကျ ကောက်ခံပြီး တူးဖော်ခွင့်ပြုလျက်ရှိသည်။ ယူအက်စ်၊ အီးယူ နှင့် ယူကေတို့မှ ပိတ်ဆို့အရေးယူထားသည့် MEHL ကို မြန်မာနိုင်ငံရှိ ပြည်သူများအပေါ် လူမျိုးတုန်းသတ်ဖြတ်မှုအပါအဝင် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် စွပ်စွဲချက်များကို ရင်ဆိုင်နေရသည့် ယခုနှစ် အစောပိုင်းအတွင်း တရားမဝင် အာဏာလုယူမှုကို စီမံဖန်တီးသူ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ထိန်းချုပ်ထားသည်။

ဤသို့ အလွတ်တန်း တူးဖော်မှုသည် အလွန်အမင်း တည်ငြိမ်မှုမရှိသည့် နောက်ခံအခြေအနေတွင် ဖြစ်ပွားနေခြင်း ဖြစ်သည်။ အာဏာသိမ်းပြီးစဉ်မှစတင်ကာ စစ်သားများသည် မိုးကုတ်တွင် အာဏာသိမ်းမှုကို ငြိမ်းချမ်းစွာ ဆန့်ကျင်ဆန္ဒပြနေသည့် အရပ်သားများကို ပစ်ခတ်ခြင်း၊ ဖမ်းဆီးထိန်းသိမ်းခြင်းတို့ ပြုလုပ်ခဲ့ကြပြီး မိုးကုတ်မြို့နယ်အတွင်း မြန်မာစစ်တပ် နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အကြား တိုက်ပွဲအများအပြား ဖြစ်ပွားလာခဲ့သည်။ အလားတူပင် အလွတ်တန်းတူးဖော်မှုများ တဟုန်ထိုးမြင့်တက်လာခဲ့သည့် ရှမ်းပြည်နယ်ရှိ ပိုမိုသေးငယ်သော ကျောက်မျက်တူးဖော်ရေး ဒေသတစ်ခုတွင်လည်း ရှမ်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့နှစ်ဖွဲ့အကြား တိုက်ပွဲများကြောင့် အရပ်သားများ နေရပ်စွန့်ခွာထွက်ပြေးခဲ့ကြရသည်။

တစ်ချိန်တည်းတွင် ဘန်ကောက်၊ ဟောင်ကောင်၊ နယူးယောက် နှင့် လန်ဒန်တို့တွင် ဒေါ်လာ ဘီလီယံပေါင်းများစွာ တန်ဖိုးရှိသည့် ကျောက်မျက်လုပ်ငန်းသည် ဆက်လက် ထွန်းကားလျက်ရှိသည်။ လက်ဝတ်ရတနာဆိုင်များ၊ လေလံကုမ္ပဏီများနှင့် စျေးကွက်ကြီးအတွင်း လက်လီရောင်းချသူများသည် မြန်မာနိုင်ငံမှ ပတ္တမြားနှင့် အခြားသော အဖိုးတန်ကျောက်များကို ဆက်လက်ဝယ်ယူ ရောင်းချလျက်ရှိကြသည်။ မိုဇမ်ဘစ်နိုင်ငံသည် ပတ္တမြားထွက်ရှိသည့် ပြိုင်ဘက် အရင်းအမြစ်တစ်ခုအဖြစ်ပေါ် ပေါက်လာသော်လည်း ကျွန်ုပ်တို့ စိစစ်လေ့လာမှုအရ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်ရှိ အကြီးမားဆုံး ထုတ်လုပ်သူနိုင်ငံနှစ်ခုအတွင်း တစ်ခုအပါအဝင်ဖြစ်နေဆဲဖြစ်သည်။ ယင်းသည် လေလံပွဲများတွင် ကမ္ဘာ့စံချိန်မြောက်များစွာ တင်ထား

သည့် ကမ္ဘာပေါ်ရှိ အဖိုးအတန်ဆုံးကျောက်များ ထွက်ရှိရာ အရင်းအမြစ်လည်း ဖြစ်သည်။

နိုင်ငံတကာဈေးကွက်တွင် ရောင်းချသည့်ကျောက်များ၏ မူလဇစ်မြစ်ကို ဖုံးဖိထားသည့် ကျောက်မျက်ထုတ်လုပ်ရေး လမ်းကြောင်းများ၏ ရှုပ်ထွေးမှုနောက်ကွယ်တွင် ကမ္ဘာတစ်ဝန်းရှိ ကုမ္ပဏီများသည် ပုန်းကွယ်လျက် ရှိကြသည်။ မြန်မာနိုင်ငံရှိ တရားမဲ့ပြုကျင့်မှုများ၏ ငွေကြေးအရင်းအမြစ် ဖြစ်လျက် ရှိသည့် ကျောက်မျက်များအား စီမံပြုပြင်ရန်အတွက် ထိုင်းနိုင်ငံသို့ မှောင်ခိုတင်ပို့သည်။ ၎င်းလုပ်ငန်းစဉ်သည် ပွင့်လင်းမြင်သာမှုမရှိဘဲ လက်နက်ကိုင်အဖွဲ့အစည်းများသို့ ငွေကြေး လက်သိပ်ထိုးပေးရခြင်းများလည်း ရှိသည်။ ထိုင်းနိုင်ငံရောက်ရှိချိန်တွင် ပတ္တမြားနှင့် အခြားသော အဖိုးတန် ကျောက်များ၊ အထူးသဖြင့် အရည်အသွေး ပိုမိုနိမ့်ပါးသည့် ကျောက်မျက်များသည် မည်သည့်ကျောက်တွင်းမှလာကြောင်းကို ကုန်သည်အများစုက မသိရှိကြပေ။ ယင်းသည် ကျောက်မျက်များအပေါ် သက်ရောက်သည့် နိုင်ငံတကာ ထုတ်လုပ်ရေးလမ်းကြောင်းဆိုင်ရာ စံသတ်မှတ်ချက်များအရ ချမှတ်ထားသည့် ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန် စိစစ်ခြင်းဆိုင်ရာ မျှော်မှန်းချက်များနှင့် ကိုက်ညီမှု မရှိကြောင်း Global Witness အနေဖြင့် တွေ့ရှိရပါသည်။

ထိုင်းနိုင်ငံတွင် ကျွန်ုပ်တို့တွေ့ဆုံခဲ့သည့် ကုန်သည်များအနက် Fai Dee Gems Co., Ltd., တစ်ခုတည်းကသာ ၎င်းတို့ပိုင်ဆိုင်သည့် ကျောက်မျက်အရိုင်းတုံးတစ်ခု၏ အရင်းအမြစ်ဖြစ်သည့် မြန်မာနိုင်ငံမှ ကျောက်တွင်းတစ်ခုကို ထုတ်ဖော်ပြောဆိုခဲ့သည်။ သို့တိုင် အဆိုပါ ကျောက်ကို မည်သည့် ခုနှစ်တွင် တူးဖော်ခဲ့ခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့ထံ ပြောဆိုနိုင်ခြင်း မရှိပေ။ အဆိုပါ မိုင်းတွင်းကို MEHL ထံသို့ အနည်းဆုံး နှစ်ပေါင်း ၂၀ ကြာ လိုင်စင်ထုတ်ပေးထားခဲ့ကြောင်း ကျွန်ုပ်တို့အနေဖြင့် တွေ့ရှိခဲ့ရသည်။

ထိုင်းနိုင်ငံတွင် စီမံပြုပြင်ပြီးနောက်တွင် မြန်မာနိုင်ငံမှ ကျောက်မျက်များကို နိုင်ငံတကာ ကျောက်မျက်ရတနာလုပ်ငန်းများထံသို့နှင့် နောက်ဆုံးတွင် မိမိတို့အနေဖြင့် ရက်စက်ယုတ်မာသော လုပ်ရပ်များကို ငွေကြေးပံ့ပိုးပေးနေမိခြင်း ဖြစ်ကြောင်း မသိရှိနိုင်သည့် ဖောက်သည်များထံသို့ ရောင်းချသည်။ ဥပမာအားဖြင့် Fai Dee Gems က ၎င်း၏ ပတ္တမြားတို့အား အမေရိကန် တန်ဖိုးကြီးလက်ဝတ်ရတနာလုပ်ငန်း Harry Winston, ဗြိတိသျှ နိုင်ငံတကာ ကျောက်မျက် ရတနာကုမ္ပဏီ Gaff နှင့် တန်ဖိုးမြင့် လေလံကုမ္ပဏီများဖြစ်သော Sotheby's နှင့် Christie's တို့ထံတင် သွင်းကြောင်း Global Witness ထံ ပြောကြားခဲ့သည်။ Harry Winston က ၎င်း အနေဖြင့် မြန်မာနိုင်ငံမှ ထွက်ရှိလာသော ကျောက်မျက်များကို ၎င်း၏ ကုန်ပစ္စည်း တင်သွင်းသူများထံမှ ဝယ်ယူခြင်းပြုတော့မည် မဟုတ်ဟု ဒီဇင်ဘာ ၉ ရက်နေ့တွင် ကြေညာခဲ့သည်။

ကျွန်ုပ်တို့အနေဖြင့် ယူအက်စ်၊ ဥရောပ နှင့် အာရှတို့တွင် အခြေစိုက်သည့် နိုင်ငံတကာ ကျောက်မျက်ရတနာ လုပ်ငန်း၊ လေလံကုမ္ပဏီ နှင့် ဈေးကွက်ကြီးအတွင်းမှ လက်လီလုပ်ငန်းပေါင်း ၃၀ ကျော်တို့ကို ဆက်သွယ်ခဲ့သည်။ အများစုတွင် ၎င်းတို့၏ ထုတ်လုပ်ရေး လမ်းကြောင်းများသည် တရားမဲ့ပြုကျင့်မှုများကို ငွေကြေးပံ့ပိုးနေခြင်းမရှိကြောင်း သေချာစေရန် ထားရှိရမည့် (OECD နှင့် ကုလသမဂ္ဂတို့မှ ရေးယခင်ကတည်းက ချမှတ်ထားသည့်) ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန် စိစစ်ရေးဆိုင်ရာအစီအမံများ အလုံအလောက်မရှိကြောင်း တွေ့ရှိရသည်။ အကျိုးဆက်အဖြစ် အဆိုပါကုမ္ပဏီများသည် ကမ္ဘာပေါ်ရှိ လူမဆန်ဆုံး အာဏာရှင် အစိုးရများအနက် တစ်ခုဖြစ်သော မြန်မာစစ်တပ်ထံသို့ ငွေကြေး ပံ့ပိုးနေခဲ့ခြင်း ရှိနိုင်ပြီး မြန်မာနိုင်ငံရှိ ပြည်သူများအပေါ် ၎င်းစစ်တပ်၏ အာဏာအလွဲသုံးစားပြုမှုကို သက်ဆိုးရှည်စေရန် အထောက်အကူပြုနေခဲ့ခြင်း ဖြစ်နိုင်သည်။

Tiffany & Co., Signet Jewellers, Boodles နှင့် Harry Winston ကုမ္ပဏီလေးခုတို့ကသာ ၎င်းတို့ အနေဖြင့် (Tiffany ၏ ဖော်ပြချက်အရ "လူ့အခွင့်အရေးချိုးဖောက်နေမှုများ နှင့် ပွင့်လင်းမြင်သာမှုမရှိခြင်းတို့ဆိုင်ရာ စိုးရိမ်ပူပန်မှုများကြောင့်") မြန်မာနိုင်ငံမှ ကျောက်မျက်များ ဝယ်ယူတင်သွင်းမှုကို ရပ်တန့်လိုက်ပြီ



၂၀၁၈ ခုနှစ် မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်၊ မိုင်းရှူးမြို့ရှိ ကျောက်တွင်းများ၏ နေဝင်ချိန် မြင်ကွင်း။ Suthep Kritsanavarin

ဖြစ်ကြောင်း တရားဝင် ထုတ်ပြန် ကြေညာခဲ့ပြီး Cartier နှင့် Gübelin တို့ကလည်း ၎င်းတို့အနေဖြင့် အလား တူ လုပ်ဆောင်ခဲ့ပြီးဖြစ်သည်ဟု Global Witness ထံ ပြောကြားခဲ့သည်။ အဆိုပါ ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံမှ ထွက်ရှိလာခဲ့သည့် ကျောက်မျက်များကို ၎င်းတို့၏ ထုတ်လုပ်ရေး လမ်းကြောင်းများအတွင်းမှ ဖယ်ထုတ်ခဲ့သည့်အချက်ကို ထောက်ရှုပါက အခြား ကုမ္ပဏီများအနေဖြင့်လည်း ထိုသို့ အတုယူလုပ်ဆောင်ရန် ဖြစ်နိုင်ကြောင်း တွေ့မြင်ရပါသည်။

ကျောက်မျက်ဝင်ငွေများသည် စစ်တပ်ထံသို့ အချိုးအစားများပြားစွာ အကျိုးအမြတ် ဖြစ်ထွန်းစေကြောင်း၊ ရက်စက်ယုတ်မာသောလုပ်ရပ်များနှင့် အခြားသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ငွေကြေးပံ့ပိုးနေနိုင်ဖွယ်ရှိကြောင်း အသိအမှတ်ပြုသည့်အားဖြင့် ယူအက်စ်၊ အီးယူ နှင့် အခြားသော နိုင်ငံ၊ အဖွဲ့အစည်းများက မြန်မာနိုင်ငံ၏ ကျောက်မျက်လုပ်ငန်းအတွင်းရှိ အဓိကပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ အပေါ် အရေးယူပိတ်ဆို့မှုများ ချမှတ်ခဲ့သည်နှင့်အညီ ကျောက်မျက်လုပ်ငန်း လုပ်ကိုင်လျက်ရှိသည့် ကုမ္ပဏီများအားလုံးသည်လည်း မိမိတို့အနေဖြင့် မြန်မာနိုင်ငံရှိ ပဋိပက္ခ၊ အကျင့်ပျက်ခြစားမှု သို့မဟုတ် စစ်အစိုးရ၏ဖိနှိပ်မှုတို့ကို ငွေကြေးပံ့ပိုးပေးနေခြင်း မရှိကြောင်း သေချာစေရန် မိမိတို့၏ ထုတ်လုပ်ရေး လမ်းကြောင်းများကို အဆောတလျင် ပြန်လည်သုံးသပ်ရမည် ဖြစ်သည်။



မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့အဝင် လမ်းမကြီး၏ ဘေးတွင် ဖော်ပြထားသော "ပတ္တမြားမြေမှ ကြိုဆိုပါ၏" ဟူသော ဆိုင်းဘုတ်တစ်ခု။
Thierry Falise/LightRocket via Getty Images

# မြန်မာနိုင်ငံ၏ ကျောက်မျက်လုပ်ငန်းနှင့်ပတ်သက်သည့် အဓိက အချက်များ

၂၀၁၉ ခုနှစ်တွင် မိုဇမ်ဘစ်နိုင်ငံသည် ပြိုင်ဘက်ထုတ်လုပ်ရောင်းချသူ ဖြစ်မလာမီအထိ **ကမ္ဘာပေါ်ရှိ ပတ္တမြားထုတ်လုပ်ရောင်းချမှုများ၏ ၉၀% ခန့်သည် မြန်မာနိုင်ငံမှ ဖြစ်သည်။**

မြန်မာနိုင်ငံတွင် တူးဖော်ထုတ်လုပ်သည့် ရောင်စုံကျောက်မျက်အများးစုတို့မှာ အောက်ပါဒေသနှစ်ခု တို့အနက် တစ်ခုမှဖြစ်သည် -

၁ ကျောက်မျက်များကို နှစ်ပေါင်း ၈၀၀ ကျော် တူးဖော်လာခဲ့ကြပြီး လိုင်စင်သက်တမ်းမကုန်မီအထိ မြန်မာနိုင်ငံ၏ အစီရင်ခံတင်ပြထားသော **ထုတ်လုပ်မှု၏ ၉၀% ခန့်ရှိသည့်** မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မိုးကုတ်မြို့

၂ အရည်အသွေး ပိုမိုနိမ့်ပါးသည့် ပတ္တမြားများကို ၁၉၉၀ ပြည့်နှစ်များအတွင်း ရှာဖွေတွေ့ရှိခဲ့သော အရွယ်အစားပိုမိုသေးငယ်သည့် ပတ္တမြားသိုက် တစ်ခုဖြစ်သော ရှမ်းပြည်နယ် မိုင်းရှူးမြို့

မြန်မာနိုင်ငံတွင် ကချင်ပြည်နယ်ရှိ နန့်ယားရွာအပါအဝင် အရွယ်အစားပိုမိုသေးငယ်သည့် ကျောက်မျက်တူးဖော်ရေး ဒေသများလည်းရှိသည်။

၂၀၁၅ ခုနှစ်အတွင်း Sotheby's ၏ လေလံပွဲတစ်ခုတွင် **အမေရိကန်ဒေါ်လာသန်း ၃၀ ကျော် သို့မဟုတ် တစ်ကာရက်လျှင် အမေရိကန်ဒေါ်လာ ၁ သန်းကျော်** ဖြင့် ရောင်းထွက်ခဲ့သော လက်ရှိ ကမ္ဘာ့စံချိန်တင် မိုးကုတ်မှ ပတ္တမြားအရိုင်းတုံးတစ်ခုအပါအဝင် ကမ္ဘာပေါ်ရှိ အဖိုးအတန်ဆုံး ပတ္တမြားတို့သည် မြန်မာနိုင်ငံမှ ထွက်ရှိသည်။

တရားဝင်အချက်အလက်များအရ **မြန်မာနိုင်ငံ၏ ကျောက်မျက်လုပ်ငန်းသည် အပြည့်အဝ ထုတ်လုပ်ချိန်တွင် တစ်နှစ်လျှင်ပျမ်းမျှ အမေရိကန်ဒေါ်လာ ၃၄၆ သန်းမှ ၄၁၅ သန်းအထိ တန်ဖိုးရှိခဲ့သော်လည်း ထို့ထက် ၅ ဆ ပိုမို များပြားနိုင်ခဲ့သည်** (စာမျက်နှာ ၅၃ ရှိ စိစစ်လေ့လာချက်ကို ကြည့်ရှုပါ)။

# မြန်မာ့ပတ္တမြားများ၏ ထုတ်လုပ်ရေးလမ်းကြောင်း

၁ ပတ္တမြားများကို မြန်မာနိုင်ငံတွင် တူးဖော်ထုတ်လုပ်ပါသည်။

ကျောက်တွင်းများအား လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများအတွက် စွပ်စွဲခြင်းခံထားရသော မြန်မာနိုင်ငံ၏ စစ်တပ်မှ ထိန်းချုပ်ထားပါသည်။ တူးဖော်ရေးလုပ်ကွက်များအတွင်း နှင့် အနီးတစ်ဝိုက်တို့တွင် လက်နက်ကိုင်ပဋိပက္ခများ နှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားလျက်ရှိသည်။





၂ ပတ္တမြားများသည်လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားရာနယ်မြေအများအပြားကိုဖြတ်၍ မြန်မာနိုင်ငံ၏လေဆိပ်များ သို့မဟုတ် ကုန်းတွင်းနယ်စပ်ဒေသများသို့ ကုန်းလမ်းမှတဆင့် ရောက်ရှိလာသည်။ ကုန်သည်များနှင့် မှောင်ခိုသမားများသည် အဆိုပါနယ်မြေများရှိ လက်နက်ကိုင်အဖွဲ့အမျိုးမျိုးတို့ကို လာဘ်ငွေပေးဆောင်ကြသည်။

၃ ပတ္တမြားများကို အိမ်နီးချင်းနိုင်ငံများ၊ အများအားဖြင့် ထိုင်းနိုင်ငံတွင် ကြားလူများမှ ဖြတ်တောက်၊ အရောင်တင်ကြသည်။

ထိုအချိန်တွင် ကျောက်မျက်များ၏ မူလထွက်ရှိရာနေရာကို ဖုံးဖိထားပြီး ဖြစ်သည်။ ထိုင်းနိုင်ငံရှိ လက်ကားရောင်းဝယ်သူ အများစုတို့အနေဖြင့် ၎င်းတို့၏ ပတ္တမြားများသည် မြန်မာနိုင်ငံရှိ မည်သည့် ကျောက်တွင်းများမှ ထွက်ရှိလာကြောင်း မပြောနိုင်ကြပေ။



Sotheby's

CHRISTIE'S

BVLGARI

Van Cleef & Arpels

GRAFF

Walmart

၄ မြန်မာနိုင်ငံမှပတ္တမြားများကို လက်ဝတ် ရတနာများပြုလုပ်ကာ လူသိများသောနိုင်ငံတကာ လက်ဝတ်ရတနာလုပ်ငန်းများ၊ ဈေးကွက်ကြီးအတွင်း လက်လီရောင်းချသည့်လုပ်ငန်းများ နှင့် လေလံကုမ္ပဏီများမှ ရောင်းချကြသည်။

၅ မြန်မာနိုင်ငံမှ ထွက်ရှိသော ပဋိပက္ခ ပတ္တမြားများကို ကမ္ဘာတစ်ဝန်းရှိ ဖောက်သည်များ၊ အထူးသဖြင့် အမေရိကန် ပြည်ထောင်စု၊ ဥရောပ၊ တရုတ် နှင့် အိန္ဒိယတို့အပါအဝင် အဓိက ဈေးကွက်များအတွင်းရှိ ဖောက်သည်များက ချစ်ခြင်းမေတ္တာ၏ သင်္ကေတအဖြစ် ဝယ်ယူကြသည်။



# ၁။ မြန်မာ့ကျောက်မျက်ကဏ္ဍကို လက်နက်ကိုင်အဖွဲ့အစည်းများက ထိန်းချုပ်လာခဲ့ပုံ

## ၁.၁ စစ်တပ်၏ ဆယ်စုနှစ် ခြောက်ခုကြာထိန်းချုပ်မှု

တပ်မတော်ဟုခေါ်သည့် မြန်မာစစ်တပ်သည် ၁၉၆၂ ခုနှစ်တွင် ပထမဆုံးအကြိမ် အာဏာသိမ်းခဲ့ပြီးနောက် အထူးသဖြင့် ၁၉၈၈ ခုနှစ် အာဏာသိမ်းမှုမှ စတင်ကာ ဆယ်စုနှစ် ၆ ခုအတွင်း တိုင်းပြည်၏ အဖိုးတန် သယံဇာတများကို ခိုးဝှက်လုယက်ခဲ့ကြပြီး လက်နက်များဝယ်ယူရန်၊ ၎င်း၏ စစ်သားများကိုထောက်ပံ့ရန်၊ ၎င်းတို့အပေါ် သစ္စာစောင့်သိသည့် စစ်ဘက်ဆိုင်ရာ အရာရှိကြီးများကို ဆုချရန်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကို သိမ်းသွင်းရန်အတွက် ငွေကြေးရှာဖွေ ရယူခဲ့ကာ ညှဉ်းပန်း၊ နှိပ်စက်၊ သတ်ဖြတ်ခြင်းများကို ဒဏ်ခတ်ခံရခြင်းမရှိဘဲ လုပ်ဆောင်လျက် ရှိသည်။

ဤအစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း စစ်တပ်သည် ၁၉၉၀ ပြည့်လွန်နှစ်များ အစောပိုင်းတွင်မှစတင်ကာ တိုင်းပြည်၏ ကျောက်မျက်တွင်းများအပေါ် ထိန်းချုပ်မှုကို ခိုင်မာစေခဲ့သည်။ ထို့နောက် ရက်စက်ယုတ်မာသော လုပ်ရပ်များကို ကျူးလွန်သည့် အရာရှိများ နှင့် အဖွဲ့အစည်းများကို ငွေကြေးထောက်ပံ့လျက်ရှိသည့် အင်အားကြီးမားသော လုပ်ငန်းစုကြီးများဖြစ်သည့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (MEHL) နှင့် မြန်မာ့ စီးပွားရေးကော်ပိုရေးရှင်း (MEC) တို့ထံသို့ တူးဖော်ခွင့်များပေးအပ်ခဲ့သည်။ စစ်တပ်သည် ၎င်း၏ အုပ်ချုပ်မှုကို ဆန့်ကျင်ခဲ့ကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကို အခွင့်အရေးပေးသိမ်းသွင်းခဲ့ပြီး စစ်တပ်နှင့် ပူးပေါင်းထားသည့် ပြည်သူ့စစ်များအဖြစ်သို့ ပြောင်းလဲရန်အထိပင် မက်လုံးပေးရန်အတွက် အမြတ်အစွန်းကြီးမားသည့် ကျောက်မျက်တူးဖော်ရေးလိုင်စင်များကိုလည်း အသုံးချခဲ့သည်။

စစ်တပ်သည် ၂၀၁၀ မှစတင်ကာ ၎င်း၏ နိုင်ငံရေးဆိုင်ရာ ထိန်းချုပ်မှုကို တစိတ်တပိုင်းဖြေလျော့ပေးလာခဲ့ပြီး ရွေးကောက်ပွဲများ ကျင်းပရန် ခွင့်ပြုခဲ့ရာတွင် စစ်တပ်ကျောထောက်နောက်ခံပြုထားသော နိုင်ငံရေးပါတီသည် ၂၀၁၅ ခုနှစ်တွင် ရှုံးနိမ့်ခဲ့သည်။ သို့ရာတွင် ကျောက်မျက်ကဏ္ဍကို ပြုပြင်ပြောင်းလဲရန် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရ၏ ငါးနှစ်သက်တမ်းအတွင်း ကြိုးပမ်းမှုများသည်လည်း အများအားဖြင့် မအောင်မြင်ခဲ့ပေ။ ၂၀၁၆ ခုနှစ်တွင် အာဏာရရှိလာပြီးနောက် NLD အစိုးရ၏ ပထမဆုံးလုပ်ဆောင်ချက်များအနက်တစ်ခုမှာ ကျောက်စိမ်း နှင့် ကျောက်မျက်တူးဖော်ရေး လိုင်စင်များသက်တမ်းတိုးခြင်းကို ဆိုင်းငံ့ပြီး လိုင်စင်သစ်များ ထုတ်ပေးခြင်းကို ရပ်တန့်ထားခဲ့ခြင်း ဖြစ်သည်။ လုပ်ဆောင်ရန် စီစဉ်ထားသည့် ပြုပြင်ပြောင်းလဲမှုများသည် ကျောက်မျက်လုပ်ငန်းကို သန့်စင်စေရန် ရည်ရွယ်ထားသည်။

မည်သို့ပင်ဆိုစေကာမူ အဆိုပါ ပြုပြင်ပြောင်းလဲမှုများသည် ကျောက်မျက်လုပ်ငန်းနှင့် ၎င်းကို စီမံအုပ်ချုပ်ရန် တာဝန်ယူသည့် အဖွဲ့အစည်းများ၏ အတိုက်အခံပြုမှု၊ NLD ၏ ဦးစားပေးအဖြစ်ဆောင်ရွက်ခြင်းမရှိခဲ့မှု၊ နှင့် စစ်တပ်အပါအဝင် လက်နက်ကိုင်အဖွဲ့များ၏ ထိန်းချုပ်မှုတို့အပါအဝင် အကြောင်းအရင်းအမျိုးမျိုး တို့ကြောင့် ကြန့်ကြာနေခဲ့ရသည်။ NLD လက်ထက်တွင် ကျောက်မျက်လုပ်ငန်းအတွင်းမှ အဓိက အပြောင်းအလဲမှာ ၎င်းအာဏာမရမီ စစ်တပ်ကျောထောက်နောက်ခံပြုထားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအစိုးရလက်ထက်တွင် ထုတ်ပေးခဲ့သည့် နောက်ဆုံးလိုင်စင်များ ၂၀၂၀ ခုနှစ်တွင် သက်တမ်းကုန်ဆုံးပြီးနောက်တွင် ကျောက်မျက်တူးဖော်ခြင်းသည် တရားမဝင် ဖြစ်လာခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် အများပြည်သူသို့ ထုတ်ပြန်ခြင်းမရှိသည့် လိုင်စင်ချွင်းချက်အချို့ရှိသည်။

မည်သို့ပင်ဆိုစေကာမူ ယခုအခါတွင် NLD အနေဖြင့် ဒုတိယအကြိမ်မြောက် အစိုးရအဖြစ် ထပ်မံအနိုင်ရရှိပြီးနောက် သုံးလမပြည့်မီကာလအတွင်း ၂၀၂၁ ဖေဖော်ဝါရီလတွင် စစ်တပ်၏ အာဏာလုယူမှုကြောင့် ကျောက်မျက်လုပ်ငန်းဆိုင်ရာ စီးပွားရေး နှင့် ကွပ်ကဲထိန်းချုပ်မှုတို့သည် စစ်တပ်၏ လက်တွင်းသို့ ပြန်လည်ရောက်ရှိသွားခဲ့ပြီဖြစ်သည်။ အာဏာသိမ်းစစ်အုပ်စုသည် လိုင်စင်သစ်များကို တရားဝင်



နေ့ဘက်တွင် မိမိတူးဖော်ခဲ့သော အညံ့ပန်းများကို ကြည့်ရှုစစ်ဆေးနေသည့် လက်လုပ်လက်စား တူးဖော်သူတစ်ဦး၊ ဖေဖော်ဝါရီလ။ MO

ထုတ်ပေးခြင်း မရှိသေးပေ။ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ နှင့် အခြားသော တော်လှန်ရေးခေါင်းဆောင်များဖြင့် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ၏ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က ၎င်းအနေဖြင့် စစ်တပ်မှ ထုတ်ပေးသည့် မည်သည့်လိုင်စင်ကိုမဆို တရားမဝင် သတ်မှတ်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ ယင်းကြေညာချက်သည် တရားမဝင်တူးဖော်သူများနှင့် ကုန်သည်များထံမှ ငွေညှစ်ခြင်း၊ ကျောက်မျက်ရတနာအရောင်းပြပွဲများ ကျင်းပခြင်း နှင့် ၎င်း၏ ကိုယ်ပိုင်ကုမ္ပဏီကွန်ရက်မှတဆင့် တူးဖော်ခြင်းများတွင် ကိုယ်တိုင်ပါဝင်ခြင်းတို့ဖြင့် တိုင်းပြည်၏ ကျောက်မျက်သယံဇာတများကို အပြည့်အဝအခွင့်ကောင်းယူကာ အမြတ်ထုတ်ခြင်း မပြုရန် စစ်တပ်အား တားဆီးနိုင်ဖွယ် မရှိပေ။

## ၁.၂ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ- စစ်တပ်၏ စိတ်မချရသော ဒုစရိုက်ကျူးလွန်ဖက်များ

တိုင်းပြည်၏ တွင်းထွက်သယံဇာတ ကြွယ်ဝမှု နှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများအကြားရှိ ဆုံချက်တွင်ရှိနေသည်မှာ မြန်မာစစ်တပ်တစ်ခုတည်းသာမဟုတ်ပေ။ ကျောက်စိမ်းလုပ်ငန်းကဲ့သို့ပင် မြန်မာနိုင်ငံ၏ ကျောက်မျက်လုပ်ငန်းအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုသမိုင်းသည် "အပစ်အခတ်ရပ်စဲရေးအရင်းရှင်ဝါဒ (ceasefire capitalism)" ဟုခေါ်သည့် သမိုင်းကြောင်းနှင့် နက်ရှိုင်းစွာ ယှက်နွယ်လျက်ရှိသည်။ ယခင် အာဏာသိမ်းမှုအပြီး ၁၉၈၉ ခုနှစ်တွင် စစ်တပ်သည် တိုင်းပြည်၏ နယ်စပ်ဒေသများတွင် နေထိုင်သည့် တိုင်းရင်းသားအမျိုးမျိုးတို့ကို ကိုယ်စားပြုသည့် လက်နက်ကိုင် အဖွဲ့အစည်းများဖြင့် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်များ စတင် ချုပ်ဆိုလာခဲ့သည်။

ဆယ်စုနှစ်များနှင့်ချီသည့် ပဋိပက္ခများအပြီးတွင် တိုက်ပွဲများရပ်စဲရေး နှင့် ဖြစ်စဉ်အချို့တွင် စစ်တပ်နှင့် ပူးပေါင်းသည့် ပြည်သူ့စစ်များအဖြစ် အသွင်ပြောင်းလဲရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား တရုတ်၊ ထိုင်း နှင့် အိန္ဒိယ နယ်စပ်တို့ရှိ ကျယ်ပြန့်သည့် နယ်နိမိတ်ဒေသများအပေါ် လက်တွေ့ထိန်းချုပ်ခွင့်

ပြုခဲ့ပြီး သစ်ထုတ်လုပ်ခြင်းနှင့် ဓာတ်သတ္တုတူးဖော်ခြင်းများမှအစပြု၍ မူးယစ်ဆေးဝါးများ ထုတ်လုပ်ရောင်းချခြင်းများအထိ လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်ရန် ခွင့်ပြုခဲ့သည်။

မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA) နှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ် တပ်မတော် (NDAA) တို့အပါအဝင် အဆိုပါ အဖွဲ့များအနက် အချို့မှ အကြီးတန်းအဖွဲ့ဝင်များသည် အစောပိုင်း ၁၉၉၀ ပြည့်နှစ်များအတွင်း ကျောက်မျက်များ ပထမဆုံးတွေ့ရှိခဲ့သည်ဟု ယုံကြည်ရသည့် ရှမ်းပြည်နယ် မိုင်းရှူးရှိကျောက်တွင်းများတွင် ပထမဆုံးရင်းနှီးမြှုပ်နှံသူများဖြစ်လာခဲ့ကြသည်။

ထိုစဉ်မှစတင်ကာ နောက်ပိုင်းနှစ်များအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် အောက်တွင် အသေးစိတ်ဖော်ပြထားသည့်အတိုင်း ကျောက်မျက်ကဏ္ဍအတွင်း အမျိုးမျိုးသော အခန်းကဏ္ဍများမှ ပါဝင်ခဲ့ကြသည်။ ၎င်းတို့သည် အကြီးစားကျောက်တွင်းများတွင် ကုမ္ပဏီများ ထူထောင်လုပ်ကိုင်ခြင်းအပြင် တူးဖော်သူများနှင့် ကုန်သည်များထံမှ ငွေညှစ်ခြင်း၊ အဓိက တူးဖော်ရေးဒေသများဖြစ်သော မန္တလေးတိုင်းဒေသကြီးရှိ မိုးကုတ် နှင့် ရှမ်းပြည်နယ်ရှိ မိုင်းရှူးတို့မှ ပတ္တမြား နှင့် အခြားကျောက်မျက်များအား ဖြတ်တောက်ခြင်း၊ အရောင်တင်ခြင်း နှင့် (အချို့သော ဖြစ်စဉ်များတွင် အရောင်အသွေး တိုးတက်စေရန်) အပူပေးပြုပြင်ခြင်းတို့ လုပ်ဆောင်ကာ ကမ္ဘာတစ်ဝန်းရှိ ကျောက်မျက်ရတနာ ကုမ္ပဏီများထံသို့ ရောင်းချရန်အတွက် ထိုင်းနိုင်ငံသို့ မှောင်ခိုတင်ပို့ခြင်း ပြုလုပ်ရန် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများအပေါ် ၎င်းတို့၏ ထိန်းချုပ်မှုများကို အသုံးချခဲ့ကြသည်။

ကျောက်မျက်တူးဖော်ခြင်း နှင့် မှောင်ခိုကုန်သွယ်ခြင်းတို့တွင် ပါဝင်ပတ်သက်ခဲ့သည့် အရေးအကြီးဆုံး လက်နက်ကိုင်အဖွဲ့များမှာ အောက်ပါတို့ ဖြစ်ကြပါသည် (အသေးစိတ်အချက်အလက်များအတွက် အခန်း ၂ နှင့် ၃ နှင့် အပိုင်း ၄.၂ တို့ကို ကြည့်ရှုပါ) -

- တရုတ်နယ်စပ်ရှိ ကျယ်ပြန့်သောနယ်မြေကြီးတစ်ခုနှင့်တကွ ထိုင်းနယ်စပ်ရှိ နယ်မြေတစ်ခုတို့ကို ထိန်းချုပ်ထားပြီး ၁၉၉၀ ပြည့်နှစ်များမှစတင်ကာ မိုးကုတ် နှင့် မိုင်းရှူးတို့တွင် စစ်တပ်၏ အကြီးမားဆုံး စီးပွားရေးမိတ်ဖက်အဖွဲ့အစည်းတစ်ခုဖြစ်လာခဲ့သည့် ဝပြည်သွေးစည်းညီညွတ်ရေး တပ်မတော် (UWSA)
- ရှမ်းပြည်နယ်အတွင်းရှိ နယ်မြေကို လက်တွေ့ ထိန်းချုပ်ထားပြီး မိုးကုတ်တွင် MGE နှင့်ဖက်စပ်လုပ်ငန်း (JVs) ၃ ခု၊ မိုင်းရှူးတွင် ကျောက်တွင်းတစ်ခု နှင့် အဆိုပါနယ်မြေနှစ်ခုတို့မှ ကျောက်များကို ဖြတ်တောက်သည့် နေပြည်တော်ရှိ စက်ရုံတစ်ခုတို့ရှိသော (၎င်း၏ အကြီးတန်း အရာရှိတစ်ဦး ပိုင်ဆိုင်သည့်) ပတ္တမြားနဂါးကုမ္ပဏီအုပ်စုနှင့် အနီးကပ်ဆက်စပ်နေသည့် ပအိုဝ်း အမျိုးသားအဖွဲ့ချုပ် (PNO)
- မိုင်းရှူးနှင့် မိုင် ၂၀ အကွာရှိ ဝမ်ဟိုင်းတွင် အခြေစိုက်စခန်းတစ်ခုရှိပြီး စစ်တပ်နှင့် အကြိမ်ကြိမ် တိုက်ပွဲများဖြစ်ပွားသော်လည်း နယ်မြေအတွင်းရှိ ကျောက်တွင်းများကို စစ်တပ်၏ လက်ခံမှုဖြင့် ထိန်းချုပ်ထားပုံရသည့် သျှမ်းပြည်တပ်မတော် - မြောက်ပိုင်း (SSA-N) (အခန်း ၂.၂ ကို ကြည့်ရှုပါ)။
- မိုးကုတ် နှင့် မိုင်းရှူးတို့မှ နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုအချို့ကို ထိန်းချုပ်ထားပြီး ထိုင်းနိုင်ငံ နယ်စပ်ရှိ သေးငယ်သည့် နယ်မြေတစ်ခုတွင် အခြေစိုက်သည့် သျှမ်းပြည်တပ်မတော် - တောင်ပိုင်း (SSA-S)
- မိုးကုတ်ရှိ ကျောက်မျက်တူးဖော်သူများ၊ ကျောက်မျက်ကုမ္ပဏီပိုင်ရှင်များ နှင့် အခြားသော စီးပွားရေးလုပ်ငန်းရှင်များထံမှ ငွေညှစ်ခြင်းနှင့်တကွ ငွေပေး၍ ပြန်ရွေးရန်အတွက် ပြန်ပေးဆွဲခြင်းတို့ကို လုပ်ဆောင်သည့် တအာင်း အမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)

ကျောက်မျက်ကြွယ်ဝမှုသည် အဆိုပါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွက် ငွေကြေးအထောက်အကူပြုရုံသာမကဘဲ ၎င်းတို့နှင့် တပ်မတော်အကြား



ဝမ်ဟိုင်းရှိ ၎င်းတို့၏ ဌာနချုပ်မှ ၎င်းတို့၏ နယ်မြေ နှင့် အနီးတဝိုက်ရှိ ပတ္တမြားတွင်းများတွင် ကင်းလှည့်နေသည့် SSA-N မှ စစ်သည်များကို ၂၀၁၈ ခုနှစ်တွင် တွေ့မြင်ရပုံ။
Suthep Kritsanavarin

ပြိုင်ဆိုင်မှုကိုလည်း ပံ့ပိုးပေးလျက်ရှိသည်။ အဆိုပါ ပြိုင်ဆိုင်မှုကြောင့် အဖွဲ့များ အနေဖြင့် ကြွယ်ဝမှုများ ပိုမိုရရှိရန် ကြိုးပမ်းသည့်အခါ သို့မဟုတ် စစ်တပ်အနေဖြင့် အဆိုပါအဖွဲ့များ၏ ကျောက်တွင်းများအသုံးပြုမှုကို ဖြတ်တောက်ရန် ကြိုးပမ်းသည့်အခါတို့တွင် အကြမ်းဖက်မှုများ အခါအားလျော်စွာ ပေါ် ပေါက်လာစေသည်။ ကျောက်မျက်တွင်းများအနီးတဝိုက်ရှိ စစ်တပ်အများအပြားချထားသည့် ပတ်ဝန်းကျင်ကြောင့်လည်း အခြားသော ဥပဒေမဲ့လုပ်ရပ်များအတွက် အခွင့်အလမ်းတစ်ခုကို ပေါ် ပေါက်လာစေသည်။ တစ်ချိန်တည်းတွင် တိုင်းပြည်ကို နစ်နာစေပြီး မိမိတို့ ကြွယ်ဝချမ်းသာလာစေရန် ပူးပေါင်းဆောင်ရွက်မှုများကို ၎င်းအဖွဲ့များ နှင့် မြန်မာစစ်တပ်တို့အကြားရှိ အသေးစား ပဋိပက္ခများက ဖုံးကွယ်ပေးထားသည်။ အမည်အားဖြင့် ရန်သူများ ဖြစ်သော်လည်း တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များစွာတို့သည် ကျောက်မျက်တူးဖော်ရေးတွင်သာမကဘဲ စီးပွားရေးလောကတစ်ခုလုံးတွင် စစ်တပ်နှင့် စီးပွားဖက်ဆက်ဆံရေးများ ရှိကြသဖြင့် ရှိရင်းစွဲအခြေအနေကို ထိန်းသိမ်းထားရန် မက်လုံး ဖြစ်လာစေသည်။

အဆိုပါ အဖွဲ့များအတွက် တိုင်းပြည်၏ ကျောက်မျက်ကြွယ်ဝမှုများကို အမြတ်ထုတ်ရန် အခွင့်အလမ်းများသည် ပိုမိုကျယ်ပြန့်သည့် အုံကြွမှုအခြေအနေတစ်ရပ်အတွင်း ဒေသအလိုက် ယာယီအပစ်အခတ်ရပ်စဲသည့် ကာလများအတွင်း အမြင့်မားဆုံးဖြစ်သည်။ ယင်းသည် စစ်တပ်မှ အာဏာပြန်လည်လုယူပြီးနောက်တွင် ပို၍ပင် သိသာထင်ရှားလာခဲ့သည်။ အချို့သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် စစ်တပ်ကိုဆန့်ကျင်တိုက်ခိုက်ခဲ့ကြသော်လည်း ကျန်အဖွဲ့များမှာမူ ၎င်းတို့၏ နယ်မြေ နှင့် စီးပွားရေးဆိုင်ရာ အနေအထားများကို ခိုင်မာအားကောင်းလာစေရန် ကြိုးပမ်းလာခဲ့ကြသည်။ စစ်တပ်အနေဖြင့် တိုင်းရင်းသား လူနည်းစုများအပေါ် တရားမဲ့ပြုကျင့်မှုများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လျက်ရှိသော်လည်း UWSA, SSA-N နှင့် NDAA တို့ အပါအဝင် ရှမ်းပြည်နယ်ရှိ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း အချို့သည် အာဏာသိမ်းမှုကို ဆန့်ကျင်ရန်ပျက်ကွက်ခဲ့ကြသည်။ UWSA ၏ နိုင်ငံခြားရေးဌာနက "၎င်းအနေဖြင့် မြန်မာနိုင်ငံ အတွင်းရှိ ပြည်တွင်းတိုက်ပွဲများ၏ ဆိုးကျိုးများကို ခံစားခဲ့ရသော်လည်း ဖွံ့ဖြိုးတိုးတက်မှု၏



မိုင်းရှူးရှိ ပတ္တမြားတွင်းများအနီး SSA-N ထိန်းချုပ်ထားသည့် နယ်မြေတစ်ခုအတွင်း မြန်မာအစိုးရ တည်ဆောက်ထားသောလမ်းမကြီးတစ်ခုတွင် ကင်းလှည့်နေသည့် SSA-N ထရပ်ကားတစ်စီး ၂၀၁၇ ခုနှစ်။ Suthep Kritsanavarin

အပြုသဘောဆောင်သည့် ရလဒ်များမှ မည်သည့်အကျိုးခံစားခွင့်မျှ မရရှိခဲ့သဖြင့်" မည်သည့်ဘက်တွင်မျှ ရပ်တည်မည် မဟုတ်ကြောင်း Global Witness ထံ ပြောကြားခဲ့သည်။

## မြန်မာနိုင်ငံ၏ ကျောက်မျက်တူးဖော်ရေးဒေသများရှိ အကြမ်းဖက်မှုများ

မြန်မာနိုင်ငံ၏ မိုးကုတ် နှင့် မိုင်းရှူးမြို့နယ်တို့ရှိ တိုက်ပွဲများ၊ ပေါက်ကွဲမှုများ/ အဝေးမှ ကျူးလွန်သည့် အကြမ်းဖက်မှုများ၊ ဗျူဟာမြောက်အဆင့် တက်လာမှုများ၊ နှင့် အရပ်သားများအပေါ် အကြမ်းဖက်မှုများ အပါအဝင် နိုင်ငံရေးဆိုင်ရာ အကြမ်းဖက်မှု နှင့် အဓိကရုဏ်း ဖြစ်စဉ်များ၏ အရေအတွက်




အရင်းအမြစ် - ACLED

## ၁.၃ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုသည် ကျောက်မျက်တူးဖော်သည့် လုပ်ငန်းခွင်များ အနီးပတ်ဝန်းကျင်အပါအဝင် လက်ရှိ ပဋိပက္ခအခြေအနေတစ်ရပ်အတွင်း အကြမ်းဖက်မှုများနှင့် ဖိနှိပ်မှုများကို ပိုမိုဆိုးရွားလာစေခဲ့သည်။

မြန်မာစစ်တပ်၏ ရက်စက်ကြမ်းကြုတ်သော အကြမ်းဖက်မှုများသည် တုန်လှုပ်ချောက်ချားဖွယ် ဖြစ်သည်။ ၄င်းသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အာဏာလုယူခဲ့ပြီးနောက် တိုင်းပြည်၏ ရွေးကောက်တင်မြှောက်ခံ အရပ်သားခေါင်းဆောင်များကို ဖမ်းဆီးအကျဉ်းချကာ နိုင်ငံတော်အာဏာများကို ထိန်းချုပ်ရယူခဲ့သဖြင့် မြန်မာနိုင်ငံရှိ သန်းပေါင်းများစွာသော ပြည်သူများသည် ဥပဒေမဲ့ အာဏာလုယူမှုကို ဆန့်ကျင်၍ ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့ကြသည်။ စစ်တပ်သည် ရာပေါင်းများစွာသော အရပ်သားများကို ရက်စက်စွာ သတ်ဖြတ်ခဲ့ပြီး ထောင်နှင့်ချီသော အရပ်သားများကို နိုင်ငံရေးဆိုင်ရာ စွဲချက်များဖြင့် အကွက်ဆင် ဖမ်းဆီးကာ ညှဉ်းပန်းနှိပ်စက်ခြင်းများ၊ လိင်ပိုင်းဆိုင်ရာ စော်ကားမှုများကို ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်ခဲ့ကြောင်း ခိုင်မာသည့် သတင်းပေးပို့ချက်များ ရှိသည်။ အရပ်သားပြည်သူများသည် လပေါင်းများစွာ ကြာမြင့်သည်အထိ ငြိမ်းချမ်းစွာ တော်လှန်ခဲ့ကြပြီးနောက်တွင် ပြင်းထန်သော နည်းလမ်းများဖြင့် ပြန်လည်တုန့်ပြန် တိုက်ခိုက်လာခဲ့ကြကာ NUG သည် စက်တင်ဘာလတွင် စစ်အုပ်စုကို ဆန့်ကျင်သည့် "ခုခံတော်လှန်စစ်" ကို ကြေညာခဲ့သည်။ စစ်အုပ်စု ခန့်အပ်ထားသည့် အုပ်ချုပ်ရေးမှူးများ နှင့် ဒလံဟု သံသယ ရှိသူများကို ပစ်မှတ်ထားသည့် လုပ်ကြံမှုများ၊ ဗုံးဖြင့် တိုက်ခိုက်မှုများ ပိုမိုများပြားလာခဲ့သည်။

မိုးကုတ်သည် စစ်အုပ်ချုပ်ရေးကို တော်လှန်သည့် ဒေသတစ်ခုဖြစ်လာခဲ့ပြီး စစ်အာဏာသိမ်းပြီးနောက်တွင် မိုးကုတ်မြို့အတွင်း ဆန္ဒပြပွဲများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ကြသည်။ ကနဦးတွင် ဆန္ဒပြပွဲများသည် ငြိမ်းချမ်းခဲ့သော်လည်း မတ်လလယ်တွင် စစ်သားများသည် အရပ်သားပြည်သူများကို ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ဆန္ဒပြသူများအပေါ် အင်အားအလွန်အကျွံ အသုံးပြုခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့များသည် သံဃာတော်များ အပါအဝင် ဆန္ဒပြသူများကို တရားမဝင် ဖမ်းဆီးချုပ်နှောင်ခဲ့ကြောင်း ခိုင်လုံသည့် သတင်းပို့တင်ပြမှု အမြောက်အမြား ရှိလာခဲ့သည်။

မိုးကုတ်မြို့တွင် ဧပြီလလယ်၌ စစ်တပ် နှင့် TNLA၊ ၎င်း၏ မဟာမိတ် ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) တို့အကြား တိုက်ပွဲများ ဖြစ်ပွားခဲ့ကြောင်း တင်ပြချက်များရှိခဲ့ပြီး အဆိုပါ အဖွဲ့နှစ်ဖွဲ့စလုံးသည် စစ်အာဏာသိမ်းမှုကို တက်ကြွစွာ ခုခံတော်လှန်ခဲ့ကြသည်။ ဒေသခံပြည်သူများသည် "KIA ကို ကြိုဆိုထောက်ခံပါသည်" "We need help!" နှင့် "We want democracy" ဟူသည့် စာများကို လမ်းများထက်တွင် ကြီးမားသည့် စာလုံးများဖြင့် ရေးသားကာ တုန့်ပြန်ခဲ့ကြသည်။

အဆိုပါ စာသားများ ပေါ်လာပြီး နောက်တစ်ရက်ဖြစ်သော ဧပြီလ ၁၇ ရက်နေ့တွင် စစ်သားများသည် NUG ကို ထောက်ခံဆန္ဒပြသည့် ပြည်သူများကို ပစ်ခတ်ခဲ့ရာ ဆန္ဒပြသူနှစ်ဦး သေဆုံးခဲ့ရသည်။ မိုးကုတ်ဒေသခံတစ်ဦးရိုက်ကူးထားသည့် ဗီဒီယိုတစ်ခုတွင် စစ်သားတစ်ဦးက "အသေပဲလိုချင်တယ်။ ကြားလား။ ၅ ယောက်လုံး အသေလိုချင်တယ်။" ဟု ပြောဆိုခဲ့သည်ကို ကြားရသည်။ ထိုစဉ်မှ စတင်ကာ ဆန္ဒပြမှုများ နှင့် ပြောက်ကျား တိုက်ခိုက်မှုများ၊ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားလာခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့များသည် မြို့ကို ပြန်လည်ထိန်းချုပ်နိုင်ရန် ကြိုးပမ်းလာကြသည်။

အာဏာသိမ်းပြီးနောက် တစ်လအတွင်း စစ်တပ်၏ အာဏာလုယူမှုကို ကျောင်းသားများ နှင့် ကျန်းမာရေးလုပ်သားများက ဦးဆောင်ကာ အာဏာဖီဆန်ရေး လူထုလှုပ်ရှားမှုကို ထောက်ခံသည့်အားဖြင့် ဆန္ဒပြပွဲများ ပြုလုပ်ခဲ့ကြသည်။

ဇွန်လတွင် ကျောက်မျက်လုပ်ငန်းအတွင်း ပါဝင်ပတ်သက်နေကြသည့် (အပိုင်း ၁.၂ ကို ကြည့်ရှုပါ) ရှမ်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ နှစ်ဖွဲ့ ဖြစ်ကြသော SSA-S နှင့် SSA-N တို့သည် မိုင်းရှူးအနီးတဝိုက် ဒေသအတွင်း နယ်မြေဆိုင်ရာ အငြင်းပွားမှုဖြင့် အချင်းချင်း စတင်တိုက်ခိုက်လာခဲ့ကြသည့်အတွက် မတည်ငြိမ်သည့် အခြေအနေကို ပိုမိုဆိုးရွားလာစေခဲ့သည်။ UWSA စစ်သားများသည် SSA-N ကို အထောက်အပံ့ပေးခဲ့ကြကြောင်း တင်ပြမှုများရှိခဲ့သော်လည်း SSA-N ကမူ ထိုသို့ အထောက်အပံ့ပေးသည်ဆိုသော အချက်ကို ငြင်းပယ်ခဲ့သည်။ ဇူလိုင်လအစောပိုင်းတွင် မိုင်းရှူးမြို့နှင့် ကပ်လျက်ရှိသော ကျေးသီးမြို့နယ်အတွင်း လူနေအိမ်များအနီးတွင် လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ကြခြင်းကြောင့် အရပ်သားပြည်သူ ၁၀၀၀ ခန့် နေရပ်စွန့်ခွာထွက်ပြေးခဲ့ကြရသည်။ ဇူလိုင်လလယ်တွင် SSA-N သည် ကျေးရွာသားများကို အတင်းအကျပ် တပ်သားစုဆောင်းခြင်းများ ပြုလုပ်ခဲ့သည်ဟု စွပ်စွဲချက်များရှိခဲ့ပြီးနောက် မိုင်းရှူးမြို့ရှိနေအိမ်များကို စွန့်ခွာထွက်ပြေးသည့် ဒေသခံများ ပိုမို များပြားလာခဲ့သည်။

အခန်း ၂ တွင် ဖော်ပြထားသည့်အတိုင်း မြန်မာနိုင်ငံရှိ ကျောက်မျက်တူးဖော်ရေး ဒေသများရှိ မတည်ငြိမ်မှု၊ လက်နက်ကိုင်ပဋိပက္ခ နှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများသည် အသစ်အဆန်းမဟုတ်ပေ။ ၎င်းတို့သည် ဆယ်စုနှစ်များစွာကပင် မိုးကုတ် နှင့် မိုင်းရှူးတို့ရှိ ဘဝများ၏ အစိတ်အပိုင်းတစ်ခုဖြစ်လာခဲ့သည်။







မိုးကုတ်မြို့၏ လမ်းများပေါ်တွင် "Welcome KIA" ဟု စာလုံးကြီးများဖြင့် ရေးသားထားသည်ကို ၂၀၂၁ ခုနှစ် ဧပြီလ ၁၆ ရက်နေ့တွင် ဝေဟင်မှ တွေ့မြင်ရပုံ။ Myitkyina News Journal

# ၂။ ကျောက်မျက်တူးဖော်ခြင်းလုပ်ငန်းနှင့် ပဋိပက္ခ - မြေယာပိုင်ဆိုင်မှုများသိမ်းယူခြင်းနှင့် တရားမဲ့ပြုကျင့်မှုများ၏ သမိုင်းကြောင်းတစ်ခု

## ၂.၁ ပိုင်ဆိုင်မှုသိမ်းယူခြင်းများကို မှတ်တမ်းတင်ခြင်း

မြန်မာနိုင်ငံ၏ စစ်တပ် နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် တိုင်းပြည်၏ ကျောက်မျက်လုပ်ငန်းအပေါ် အခိုင်အမာချုပ်ကိုင်ခဲ့ကြသည့်အတွက် ဒေသခံပြည်သူများထံမှ မြေယာပိုင်ဆိုင်မှုများသိမ်းယူခြင်း နှင့် တရားမဲ့ ပြုကျင့်ခြင်းများဖြင့် ပျက်စီးမှု တစ်သီတစ်တန်းကို ချန်ထားခဲ့ကြသည်။ ဤအခန်းတွင် မြန်မာနိုင်ငံ၏ ကျောက်မျက်သယံဇာတများကို စစ်တပ် နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များမှ နည်းအမျိုးမျိုးဖြင့် သိမ်းယူခဲ့ခြင်းကြောင့် ၂၀၂၁ အာဏာသိမ်းမှု မတိုင်မီနှင့် နောက်ပိုင်းတို့တွင် မိုင်းရှူးနှင့် မိုးကုတ်တို့ရှိ ဒေသခံပြည်သူများအပေါ် ထိခိုက်နစ်နာစေခဲ့မှုများကို မှတ်တမ်းတင်ထားပါသည်။

ကျွန်ုပ်တို့အနေဖြင့် အာဏာသိမ်းမှုနောက်ပိုင်း ကျောက်တွင်းများရှိ အခြေအနေများနှင့် ပတ်သက်၍ မိုးကုတ် နှင့် မိုင်းရှူးတို့ရှိ ကျောက်မျက်တူးဖော်သူများ၊ ကုမ္ပဏီပိုင်ရှင်များ၊ ကုန်သည်များ နှင့် ပွဲစားများကို တွေ့ဆုံမေးမြန်းခဲ့သည်။ စစ်တပ်မှ အာဏာသိမ်းပြီးနောက်ပိုင်းတွင် အလွတ်တန်း လုပ်ကိုင်မှုများ ထိန်းမနိုင် သိမ်းမရ တိုးပွားလာခဲ့ကြောင်း တွေ့ရှိရသည်။ အာဏာသိမ်းမှု၊ ပဋိပက္ခမြင့်မားနေသည့် ပတ်ဝန်းကျင် နှင့် လိုင်စင်များ သက်တမ်းကုန်ဆုံးမှုတို့ကြောင့် စီးပွားဖြစ် အတိုင်းအတာဖြင့် လုပ်ဆောင်ချက်များသည် အများအားဖြင့် ရပ်တန့်သွားခဲ့သည်။ ယခုအခါ၌ အဆိုပါ လစ်ဟာသွားသည့် နေရာတွင် သောင်းနှင့်ချီသော အလွတ်တန်း တူးဖော်သူများသည် လက်ဖြင့်လုပ်ကိုင်လျက်ရှိကာ ယခင်က စီးပွားဖြစ်ခွင့်ပြုပေးခဲ့သည့် ပတ္တမြား နှင့် အခြားသော ကျောက်မျက်များကို ရှာဖွေလျက် ရှိကြသည်။

တူးဖော်သူအချို့ကမူ ယခုအချိန်သည် အာဏာသိမ်းမှုမတိုင်မီကထက် ဒေသခံပြည်သူများအတွက် အခွင့်အလမ်းများ ပိုမိုရရှိစေခဲ့သည်ဟု ကျွန်ုပ်တို့အား ပြောကြားခဲ့သည်။ ၎င်းတို့သည် ယခင်က ကြီးမားသည့် ကုမ္ပဏီကြီးများထံသို့သာ လိုင်စင် ထုတ်ပေးခဲ့သည့် အမြတ်အစွန်းများပြားသည့် ကျောက်မျက်ကြောများအား (တရားမဝင်သော်လည်း) ဆယ်စုနှစ်များအတွင်း ပထမဆုံးအကြိမ်အဖြစ် အသုံးပြုနိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်ဟု ဆိုသည်။ မည်သို့ပင်ဆိုစေကာမူ အဆိုပါ အခွင့်အလမ်းများသည် စစ်သားများနှင့် ဒေသခံ တာဝန်ရှိသူများမှ ခြိမ်းခြောက်တောင်းခံသည့် တံစိုးလက်ဆောင်များကို ပေးအပ်ခြင်းအပေါ် မူတည်နေသည်။ အဆိုပါ ငွေပေးချေမှုများသည် ဒေသခံပြည်သူများအား ကျောက်မျက်တူးဖော်ရေးကဏ္ဍအတွင်းမှ ဆယ်စုနှစ်များစွာ ပိတ်ဆို့ဖယ်ကြဉ်ထားသည့် စစ်တပ်ကိုပင် ရန်ပုံငွေ ပံ့ပိုး ပေးနေသည်။

ထို့အပြင် တူးဖော်သည့်နယ်မြေများကို စစ်တပ်က လက်တွေ့ဆက်လက် ထိန်းချုပ်ထားဆဲဖြစ်နေသမျှ ကာလပတ်လုံး ၎င်းခြိမ်းခြောက်တောင်းခံသည့်ငွေကို ပေးအပ်ခြင်းသည် တိုင်းပြည်တစ်ဝန်းရှိ အရပ်သားပြည်သူများအပေါ် စစ်တပ်က အကြမ်းဖက်လှုပ်ရှားမှုများ ဆက်လက်လုပ်ဆောင်နေစဉ်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ငွေကြေးပံ့ပိုးပေးနေခြင်းဖြစ်နေကြောင်း ကြီးမားသည့် စိုးရိမ်ပူပန်မှုများရှိသည်။

ကျွန်ုပ်တို့နှင့် ပြောဆိုခဲ့သည့် တူးဖော်သူများစွာတို့က ၎င်းတို့အနေဖြင့် စစ်တပ်နှင့် ဆက်စပ်နေသည့် ကုမ္ပဏီများ နှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (MGE)အပေါ် နိုင်ငံတကာမှ အရေးယူ ဒဏ်ခတ်မှုများကို ထောက်ခံကြောင်း ပြောကြားခဲ့ကြသည်။ MGE သည် ကျောက်မျက်လုပ်ငန်းကို ကွပ်ကဲ ထိန်းကျောင်းသော စည်းမျဉ်းများကို ချမှတ်ခြင်း၊ အကောင်အထည် ဖော်ဆောင်ခြင်းများအတွက် တာဝန်ရှိချိန်တွင် ကျောက်မျက် တူးဖော်ရေး ကုမ္ပဏီများနှင့် JV များ တည်ထောင်ပြီး ကျောက်မျက်များကို ဈေးကွက်တင် ရောင်းချနေသည့်အတွက် သိသာထင်ရှားသည့် အကျိုးစီးပွား ပဋိပက္ခရှိနေသည်။

## ၂.၂ "အရာအားလုံး ပျက်စီးသွားခဲ့သည်" - မိုင်းရှူး၏ ပျက်စီးမှုများ

မိုင်းရှူးရှိ ကျောက်တွင်းများ၏ သမိုင်းကြောင်းသည် သဘာဝသယံဇာတ အရင်းအမြစ်များ ကြွယ်ဝသည့် ဒေသများရှိ ဒေသခံပြည်သူလူထုများအပေါ် မြန်မာနိုင်ငံ၏ ပဋိပက္ခစီးပွားရေး၏ ဆိုးရွားသည့် ရိုက်ခတ်မှုများ၏ စိတ်မကောင်းဖြစ်ဖွယ် ဥပမာတစ်ခုဖြစ်သည်။

မိုင်းရှူးတွင် ကျောက်မျက်များအား ၁၉၉၀ ခုနှစ်နှောင်းပိုင်း သို့မဟုတ် ၁၉၉၁ ခုနှစ် အစောပိုင်းတွင် ဒေသခံ တအာင်း နှင့် ရှမ်းတိုင်းရင်းသားများက ပထမဆုံး ရှာဖွေတွေ့ရှိခဲ့ကြသည်။ ၁၉၉၂ ခုနှစ် ဇူလိုင်လတွင် အစိုးရသည် မိုင်းရှူးတွင် ပတ္တမြားသိုက်အသစ်တစ်ခု တွေ့ရှိခဲ့ပြီး ၎င်းတို့အား အစိုးရ၏ ခွင့်ပြုချက်မရှိဘဲ တူးဖော်ထုတ်လုပ်ခြင်း၊ ဖြတ်တောက်ခြင်း သို့မဟုတ် ကုန်သွယ်ခြင်းတို့ကို တားမြစ်သည့် သတိပေးချက်တစ်စောင်ကို စစ်အုပ်စု၏ သတ္တုတွင်းဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ အဆိုပါခုနှစ် နိုဝင်ဘာလရောက်ရှိချိန်တွင် နယ်မြေအတွင်း ဖက်စပ်တူးဖော်မှုများအတွက် စာချုပ်များကို MGE နှင့် ပုဂ္ဂလိက ကုမ္ပဏီများအကြား ချုပ်ဆိုခဲ့ကြသည်။ အစိုးရသည် ဒေသခံများ တူးဖော်ထားသည့် လုပ်ကွက်များ အပါအဝင် ဒေသခံပြည်သူများထံမှ မြေဧက ရာပေါင်းများစွာတို့ကို သိမ်းဆည်းခဲ့သည်။

မိုင်းရှူးတွင် စစ်အုပ်စု၏ ဝင်ရောက်စွက်ဖက်ခဲ့ပြီးနောက်ပိုင်း၌ "ပြည်သူလူထုတွင် ထိုနေရာရှိ မြေကိုထိရန်ပင် ခွင့်ပြုချက် သို့မဟုတ် အခွင့်အရေး လုံးဝမရရှိခဲ့ပေ။" ဟု မိုင်းရှူးမြို့ ဒေသခံတစ်ဦးက ပြန်လည်ပြောပြသည်။ ဒေသခံ ရှမ်းတိုင်းရင်းသားများစွာတို့သည် ဗမာစကားမပြောတတ်သဖြင့် ၎င်းတို့၏ မြေယာများကို မည်သည့်အတွက်ကြောင့် ၎င်းတို့ထံမှသိမ်းဆည်းသည်ကို နားမလည်ခဲ့ကြဟု ယင်းကဆိုသည်။



၂၀၁၈ ခုနှစ်တွင် ပတ္တမြားတောင်ဟု ဒေသခံများက ခေါ်ဆိုကြသည့် မိုင်းရှူးအနီးတဝိုက်ရှိ အဖိုးအတန်ဆုံး ပတ္တမြားတွင်းအများစုတို့ တည်ရှိရာသို့ ဆိုင်ကယ်မောင်းနှင်နေသူတစ်ဦး။ Suthep Kritsanavarin




အရင်းအမြစ်များ - OpenStreetMap Data © OpenStreetMap ပံ့ပိုးကူညီသူများ၊ မြန်မာသတင်းအချက်အလက် စီမံခန့်ခွဲမှု ယူနစ် (MIMU) https://themimu.info; လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားရာ နေရာဒေသများ နှင့် ဖြစ်စဉ်အချက်အလက်များ စီမံကိန်း (ACLED) www.acleddata.com; အာရှဖောင်ဒေးရှင်း www.asiafoundation.org

တန်ဖိုးအရှိဆုံး ပတ္တမြားတို့ကို တွေ့ရှိနိုင်သည့် မြို့၏ အရှေ့တောင်ပိုင်းရှိ တောင်များကို စစ်အုပ်စုက သိမ်းယူခဲ့သည့်အတွက် မြန်မာပြည်တစ်ဝန်းရှိ ရွှေ့ပြောင်းလုပ်သားများသည် တန်ဖိုးပိုမိုနည်းပါးသော နန်းကျောက်များကို တူးဖော်ရန်အတွက် မိုင်းရှူး နှင့် အနီးပတ်ဝန်းကျင်မြစ်ဝှမ်းများရှိ ကျေးရွာများသို့ အစုလိုက် အပြုံလိုက် ရောက်ရှိလာခဲ့ကြသည်။ ယင်းဥပဒေမဲ့ ပတ်ဝန်းကျင်ကို ဒေသခံတစ်ဦးက "ယင်းသည် အလွန်ရှုးသွပ်သည့် ကာလတစ်ခု ဖြစ်သည်။ တိုက်ပွဲများဖြစ်ပွားပြီး ပြည်သူများ အိမ်ခြေရာမဲ့ ဖြစ်ခဲ့ကြရသည်။ ဘဝများသည် လုံခြုံမှု မရှိခဲ့ပေ" ဟု ပြောပြခဲ့သည်။ လိင်လုပ်ငန်းများနှင့် တရားမဝင်မူးယစ်ဆေး အသုံးပြုမှုများလည်း မြင့်တက်လာခဲ့သကဲ့သို့ HIV ကူးစက်မှုများလည်း ပေါ်များလာခဲ့ကာ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေခဲ့ပြီး တူးဖော်ထုတ်လုပ်ရေးအတွက် လုပ်ကွက်များရှင်းလင်းရန် မြို့အနီးတဝိုက်ရှိ သစ်တောများကို ခုတ်လှဲခဲ့ကြသည်။


SSA-N မှ ထိန်းချုပ်ထားသည့် မိုင်းရှူးအနီးတစ်ဝိုက်ရှိ ပတ္တမြားတွင်းတစ်ခုတွင် အဆိုင်းပြီး၍ ၎င်းတို့၏ နေရာထိုင်ခင်းများသို့ သွားရောက်ရန် ဓာတ်လှေကား စောင့်ဆိုင်းနေကြသည့် လုပ်သားများ၊ ၂၀၁၈ ခုနှစ်။ Suthep Kritsanavarin

အဆိုပါ ပြဿနာများသည် ၁၉၉၆ ခုနှစ်မှစတင်ကာ ပိုမိုပြင်းထန်လာခဲ့ပြီး စစ်တပ်သည် ရှမ်းပြည်နယ်အလယ်ပိုင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွက် ရန်ပုံငွေ၊ စားနပ်ရိက္ခာ၊ စစ်ရေးသတင်းအချက်အလက် နှင့် တပ်သားစုဆောင်းမှုများကို ဖြတ်တောက်ရန် ရည်ရွယ်ကာ နယ်မြေအတွင်း လူမဆန်သည့် "ဖြတ်လေးဖြတ်" လှုပ်ရှားမှုကို စတင်လုပ်ဆောင်ခဲ့သည်။ အဆိုပါ လှုပ်ရှားမှုတွင် အဓမ္မပြုကျင့်ခြင်း နှင့် အခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းများ အပါအဝင် ရက်စက်ယုတ်မာသော လုပ်ရပ်များ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေသည့် အကြားတွင် သိန်းနှင့်ချီသော ပြည်သူများကို အတင်းအဓမ္မ နေရာရွှေ့ပြောင်းခဲ့သည်။

စစ်တပ်က SSA-N အား ၎င်း၏ ကွပ်ကဲမှုအောက်ရှိ ပြည်သူ့စစ်တစ်မျိုးဖြစ်သော နယ်ခြားစောင့်တပ်ဖွဲ့တစ်ခုအဖြစ် အသွင်ကူးပြောင်းရန် စစ်ရေးဆိုင်ရာ ဖိအားပေးခဲ့ပြီးနောက် ၂၀၁၀ ခုနှစ်တွင် SSA-N နှင့် စစ်တပ်တို့အကြား ပြင်းထန်သည့် တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ ၎င်း၏ တပ်မဟာနှစ်ခုတို့သည် အစိုးရတပ်ဖွဲ့များနှင့် ပေါင်းစည်းရန် သဘောတူခဲ့သော်လည်း မိုင်းရှူးအနီးတွင် အခြေစိုက်သည့် တပ်မဟာ ၁ ကမူ ငြင်းပယ်ခဲ့သည်။ တိုက်ပွဲများသည် SSA-N မှ အပစ်အခတ်ရပ်စဲရေးစာချုပ် တစ်ခုတွင် လက်မှတ်ရေးထိုးခဲ့သည့် ၂၀၁၂ ခုနှစ်ကုန် မတိုင်မီအထိ အရှိန်အဟုန်မြင့်တက်လာခဲ့သည်။ အဆိုပါ အပစ်အခတ်ရပ်စဲရေးစာချုပ်တွင် အဖိုးအတန်ဆုံး ကျောက်တွင်းများတည်ရှိရာ မြို့အနီးရှိ လွယ်ဆောင်ထောက်တောင်မှ စစ်သည်များ ရုတ်သိမ်းပြီးနောက် မိုင်းရှူးနယ်မြေအတွင်း ကျောက်မျက်များရှာဖွေရန် ခွင့်ပြုမှုများ ပါဝင်ခဲ့သည်။

၂၀၁၄ ခုနှစ် ရောက်ရှိလာခဲ့ချိန်တွင် တိုက်ပွဲများသည် ပြန်လည်ပြင်းထန်လာခဲ့ပြီး စစ်တပ်သည် အရပ်သားများ နေထိုင်သည့် နယ်မြေများကို ခွဲခြားခြင်းမရှိဘဲ လက်နက်ကြီးများဖြင့် တိုက်ခိုက်ခဲ့ကာ ၂၀၁၅ ခုနှစ်နှောင်းပိုင်းတွင် မိုင်းရှူးမြို့နယ်ရှိ



မိုင်းရှူးမြို့အစွန်ရှိ ချောင်းတစ်ခုအတွင်း ကျောက်မျက်ပါဝင်သည့် နန်းများကို ရှာဖွေနေသော လက်လုပ်လက်စား တူးဖော်သူတစ်ဦး၊ ၂၀၁၇ ခုနှစ်။ Suthep Kritsanavarin

ပြည်သူ ၆၀၀၀ ကျော်တို့ နေရပ်စွန့်ခွာထွက်ပြေးခဲ့ကြရသည်။ တိုက်ပွဲများသည် ၂၀၁၆ ခုနှစ် ရောက်ရှိချိန်တွင် များစွာလျော့ကျသွားခဲ့ပြီး ပိုနေမြဲကျားနေမြဲ အခြေအနေပြန်လည်စတင်လာခဲ့သည် - SSA-N နှင့် စစ်တပ်တို့အကြား စီးပွားရေးဆိုင်ရာ ဆက်ဆံရေးတစ်ခုထားရှိကာ စစ်ပြေငြိမ်းမှုဆိုင်ရာ သတ်မှတ်ချက်များကို တစ်ဖက်မှ ဘောင်ကျော်လာသည့်အခါ ရံဖန်ရံခါ တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။

လက်နက်ကိုင်အဖွဲ့များသည် ကျောက်မျက်ကုန်သွယ်မှု၏ အမြတ်အစွန်းများကို ခွဲဝေယူခဲ့ကြသည့်အတွက် မိုင်းရှူးတစ်ဝိုက်ရှိ တန်ဖိုးပိုမိုနည်းပါးသော နန်းကျကျောက်မျက်များ ကုန်လုနီးပါးဖြစ်လာခဲ့သည်။ မြေပြင်သည် တွင်းကြီးများဖြင့် အမာရွတ်သဖွယ်လာခဲ့ပြီး ဒေသခံများအနေဖြင့် ၎င်းတို့၏ လယ်ယာစိုက်ပျိုးသည့် အသက်မွေးဝမ်းကျောင်းမှုများကို ပြန်လည်စတင်နိုင်ခဲ့ခြင်းမရှိပေ။ ကျောက်မျက်ရှာဖွေသူများစုပြုံလာခဲ့စဉ်မှစတင်ကာ ဒေသ၏စီးပွားရေးတွင် ရင်းနှီးမြှုပ်နှံမှုတစ်စုံတစ်ရာမရှိခဲ့ဟု Global Witness ထံ ဒေသခံများက ပြောကြားခဲ့သည်။

"ကုမ္ပဏီများ နှင့် စစ်တပ်တို့သည် များစွာရယူခဲ့သော်လည်း အခြေခံအဆောက်အဦ၊ ဆေးရုံများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို မည်သည့်အခါတွင်မျှ အကောင်အထည်မဖော်ခဲ့ပေ" ဟု ဒေသခံ ဂျာနယ်လစ်တစ်ဦးက ဆိုခဲ့သည်။ ရှမ်းပြည်နယ်ရှိ အကြီးမားဆုံးနိုင်ငံရေးပါတီဖြစ်သည့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၏ ပါတီဝင်တစ်ဦးက "ကျွန်ုပ်တို့တွင် ကမ္ဘာကျော်ပတ္တမြားမြေ ရှိသည်။ သို့ရာတွင် လမ်းများသည် ယခင်အတိုင်းပင် ဖုန်တထောင်းထောင်းဖြင့် ဟောင်းနွမ်းပျက်စီးနေဆဲဖြစ်ပြီး ကျွန်ုပ်တို့၏ မြေ၊ သဘာဝပတ်ဝန်းကျင်နှင့် အရာအားလုံး ပျက်စီးနေသည်။" ဟု ယင်းအချက်ကို သဘောတူပြောဆိုခဲ့သည်။

ဖွံ့ဖြိုးတိုးတက်မှုမရှိခြင်းနှင့်ပတ်သက်၍ ဒေသခံများ၏ စိုးရိမ်ပူပန်မှုများအား နောက်ဆုံးသန်းခေါင်စာရင်း အချက်အလက်များတွင် တွေ့မြင်ရသည်။ သန်းခေါင်စာရင်းအရ ၂၀၁၄ ခုနှစ်တွင် မိုင်းရှူးမြို့နယ်၌ အိမ်ထောင်စုများ၏ ၁% တွင်သာ ရေလောင်းအိမ်သာရှိပြီး ၅၀% ကျော်တို့သည် ဘေးကင်းသည့် မိလ္လာစနစ်မရှိဟု သတ်မှတ်နိုင်သည်။ အိမ်ထောင်စုများ၏ ၇၄% တို့သည် ထင်းဖြင့် ချက်ပြုတ်ပြီး ၃% သည်သာ မီးထွန်းရန်အတွက် လျှပ်စစ်ဓာတ်အားကို အသုံးပြုကြသည်။

မိုင်းရှူးရှိ ကျွန်ုပ်တို့နှင့် စကားပြောဆိုခဲ့ကြသည့် ဒေသခံအများစုတို့သည် ၎င်းတို့နှင့် ၁၅ မိုင်ခန့်သာကွာသော နေရာတွင် ပိုမိုအမြတ်အစွန်းကြီးမားသည့် ကျောက်မျက်တူးဖော်ရေးလုပ်ငန်းများ လုပ်ကိုင်နေခဲ့ကြောင်းကို လိုင်စင်ထုတ်ပေးမှု ရပ်ဆိုင်းထားချိန်မတိုင်မီအထိ သိရှိမှုနည်းပါးခဲ့သည်။ ကုမ္ပဏီများသည် မြန်မာနိုင်ငံအလယ်ပိုင်းမှ ဗမာတိုင်းရင်းသားများကိုသာ အလုပ်ခန့်အပ်ကြပြီး ဒေသခံပြည်သူများကို ခန့်အပ်မှု ရှားပါးသည်ဟု ၎င်းတို့က ဆိုခဲ့ကြသည်။

"ယင်းဖြစ်ရပ်သည် ပျားအုံများ နေရာအနှံ့တွင်ရှိနေသော်လည်း ပျားရည်ကို မြည်းစမ်းခွင့် မရသကဲ့သို့ဖြစ်သည်" ဟု ဒေသခံတစ်ဦးက ရှင်းပြခဲ့သည်။ "မိုင်းရှူးပြည်သူများသည် ကျွန်ုပ်တို့၏မြေအတွက် မည်သည့်အရာမျှ မရရှိခဲ့ဘဲ ကျွန်ုပ်တို့၏ သယံဇာတများသည် အခြားသူများကိုသာ ကြွယ်ဝချမ်းသာစေလျက်ရှိသည်"

လိုင်စင်ထုတ်ပေးမှုကို ရပ်ဆိုင်းခဲ့ရာတွင် မိုင်းရှူးမြို့နယ်ရှိ တူးဖော်ရေးလုပ်ငန်းများသည် မိုးကုတ်ရှိ တူးဖော်ရေးလုပ်ငန်းများလောက် ထိခိုက်မှုမရှိခဲ့ဟု ဆိုကြပြီး ယင်းအချက်က ကျောက်တွင်းများသည် မြို့နှင့် ပိုမိုဝေးကွာသည့်နေရာတွင် တည်ရှိခြင်းကြောင့် ဖြစ်ကောင်းဖြစ်နိုင်သည်။

"မိုင်းရှူး၌ သက်တမ်းကုန်ဆုံးသွားခဲ့သည့် လုပ်ကွက်များတွင် တရားမဝင် တူးဖော်မှုများ လုပ်ဆောင်နေသည်" ဟု အာဏာသိမ်းမှုမတိုင်မီတစ်လဖြစ်သော ၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင် မိုင်းရှူးမြို့မှ နိုင်ငံရေးသမား နှင့် ကျောက်မျက်တူးဖော်သူတစ်ဦးဖြစ်သူက Global Wintess ထံ ပြောကြားခဲ့သည်။

"ကုမ္ပဏီဝန်ထမ်းဟောင်းများသည် ကျောက်တွင်းများကို လည်ပတ်လုပ်ကိုင်နေပြီး ကုမ္ပဏီများသည် တရားမဝင် တူးဖော်သူများထံမှ (ငွေကြေး) ကောက်ခံကြသည်။ အစိုးရကလည်း မျက်ကွယ်ပြုထားသည်။" ၎င်းက လုပ်ငန်းအဖြစ်ဆုံး ရာသီအတွင်း၌ ကျောက်တွင်းများတွင် မိုးကုတ်နှင့် ရှမ်းပြည်နယ်၏ မြို့တော် တောင်ကြီးမှ အများစုပါဝင်သော ရွှေ့ပြောင်းလုပ်သား ၇၀၀၀ မှ ၈၀၀၀ အကြား လုပ်ကိုင်လျက်ရှိသည်ဟု ထပ်ဆောင်းပြောဆိုခဲ့သည်။

"ယင်းဖြစ်ရပ်သည် ပျားအုံများ နေရာအနှံ့တွင် ရှိနေသော်လည်း ပျားရည်ကို မြည်းစမ်းခွင့် မရသကဲ့သို့ ဖြစ်သည် ... မိုင်းရှူးပြည်သူများသည် ကျွန်ုပ်တို့၏ မြေအတွက် မည်သည့် အရာမျှ မရရှိခဲ့ဘဲ ကျွန်ုပ်တို့၏ သယံဇာတများသည် အခြားသူများကိုသာ ကြွယ်ဝချမ်းသာစေလျက်ရှိသည်"

မိုင်းရှူးဒေသခံတစ်ဦး

## အာဏာသိမ်းချိန်မှစတင်၍ - မိုင်းရှူးတွင် တရားမဝင် ကျောက်မျက်တူးဖော်မှုများ ဆက်လက်ပြုလုပ်လျက်ရှိကြသည်

အာဏာသိမ်းစဉ်မှစတင်ကာ ကုမ္ပဏီအချို့သည် ၎င်းတို့၏ လုပ်ဆောင်မှုများကို ဆိုင်းငံ့ထားခဲ့ပြီး အခြားတူးဖော်သူများ ဝင်ရောက်လာခြင်းမရှိစေရန်အတွက်သာ ဝန်ထမ်းအနည်းငယ် ထားရှိခဲ့ကြသည်။ သို့ရာတွင် ဒေသခံများကမူ ၎င်းတို့အနေဖြင့် Hla Khun ဟုခေါ်သည့် ကျောက်မျက်ကြောတစ်ခုအပါအဝင် အချို့နေရာများတွင် အသေးစား စက်ကိရိယာများဖြင့် တူးဖော်နိုင်ဆဲဖြစ်သည်ဟု ဆိုသည်။

"Hla Khun ကျောက်မျက်ကြောသည် အရွယ်အစားမကြီးသော်လည်း ကျွန်ုပ်တို့အတွက် အခွင့်အရေးဖြစ်ပါသည်၊ နှစ်ပေါင်းများစွာကြာမြင့်ပြီးချိန်မှ ဒေသခံများအနေဖြင့် ကုမ္ပဏီ၏လုပ်ကွက်တွင် တူးဖော်နိုင်သောကြောင့်ဖြစ်သည်။" ဟု အဆိုပါနေရာတွင် လုပ်ကိုင်သည့် တူးဖော်သူတစ်ဦးက ဆိုသည်။

Global Witness ၏ သုတေသီများအနေဖြင့် အာဏာသိမ်းမှုနောက်ပိုင်းတွင် မိုင်းရှူးသို့ သွားရောက်နိုင်ခြင်းမရှိခဲ့ပေ။ ထို့ပြင် လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကြောင့် ကျွန်ုပ်တို့အနေဖြင့် လက်ရှိ တရားမဝင်တူးဖော်နေကြသူများ သို့မဟုတ် တူးဖော်သူများထံမှ ခြိမ်းခြောက်ငွေညှစ်နေသူများသည် မြန်မာစစ်တပ် သို့မဟုတ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ဖြစ်ကြကြောင်းကို အတည်မပြုနိုင်သေးပေ။ ယခင်ကျောက်မျက်လုပ်ငန်းတာဝန်ရှိသူတစ်ဦးက မိုင်းရှူး MGE ၏ ဝန်ထမ်းများတွင် မြန်မာနိုင်ငံ၏ အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်သူတစ်ဦးမျှမရှိဟု ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် ကျွန်ုပ်တို့ထံ ပြောကြားခဲ့သည်။

## ၂.၃ မိုးကုတ်ရှိ နေရာရွှေ့ပြောင်းရမှုများ နှင့် ငွေညှစ်ခြင်းများ

လွန်ခဲ့သည့် ဆယ်စုနှစ်သုံးခုအကျော်အတွင်း တိုက်ပွဲများသည် မိုးကုတ်တွင်ထက် မိုင်းရှူးတွင် ပိုမိုဖြစ်ပွားလေ့ရှိခဲ့သော်လည်း ပိုင်ဆိုင်မှုသိမ်းဆည်းခြင်းနှင့် တရားမဲ့ပြုကျင့်ခြင်းစသည့် ငြိမ်းချမ်းရေး အရင်းရှင်ဝါဒ၏ သမိုင်းကြောင်းသည် အလားတူပင် မိုးကုတ်တွင်လည်း ဖြစ်ပွားလာခဲ့သည်။ အချက်အလက်ပေးနိုင်သောသူ အများအပြားနှင့် တွေ့ဆုံမေးမြန်းမှုများအရ စစ်အုပ်စုသည် ၁၉၉၀ ပြည့်နှစ်များအတွင်း အပစ်အခတ်ရပ်စဲရေး အဖွဲ့များထံသို့ လုပ်ပိုင်ခွင့် အများအပြားပေးအပ်ခဲ့သည့်အခါ ကျောက်တွင်းများကို လုပ်ကိုင်သည့် နည်းလမ်းတွင် သိသိသာသာပြောင်းလဲသွားခဲ့သဖြင့် မိုးကုတ်ဒေသခံများစွာတို့၏ အသက်မွေးဝမ်းကျောင်းမှုများ ပျက်စီးသွားခဲ့ရသည်။

ဥပဒေအရ တိုင်းပြည်၏ ကျောက်မျက်တွင်းများအားလုံးကို အစိုးရက ပိုင်ဆိုင်သော်လည်း ထိုအချိန်မတိုင်မီအထိ မိုးကုတ်ရှိ ကျောက်တွင်းအများစုတို့အား မိုးကုတ်တွင် မျိုးရိုးစဉ်ဆက် နေထိုင်လာခဲ့သည့် မိသားစုများက လုပ်ကိုင်ခဲ့ကြသည်။ သို့ရာတွင် ၁၉၉၀ ခုနှစ် ဧပြီလတွင် စစ်တပ်သည် MEHL ကို တည်ထောင်ကာ မိုးကုတ်ရှိ အမြတ်အစွန်း များပြားသည့် ကျောက်တွင်းများကို စတင်သိမ်းယူလာခဲ့သည်။



မိုးကုတ်ရှိ ပတ္တမြားတွင်းတစ်ခုမှ ထွက်ခွာလာသည့် ကျောက်များတင်ဆောင်ထားသော ကုန်တင်ကားတစ်စီး။ Mogok.Thierry Falise/LightRocket via Getty Images

ထို့နောက်ပိုင်း ဆယ်စုနှစ်များတွင် တိုင်းပြည်၏ ကျောက်မျက်လုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းဖြစ်သည့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း (MGJEA) မှ ကိုယ်စားလှယ်နှစ်ဦး၏ အဆိုအရ MEHL နှင့် MEC တို့သည် တန်ဖိုးအရှိဆုံး တူးဖော်ရေးလုပ်ကွက်များအားလုံးကို တဖြည်းဖြည်းသိမ်းယူလာခဲ့သည်။ ပြည်သူလူထုသည် MEHL ကို ထိုအတွက်ကြောင့် "မုန်းတီး" ကြသည် ဟု ၎င်းတို့အနက် တစ်ဦးက ကျွန်ုပ်တို့အား ပြောပြခဲ့သည်။

၁၉၉၀ ပြည့်နှစ်များအတွင်းမှ စတင်ကာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ၊ စစ်တပ်နှင့်ဆက်စပ်သည့် ပြည်သူ့စစ်အဖွဲ့များအပါအဝင် ပြင်ပရင်းနှီးမြှုပ်နှံသူများသည် မိုးကုတ်သို့ ရွှေ့ပြောင်းလာခဲ့ကြသည့်အခါ EarthRights International နှင့် Karen Environment and Social Network (KESAN) တို့၏ အဆိုအရ ၎င်းတို့၏ တူးဖော်ရေးလုပ်ငန်းများသည် "တူးဖော်ရေးလုပ်ငန်းတွင် ပါဝင်ပတ်သက်နေသူဖြစ်စေ၊ ပါဝင်ပတ်သက်ခြင်းမရှိသူ ဖြစ်စေ၊ ဒေသခံ ပြည်သူများကို မူလနေရာမှ ဖယ်ရှားမှုများ ပိုမိုမြင့်တက်လာခဲ့သည်။" ၂၀၀၃ ခုနှစ်တွင် အမေရိကန် အခြေစိုက် NGO နှင့် ဒေသခံ အရပ်ဖက်အဖွဲ့အစည်းသည် စစ်တပ်ယူနစ်များ၏ လာဘ်စားမှုများ၊ ခွင့်ပြုချက်ပေးသည့် လုပ်ငန်းစဉ်အတွင်း အကျင့်ပျက် ခြစားမှုများနှင့် ကျေးရွာလုံးကျွတ် နစ်နာကြေးမရရှိဘဲ နေရာဖယ်ရှားခံရကာ မြေယာများကို လုံးလုံးလျားလျား သိမ်းယူခြင်းများအပါအဝင် ဒေသခံပြည်သူများအပေါ် ဖိအားများကို မှတ်တမ်းတင်ထားခဲ့သည်။

အဆိုပါ ဖိအားများ တိုးပွားလာမှုကြောင့် မိုးကုတ်တွင် မူလနေထိုင်သူများစွာတို့သည် အမှီအခိုကင်း လွတ်လပ်စွာ တူးဖော်နိုင်ကြခြင်းမရှိတော့ဘဲ ပြင်ပအဖွဲ့အစည်းများက လုပ်ကိုင်လည်ပတ်သည့်လုပ်ငန်းများတွင် နေ့စား သို့မဟုတ် လခစား လုပ်သားများ ဖြစ်လာကြသည်" ဟု အစီရင်ခံစာတွင် တွေ့ရှိရသည်။ အခြားသူများစွာတို့သည်လည်း မြို့ကို စွန့်ခွာကာ အခြားနေရာများတွင် အလုပ်အကိုင်များ ရှာဖွေရန် ရွေးချယ်ခဲ့ကြသည်။

၂၀၁၆ ခုနှစ်အတွင်းရှိ လိုင်စင်ထုတ်ပေးမှုကို ရပ်ဆိုင်းလိုက်သည့်အချိန်တွင် "မိုးကုတ်ဒေသခံများ ပိုင်ဆိုင်သည့် အသေးစားကျောက်တွင်းများ မရှိတော့သလောက်ဖြစ်သည်" ဟု ဒေသခံလုပ်ငန်းရှင်အမျိုးသမီးတစ်ဦးက ဆိုသည်။ ထိုစဉ်ကာလတွင် မြို့တွင်းရှိ လုံခြုံရေးအခြေအနေယိုယွင်းလာခဲ့ပြီး TNLA, SSA-S နှင့် SSA-N တို့၏ အဖွဲ့ဝင်များသည် ခြိမ်းခြောက်ငွေတောင်းခံခြင်းများ စတင်ပြုလုပ်လာခဲ့ကြသည်။ ဒေသခံပြည်သူများသည် ၎င်းတို့ကိုယ်၎င်းတို့ ကာကွယ်ရန်အတွက် အဖွဲ့အစည်းတစ်ခုကို တည်ထောင်ခဲ့ကြပြီး ၂၀၂၀ ခုနှစ် ကုန်ခါနီးတွင် အရပ်ဘက်အဖွဲ့အစည်းများမှစီစဉ်ကာ ခြိမ်းခြောက် ငွေတောင်းခံမှုများကို ဆန့်ကျင်သည့် ဆန္ဒပြပွဲ အများအပြား ပေါ်ပေါက်လာခဲ့သည်။

### အာဏာသိမ်းချိန်မှစတင်၍ - မိုးကုတ်တွင် နေထိုင်သူများသည် ကျောက်မျက်တူးဖော်ခွင့် ရရန်အတွက် စစ်တပ်ကို ငွေကြေးပေးအပ်နေရသည်။

အာဏာသိမ်းမှုနောက်ပိုင်းလများအတွင်း မိုးကုတ်သည် စစ်တပ်၏ အာဏာသိမ်းမှုကို ဆန့်ကျင်သည့် အဓိက ဆုံချက်တစ်ခု ဖြစ်လာခဲ့သည်။ စစ်တပ်သည် ငြိမ်းချမ်းစွာ ဆန္ဒပြသူများကို ပစ်ခတ်ခြင်း၊ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ပြည်သူများကို နေရပ်မှ နှင်ထုတ်ခြင်း နှင့် အရပ်ဘက်အဖွဲ့အစည်းဝင်များကို ထိန်းသိမ်းခြင်း တို့ဖြင့် တုန့်ပြန်ခဲ့သည်။ ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် စစ်တပ်သည် အင်တာနက်အသုံးပြုခွင့်ကို ဖြတ်တောက်ကာ သတင်းအမှောင်ချခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ မိုးကုတ်တွင် တရားမဝင်တူးဖော်နေမှုများ တဟုန်ထိုးမြင့်တက်လာခဲ့ခြင်းကို ကြီးကြပ်ရန် အချိန်ရခဲ့သည်။ ယင်းသည် နေရာအချို့ကို ပိတ်ထားကာ ဒေသခံပြည်သူများကို အခြားနေရာများတွင် တူးဖော်ရန်ခွင့်ပြုပြီး အပြန်အလှန်အားဖြင့် ငွေကြေးရယူခဲ့သည်။

ဒေသခံ စီးပွားရေး လုပ်ငန်းရှင်များ နှင့် တူးဖော်သူများက မိုးကုတ်တွင် တရားမဝင်တူးဖော်နေကြသူ သောင်းနှင့်ချီ၍ ရှိကြပြီး ၇၀၀၀၀ ခန့်အထိ ရှိနိုင်သည်ဟု ခန့်မှန်းကြပြီး အရင်းအမြစ်တစ်ခုအရ အာဏာသိမ်းစဉ်မှစတင်ကာ ပြည်သူများသည် မိုင်ပေါင်း ၁၈၀ ခန့် ကွာဝေးသည့် ကချင်ပြည်နယ်၏ မြို့တော် မြစ်ကြီးနားကဲ့သို့သော နေရာများမှ လာရောက်ခဲ့ကြသည်ဟု ခန့်မှန်းထားသည်။ သို့ရာတွင် ဤအခန်းတွင်

ဖော်ပြသွားမည်ဖြစ်သည့်အတိုင်း ၎င်းတို့အနက် အများစုတို့သည် ဝင်ငွေအနည်းငယ်မျှသာ ရရှိကြပြီး အန္တရာယ်ဖြစ်ပွားနိုင်ခြေများစွာကို ကြုံတွေ့ကြရကာ စစ်တပ်နှင့် ရဲတပ်ဖွဲ့တို့သည် တူးဖော်ခွင့်အတွက် စနစ်တကျခြိမ်းခြောက် ငွေတောင်းခံမှုများ ပြုလုပ်လျက် ရှိကြသည်။

မိုင်းရှူးတွင်ကဲ့သို့ပင် မိုးကုတ်တွင်လည်း အစိုးရမှ ထုတ်ပေးခဲ့သည့် လိုင်စင် အများစုတို့ သက်တမ်းကုန်ဆုံးခဲ့သော ၂၀၁၉ ခုနှစ်မှစတင်ကာ တရားမဝင် တူးဖော်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာခဲ့သည်။ အာဏာသိမ်းမှုမတိုင်မီက အချို့သော တူးဖော်သူများသည် တူးဖော်ခွင့်ရရန်အတွက် ရဲတပ်ဖွဲ့အပါအဝင် အာဏာပိုင်များထံသို့ လာဘ်ထိုးလုပ်ဆောင်နေခဲ့ကြသည်။ ယခုအခါတွင်မူ ခြားနားချက်မှာ စစ်တပ်သည် မိုးကုတ်ကို လက်တွေ့ထိန်းချုပ်မှု ရှိနေခြင်းဖြစ်သည်။

စစ်သားများသည် မိုးကုတ်ရှိ ကြီးမားသည့် ကျောက်မျက်တူးဖော်ရေး ကုမ္ပဏီနှစ်ခုတို့၏ ပိုင်ရှင်များထံမှ ခြိမ်းခြောက်ငွေညှစ်ခဲ့ကြသည်ဟူ၍လည်း သတင်းအရင်းအမြစ်နှစ်ခုက ဆိုသည်။ အာဏာသိမ်းပြီးနောက် မကြာမီတွင် စစ်သားများသည် စီးပွားရေးလုပ်ငန်းရှင်များအား ဒေသန္တရ အထက်တန်းကျောင်းတစ်ခုတွင် စုစည်းခဲ့ပြီး "အလှူငွေ"များ တောင်းခံခဲ့သည်ဟု အစည်းအဝေးကို မန်နေဂျာတစ်ဦး သွားရောက်တက်ခဲ့သည့် ကုမ္ပဏီမှ ဝန်ထမ်းတစ်ဦးက ဆိုသည်။ "အများစုသည် ငြင်းဆန်ရဲခြင်းမရှိကြ" ဟု သူမက ဆိုသည်။ အချို့သော ကြီးမားသည့် ကုမ္ပဏီများသည်လည်း ၎င်းတို့၏ လိုင်စင်များ သက်တမ်းကုန်ဆုံးခဲ့ပြီးနောက် နှစ်အချို့ ကြာမြင့်ချိန်တွင် ပြန်လည်စတင် တူးဖော်လာခဲ့ကြသည်ဟု စွပ်စွဲချက်များလည်းရှိသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည်လည်း မတည်ငြိမ်မှုကို အခွင့်ကောင်းယူ၍ ငွေရှာခြင်းများ ပြုလုပ်လျက်ရှိကြကာ မိုးကုတ်၏တစ်ဖက်တစ်ချက်စီရှိ နယ်မြေ နှစ်ခုတို့တွင် အလွတ်တန်း တူးဖော်ခြင်းများကို ကြီးကြပ်လျက် ရှိကြသည်။ နယ်မြေနှစ်ခုစလုံးသည် ရှမ်းပြည်နယ်နှင့် နယ်နိမိတ်ထိစပ်နေသည့် မိုးကုတ် မြို့နယ်တွင်ရှိပြီး KIA, SSA-N နှင့် TNLA တို့သည် အဆိုပါ နေရာများတွင် အခကြေးငွေများ ကောက်ခံလျက်ရှိသည် ဟု စွပ်စွဲချက်များရှိသည်။



မိုးကုတ်တောင်ကြားရှိ ပတ္တမြားတွင်းများကို ၂၀၁၉ ခုနှစ်တွင် တွေ့မြင်ရပုံ။ တူးဖော်သူများအတွက် နေဒဏ်၊ မိုးဒဏ်မှ ကာကွယ်ရန် တွင်းတစ်တွင်းစီကို မိုးရေခံဖျင်များဖြင့် ဖုံးအုပ်ထားသည်။ Vlad Sokhin/Panos Pictures



အသေးစား လက်လုပ်လက်စား ပတ္တမြားတူးဖော်သည့် အဖွဲ့များ မိုးကုတ်တွင် လုပ်ကိုင်နေကြပုံ၊ ၂၀၂၀ ခုနှစ် မတ်လ။ MO

## ဖြစ်စဉ်လေ့လာမှု - ရွှေပြည်အေး - အမှောင်ထုကို အကာအကွယ်ယူ၍ ကျောက်တူးခြင်း

အာဏာသိမ်းပြီးနောက်ပိုင်းလများအတွင်း ထောင်နှင့်ချီသောသူများသည် ယခင်က စစ်တပ်၏ လုပ်ငန်းစုကြီး ဖြစ်သည့် MEHL မှ ထိန်းချုပ်ထားခဲ့သော မိုးကုတ်မြို့လယ်အနီးရှိ တူးဖော်ရေးကျေးရွာအုပ်စုတစ်စုဖြစ်သည့် ရွှေပြည်အေးတွင် ညစဉ် တူးဖော်မှုများ စတင်ပြုလုပ်လာခဲ့သည်။ ရွှေပြည်အေးသည် စာမျက်နှာ ၃၇ ရှိ ဖြစ်စဉ်လေ့လာမှုတွင် ဖော်ပြထားသည့်အတိုင်း အနည်းဆုံး အဖိုးတန်ကျောက်တစ်ခုကို ဝယ်ယူတင်သွင်းခဲ့သည်ဟု ထိုင်းနိုင်ငံအခြေစိုက် Fai Dee Gems က Global Witness ထံ ပြောကြားခဲ့သည့် နေရာ ဖြစ်သည်။ Fai Dee Gems သည် မြန်မာ့ပတ္တမြားတို့ကို နိုင်ငံတကာကျောက်မျက်ရတနာ လုပ်ငန်း Graff နှင့် လေလံကုမ္ပဏီကြီးများဖြစ်သော Sotheby's နှင့် Christie's တို့ထံ တင်သွင်းသည်။

ကျောက်တူးသူများက စစ်တပ်သည် ဧပြီလနှောင်းပိုင်းတွင် လုပ်ကွက်ကို ဖွင့်လှစ်ခဲ့ပြီးနောက် ယင်းနေရာသည် မိုးကုတ်တွင် တူးဖော်ရန် ရေပန်းအစားဆုံး နေရာတစ်ခု ဖြစ်လာခဲ့သည်ဟုဆိုသည်။ သို့ရာတွင် တူးဖော်မှုကို ညတွင်သာ ခွင့်ပြုခဲ့ပြီး နေ့ဘက်တွင် လုပ်ကိုင်သည့် တူးဖော်သူများအား ရိုက်နှက်ခဲ့သည်ဟု စွပ်စွဲချက်များရှိသည်။ တူးဖော်သူတစ်ဦးက စစ်သားများသည် နေ့ဘက်တွင် မိုင်းတွင်းများကို ဘူဒိုဇာများဖြင့် မြေဖို့ခဲ့ကြသည်ဟု ဆိုသည်။ "သူတို့သည် ကျွန်ုပ်တို့၏ ပိုက်ဆံများကို ရယူခဲ့သော်လည်း ငြိမ်းချမ်းစွာ တူးဖော်ခွင့် မပေးခဲ့။" ဟု ဆိုပြီး စိတ်အနှောင့်အယှက် အလွန်ဖြစ်ရသဖြင့် သူ၏ အဖွဲ့သည် လုပ်ကွက်တွင် တူးဖော်ခြင်းကို လက်လွှတ်ခဲ့သည်ဟု ဆိုသည်။



ကျောက်တုံးအတွင်းရှိ ကျောက်မျက်များကို တွေ့မြင်ရရန် ခရမ်းလွန်ရောင်ခြည် ဓာတ်မီးဖြင့် ထိုးကြည့်နေသော တူးဖော်သူတစ်ဦး။ Suthep Kritsanavarin

စစ်သားများသည် မေလမှ စတင်ကာ တူးဖော်သူများထံမှ ငွေကြေးများ တောင်းခံခဲ့သည်ဟု စွပ်စွဲချက်များရှိသည်။ ၎င်းတို့သည် မူလက တစ်လလျှင်ကျပ် ၁၅၀၀၀၀ (အမေရိကန်ဒေါ်လာ ၈၀) ဖြင့် အခကြေးငွေ အနည်းငယ် တောင်းခံခဲ့ကြသော်လည်း မကြာမီတွင် ကျပ် ၃၀၀၀၀၀ သို့ နှုန်းထားကို နှစ်ဆ တိုးမြှင့်ကောက်ခံခဲ့သည်။ ထိုနေရာတွင် လုပ်ကိုင်ခဲ့သည့် တူးဖော်သူ တစ်ဦးက အချို့သော အဖွဲ့များသည် ထို့ထက်ပို၍ ပေးရပြီး အချို့မှာမူ ထိုမျှ လောက်မပေးရဟု ဆိုသည်။ "သို့သော် စစ်သားများနှင့် ညှိနိုင်းရန် သတ္တိရှိသူ များသာ ထိုသို့အခွင့်အရေးရနိုင်သည်" ဟု ၎င်းက ဆိုသည်။ တူးဖော်သူတစ်ဦး က ၎င်း၏အဖွဲ့အနေဖြင့် လာဘ်ထိုးခဲ့ရခြင်းမှာ "ပြဿနာ မတက်ချင်သော ကြောင့် ဖြစ်သည်" ဟု ဆိုသည်။

သို့ရာတွင် ရွှေပြည်အေးရှိ တူးဖော်မှုများ တဟုန်ထိုးမြင့်တက်လာမှုသည် သက်တမ်းများစွာ မရှည်ကြာခဲ့ဘဲ တရားမဝင် တူးဖော်သူများသည် မြန်မာ စစ်တပ်၏ စိတ်ကူးပေါက်ရာ လုပ်ဆောင်မှုများကြောင့် မည်မျှ ထိခိုက်နစ်နာ ကြောင်းကို မီးမောင်းထိုးပြနေသည်။ စက်တင်ဘာလတွင် စစ်သားများသည် လုပ်ကွက်ကို အများပြည်သူများ ဝင်ရောက်ခွင့် ပိတ်ပင်ခဲ့ပြီး နောက်လတွင်မူ သတိပေး ပစ်ခတ်မှုများ ပြုလုပ်ခဲ့သည်။ တူးဖော်သူ ၂၀ ခန့်ကို ဖမ်းဆီး ထိန်းသိမ်းကာ လွှတ်ပေးရန်အတွက် တစ်ဦးလျှင်ကျပ် ၅၀၀၀၀၀ (အမေရိကန် ဒေါ်လာ ၂၈၀) ပေးရန် တောင်းဆိုခဲ့သည်ဟု စွပ်စွဲချက်များရှိသည်။

"အဘယ့်ကြောင့် ၎င်းတို့ကို ဖမ်းဆီးခဲ့ကြောင်း မသိသော်လည်း ယင်းသည် ပြည်သူများထံမှ ငွေကြေးတောင်းခံရန် အကြောင်းပြချက်တစ်ခု ဖြစ်နိုင်သည်" ဟု တူးဖော်သူတစ်ဦးက ဆိုခဲ့သည်။ ရွှေပြည်အေးတွင် စစ်တပ်နှင့် အဆက်အသွယ်ရှိသည့် ပုဂ္ဂိုလ်များသည် တူးဖော်မှုများကို ဆက်လက် လုပ်ဆောင်နေသည်ဟု စွပ်စွဲချက်များ ရှိနေသည်။

စစ်တပ်အနေဖြင့် အဘယ့်ကြောင့် လုပ်ကွက်ကို အများပြည်သူတို့ ဝင်ရောက်ခွင့် ပိတ်ပင်ခဲ့ကြောင်း ရှင်းလင်းစွာ မသိရသော်လည်း တူးဖော်သူ အလွန်များလာခဲ့သဖြင့် စစ်သားများသည် ၎င်းတို့၏ကိုယ်ပိုင် လုံခြုံရေးကို စိုးရိမ်ပူပန်လာခဲ့ကြခြင်းကြောင့် ဖြစ်နိုင်သည်ဟု တူးဖော်သူနှစ်ဦးက မှန်းဆခဲ့ပြီး စစ်သားများသည် လူအများဆုံး တူးဖော်ရေး လုပ်ကွက်များအားလုံးကို ပိတ်ခဲ့သည်ဟု တစ်ဦးက မှတ်ချက်ပြုခဲ့သည်။ ထိုသို့ ပိတ်ပင်ရန် ဆုံးဖြတ်ခဲ့ခြင်းမှာ ငွေပေးချေမှုများ ကောက်ခံခဲ့သည့် စစ်သားများအနေဖြင့် ငွေကြေးကို ၎င်းတို့၏ အထက်အရာရှိများထံ ခွဲဝေပေးမှုမရှိခြင်းနှင့် ပတ်သက်နိုင်သည် ဟုလည်း ၎င်းတို့က ဆိုခဲ့ကြသည်။

ကျောက်စိမ်းလုပ်ငန်းအတွင်း Global Witness မှ မှတ်တမ်းတင်ခဲ့သည့် အလေ့အထတစ်ခုဖြစ်သော တူးဖော်သည့် နယ်မြေများတွင် စစ်သားများမှ ကောက်ခံသည့် ငွေပေးချေမှုများအား စစ်ဘက်ဆိုင်ရာ ကွပ်ကဲမှု အဆင့်ဆင့်သို့ လက်ဆင့်ကမ်းပေးအပ်ခြင်း ရှိမရှိ သေချာမှုမရှိပေ။ တစ်ချိန်တည်းတွင် ရွှေပြည်အေးတွင် လုပ်ကိုင်ခဲ့ကြသည့် တူးဖော်သူများသည် ယခုအခါတွင် ဓာတ်တော်အပါအဝင် မိုးကုတ်ရှိ အခြားနေရာများတွင် ကျောက်မျက်များ ရှာဖွေနေကြသည်။ ယင်းသည် ယခင်က MEHL ထံ လိုင်စင်ထုတ်ပေးခဲ့သည့် နေရာတစ်ခုဖြစ်ပြီး စစ်သားများ နှင့် ရဲတပ်ဖွဲ့ နှစ်ခုစလုံးသည် လာဘ်ငွေများ တောင်းခံခဲ့ကြသည်။

"ရဲတပ်ဖွဲ့ နှင့် စစ်သားများသည် ထုံးစံအတိုင်း တရားမဝင် တူးဖော်ရေး လုပ်ကွက်များမှ အခကြေးငွေများ ကောက်ခံကြသည်" ဟု တူးဖော်သူတစ်ဦးက နိုဝင်ဘာလတွင် ဆိုခဲ့သည်။




ယမ်းစိမ်းမှ ဖောက်ခွဲရေးပစ္စည်းများ ပြုလုပ်နေသော ကျောက်မျက်တူးဖော်သူတစ်ဦး၊ ၂၀၁၈ ခုနှစ်။ Suthep Kritsanavarin

## ၂.၄ တရားမဝင်ကျောက်မျက်တူးဖော်ခြင်း - အန္တရာယ်ရှိသည့် လုပ်ငန်းတစ်ခုသည် စစ်အာဏာသိမ်းစဉ်မှစတင်ကာ ပို၍အန္တရာယ်များလာခဲ့သည်။

မိုးကုတ် နှင့် မိုင်းရှူးတို့တွင် တူးဖော်လျက်ရှိကြသည့် သောင်းနှင့်ချီသော ပြည်သူများသည် အလွန်ပင် ထိခိုက်လွယ်သောအခြေအနေတွင်ရှိနေကြသည်။ အာဏာသိမ်းပြီးစဉ်မှစတင်ကာ မြန်မာနိုင်ငံအတွင်းရှိ ပြည်သူအားလုံးနည်းတူပင် ၎င်းတို့သည်လည်း တစ်ဖက်သတ် အကြမ်းဖက်မှုများကို ခံရနိုင်ပြီး ဘေးကင်းလုံခြုံရေးအတွက် အစဉ်စိုးရိမ်ပူပန်နေကြရသည်။

"အာဏာသိမ်းပြီးစဉ်မှစတင်ကာ အထူးသဖြင့် တူးဖော်သူများအတွက် သွားလာရန် လုံခြုံမှုမရှိဖြစ်လာခဲ့သည်" ဟု မိုးကုတ်ရှိ တူးဖော်ရေးအဖွဲ့တစ်ဖွဲ့ကို ကြီးကြပ်သော လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။ နောက်ထပ်တူးဖော်သူတစ်ဦးကမူ စစ်သားများသည် "နေရာအနှံ့ သွားလာနေကြပြီး" မည်သည့်အချိန်တွင်မဆို အကြောင်းပြချက်မရှိဘဲ ဖမ်းဆီးခံရနိုင်သည့် အန္တရာယ်ရှိသည်ဟု ပြောပြခဲ့သည်။ အခြားတူးဖော်သူတစ်ဦးကမူ ညဘက်တွင် လုပ်ကိုင်ခြင်းသည် အထူးအန္တရာယ်များပြီး လက်နက်ကြီး ပစ်ခတ်သံများ ကြားရသည့်အခါ ပြေးလွှားခြင်း၊ ပုန်းအောင်းခြင်းများကို လုပ်ဆောင်ကြရသည်ဟု ဆိုသည်။ တူးဖော်သူတစ်ဦးက အောက်ပါအတိုင်း ပြောကြားခဲ့သည် -

"စစ်သားတွေကို ကြောက်လို့ သူတို့ကို တွေ့တာနဲ့ ရှောင်ကြရတယ်"

လက်ရှိဖြစ်ပွားနေသည့် သံသယများ ပြည့်နှက်နေသည့် ပတ်ဝန်းကျင်နှင့် လက်နက်ကိုင် အကြမ်းဖက်မှုတို့ကြောင့် တူးဖော်သူများအနေဖြင့် တူးဖော်ရန် ဖောက်ခွဲရေးပစ္စည်းများ ဝယ်ယူခြင်း၊ သယ်ယူပို့ဆောင်ခြင်း နှင့် အသုံးပြုခြင်းတို့ တွင်လည်း အန္တရာယ်များ ကျရောက်နိုင်ကြသည်။ ခြိမ်းခြောက်မှုများလည်း ရှိလာခဲ့ပြီး စက်တင်ဘာလတွင် ကျောက်မျက်ကုန်သည်တစ်ဦး၏ နေအိမ်မှ ကျပ်သန်း ၁၀၀ (အမေရိကန်ဒေါ်လာ ၅၅၀၀၀) ခန့် တန်ဖိုးရှိသည့် ရွှေ၊ အဖိုးတန်ကျောက်များ နှင့် ငွေကြေးများကို လုယက်ခြင်းခံခဲ့ရသည်ဟု သတင်းမီဒီယာများတွင် ဖော်ပြမှုများရှိခဲ့သည်။

တစ်ချိန်တည်းတွင် တူးဖော်သူများသည် ကျောက်တွင်းများတွင်လည်း မြေပြိုမှုများနှင့် မြေအောက်တွင် အောက်ဆီဂျင် ပြတ်လပ်မှုများ၏ အန္တရာယ်များကိုလည်း တွေ့ကြုံရနိုင်သည်။ ၂၀၂၁ ခုနှစ်အတွင်း မိုးကုတ်တွင် လူသေဆုံးမှုနှင့်ပတ်သက်၍ သတင်းပို့မှု အများအပြားရှိခဲ့ပြီး တင်ပြမှုမရှိခဲ့သည့် သေဆုံးမှုများသည် ထို့ထက်ပိုမိုများပြားနိုင်ဖွယ်ရှိသည်။ အာဏာသိမ်းမှုမတိုင်မီတစ်လတွင် MEHL ယခင်က လုပ်ကိုင်ခဲ့သော ငရုံအိမ်ကျောက်ကြောတွင် ကျောက်တွင်းတစ်ခု ပြိုကျခဲ့ပြီး တစ်ဦးသေဆုံးခဲ့သည်ဟု သတင်းတင်ပြမှုများ ရှိခဲ့သည်။ အာဏာသိမ်းပြီးနောက်ပိုင်း ၃ လ အကြာတွင် ယခင် ပတ္တမြားနဂါးအုပ်စုမှ တူးဖော်ခဲ့သော ဘော်ပတန်းရှိ မီတာ ၃၀၀ အနက်ရှိသော ကျောက်တွင်းတစ်ခု ပြိုကျမှုဖြစ်ခဲ့ပြီး လုပ်သားအဖွဲ့တစ်ဖွဲ့ ပိတ်မိခဲ့ကြောင်း ဒေသခံသတင်းမီဒီယာများတွင် ဖော်ပြခဲ့ကြသည်။ ကုမ္ပဏီက ကျောက်တွင်းသည် ကုမ္ပဏီ၏ ယခင်က လုပ်ပိုင်ခွင့်ရနေရာနှင့် ကပ်လျက်တွင်ရှိနေသော်လည်း ၎င်းတို့၏လုပ်ပိုင်ခွင့်တွင် မပါဝင်ခဲ့ဟု Global Witness ထံ ပြောကြားခဲ့သည်။ အဆိုပါလတွင်ပင် နယ်မြေအတွင်း လုပ်ကိုင်လျက်ရှိသည့် အရင်းအမြစ်တစ်ခုအရ ကျောက်ပြသဒ်ရှိ မိုင်းတွင်းတစ်ခုတွင် အိပ်စက်နေသူနှစ်ဦး အောက်ဆီဂျင်ပြတ်လပ်၍ သေဆုံးခဲ့သည်။ ဩဂုတ်လတွင် ပြောင်ခေါင်းအနီးရှိ ဆတ်အင်းပြန့် ရှိ ကျောက်တွင်းတစ်ခု ပြိုကျခဲ့ပြီး ကျောက်တူးသူနောက်ထပ်တစ်ဦး သေဆုံးခဲ့သည်ဟု ဆိုကြသည်။

အန္တရာယ်ကျရောက်နိုင်ခြေများရှိပြီး အဖိုးတန်ကျောက်များ ရှာမတွေ့ဘဲ ရရှိသည့် အကျိုးအမြတ်မှာ အနည်းငယ်မျှသာဖြစ်သော်လည်း ပြည်သူများသည် ဆက်လက်တူးဖော်နေကြသည်။ ကျောက်ပြသဒ်တွင် လုပ်ကိုင်သည့် ပုဂ္ဂိုလ်တစ်ဦးက ထိုနေရာတွင် ကျောက်မျက်များတွေ့သည့် တူးဖော်ရေးအဖွဲ့များသည် တစ်လလျှင် ကျပ် ၂၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၁၀၇) အထိသာ ရရှိရန် မျှော်လင့်နိုင်သည်ဟု ကျွန်ုပ်တို့အား ပြောကြားခဲ့သည်။ "သို့ရာတွင် ခုနှစ်လကျော်ကြာ ကြိုးစားလုပ်ကိုင်ခဲ့ပြီးသော်လည်း မည်သည့်ကျောက်မျှ မတွေ့ရသေးသည့် တူးဖော်ရေးအဖွဲ့အချို့လည်း ရှိကြသည်။" ဟု ၎င်းက ဆိုသည်။

# ၃။ ကျောက်မျက်တူးဖော်မှုလုပ်ငန်းကို မြန်မာစစ်တပ်က ထိန်းချုပ်ထားပုံ

## ၃.၁ ယခင်လိုင်စင်ထုတ်ပေးသည့် စနစ်အောက်ရှိ စစ်တပ်၏ ထိန်းချုပ်မှု အတိုင်းအတာ

### ပွင့်လင်းမြင်သာမှု မရှိသောကဏ္ဍကို အလင်းရောင်ထိုးကြည့်ရှုခြင်း

ကျောက်မျက်များ ဝယ်ယူတင်သွင်းသည့် ကုမ္ပဏီများအနေဖြင့် ဥပမာ ကျောက်များကို မည်သည့်နေရာတွင် တူးဖော်ခဲ့ကြောင်း၊ မည်သူအကျိုးအမြတ်ရရှိကြောင်း နှင့် ၎င်းတို့၏ ထုတ်လုပ်မှုသည် အကျင့်ပျက်ခြစားမှု၊ ပဋိပက္ခ သို့မဟုတ် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ပံ့ပိုးနေခြင်းရှိမရှိ တို့ကဲ့သို့သော အခြေခံ မေးခွန်းများကို မေးမြန်းပြီး ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်စေရန် စိစစ်ခြင်း လုပ်ဆောင်သင့်ပါသည်။ ကျွန်ုပ်တို့၏ စုံစမ်းဖော်ထုတ်မှုများအရ မြန်မာနိုင်ငံမှကျောက်မျက်များနှင့်ပတ်သက်၍ ထိုသို့လုံလောက်စွာ မလုပ်ဆောင်ကြောင်း ထင်ရှားပါသည်။ ယင်းသည် အံ့အားသင့်ဖွယ်မဟုတ်ပေ။ အကြောင်းမှာ ကျောက်မျက်များနှင့် ပဋိပက္ခ၊ အကျင့်ပျက်ခြစားမှု၊ လူ့အခွင့်အရေး ချိုးဖောက်မှုများ ဆက်စပ်နေသော်လည်း ကျောက်မျက်လုပ်ငန်းမှ အကျိုးအမြတ် အများဆုံးရရှိနေသည့် လက်နက်ကိုင်များအနေဖြင့် ၎င်းတို့၏ ထိန်းချုပ်ထားမှုကို ဖော်ထုတ်ခြင်းမှ မည်သည့်အကျိုးကျေးဇူးမျှရရှိမည်မဟုတ်ဘဲ သတင်းအချက်အလက် ဟာကွက်ဖြစ်နေခြင်းကသာ ၎င်းတို့အတွက် ကမ္ဘာပေါ်ရှိ အကြီးမားဆုံး တန်ဖိုးကြီးအမှတ်တံဆိပ်နှင့် ဈေးကွက်ကြီးအတွင်း အမည်ရှိ အမှတ်တံဆိပ်အချို့တို့နှင့် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ဆက်လက် စီးပွားရေးလုပ်ဆောင်နိုင်စေသောကြောင့် ဖြစ်သည်။

ကျွန်ုပ်တို့အနေဖြင့် လိုင်စင်ထုတ်ပေးမှု မရပ်ဆိုင်းမီနှင့် နောက်ဆက်တွဲအဖြစ် လက်ကျန်လိုင်စင်များ သက်တမ်းကုန်ဆုံးချိန်တို့တွင် မြန်မာနိုင်ငံ၏ ကျောက်မျက်တွင်းများ၏ ပိုင်ဆိုင်မှု နှင့် လုပ်ငန်းလည်ပတ်မှုများကို စုံစမ်းဖော်ထုတ်ခဲ့ပါသည်။ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ ကျောက်မျက်ကုန်သည်များ၊ နိုင်ငံတကာကုမ္ပဏီများ နှင့် ၎င်းတို့၏ ဖောက်သည်များအနေဖြင့် ကျောက်မျက်များကို မူလအစအားဖြင့် မည်သူ့ထံမှ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရှိနိုင်ရန် ဖြစ်သည်။

ကျွန်ုပ်တို့အနေဖြင့် မြန်မာနိုင်ငံ၏ အကြီးမားဆုံး ကျောက်မျက်ကုမ္ပဏီများ၏ အမည်များကို ရှာဖွေသတ်မှတ်နိုင်ရန်အတွက် ၂၀၁၈ ခုနှစ်အထိ ဘဏ္ဍာရေးနှစ် ၅ နှစ်ကျော်ကာလအတွင်း မြန်မာနိုင်ငံ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးအဖွဲ့မှ ထုတ်ပြန်သည့် လိုင်စင်ထုတ်ပေးမှု၊ ထုတ်လုပ်မှုပမာဏများ နှင့် အခွန်ပေးဆောင်မှု ထုတ်ပြန်ချက်များဆိုင်ရာ အချက်အလက်များကို စိစစ်လေ့လာခဲ့ပါသည်။

ထို့နောက်တွင် ကျွန်ုပ်တို့အနေဖြင့် ခွဲခြားသတ်မှတ်ထားသည့် ကုမ္ပဏီများအား ၎င်းတို့၏ အကျိုးအမြတ် ရရှိပိုင်ဆိုင်သူများနှင့် ဆက်စပ်ရန်အတွက် မြန်မာနိုင်ငံ ကော်ပိုရိတ်မှတ်တမ်းမှတဆင့် ထုတ်ပြန်ထားသည့် အချက်အလက်များကို အသုံးပြုခဲ့ပါသည်။ MEITI နှင့် အစုရှယ်ယာရှင် အချက်အလက်များသည် ဇာတ်လမ်းအပြည့်အစုံကို ပြောပြနိုင်ခြင်းမရှိသဖြင့် အဆိုပါတွေ့ရှိချက်များအား စစ်အာဏာသိမ်းမှုမတိုင်မီ လုပ်ငန်းအတွင်းရှိ ဓာတ်သိလူများမှ ပေးအပ်ခဲ့ကြသည့် ကျောက်တွင်းပိုင်ဆိုင်မှုအချက်အလက်များမှ တွေ့ရှိချက်များဖြင့် အားဖြည့်ခဲ့ပါသည်။ ကျွန်ုပ်တို့အနေဖြင့် တူးဖော်ရေးနယ်မြေများ၏ မြေပုံများကို ပြန်လည်သုံးသပ်ခဲ့ပြီး မိုးကုတ် နှင့် မိုင်းရှူးရှိ အရပ်ဘက်လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်များ၊ ဂျာနယ်လစ်များ နှင့် စီးပွားရေးလုပ်ငန်းရှင်များကို တွေ့ဆုံမေးမြန်းခဲ့သည်။

ကျွန်ုပ်တို့ စုဆောင်းခဲ့သည့် အချက်အလက်များသည် နောက်ဆုံးကျန်ရှိနေသေးသည့်လိုင်စင်များ ၂၀၂၀ ခုနှစ်တွင် သက်တမ်းမကုန်ဆုံးမီအထိ မြန်မာနိုင်ငံ၏ ကျောက်မျက်တွင်းများ၏ ကော်ပိုရိတ်ပိုင်ဆိုင်မှုအပေါ် ယခင်က မရှိခဲ့ဖူးသည့် အတွင်းကျကျအမြင်များ ပေးနိုင်ပြီး လုပ်ငန်းကို ထိန်းချုပ်ထားဆဲဖြစ်ကာ အကယ်၍ လိုင်စင်ထုတ်ပေးခြင်းကို ပြန်လည်စတင်ပါက အနေအထားကောင်းမွန်သည့် လျှို့ဝှက်သိုသိပ်သော စီးပွားရေးကွန်ရက်များကို ဖော်ထုတ်ထားပါသည်။ အတိအကျဆိုရပါက အချက်အလက်အားလုံးတို့အရ မြန်မာစစ်တပ်၊ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များနှင့် လုပ်ကိုင်နေကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နှင့် စစ်တပ်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အဆက်အသွယ်ရှိသော စီးပွားရေးလုပ်ငန်းရှင်များသည် နောက်ဆုံးလိုင်စင်များ သက်တမ်းကုန်ဆုံးသွားခဲ့ချိန်အထိ ကျောက်မျက်တူးဖော်ရေးတွင် အကြီးမားဆုံးပါဝင်သူများ ဖြစ်ခဲ့ပါသည်။

ကျွန်ုပ်တို့၏ တွေ့ရှိချက်များ၊ ကျွန်ုပ်တို့၏ နည်းစနစ် နှင့် အချက်အလက်များနှင့်ပတ်သက်၍ ကျွန်ုပ်တို့တွေ့ကြုံခဲ့သည့် စိန်ခေါ်မှုများအတွက် နောက်ဆက်တွဲ ၁ ကို ကြည့်ရှုပါ။

### လုပ်ငန်းလိုင်စင်ချထားမှုဆိုင်ရာအချက်အလက်များမှတဆင့် စစ်တပ်၏ ထိန်းချုပ်မှုအတိုင်းအတာပမာဏကို တွေ့မြင်နိုင်သည်။

ကျွန်ုပ်တို့အနေဖြင့် MEITI လိုင်စင်အချက်အလက်များကို ကြည့်ရှုခြင်းဖြင့် စတင်ခဲ့ကာ ကုမ္ပဏီတစ်ခုအား တူးဖော်ရန် လိုင်စင်ထုတ်ပေးထားသည့် ဧက အရေအတွက် နှင့် လိုင်စင်တစ်ခုချင်းစီ၏ သက်တမ်းတို့ကို မြှောက်ခဲ့သည်။

ယင်းကို အခြေခံကာ ၂၀၁၃-၁၄ မှ ၂၀၁၇-၁၈ ကာလအတွင်း အကြီးမားဆုံး လိုင်စင်ပိုင်ဆိုင်ထားသူသည် စစ်တပ်ပိုင်လုပ်ငန်းစုကြီးဖြစ်သည့် MEHLဖြစ်ပြီး ၎င်းအပြည့်အဝပိုင်ဆိုင်သော လက်အောက်ခံကုမ္ပဏီမှာ မြန်မာရူဘီအင်တာပရိုက်(စ်) (ကျောက်မျက်ရတနာ) ကုမ္ပဏီ ဖြစ်ပါသည်။ သို့ရာတွင် ယင်းသည် ဇာတ်လမ်းအပြည့်အစုံ မဟုတ်ပေ။ ကော်ပိုရိတ် မှတ်တမ်းများအပေါ် စိစစ်လေ့လာချက်အရ MEHL တွင် ကျောက်မျက်တူးဖော်ရေး လိုင်စင်များ ပိုင်ဆိုင်ထားသည့် ၎င်းတစ်ဦးတည်းပိုင် လက်အောက်ခံကုမ္ပဏီ အနည်းဆုံး ၇ ခုရှိခဲ့ကြောင်း တွေ့မြင်ရသည်။

> **စုစုပေါင်းအရ MEHL ၏ လက်အောက်ခံ ကုမ္ပဏီများသည် အဆိုပါ ကာလအတွင်း ဒုတိယမြောက် လိုင်စင်အများဆုံး ပိုင်ဆိုင်ထားသူနှင့် နှိုင်းယှဉ်ပါက ခွင့်ပြုထားသည့် ဧက-ရက် ၂.၆ ဆ ပိုမိုများပြားပြီး ...**
>
> MEITI အချက်အလက်များအပေါ် Global Witness ၏ စိစစ်လေ့လာမှု

စုစုပေါင်းအရ MEHL ၏ လက်အောက်ခံကုမ္ပဏီများသည် အဆိုပါ ကာလအတွင်း ဒုတိယမြောက် လိုင်စင်အများဆုံး ပိုင်ဆိုင်ထားသူနှင့် နှိုင်းယှဉ်ပါက ခွင့်ပြုထားသည့် ဧက-ရက် ၂.၆ ဆ ပိုမိုများပြားပြီး ယင်းသည် လိုင်စင်ဆိုင်းငံ့မှုသက်ရောက်ခြင်း မတိုင်မီအထိ မြန်မာနိုင်ငံတွင် လိုင်စင်အများဆုံး ပိုင်ဆိုင်ထားသည့် လုပ်ငန်းစုကြီး ဖြစ်သည်။ စစ်တပ်၏ နောက်ထပ်လုပ်ငန်းစုဖြစ်သော မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း (MEC) သည်လည်း လိုင်စင်အများအပြားကို ပိုင်ဆိုင်ထားသည်။

မည်သို့ပင်ဆိုစေကာမူ ဆိုင်းငံ့မှုမတိုင်မီတွင် MEHL သို့မဟုတ် MEC တို့မှ တိုက်ရိုက်ပိုင်ဆိုင်ခြင်းမရှိသည့် ကုမ္ပဏီများမှ ရရှိထားသည့် လိုင်စင်များသည်လည်း

## လိုင်စင်ထုတ်ပေးထားသည့် ဧရိယာအရ ထိပ်တန်းကျောက်မျက်ကုမ္ပဏီများ




အရင်းအမြစ် - MEITI

များစွာရှိပါသည်။ သို့ဖြစ်ရာ စစ်တပ် သို့မဟုတ် အခြားသော လက်နက်ကိုင်များနှင့် ဆက်စပ်နေသည့် ကုမ္ပဏီများထံ အကျိုးအမြတ်များ ပေးအပ်ခြင်း မပါဝင်သည့် တာဝန်ယူမှုရှိသော ကျောက်မျက်ထုတ်လုပ်ရေးလမ်းကြောင်းတစ်ခု တည်ထောင်ရန် ဖြစ်နိုင်ခဲ့ပါမည်လော။

အဖြေမှာ မဖြစ်နိုင်ပေ။ ကျွန်ုပ်တို့အနေဖြင့် MEITI အစီရင်ခံစာတင်ပြသည့် ကာလအတွင်း ခွင့်ပြုထားသည့် ဧက-ရက် စုစုပေါင်း ၃၄% ပိုင်ဆိုင်ထားသည့် လိုင်စင်အများဆုံး ပိုင်ဆိုင်ထားသူများ၏ ကော်ပိုရိတ်ပိုင်ဆိုင်မှု နှင့် ဒါရိုက်တာများကို စုံစမ်းဖော်ထုတ်ခဲ့ရာ ကုမ္ပဏီ ၂ ခုမှလွဲ၍ ကျန်ကုမ္ပဏီများအားလုံးသည် မြန်မာစစ်တပ် နှင့်/သို့မဟုတ် ၎င်းနှင့် စီးပွားရေးလုပ်ကိုင်သည့် လက်နက်ကိုင်အဖွဲ့များနှင့် ဆက်စပ်မှုများရှိကြောင်း တွေ့ရှိခဲ့ရသည်။ ကျွန်ုပ်တို့အနေဖြင့် အဆိုပါကျန်ရှိနေသည့် ကုမ္ပဏီ ၂ ခုတို့နှင့် လက်နက်ကိုင်များအကြား ဆက်စပ်မှုကို ရှာမတွေ့ခဲ့ခြင်းသည် ၎င်းတို့အကြား ဆက်စပ်မှုမရှိဟု မဆိုလိုပေ။

- လိုင်စင်အများဆုံး ပိုင်ဆိုင်ထားသည့် လုပ်ငန်း ၁၀ ခုတို့အနက် ၂ ခုဖြစ်သော မြန်မာရူဘီအင်တာပရိုက်(စ်) (ကျောက်မျက်ရတနာ) ကုမ္ပဏီ နှင့် သစ္စာပန်း (ကျောက်မျက်ရတနာ) ကုမ္ပဏီတို့သည် စစ်တပ်ပိုင်လုပ်ငန်းစုကြီး ဖြစ်သော MEHL မှ အပြည့်အဝပိုင်ဆိုင်သည့် လက်အောက်ခံကုမ္ပဏီများ ဖြစ်ကြသည်။
- လိုင်စင်အများဆုံး ပိုင်ဆိုင်ထားသည့် လုပ်ငန်း ၁၀ ခုတို့အနက် ၂ ခုဖြစ်သော နိုင်သစ္စာ ကျောက်မျက်ကုမ္ပဏီ နှင့် ပတ္တမြားနဂါး ကျောက်စိမ်းနှင့်ကျောက်မျက်ကုမ္ပဏီတို့သည် စစ်ဘက်ဆိုင်ရာဝင်ငွေများကိုထောက်ပံ့ရန် စစ်တပ်၏ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တည်ထောင်ထားသော မူဝံကြွယ် ကျောက်မျက်ရတနာကုမ္ပဏီနှင့် ဒါရိုက်တာပိုင်း ဆက်စပ်မှုများရှိနေသည့် ကော်ပိုရိတ်ကွန်ရက်တစ်ခု၏ အစိတ်အပိုင်းဖြစ်ပြီး အနည်းဆုံး ၂၀၁၈ ခုနှစ်အထိ ၎င်း၏ ကွပ်ကဲရေးအရာရှိဟောင်းဖြစ်သူမှ တစ်စိတ်တစ်ပိုင်း ပိုင်ဆိုင်ခဲ့သည်။ ဗာဂိုအိန်ဂျယ် ကျောက်မျက်ကုမ္ပဏီ နှင့် မူဝံကြွယ် ကျောက်မျက်ရတနာကုမ္ပဏီတို့တွင် ထွန်းကျော်ဝင်းဟူသည့် တူညီသောဒါရိုက်တာတစ်ဦးရှိသည်။ ဗာဂိုအိန်ဂျယ် ကျောက်မျက်ကုမ္ပဏီသည် ထိပ်တန်းလိုင်စင်ပိုင်ဆိုင်ထားသည့် လုပ်ငန်း ၁၀ ခုတွင် နောက်ထပ်ပါဝင်သော မြန်မာစံတော်ဝင် ကျောက်မျက်ရတနာကုမ္ပဏီအပါအဝင် မူဝံကြွယ်ကျောက်မျက်ရတနာကုမ္ပဏီနှင့် ကော်ပိုရိတ် ဒါရိုက်တာများ၊ လိပ်စာများ နှင့် ဖုန်းနံပါတ်များ တူညီမှုဖြင့် ဆက်စပ်နေသော ကျောက်စိမ်း နှင့် ကျောက်မျက် ကုမ္ပဏီများ၏ လျှို့ဝှက်ကွန်ရက်တစ်ခုတွင် ပါဝင်သည်။
- လိုင်စင်အများဆုံး ပိုင်ဆိုင်ထားသည့် လုပ်ငန်း ၁၀ ခုတို့အနက် ၂ ခုတို့အား PNO ၏ အကြီးတန်းအရာရှိတစ်ဦးဖြစ်ပြီး (အောက်ပါ လေးထောင့်ကွက်တွင် ကြည့်ရှုပါ) အဖွဲ့၏ခေါင်းဆောင် အောင်ခမ်းထီနှင့် အနီးကပ်ဆက်စပ်နေသူ နေဝင်းထွန်းမှ တစ်စိတ်တစ်ပိုင်း ပိုင်ဆိုင်ပါသည်။ ၎င်း၏ ပတ္တမြားနဂါး ကုမ္ပဏီများအုပ်စုသည် ၁၉၉၁ ခုနှစ်တွင် စစ်တပ်နှင့် PNO တို့ အကြား အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ပြီးနောက် မိုင်းရှူးတွင် အဖိုးအတန်ဆုံး တူးဖော်ရေးလုပ်ကွက်များ ရရှိခဲ့ပြီး (ကုမ္ပဏီ နှင့်/သို့မဟုတ် နေဝင်းထွန်းတို့အပေါ် အထူးဆက်ဆံမှုမရှိဟူ၍ ကုမ္ပဏီကိုယ်စားလှယ်တစ်ဦးက Global Witness ထံ ပြောကြားခဲ့သည်) ထိုစဉ်မှ စတင်ကာ မြန်မာနိုင်ငံ၏ ကျောက်မျက်ကဏ္ဍတွင် ထင်ရှားသည့် အကြီးမားဆုံး ရင်းနှီးမြှုပ်နှံသူတစ်ဦး ဖြစ်လာခဲ့သည်။ နိုင်သစ္စာ ကျောက်မျက်ကုမ္ပဏီအား ကုမ္ပဏီအတွင်း ၂၅% အစုရှယ်ယာ ပိုင်ဆိုင်ထားသည့် နေဝင်းထွန်း၏သားဖြစ်သူ ရဲမြတ်သူမှ အများစုပိုင်ဆိုင်ပြီး ပတ္တမြားနဂါး ကျောက်စိမ်းနှင့်ကျောက်မျက်ရတနာကုမ္ပဏီ၏ ၈၈% ကို နေဝင်းထွန်းမှ ပိုင်ဆိုင်သည်။
- လိုင်စင်အများဆုံး ပိုင်ဆိုင်ထားသည့် လုပ်ငန်း ၁၀ ခုတို့အနက် ၂ ခုတို့အား စစ်တပ် နှင့် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များနှင့် ဆက်စပ်မှုများ ရှိနေသည့် အခြားသော စီးပွားရေးလုပ်ငန်းရှင်များမှ ပိုင်ဆိုင်ကြသည်။ ငှက်ကလေးများ ကျောက်မျက်ရတနာကုမ္ပဏီအား အနိမ့်ဆုံးအနေဖြင့် ၂၀၁၈ ခုနှစ် နိုဝင်ဘာလအထိ မြန်မာနိုင်ငံရှိ ယခင်စစ်အုပ်စု၏ခေါင်းဆောင်ဖြစ်သူ အငြိမ်းစားဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏သားဖြစ်သူ ဦးကြိုင်ဆန်းရွှေနှင့်အတူ ကြိုင်အပြည်ပြည်ဆိုင်ရာ ကျောက်မျက်ကုမ္ပဏီ ဟုခေါ်သည့် ကျောက်စိမ်း တူးဖော်ရေးကုမ္ပဏီတစ်ခုကို ပူးတွဲပိုင်ဆိုင်သူ ပုဂ္ဂိုလ်တစ်ဦးက ပိုင်ဆိုင်ခဲ့သည်။ လျန်ရှန်းကျောက်မျက်ရတနာကုမ္ပဏီ၏ အကြီးမားဆုံးအစုရှယ်ယာရှင်သည် မြန်မာစစ်တပ်နှင့် ကာလရှည်ကြာစီးပွားရေးဆက်ဆံရေးရှိသည့် MNDAA ၏ ခေါင်းဆောင်ဟောင်းဖြစ်သူ ရန်မိုးလျန် ဖြစ်သည် (အောက်ပါလေးထောင့်ကွက်ကို ကြည့်ရှုပါ။) ရန်မိုးလျန်သည် ၁၉၉၂ ခုနှစ်တွင် အဖွဲ့ကို သစ္စာဖောက်ဖျက်ခဲ့ကြောင်း နှင့် ထိုစဉ်မှစတင်ကာ MNDAA နှင့် တစ်စုံတစ်ရာ ပတ်သက်မှု မရှိတော့ကြောင်း MNDAA က Global Witness ထံ ပြောကြားခဲ့သည်။

## တင်ပြထားသည့် ထုတ်လုပ်မှုအရ ထိပ်တန်း ကျောက်မျက်ကုမ္ပဏီများ




အရင်းအမြစ် - MEITI

## ကျောက်မျက်လုပ်ငန်းကို စစ်တပ် နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များက သိမ်းပိုက်ထားကြောင်း ထုတ်လုပ်ခြင်း နှင့် အခွန်ကောက်ခံခြင်းဆိုင်ရာ အချက်အလက်များကလည်း ပြသနေသည်

လိုင်စင်အချက်အလက်များအရ ခွင့်ပြုထားသည့် ဧက-ရက်အများဆုံးကို မည်သည့် ကုမ္ပဏီများအား ပေးအပ်ခဲ့ကြောင်းကို တွေ့ရသော်လည်း သက်ဆိုင်ရာ ကျောက်တွင်းများ၏ ထုတ်လုပ်မှု သို့မဟုတ် တန်ဖိုးတို့နှင့်ပတ်သက်၍ တစ်စုံတစ်ရာမတွေ့ရပေ။ အစီရင်ခံတင်ပြထားသည့် ထုတ်လုပ်မှုပမာဏများနှင့်ပတ်သက်၍ MEITI ၏အချက်အလက်များတွင် အားနည်းချက်များရှိနေသော်လည်း လိုင်စင်ထုတ်ပေးခြင်းကို မဆိုင်းငံ့ခင်အချိန်ကပင် မှတ်တမ်းမှတ်ရာမရှိဘဲ တိုင်းပြည်ပြင်ပသို့ မှောင်ခိုတင်ပို့သည့် ကျောက်မျက်များသည် စုစုပေါင်း၏ ၆၀% မှ ၉၀% ရှိသည်ဟု ခန့်မှန်းရပေရာ ယင်းသည် ဆိုင်းငံ့မှုမတိုင်မီက ကျောက်မျက်တူးဖော်မှုများမှ အကျိုးအမြတ်များကို မည်သည့်အဖွဲ့များ ရရှိနေနိုင်ခဲ့ဖွယ်ရှိကြောင်း ညွှန်ပြချက် တစ်ခု ဖြစ်သည်။


၂၀၁၆ ခုနှစ် အောက်တိုဘာလ၌ မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်ရှိ စီးပွားရေးဆိုင်ရာ အစည်းအဝေးတစ်ခုသို့ တက်ရောက်လာသည့် ပတ္တမြားနဂါးကျောက်စိမ်းနှင့် ကျောက်မျက်ကုမ္ပဏီ ဥက္ကဋ္ဌ နေဝင်းထွန်း (အလယ်)။ Gaung Htet/AFP via Getty Images

ထိုနည်းတူ ကျွန်ုပ်တို့အနေဖြင့် ၂၀၁၄-၁၅ မှ ၂၀၁၇-၁၈ အထိ လေးနှစ်ကျော်ကြာ ကာလအတွင်း MEITI မှ တင်ပြခဲ့သည့် ကျောက်မျက်ထုတ်လုပ်ရေး ကိန်းဂဏန်းများကိုလည်း ကြည့်ရှုခဲ့ပါသည်။ (၂၀၁၃-၁၄ အတွက် ပထမဆုံး အစီရင်ခံစာတွင် ကုမ္ပဏီ၏ ထုတ်လုပ်ရေးအချက်အလက်များ မပါဝင်ပေ။)

ဤအတိုင်းအတာအရလည်း MEHL သည်ပင် အကြီးမားဆုံးပါဝင်ပတ်သက်သူ ဖြစ်ပြီး စစ်တပ် နှင့်/သို့မဟုတ် စစ်တပ်နှင့် စီးပွားရေးဆက်စပ်မှုရှိသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်ချိတ်ဆက်နေသည့် ကုမ္ပဏီများသည် ကဏ္ဍ၏ အခြားသြဇာရှိသူများဖြစ်ကြသည်။

MEHL ၏ လက်အောက်ခံကုမ္ပဏီဖြစ်သည့် မြန်မာရူဘီအင်တာပရိုက်(စ်) သည် ထုတ်လုပ်မှုအများဆုံးရှိခဲ့သည်ဟု ထုတ်ပြန်ခဲ့ပြီး ၎င်း၏လက်အောက်ခံ ကုမ္ပဏီများသည် လေးနှစ်တာအတွင်း စုစုပေါင်းတင်ပြထားသော ထုတ်လုပ်မှု၏ ၂၆% ရှိခဲ့သည်။ MEHL ၏ လက်အောက်ခံကုမ္ပဏီများအပြင် ယခင် MNDAA ခေါင်းဆောင်ဟောင်း ရန်မိုးလျန် ပိုင်ဆိုင်သည့် လျန်ရှန်းကျောက်မျက်ရတနာ ကုမ္ပဏီသည် ထုတ်လုပ်မှုပမာဏ၏ ဒုတိယမြောက်အများဆုံးဖြစ်ပြီး နီလာရိုးမ ကျောက်မျက်ရတနာကုမ္ပဏီသည် တတိယအများဆုံး ဖြစ်သည်။

နီလာရိုးမကို မြန်မာနိုင်ငံ၏ အကြီးမားဆုံး လုပ်ငန်းစုကြီးများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် ကမ္ဘောဇ (KBZ) အုပ်စု၏ဥက္ကဋ္ဌ အောင်ကိုဝင်းက ပိုင်ဆိုင်သည်။ ကျောက်စိမ်းလုပ်ငန်းအတွင်း အဓိကကျသူတစ်ဦးဖြစ်ပြီး ယခင်စစ်ခေါင်းဆောင်များ၏ ခရိုနီတစ်ဦးဖြစ်သူဟု ဖော်ပြခြင်းခံခဲ့ရသော အောင်ကိုဝင်းသည် ယခုအခါတွင် စစ်အုပ်စုခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် နီးစပ်သည်။ ထုတ်လုပ်မှုအလိုက် အကြီးမားဆုံးကုမ္ပဏီ ၁၀ ခု တို့တွင် နေဝင်းထွန်း၏ ပတ္တမြားနဂါး ကျောက်မျက်ရတနာကုမ္ပဏီလည်း ပါဝင်ခဲ့သည်။

## အာဏာမှ အကျိုးအမြတ်များ ရရှိခြင်း - နေဝင်းထွန်း နှင့် ရန်မိုးလျှန်တို့၏ ကော်ပိုရိတ်ကွန်ရက်များ

ကျောက်မျက်ကုမ္ပဏီများ၏ ကြီးမားသည့် ကွန်ရက်တစ်ခုကို ထိန်းချုပ်ထားသည်မှာ မြန်မာစစ်တပ်တစ်ခုတည်းသာ မဟုတ်ပေ။ ကော်ပိုရိတ်မှတ်တမ်းများအပေါ် စိစစ်လေ့လာချက်အရ ကျောက်မျက်ကုမ္ပဏီများ၏ ကွန်ရက်များသည် PNO ၏ အကြီးတန်းတာဝန်ရှိသူတစ်ဦးဖြစ်သူ စီးပွားရေးလုပ်ငန်းရှင် နေဝင်းထွန်း နှင့် MNDAA တည်ထောင်သူတစ်ဦးဖြစ်သည့် ရန်မိုးလျှန်တို့အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းရှိ အရေးပါသည့် ပုဂ္ဂိုလ်များနှင့် ဆက်စပ်နေသည်။

- **နေဝင်းထွန်း ပိုင်ဆိုင်သော သို့မဟုတ် တစ်စိတ်တစ်ပိုင်း ပိုင်ဆိုင်သော ကုမ္ပဏီများ -** အရှက်ဦးနဂါး ကျောက်မျက်ကုမ္ပဏီ၊ ကျောက်စိမ်းနဂါးမိသားစု ကျောက်မျက်ကုမ္ပဏီ၊ ခိုင်သစ္စာ ကျောက်မျက်ကုမ္ပဏီလီမိတက်၊ ကျောက်စိမ်းနဂါး (ကျောက်မျက်) ကုမ္ပဏီ၊ လွယ်မိုင်းနဂါး ကျောက်မျက်ကုမ္ပဏီ၊ နဂါးမင်းသား ကျောက်မျက်ကုမ္ပဏီ၊ အာရ်ဘီဂျီ ရတနာကုမ္ပဏီ၊ နီလာနဂါး ကျောက်မျက်ကုမ္ပဏီ၊ တိမ်ယံနဂါး ကျောက်မျက်ကုမ္ပဏီ။

- **ရန်မိုးလျှန်ပိုင်ဆိုင်သော သို့မဟုတ် ၎င်းနှင့် ဒါရိုက်တာပိုင်းဆိုင်ရာ ဆက်စပ်မှုများရှိသော ကျောက်မျက်ကုမ္ပဏီများ -** လျှန်ရှန်း ကျောက်မျက်ရတနာကုမ္ပဏီ၊ ချစ်ကြည်ရေး ကျောက်မျက်ရတနာကုမ္ပဏီ၊ ပြည့်စုံမြေ သတ္တုကုမ္ပဏီလီမိတက်၊ ကျောက်စိမ်းမင်း ကျောက်မျက်ကုမ္ပဏီ၊ ရွှေထွန်းဝင်း ကုမ္ပဏီ။

လိုင်စင်ထုတ်ပေးသည့် အချက်အလက်များကဲ့သို့ပင် ထုတ်လုပ်ရေးအချက်အလက်များသည်လည်း ကျောက်တွင်းများတွင် မည်သည်တို့ ဖြစ်ပျက်နေကြောင်း ကျွန်ုပ်တို့ကို တစ်စိတ်တစ်ပိုင်း ပြောပြနိုင်သည်။ အခြားသော အခြေအနေများအားလုံး တူညီသည်ဆိုပါက အရည်အသွေးနိမ့်သည့် ကျောက်ပမာဏများအပြား ထုတ်လုပ်သော ကုမ္ပဏီများသည် ပမာဏပိုမိုနည်းပါးသော တန်ဖိုးမြင့်ကျောက်များ တူးဖော်ထုတ်လုပ်သည့် ကုမ္ပဏီများထက် အကျိုးအမြတ် ပိုမိုရရှိနိုင်မည်မဟုတ်ပေ။

ကျွန်ုပ်တို့အနေဖြင့် မည်သည့်ကုမ္ပဏီများသည် အကျိုးအမြတ်အများဆုံးရရှိသည်ဟု တင်ပြခဲ့ကြောင်းကို ကြည့်ရှုရန်အတွက် အခွန်ပေးဆောင်မှုများဆိုင်ရာ ထုတ်ပြန်မှုများကိုလည်း ကြည့်ရှုခဲ့ပါသည်။ MEITI အစီရင်ခံစာ ၅ ခုတို့၌ အခွန်အများဆုံးပေးဆောင်သည်ဟု တင်ပြထားသည့် ကျောက်မျက်ကုမ္ပဏီသည် စစ်တပ်ပိုင်လုပ်ငန်းစု MEC ဖြစ်သည်။ လျှန်ရှန်းကျောက်မျက်ရတနာကုမ္ပဏီသည် ဒုတိယနေရာတွင် တစ်ဖန်ရှိနေခဲ့ပြီး တတိယမှာ ပတ္တမြားနဂါးကျောက်မျက်ရတနာကုမ္ပဏီ ဖြစ်သည်။ ထိပ်တန်းအခွန်ပေးဆောင်သည့် ကုမ္ပဏီ ၁၀ ခုတို့ရှိ အခြားကျောက်မျက်ကုမ္ပဏီများတွင် MEHL လက်အောက်ခံကုမ္ပဏီဖြစ်သော မြန်မာရူဘီအင်တာပရိုက်(စ်)၊ ပတ္တမြားနဂါးအုပ်စု၏ အစိတ်အပိုင်းဖြစ်သည့် အာရ်ဘီဂျီ ရတနာ ကုမ္ပဏီ နှင့် နီလာရိုးမတို့ ပါဝင်သည်။

ချဉ်းကပ်မှုအားလုံးတို့မှ တူညီသည့် ကောက်ချက်တစ်ခုကိုရရှိသည် - မြန်မာနိုင်ငံ၏ ကျောက်မျက်လုပ်ငန်းကို မြန်မာစစ်တပ် နှင့် ၎င်းတို့နှင့်ဆက်စပ်နေသော ကုမ္ပဏီများနှင့်တကွ စစ်တပ်နှင့် အပစ်အခတ်ရပ်စဲရေးအပေးအယူများ ပြုလုပ်ခဲ့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်စပ်နေသည့် စီးပွားရေးလုပ်ငန်းများမှ လွှမ်းမိုးထားသည်။

MEITI အစီရင်ခံစာများတွင် ထုတ်ပြန်ခဲ့သည့် အချက်အလက်များ၏ တိကျမှန်ကန်မှုသည် ကုမ္ပဏီများနှင့်အစိုးရတို့၏ တင်ပြမှုများအပေါ် မူတည်သောကြောင့် ကျွန်ုပ်တို့အနေဖြင့် အထက်ပါတွေ့ရှိချက်များအား သတင်းအရင်းအမြစ်များနှင့် တွေ့ဆုံမေးမြန်းမှုများအတွင်း စမ်းသပ်ခဲ့ရာ တူညီသည့်အမည်များပင် ထွက်ပေါ်



မိုးကုတ်မြို့တွင် ကျောက်မျက်ရတနာများ ရှာဖွေတွေ့ရှိခဲ့သည့် ၈၀၁ ကြိမ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသည့် သင်္ကေတတစ်ခုအနီး၊ မိုးကုတ်ရေကန်တွင် အပန်းဖြေနေကြသည့် ဒေသခံများ။ ကိုလိုနီခေတ် ပတ္တမြားတွင်းတစ်ခုမှ ဖြစ်ပေါ်လာသော မိုးကုတ်ရေကန်သည် ယခုအခါတွင် မိသားစုများ စုဝေးရာ နှင့် အသေးစား ကုန်သည်များ ကျောက်မျက်များ ရောင်းဝယ်ရာ ဆုံချက်တစ်ခု ဖြစ်လာသည်။ MO

လာခဲ့သည်။ အရင်းအမြစ်အများအပြားတို့က ကျောက်မျက်တူးဖော်မှုတွင် ပါဝင်ပတ်သက်နေသည့် အကြီးမားဆုံးကုမ္ပဏီများမှာ မြန်မာစစ်တပ်ပိုင်လုပ်ငန်းစုကြီးများဖြစ်သည့် MEHL နှင့် MEC တို့နှင့်တကွ အောင်ကိုဝင်း၏ KBZ အုပ်စု နှင့် ပတ္တမြားနဂါးတို့ဖြစ်ကြသည်ဟု ပြောကြားခဲ့ကြသည်။ UWSA နှင့် ဆက်စပ်မှုများရှိနေသည့် ကုမ္ပဏီများသည်လည်း လုပ်ငန်းအတွင်း အဓိကပါဝင်သူများ ဖြစ်ကြသည်ဟု အရင်းအမြစ်များက အခိုင်အမာပြောဆိုခဲ့ကြသည်။

MEHL သည် MEITI ကတင်ပြထားသည်ထက်ပင် ပိုမိုများပြားသည့် ကျောက်တွင်းများကို ထိန်းချုပ်ထားကြောင်း အရင်းအမြစ်အချို့က ကျွန်ုပ်တို့အား ပြောကြားခဲ့သည်။ လုပ်ငန်းဆိုင်ရာ အတွင်းလူများက Global Witness ထံ ၂၀၁၇ ခုနှစ်အတွင်းပေးအပ်ခဲ့သော လုပ်ကွက်မြေပုံတစ်ခုအရ MEHL သည် MEITI မှတဆင့် ထုတ်ဖော်ကြေညာထားခြင်းမရှိသော တူးဖော်ရေးနယ်မြေ အနည်းဆုံး ၄ ခု တို့တွင် လုပ်ကိုင်ခဲ့သည်ဟု စွပ်စွဲထားပြီး အဆိုပါသတင်းအချက်အလက်အား ကျောက်မျက်လုပ်ငန်းမှ အရာရှိဟောင်းတစ်ဦးက အတည်ပြုခဲ့သည်။ အောက်ပါမြေပုံတွင် MEITI အချက်အလက်အရ MEHL ၏ လက်အောက်ခံကုမ္ပဏီများထံသို့ လိုင်စင်ထုတ်ပေးထားသည့် မိုးကုတ်ရှိ တူးဖော်ရေးနယ်မြေများ နှင့် လုပ်ကွက်မြေပုံနှင့် အရာရှိဟောင်းတစ်ဦးတို့၏ အဆိုအရ MEHL မှ လုပ်ကိုင်သော နောက်ထပ်နယ်မြေများကို ဖော်ပြထားပါသည်။ စီးပွားရေးလုပ်ငန်းရှင်ဟောင်းတစ်ဦးဖြစ်သူ မိုးကုတ် အရပ်ဘက်လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်တစ်ဦး၏အဆိုအရ အဆိုပါလုပ်ကွက်များအနက် အနည်းဆုံး ၃ ခု - ရတနာကုဋေကုဋာ၊ ရွှေပြည်အေး နှင့် ငါးရုံအင်း - တို့အား ၁၉၉၅ ခုနှစ်မှ စတင်ကာ MEHL မှ ထိန်းချုပ်ထားခဲ့သည်။

## ၃.၂ လိုင်စင်ကို ထပ်ဆင့်အငှားချခြင်း သို့မဟုတ် ထင်သာမြင်သာမရှိသော ဖက်စပ်လုပ်ငန်းများ - စစ်တပ်၏ လုပ်နည်းလုပ်ဟန်

MEITI အချက်အလက်များကို စိစစ်လေ့လာရာ၌ အချို့သော ကုမ္ပဏီများသည် လိုင်စင်အနည်းငယ်မျှသာ ရှိပုံရသော်လည်း များပြားသည့်ထုတ်လုပ်မှုပမာဏများနှင့် အခွန်ပေးဆောင်မှုများကို တင်ပြထားပြီး အချို့သောကုမ္ပဏီများမှာမူ လိုင်စင် အများအပြားရှိပုံရသော်လည်း နည်းပါးသည့်ထုတ်လုပ်မှုပမာဏများနှင့် အခွန်ပေးဆောင်မှုများကို တင်ပြထားသည်။ အခွန်ရှောင်ခြင်းနှင့် တိကျမှုမရှိသည့်တင်ပြခြင်းနှင့်တကွ ဝန်ထမ်းအနည်းငယ်မျှဖြင့် လည်ပတ်သည့် အသေးစားကျောက်တွင်းတစ်ခုတွင် ကံကောင်းထောက်မစွာဖြင့် အခွန်ပေးဆောင်ရမှု မြင့်မားသည့် တန်ဖိုးမြင့်ကျောက်တစ်ခုကို တူးဖော်တွေ့ရှိခြင်းအပါအဝင် ယင်းအတွက်ဖြစ်နိုင်သည့်အကြောင်းအရင်း အများအပြား ရှိပါသည်။

မည်သို့ပင်ဆိုစေကာမူ မြန်မာနိုင်ငံ၏ ကျောက်စိမ်းတွင်းများတွင် ယခင်က Global Witness မှ မှတ်တမ်းတင်ခဲ့သော အလေ့အထကြောင့် ဤအခြေအနေသည် ရှုပ်ထွေးသော်လည်း အရင်းအမြစ်များကမူ ယင်းသည် ကျောက်မျက်လုပ်ငန်းအတွင်းရှိ လိုင်စင်ပိုင်ဆိုင်သူများအကြားတွင် ပုံမှန်ဖြစ်သည်ဟု ဆိုပါသည်။ မိုးကုတ် နှင့် မိုင်းရှူးတို့တွင် လိုင်စင်ရထားသူများသည် ၎င်းတို့၏ လိုင်စင်များကို အခြားသော ကုမ္ပဏီများထံ ထပ်ဆင့်အငှားချခြင်း သို့မဟုတ် ထပ်ဆင့်စာချုပ်ချုပ်ဆိုခြင်းတို့ပြုလုပ်ကာ ယင်းကုမ္ပဏီများသည် ၎င်းတို့ရရှိသည့် အကျိုးအမြတ်များ၏ ပမာဏတစ်ခုကို လွှဲပြောင်းပေးသည်။ သို့တိုင် လိုင်စင်များကို "မည်သည့်နည်းဖြင့်မဆို" ထပ်ဆင့်အငှားချခြင်း သို့မဟုတ် လွှဲပြောင်းခြင်းသည် မြန်မာနိုင်ငံ၏ ကျောက်မျက်ဥပဒေအရ တရားမဝင်ပေ။




အရင်းအမြစ်များ - OpenStreetMap Data © OpenStreetMap ပံ့ပိုးကူညီသူများ၊ မြန်မာသတင်းအချက်အလက် စီမံခန့်ခွဲမှု ယူနစ် (MIMU) https://themimu.info; မြန်မာနိုင်ငံ တွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (MEITI) https://myanmareiti.org; လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားရာနေရာဒေသများ နှင့် ဖြစ်စဉ်အချက်အလက်များ စီမံကိန်း (ACLED) www.acleddata.com; R.E. Kane နှင့် R.C Kammerling (၁၉၉၂); G. Bosshart (၁၉၉၄); T.Themelis (၂၀၀၈); Global Witness ထံ လုပ်ငန်းအတွင်းလူများက ပေးပို့ခဲ့ပြီး (၂၀၁၇) လုပ်ငန်းတွင်းမှ အရင်းအမြစ်များက ထောက်ခံအတည်ပြုခဲ့သော (၂၀၂၁) လုပ်ကွက်မြေပုံ။




ရန်ကုန်မြို့ရှိ စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သည့် ဆန္ဒပြပွဲတစ်ခုအတွင်း မြန်မာစစ်တပ် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဓာတ်ပုံကို နင်းကာ ဆန္ဒပြနေကြသူများ၊ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်။ Sai Aung Main/AFP via Getty Images

အဓိကကျူးလွန်သူများသည် မြန်မာစစ်တပ်က လည်ပတ်လုပ်ဆောင်သည့် ကုမ္ပဏီများဖြစ်ကြသည်ဟု အရင်းအမြစ်များက ဆိုခဲ့ကြသည်။

ALTSEAN Burma ၏ အစီရင်ခံစာတစ်စောင်တွင် မြန်မာစစ်တပ်သည် ၂၀၀၃ ခုနှစ်ခန့်မှ စတင်ကာ နီလာရိုးမ နှင့် ဇော်အင်(န်)ဇော်တို့အပါအဝင် ပုဂ္ဂလိက ကုမ္ပဏီများထံသို့ မိုင်းတွင်းများကို ထပ်ဆင့်အငှားချလျက်ရှိခဲ့ကြောင်း စွပ်စွဲထားသည်။ ဇော်အင်(န်)ဇော်ကုမ္ပဏီသည် မြန်မာစစ်တပ်ထံ ငွေကြေးနှင့် လက်နက်များ ထောက်ပံ့နေသည်ဟူသော စွပ်စွဲချက်ဖြင့် ယူကေမှ မကြာသေးမီက ဒဏ်ခတ်အရေးယူခဲ့သော လူသိများသည့် စစ်အာဏာရှင်ခရိုနီတစ်ဦးဖြစ်သူ တေဇနှင့် ဒါရိုက်တာပိုင်းဆိုင်ရာ ဆက်စပ်မှုများရှိသည်။ စစ်တပ်ပိုင်လုပ်ငန်းစုကြီးများဖြစ်ကြသည့် MEHL နှင့် (အတိုင်းအတာတစ်ခုအထိ) MEC တို့သည် ပွင့်လင်းမြင်သာမှု သို့မဟုတ် ကြီးကြပ်မှုမရှိဘဲ လည်ပတ်သည့် လိုင်စင်ပွဲစားလုပ်ကိုင်သည့် စနစ်တစ်ခုကို လုပ်ဆောင်ခဲ့ကြသည်ဟု ဂျာနယ်လစ်များ နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်များက အခိုင်အမာပြောဆိုသည်။

MEHL နှင့် MEC တို့သည် အဆိုပါ အစီအမံများအား MEITI တွင် ထုတ်ပြန်ခြင်းမရှိခဲ့သဖြင့် ၎င်းတို့အား တရားမဝင် JV များ၊ တူးဖော်ခွင့်ကို ထပ်ဆင့်စာချုပ်ချုပ်ဆိုခြင်း သို့မဟုတ် လိုင်စင်ရထားသည့် တူးဖော်ရေးနယ်မြေများကို ထပ်ဆင့်အငှားချခြင်း သို့မဟုတ် အဆိုပါနည်းလမ်းများကို ပေါင်းစပ်ထားခြင်းတို့ဖြင့် ဖွဲ့စည်းထားကြောင်းနှင့်ပတ်သက်၍ အများပြည်သူထံ တင်ပြမှုမရှိပေ။ အဆိုပါကုမ္ပဏီများသည် အဖိုးတန်တူးဖော်ရေးလုပ်ကွက်များကို ၎င်းတို့ရရှိမည်ဖြစ်ကြောင်း သိရှိပြီးဖြစ်ကာ လျှောက်ထားခဲ့ကြပြီး အခြားကုမ္ပဏီများထံ "လျှို့ဝှက်" ပြန်လည်ရောင်းချခဲ့သည့် ကိုယ်စားလှယ်များကဲ့သို့ ဖြစ်သည် ဟု ကျောက်မျက်လုပ်ငန်းအရာရှိဟောင်းတစ်ဦးက ပြောပြခဲ့သည်။ အဆိုပါအစီအမံများ၏ အသေးစိတ်အချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် မသိရသော်လည်း စစ်တပ်သည် ၎င်း၏ပါမစ်များအောက်တွင် တူးဖော်ခွင့်အများစုတို့ကို လုပ်ဆောင်ခြင်းမရှိဟု အရင်းအမြစ်များက ဆိုသည်။

"တူးဖော်ရေးလုပ်ငန်းအများစုတို့သည် စစ်တပ်၏ အလုံးစုံထိန်းချုပ်မှုအောက်တွင် ရှိကြသည်" ဟု MEHL ကိုယ်စား ကျောက်တွင်းများကို လုပ်ကိုင်ခဲ့သည့် ကုမ္ပဏီဝန်ထမ်းဟောင်း မိုးကုတ်အခြေစိုက် အရပ်ဘက်လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်တစ်ဦးက ပြောကြားခဲ့သည်။ "[သို့သော်] MEHL နှင့် MEC ၏ လက်အောက်ခံကုမ္ပဏီများသည် လုပ်ငန်းများကို ၎င်းတို့ကိုယ်တိုင် လုပ်ကိုင်ခဲ့ကြခြင်းမရှိပေ။ ၎င်းတို့သည် ငွေကြေးရင်းနှီးမြှုပ်နှံမှုထည့်ဝင်သည့် တတိယအဖွဲ့အစည်းများနှင့် အကျိုးအမြတ်ခွဲဝေရေး အစီအမံများ ပြုလုပ်ခဲ့ကြသည်။ (အကျိုးအမြတ်) ၅၀ - ၅၀ ခွဲဝေခြင်းသည် အစိုးရထံ ပေးဆောင်ပြီးနောက် ကျန်ရှိငွေကို ခွဲဝေခြင်းဖြစ်သည်။"

မိုးကုတ်ရှိ စီးပွားရေးလုပ်ငန်းအများစုတို့သည် ရွေးချယ်စရာမရှိသဖြင့် MEHL နှင့် သဘောတူစာချုပ်များ ချုပ်ဆိုခဲ့ရသည်ဟု Global Witness ထံ နောက်ထပ်ကုမ္ပဏီတစ်ခု၏ပိုင်ရှင်က ပြောပြခဲ့သည်။ "အနှောင့်အယှက်မပေးရန်" အတွက် ၎င်း၏ ကုမ္ပဏီသည် စစ်တပ်ပိုင်လုပ်ငန်းစုကြီးနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ဆောင်ခဲ့ရသည်ဟု ၎င်းကဆိုသည်။

ထိုသို့သော ပူးပေါင်းဆောင်ရွက်မှုများ နှင့် ထပ်ဆင့်အငှားချခြင်း/ထပ်ဆင့်စာချုပ်ချုပ်ဆိုခြင်း အစီအမံများကြောင့် ကုမ္ပဏီများသည် ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံရှိ ပုဂ္ဂလိကပိုင်ကျောက်တွင်းများမှ ကျောက်မျက်များကို ဝယ်ယူနေသည်ဟု ယုံကြည်ကာ အကျိုးအမြတ်ခွဲဝေခြင်း သို့မဟုတ် အခြားသော ငှားရမ်းခြင်းဆိုင်ရာ အစီအမံများမှတဆင့် စစ်တပ်ကို အမှုမဲ့အမှတ်မဲ့ ထောက်ပံ့နေမိနိုင်သည့် အန္တရာယ်ရှိသဖြင့် ထုတ်လုပ်ရေးလမ်းကြောင်းဆိုင်ရာ ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန် စိစစ်ခြင်းကို အလွန်ခက်ခဲစေသည်။

စစ်တပ်၏ကုမ္ပဏီများ၏ တရားမဝင်ပူးပေါင်းဆောင်ရွက်ရေး အစီအမံများ၏ တရားဝင်မှုနှင့်ပတ်သက်၍ မေးမြန်းခဲ့ရာတွင် MGE အနေဖြင့် "ယင်းကို သိရှိပြီးဖြစ်နိုင်သော်လည်း မည်သို့မျှ လုပ်ဆောင်ရန် ဆန္ဒမရှိ" ဟု အရပ်ဘက်လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်တစ်ဦးက Global Witness ထံ ပြောကြားခဲ့သည်။ MEHL နှင့် မည်သည့်အခါမျှ ဖက်စပ်လုပ်ငန်းများ လုပ်ကိုင်ခြင်းမရှိသည့် တစ်ခုတည်းသော

ကုမ္ပဏီမှာ MGE ဖြစ်သည်ဟု ၎င်းတို့က ဆိုသည်။ "စစ်တပ်အနေဖြင့် MGE နှင့် ထိုမျှ ကြီးကြပ်ရေး နှင့် ရောင်းချမှုမျှဝေရေး အတိုင်းအတာအထိ မရှိလိုသည့် ထင်ရှားသော အကြောင်းအရင်းများရှိသည်" ဟု ၎င်းတို့ကဆိုသည်။

## ၃.၃ MEHL နှင့် MEC တို့မှ အကျိုးအမြတ်များသည် လူ့အခွင့်အရေးကျူးလွန် ချိုးဖောက်မှုများကို ငွေကြေးပံ့ပိုးပေးနေသည်

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုမှ စတင်ကာ ယူအက် နှင့် ယူကေ အစိုးရများ နှင့် ဥရောပသမဂ္ဂကောင်စီတို့သည် MEHL နှင့် MEC တို့အပေါ် ဒဏ်ခတ်အရေးယူမှုများ ချမှတ်ခဲ့သည်။ အကြောင်းအရင်းမှာ အဆိုပါလုပ်ငန်းစုကြီးများရရှိသည့် ဝင်ငွေများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများအကြားတွင် ဆက်စပ်နေခြင်းကြောင့် ဖြစ်သည်။

MEHL ၏ သုံးပုံနှစ်ပုံခန့်အား တာဝန်ထမ်းဆောင်နေဆဲ နှင့် အငြိမ်းစား တပ်မတော်အရာရှိများမှ ပုဂ္ဂလိကအစုရှယ်ယာရှင်များအဖြစ် ပိုင်ဆိုင်ပြီး ကျန်အစုရှယ်ယာများအား တိုင်းစစ်ဌာနချုပ်များ၊ တပ်ခွဲများ၊ တပ်ရင်းများ နှင့် စစ်မှုထမ်းဟောင်းအဖွဲ့တို့ ပါဝင်သော အင်စတီကျူးရှင်းဆိုင်ရာ အစုရှယ်ယာရှင်များမှ ပိုင်ဆိုင်ကြသည်။ လုပ်ငန်းစုကြီးအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မည်သို့ ငွေကြေးပံ့ပိုးပေးနေကြောင်း ဖော်ထုတ်ထားသည့် Amnesty International ၏ အစီရင်ခံစာတစ်စောင်အရ အဆိုပါအစုရှယ်ယာရှင်များစွာတို့သည် နိုင်ငံတကာဥပဒေအရ ရာဇဝတ်မှုများတွင် တိုက်ရိုက်ပါဝင်ပတ်သက်လျက်ရှိကြသည်။

MEHL သည် စစ်တပ်ထံသို့ ငွေကြေးပံ့ပိုးမှုများကို အမှတ်တမဲ့ ပေးအပ်ခြင်းမျှ မဟုတ်ပေ။ စစ်တပ်သည် MEHL ကို တည်ထောင်၊ ညွှန်ကြား၊ ပိုင်ဆိုင်ပြီး MEHL ၏ ဘုတ်အဖွဲ့တစ်ခုလုံးတွင် တာဝန်ထမ်းဆောင်နေဆဲ နှင့် အငြိမ်းစား တပ်မတော်အရာရှိကြီးများပါဝင်ကာ ၎င်းတို့သည် လူမျိုးတုန်းသတ်ဖြတ်မှု နှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် စွပ်စွဲချက်များ ရင်ဆိုင်နေရပြီး ရက်စက်ယုတ်မာသော လုပ်ရပ်အမြောက်အမြားကို အဖန်တလဲလဲ ကျူးလွန်ခဲ့သည့်စစ်တပ်ကိုကွပ်ကဲသည့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ တာဝန်ခံကြကြောင်း အစီရင်ခံစာအရ တွေ့ရှိရပါသည်။ ထို့ပြင် မိုးကုတ် နှင့် မိုင်းရှူး တို့ နှစ်ခုတွင် တပ်ဖြန့်ထားပြီး လူ့အခွင့်အရေး ချိုးဖောက်မှုဆိုင်ရာ စွပ်စွဲချက်များ ရှိသည့် စစ်ဘက်ဆိုင်ရာ ယူနစ်တစ်ခုချင်းစီသည် MEHL တွင် ကိုယ်ပိုင်အစုရှယ်ယာများ ပိုင်ဆိုင်ကြပြီး အစုပေါ်အမြတ်များ ရရှိကြသည် (အောက်ပါ လေးထောင့်ကွက်ကို ကြည့်ရှုပါ)။

အမှီအခိုကင်းလွတ်လပ်သော မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးမစ်ရှင်က ၂၀၁၉ ခုနှစ် အစီရင်ခံစာတစ်စောင်တွင် ကျောက်စိမ်း နှင့် ပတ္တမြား တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများအတွင်းရှိ စစ်တပ်၏အကျိုးစီးပွားများသည် ကချင် နှင့် ရှမ်းပြည်နယ်တို့ရှိ ပဋိပက္ခသက်ရောက်ခံထားရသည့်နယ်မြေများအတွင်းရှိ "အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးချိုးဖောက်မှုများမှ အကျိုးအမြတ်များ ရရှိခဲ့ပြီး ၎င်းတို့တွင် တိုက်ရိုက်ပါဝင်ပတ်သက်နေသည်" ဟု ကောက်ချက်ချခဲ့သည်။ ထို့ပြင် စစ်တပ်ထံသို့ ၂၀၁၇ ခုနှစ် စက်တင်ဘာလအတွင်း MEHL နှင့် MEC တို့၏ လှူဒါန်းမှုများသည် ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများအပေါ် လူမျိုးတုန်းသတ်ဖြတ်သည့် စစ်ဆင်ရေးကို လုပ်ဆောင်နိုင်စေရန် အထောက်အကူ ပြုခဲ့သည်။

### မိုးကုတ် နှင့် မိုင်းရှူးတို့တွင် တပ်ဖြန့်ထားသည့် စစ်တပ်၏ ယူနစ်များမှာ MEHL ၏ အစုရှယ်ယာရှင်များ ဖြစ်သဖြင့် ကျောက်မျက် လုပ်ငန်းအပေါ် စစ်တပ်၏ အကျင့်ပျက် လက်ဝါးကြီးအုပ်မှုကို ခိုင်မာစေသည်

မိုးကုတ် နှင့် မိုင်းရှူးတို့တွင် တပ်ဖြန့်ထားသော သို့မဟုတ် တပ်ဖြန့်ထားခဲ့သော စစ်ဘက်ဆိုင်ရာယူနစ်များသည် MEHl တွင် အစုရှယ်ယာရှင်များ ဖြစ်ကြကြောင်း ၂၀၂၀ ခုနှစ်တွင် Amnesty International မှ ဖွင့်ချခဲ့သည့် စာရွက်စာတမ်းများက ဖော်ပြနေသည်။

တစ်နည်းအားဖြင့် ကျောက်မျက်တူးဖော်ရေးနယ်မြေများတွင် တပ်ဖြန့်ထားသည့် တပ်ရင်းများသည် ကျောက်မျက်လုပ်ငန်းအပေါ် စစ်တပ်၏ ချုပ်ကိုင်ထားမှုမှ အင်စတီကျူးရှင်းဆိုင်ရာ အဆင့်တစ်ခုအထိ အကျိုးအမြတ် ရရှိနေသူများ ဖြစ်ကြသည်။ မိုးကုတ် နှင့် မိုင်းရှူးတို့တွင် တပ်ဖြန့်ထားခဲ့သည့် ယူနစ်များသည် လိင်ပိုင်းဆိုင်ရာ စော်ကားမှု၊ ညှဉ်းပန်း နှိပ်စက်မှု၊ အရပ်သားများအား လူသားဒိုင်းများအဖြစ် အသုံးပြုမှု၊ ဖုံးကွယ်မှု နှင့် အရပ်သားများကို ပစ်ခတ်မှုတို့ အပါအဝင် စစ်ရာဇဝတ်မှုမြောက်နိုင်သည့် လူ့အခွင့်အရေးချိုးဖောက်မှု အများအပြားအတွက် တာဝန်ရှိခဲ့သည် ဟူသော စွပ်စွဲချက်များကို ထည့်သွင်းစဉ်းစားပါက ဤအခြေအနေသည် ပို၍ပင် စိုးရိမ်ပူပန်ဖွယ် ဖြစ်သည်။

#### မိုးကုတ်

**ရှိနေသည့်ယူနစ်များ - ခြေမြန်တပ်ရင်း (IBs) ၄၄၊ ၇၁၊ ၉၅၊ ၁၄၈၊ ၂၂၃**

ခြေမြန်တပ်ရင်း (၄၄)၊ (၇၁) နှင့် (၉၅) တို့သည် မိုးကုတ်မြို့နယ်အတွင်း ခြောက်လတစ်ကြိမ် အလှည့်ကျသည်ဟု ဒေသခံ အရင်းအမြစ်တစ်ခုက ဆိုသည်။ စတုတ္ထမြောက်ယူနစ်ဖြစ်သော ခြေမြန်တပ်ရင်း (၁၄၈) သည် ၂၀၂၀ ခုနှစ် မေလအထိသာ မိုးကုတ်မြို့တွင် လှုပ်ရှားခဲ့ပြီး ပဥ္စမမြောက် ခြေမြန်တပ်ရင်း (၂၂၃) အား လွန်ခဲ့သည့် ၆ နှစ်ကျော် ကာလအတွင်း မိုးကုတ်မြို့နယ်အတွင်း အနိမ့်ဆုံး ၃ ကြိမ် တပ်ဖြန့်ထားခဲ့သည်။

#### မိုင်းရှူး

**ရှိနေသည့် ယူနစ်များ - ခြေမြန်တပ်ရင်း ၁၄၉၊ ၁၅၀**

အများပြည်သူထံ ရရှိနိုင်သည့် အရင်းအမြစ်များအရ ခြေမြန်တပ်ရင်း ၁၄၉ နှင့် ၁၅၀ တို့သည် မိုင်းရှူးတွင် ပုံမှန် အခြေစိုက်ပြီး ခြေမြန်တပ်ရင်း ၁၄၉ သည် မိုင်းရှူးမြို့တွင် အမြဲတမ်း အခြေစိုက်သည်ဟု ဒေသခံ အရင်းအမြစ်တစ်ခုက အတည်ပြုပြောကြားသည်။

## ၃.၄ မြန်မာနိုင်ငံတွင် အာဏာသိမ်းပြီးနောက်ပိုင်းတွင် စစ်တပ်သည် ကျောက်မျက်တူးဖော်မှုလုပ်ငန်းများမှ ၎င်း၏ဝင်ငွေကို တိုးတက်စေရန် လုပ်ဆောင်နိုင်ဖွယ်ရှိသည့် နည်းလမ်းများ

အထက်တွင် ဖော်ပြခဲ့ပြီးသည့်အတိုင်း စစ်တပ်ပိုင်ကုမ္ပဏီများသည် မြန်မာနိုင်ငံ၏ ကျောက်မျက်တွင်းများတွင် အကြီးမားဆုံးပါဝင်သူများဖြစ်ကြသည်။ ယခုအခါတွင် စစ်တပ်သည် တူးဖော်ရေးနယ်မြေများ နှင့် နိုင်ငံတော် အာဏာများကို ထိန်းချုပ်ထားသဖြင့် ကျောက်မျက်လုပ်ငန်းများမှ တိုက်ရိုက်လည်းကောင်း၊ မိုးကုတ် နှင့် မိုင်းရှူးတို့ရှိ ၎င်း၏တပ်ရင်းများမှ ခြိမ်းခြောက်ငွေညှစ်ခြင်းဖြင့်လည်းကောင်း အကျိုးအမြတ်များ ရရှိနိုင်သည့် အခွင့်အလမ်းများ မလွဲမသွေတိုးတက်လာမည် ဖြစ်သည်။ ကျောက်မျက်တွင်းများသည် စွမ်းဆောင်ရည်အပြည့်အဝဖြင့် လည်ပတ်နေခြင်း မရှိသော်လည်း စစ်တပ်အနေဖြင့် ငွေအမြောက်အများ ရရှိနိုင်ရန်အတွက် အလားအလာရှိကြောင်း ထင်ရှားပါသည် (စာမျက်နှာ ၂၈ ရှိ လေးထောင့်ကွက်ကို ကြည့်ရှု

ပါ)။ အရေးကြီးသည်မှာ ယခုအခါတွင် စစ်တပ်သည် ကျောက်မျက်ကဏ္ဍကို စည်းမျဉ်းထိန်းကျောင်းသည့် စည်းမျဉ်းများချမှတ်ခြင်းနှင့် လိုက်နာစေရန်ဆောင်ရွက်ခြင်းတို့မှစတင်ကာ လိုင်စင်ကြေးများကောက်ခံခြင်း၊ အခွန်ကောက်ခံခြင်း နှင့် စည်းမျဉ်းထိန်းကျောင်းရေးအဖွဲ့အစည်း ဖြစ်နေစေကာမူ တူးဖော်ရေးကုမ္ပဏီများနှင့် JV များ တည်ထောင်ကာ ကျောက်မျက်များကို စျေးကွက်တင်ခြင်းတို့အထိ အားလုံးကို တာဝန်ယူထားသော အစိုးရ၏ စည်းမျဉ်းထိန်းကျောင်းရေးအဖွဲ့ အစည်း ဖြစ်သည့် MGE ကိုလည်း ထိန်းချုပ်ထားခြင်း ဖြစ်သည်။

စစ်တပ်အနေဖြင့် အာဏာသိမ်းပြီးနောက်ပိုင်း MGE အပေါ် ၎င်း၏ ထိန်းချုပ်မှုဖြင့် အောက်ပါနည်းလမ်းများအပါအဝင် နည်းလမ်းအမြောက်အမြားတို့ဖြင့် အကျိုးအမြတ်များ ရရှိနိုင်ပါသည် -

- **လိုင်စင်ထုတ်ပေးခြင်း။** MGE ထံသို့ ပေးချေသည့် ကျောက်စိမ်း နှင့် ကျောက်မျက်များအတွက် လိုင်စင်ကြေးသည် လိုင်စင်ထုတ်ပေးခြင်းများကို မဆိုင်းငံ့ရသေးမီ ၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ်အတွင်း ကျပ် ၁၀၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၅၈ သန်း) သို့မဟုတ် ပုဂ္ဂလိက ကျောက်စိမ်း နှင့် ကျောက်မျက်ထုတ်လုပ်ရေးမှ အစိုးရဝင်ငွေ၏ ၅၀% ခန့်တို့ ရရှိခဲ့ပြီး ဤအချိန်အထိ ဝင်ငွေအမြောက်အမြား ရရှိခဲ့သည်။ MGE မှ ကောက်ခံသည့် လိုင်စင်ကြေးအသစ်များ အားလုံးသည် စစ်တပ်ကို တိုက်ရိုက်အကျိုးအမြတ်ရရှိစေမည် ဖြစ်သည်။ သို့ရာတွင် ပို၍ပင် စိုးရိမ်ပူပန်ဖွယ်ကောင်းသည်မှာ စစ်တပ်အနေဖြင့် မိမိတို့ကြွယ်ဝချမ်းသာရေး နှင့် သစ္စာခံသူများကို ဆုပေးရေးတို့အတွက် လိုင်စင်သစ်အမြောက်အမြားကို စစ်တပ်ပိုင်ကုမ္ပဏီများ နှင့် စစ်တပ်ခရိုနီများထံထုတ်ပေးရန် အခွင့်အလမ်းကို အသုံးချနိုင်သည့် အန္တရာယ်ပင် ဖြစ်သည်။ ၎င်းအနေဖြင့် အတိတ်ကလုပ်ဆောင်ခဲ့ဖူးသည့်အတိုင်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ နှင့် ပြည်သူ့စစ်အများအပြားတို့ထံမှ နိုင်ငံရေးဆိုင်ရာ အထောက်အပံ့ရ ရှိရန် လိုင်စင်များ လက်သိပ်ထိုး ထုတ်ပေးနိုင်သည်။ MGE ၏ ဝန်ထမ်းအများစုတို့သည် အငြိမ်းစားတပ်မတော်အရာရှိများ ဖြစ်ကြပြီး ယခင် စစ်အုပ်စုအုပ်ချုပ်ခဲ့စဉ်ကာလအတွင်း MGE ၏ တာဝန်ရှိသူများသည် "စစ်တပ်၏ ကုမ္ပဏီများထံမှ တောင်းဆိုမှုများကို ဆောင်ရွက်ပေးသော စာရေးများသဖွယ်" လုပ်ငန်းဆောင်ရွက်ခဲ့ကြသည်ဟု Global Witness ထံသို့ အရင်းအမြစ်တစ်ခုမှ ပြောပြခဲ့ပါသည်။ စစ်တပ်မှ ထုတ်ပေးသည့် မည်သည့် လိုင်စင်သစ်ကိုမဆို တရားမဝင်ဟု သတ်မှတ်မည် ဖြစ်ကြောင်း NUG က ထုတ်ပြန်ခဲ့သည်။
- **ဖက်စပ်လုပ်ငန်းများနှင့်လိုင်စင်များကို ထပ်ဆင့်အငှားချခြင်း။** MGE သည် အစိုးရကိုယ်စား တရားဝင်ကျောက်မျက် JV များတွင် ပါဝင်ဆောင်ရွက်ခဲ့ပြီး လိုင်စင်များအတွက် ပုံသေအခကြေးငွေတစ်ခု နှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာကုန်ကျစရိတ်များ ထည့်မထွက်ဘဲ ရောင်းချသည့် ဝင်ငွေများ၏ ၂၅% တို့ကို ကောက်ခံခဲ့သည်။ ထိုသို့သော JV များအတွက် အကျိုးအမြတ်မှာ ၎င်းတို့သည် လိုင်စင်တစ်ခုတည်းဖြင့် ပိုမိုကြီးမားသည့် လုပ်ကွက်များကို တူးဖော်နိုင်ကြခြင်းဖြစ်သည်။ ယခုအခါတွင် MGE သည် စစ်တပ်၏ ထိန်းချုပ်မှုအောက်တွင် ရှိနေသဖြင့် စစ်တပ်သည် ပုဂ္ဂလိကကုမ္ပဏီများနှင့် လက်မှတ်ရေးထိုးထားသည့် မည်သည့် JV သစ်မှမဆို အကျိုးအမြတ်ရရှိမည်ဖြစ်သည်။ MEHL နှင့် MEC တို့ ပါဝင်ပတ်သက်သည့် တရားမဝင် ဖက်စပ်လုပ်ငန်းများ သို့မဟုတ် အလားတူအစီအမံများ (အပိုင်း ၃.၂ ကို ကြည့်ရှုပါ) သည် စစ်တပ်အတွက် ပို၍ပင် အမြတ်အစွန်းအများအပြား ရရှိစေခဲ့သည်။ စစ်တပ်အနေဖြင့် မည်သည့်ပုံစံကို ဦးစားပေးဆောင်ရွက်သည်ဖြစ်စေ အကျိုးအမြတ် အမြောက်အမြား ရရှိနိုင်မည် ဖြစ်သည်။
- **အခွန်ကောက်ခံခြင်း။** ယခင်က MGE သည် လိုင်စင်ကြေးများ နှင့် JV များမှ ဝင်ငွေများအပြင် ကျောက်မျက်လုပ်ငန်း၏ အခွန်ကောက်ခံမှုအများစုတို့ကို စီမံခန့်ခွဲခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ လိုက်နာစေရန် ဆောင်ရွက်မှုအားနည်းခြင်းကြောင့် အခွန်ရှောင်ခြင်းများရှိခဲ့ပြီး ကဏ္ဍ၏ အကျိုးအမြတ်များမှ အနည်းငယ်မျှသာ ဝင်ငွေရရှိခဲ့သည်။ MEITI အချက်အလက်များအရ ကျောက်မျက်လုပ်ငန်းကို တရားဝင် အခွန်ကောက်ခံခြင်းမှ ရရှိသည့်ဝင်ငွေများသည် ၂၀၁၃-၁၄ မှ ၂၀၁၇-၁၈ အထိ ၅ နှစ်တာကာလအတွင်း တစ်နှစ်လျှင် ၂၀၂၁ ခုနှစ် အောက်တိုဘာလ ငွေလဲနှုန်းထားများအရ အမေရိကန်ဒေါ်လာ ၃.၇ သန်းသာ ပျမ်းမျှ ရရှိခဲ့သည်။ ပို၍ပင် စိုးရိမ်ပူပန်ဖွယ်ကောင်းသည်မှာ အပြိုင်၊ တရားမဝင် "အခွန်ကောက်ခံခြင်း" သို့မဟုတ် ခြိမ်းခြောက်ငွေတောင်းယူခြင်းစနစ်သည် စစ်အာဏာသိမ်းမှုမတိုင်မီကတည်းက ရှိနေခဲ့ပြီး အကျင့်ပျက်အရာရှိများ နှင့် ဒေသခံအာဏာပွဲစားများအတွက် အကျိုးဖြစ်ထွန်းစေလျက်ရှိခြင်း ဖြစ်သည်။ စစ်တပ်သည် မိုးကုတ်တွင် တူးဖော်ရေးကုမ္ပဏီများနှင့် အလွတ်တန်းတူးဖော်သူများထံမှ အာဏာဖြင့် ငွေတောင်းယူမှုများ ပြုလုပ်ကာ ယင်းအတွက် အရိပ်နိမိတ်ကို ဖော်ပြခဲ့ပြီးဖြစ်သည် (အပိုင်း ၂.၃ ကိုကြည့်ရှုပါ)။




စစ်တပ်ပိုင် လုပ်ငန်းစုကြီးဖြစ်သော MEHL ၏ ကိုယ်စားလှယ်တစ်ဦးမှ မိုးကုတ်ကျောက်တွင်းတစ်တွင်း၏ ထွက်ရှိမှုကို စစ်ဆေးနေပုံ၊ ၂၀၁၄ ခုနှစ်။ Thierry Falise/LightRocket via Getty Images

- **ကျောက်မျက်ပြပွဲများ။** MGE သည် မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်တွင် ကျင်းပခဲ့သည့် ("အရောင်းပြပွဲများ" ဟု သိရှိထားသည့်) ကျောက်စိမ်းနှင့် ကျောက်မျက်ပြပွဲများမှ ယခုအချိန်အထိ ဝင်ငွေများရရှိခဲ့သည်။ အာဏာသိမ်းပြီး ၂ လမျှသာ ကြာမြင့်သေးသည့် ၂၀၂၁ ခုနှစ် ဧပြီလတွင် စစ်တပ်သည် ၁၀ ရက်တာ အရောင်းပြပွဲတစ်ခုကို ကျင်းပခဲ့သော်လည်း NUG သည် အာဏာရှင်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်နေသည့် ကုမ္ပဏီများအပေါ် ဥပဒေကြောင်းအရ အရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့ပြီး တက်ရောက်မှုများ နှင့် ရောင်းချမှုများ နည်းပါးခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ အရောင်းပြပွဲတွင် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲရောင်းချရမှုများမှ အမေရိကန် ဒေါ်လာ ၂၂ သန်း ရရှိခဲ့သည်ဟု တင်ပြခဲ့ပြီး အနာဂတ်တွင် ပြုလုပ်သည့် ပြပွဲများသည် စစ်တပ်အတွက် အရေးပါသည့် ဝင်ငွေအရင်းအမြစ်တစ်ခု ဖြစ်လာနိုင်ကာ နောက်တစ်ကြိမ်ပြုလုပ်မည့်ပြပွဲကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပရန် စီစဉ်ထားသည်။ MEHL ပါဝင်မည်ဟုသိရပြီး စစ်အုပ်စုသည် ကျောက်မျက်ကုန်သည်များအတွက် နေပြည်တော်ရှိ ဟိုတယ် ၁၀ ခုတို့တွင် နေထိုင်ရန် စီစဉ်ထားသည်ဟု ဒေသခံမီဒီယာများ၌ ဖော်ပြထားသည်။

**MEITI အချက်အလက်များအရ ကျောက်မျက်လုပ်ငန်းကို တရားဝင် အခွန်ကောက်ခံခြင်းမှ ရရှိသည့် ဝင်ငွေများသည် ၂၀၁၃-၁၄ မှ ၂၀၁၇-၁၈ အထိ ၅ နှစ်တာကာလအတွင်း တစ်နှစ်လျှင် ၂၀၂၁ ခုနှစ် အောက်တိုဘာလ ငွေလဲနှုန်းထားများအရ အမေရိကန်ဒေါ်လာ ၃.၇ သန်းသာ ပျမ်းမျှ ရရှိခဲ့သည်။**

# မြန်မာနိုင်ငံ၏ ကျောက်မျက်ကဏ္ဍသည် မည်မျှ တန်ဖိုးရှိသနည်း?

ကျောက်မျက်လုပ်ငန်းတစ်ခုကို တိကျစွာတန်ဖိုးဖြတ်ရေးသည် မည်သည့်နိုင်ငံတွင်မဆိုခက်ခဲကြောင်း ကျော်ကြားပြီး အထူးသဖြင့် မြန်မာနိုင်ငံတွင် စိန်ခေါ်မှုများရှိပါသည်။ မည်သို့ပင်ဆိုစေကာမူ ကျောက်မျက်များမှ ဝင်ငွေသည် ဆယ်စုနှစ်များနှင့်ချီကာ စစ်တပ်အတွက်အရေးပါသည့် ရန်ပုံငွေအရင်းအမြစ် တစ်ခု ဖြစ်လာခဲ့ပြီး ပိုမိုကြီးမားသည့် ကျောက်စိမ်းလုပ်ငန်းမှဝင်ငွေ နှင့် ရေနံ နှင့် သဘာဝဓာတ်ငွေ့၊ သစ် နှင့် တွင်းထွက်ပစ္စည်းများအပါအဝင် အခြားသော သဘာဝသယံဇာတ အရင်းအမြစ်များမှဝင်ငွေကို ထောက်ပံ့ပေးသဖြင့် ကျောက်မျက်လုပ်ငန်း၏ တန်ဖိုးဆိုင်ရာမေးခွန်းကို ဖြေရှင်းရန် အရေးကြီးပါသည်။ အကယ်၍ အကြီးစားအတိုင်းအတာဖြင့် ထုတ်လုပ်မှုများ ပြန်လည်စတင်လာပါက စစ်တပ်၏ ဝင်ငွေအရင်းအမြစ်များနှင့်ပတ်သက်၍ စိုးရိမ်ပူပန်သူများအနေဖြင့် ကျောက်မျက်လုပ်ငန်းသည် စစ်တပ်အတွက် ရန်ပုံငွေအရင်းအမြစ်တစ်ခုအဖြစ် မည်မျှအတိုင်းအတာအထိ အရေးပါကြောင်း သိရှိ နားလည်သင့်ပါသည်။

ကျွန်ုပ်တို့၏ နည်းစနစ်အပြည့်အစုံ နှင့် အချက်အလက်များတွင် တွေ့ကြုံခဲ့ရသည့် အခက်အခဲများကို အပြည့်အစုံဖတ်ရှုရန် နောက်ဆက်တွဲ ၂ ကို ကြည့်ရှုပါ။

တူးဖော်ရေးလိုင်စင်များ စတင်သက်တမ်းကုန်ဆုံးခဲ့သည့် ၂၀၁၇ ခုနှစ်မတိုင်မီ အပြည့်အဝထုတ်လုပ်မှုနှုန်းတွင် မြန်မာနိုင်ငံ၏ ကျောက်မျက်လုပ်ငန်းသည် တရားဝင် ထုတ်လုပ်မှု ပမာဏဆိုင်ရာ အချက်အလက်များအရ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၃၄၅ သန်း နှင့် ၄၁၅ သန်းအကြား ပျမ်းမျှ တန်ဖိုးရှိခဲ့သည်။ သို့ရာတွင် မှောင်ခိုကုန်သွယ်ခြင်းများ၏ နယ်ပယ်နှင့်ပတ်သက်၍ ကျွန်ုပ်တို့ သိရှိထားသည်များကို ပေါင်းစပ်ထည့်သွင်းပါက ကဏ္ဍသည် အဆိုပါ လေးနှစ်ကျော်ကြာကာလအတွင်း ပျမ်းမျှ အမေရိကန်ဒေါ်လာ ၁.၇၃ ဘီလီယံမှ ၂.၀၇ ဘီလီယံ တန်ဖိုးရှိနိုင်ခဲ့ကြောင်း တွေ့ရှိရသည်။

အဆိုပါ ကိန်းဂဏန်းများကို ကျွန်ုပ်တို့ မည်သို့ရရှိခဲ့သနည်း။ ကျွန်ုပ်တို့အနေဖြင့် မြန်မာနိုင်ငံတွင် တူးဖော်သော ကျောက်မျက်များ၏ တန်ဖိုးကို ခန့်မှန်းတွက်ချက်နိုင်ရန် နည်းလမ်းအမြောက်အမြားကို ထည့်သွင်းစဉ်းစားခဲ့ရာ လုပ်ဆောင်ရန် အဖြစ်နိုင်ဆုံးနည်းလမ်းမှာ ထုတ်လုပ်ရေး အချက်အလက်များအား အရေအတွက်ဆိုင်ရာ အတိုင်းအတာတစ်ခုအဖြစ် အသုံးပြုကာ ကုန်သွယ်မှု ကိန်းဂဏန်းများအပါအဝင် အရင်းအမြစ်အမျိုးမျိုးတို့မှ ဈေးနှုန်းအချက်အလက်များကို ပေါင်းစပ်အသုံးပြုခြင်းဖြစ်ကြောင်း ကောက်ချက်ချခဲ့သည်။ ဤချဉ်းကပ်မှုအတွက် ပထမဆုံးအနေဖြင့် လုပ်ငန်း၏ အစိုးရပိုင်စည်းမျဉ်းထိန်းကျောင်းသည့် အဖွဲ့အစည်းဖြစ်သော MGE မှ နှစ်စဉ် အစီရင်ခံတင်ပြပြီး နိုင်ငံ၏ နှစ်စဉ်စာရင်းအင်းစာစောင်များအတွင်း ထုတ်ပြန်ခဲ့သော (ကာရက်ဖြင့် တိုင်းတာသည့်) ထုတ်လုပ်ရေးအချက်အလက်များဖြင့် စတင်သည်။ ကျွန်ုပ်တို့အနေဖြင့် ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ လေးနှစ်တာအတွက် MGE ၏ ထုတ်လုပ်ရေး အချက်အလက်များအား ပြင်ပဈေးနှုန်း အချက်အလက်အရင်းအမြစ်နှစ်ခုတို့ဖြင့် အသုံးပြုခဲ့သည်။ ၎င်းတို့မှာ - ကမ္ဘာတစ်ဝန်းတွင် ပတ္တမြား ဈေးနှုန်းသတင်းအချက်အလက်နှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုအရှိဆုံး အရင်းအမြစ်များတွင် ပါဝင်သော Gemfields ၏ မိုဇမ်ဘစ်တွင် တူးဖော်ခဲ့သော ပတ္တမြားများအတွက် လေလံပွဲများမှ ဈေးနှုန်း သတင်းအချက်အလက်များ၊ နှင့် စီမံပြုပြင်ပြီးသော ပတ္တမြား၊ နီလာ နှင့် မြ တင်သွင်းမှုများအပေါ် ထိုင်းအကောက်ခွန်မှ ဈေးနှုန်း သတင်းအချက်အလက်များ ဖြစ်သည်။



မိုးကုတ်ရှိ ကျောက်မျက်ရတနာဆိုင်တစ်ဆိုင်၏ မှန်ဘောင်တစ်ခုပေါ်ရှိ အမေရိကန်ဒေါ်လာ ၅၀ တန်များ နှင့် ပတ္တမြားများ၊ ၂၀၁၆ ခုနှစ်။ Taylor Weidman/ Bloomberg via Getty Images

လိုင်စင်များ စတင်သက်တမ်း ကုန်ဆုံးလာခဲ့ပြီးနောက် တင်ပြခြင်း မရှိသည့် ထုတ်လုပ်မှု အရွယ်အစားအတွင်း နှစ်စဉ် ခန့်မှန်းခြေ ပြောင်းလဲမှုများနှင့် ပတ်သက်၍ သတင်းအချက်အလက် အလုံအလောက်ရရှိနိုင်မှုမရှိသဖြင့် ကျွန်ုပ်တို့၏ စိစစ်လေ့လာမှုသည် ကျောက်မျက်ထုတ်လုပ်နိုင်စွမ်း အပြည့်အဝ သို့မဟုတ် အပြည့်အဝနီးပါး ရှိခဲ့သော ၂၀၁၇ ခုနှစ်အထိ ကာလတွင်သာ အာရုံ စူးစိုက်ခဲ့သည်။ ကျောက်မျက်ဈေးနှုန်းများသည် အချိန်ကာလအလိုက် သိသိသာသာ ပြောင်းလဲလာခဲ့သဖြင့် ကျွန်ုပ်တို့၏ စိစစ်လေ့လာမှုကို လေးနှစ်ကာလအတွက်သာ သတ်မှတ်ထားပါသည်။

အရင်းအမြစ်နှစ်ခုစလုံးသည် အထိုက်အလျောက် စိတ်ချယုံကြည်ရပြီး တိကျသည့် ခန့်မှန်းခြေ ဈေးနှုန်းများကို ဖော်ပြပေးသော်လည်း ၎င်းတို့သည် မြန်မာ့ပတ္တမြား နှင့် အထူးသဖြင့် ကမ္ဘာပေါ်တွင် အဖိုးအတန်ဆုံးဖြစ်သည့် မိုးကုတ်မှ ပတ္တမြားတို့၏ တန်ဖိုးမြင့် ဈေးနှုန်းကို ထင်ဟပ်ခြင်းမရှိပေ။ ပတ္တမြားကဏ္ဍအပေါ် Global Witness မှ ပြုလုပ်ခဲ့သောသုတေသနအရ မြန်မာနိုင်ငံမှ အရည်အသွေးမြှင့်ရခြင်းမရှိသေးသည့် နှစ်ကာရက်အောက် အရွယ်အစားရှိသော ပတ္တမြားတစ်တုံးသည် နောက်ထပ်အရင်းအမြစ်တစ်ခုမှ အလားတူပတ္တမြားထက် နှစ်ဆမှ သုံးဆအထိ တန်ကြေးရှိကြောင်း တွေ့ရသည်။ ပိုမိုကြီးမားသော အရည်အသွေးမြှင့်ရခြင်းမရှိသေးသည့် ပတ္တမြားသည် အရွယ်အစားတူ အပူပေးပြုပြင်ထားသော ပတ္တမြားထက် ၁၀ ဆ အထိ ပိုမိုတန်ဖိုးမြင့်နိုင်သည်။ မည်သို့ပင်ဆိုစေကာမူ မြန်မာ့ပတ္တမြား၏ ဈေးနှုန်းအတွက် အသုံးဝင်သည့် စုစုပေါင်းခန့်မှန်းခြေအား ၎င်း၏ အကြီးမားဆုံး ပြိုင်ဘက်တစ်ခုဖြစ်သော မိုဇမ်ဘစ်ရှိ Gemfields ပတ္တမြားတွင်းများမှ ရရှိသည်။ Gemfields ၏ တင်ပြချက်တစ်ခုအရ "မိုဇမ်ဘစ်ပတ္တမြားသည် အလားတူ မြန်မာ့ပတ္တမြား၏ တန်ဖိုးထက်ဝက်ရှိပါသည်။"

မည်သို့ပင်ဆိုစေကာမူ မြန်မာနိုင်ငံ၏ ရောင်စုံကျောက်မျက်ထုတ်လုပ်မှုအားလုံးတွင် ဤတန်ဖိုးမြင့်ဈေးနှုန်းရရှိသည့် ပတ္တမြားများသာ ပါဝင်သည် မဟုတ်ပေ။ ကျွန်ုပ်တို့၏ စုစုပေါင်းခန့်မှန်းချက်တွင် ပတ္တမြားထုတ်လုပ်မှု ပမာဏအတွက် ဈေးနှုန်းများကိုသာ ချိန်ညှိထားပါသည်။ ကျွန်ုပ်တို့၏ ခန့်မှန်းချက်များအတွက် ဤချိန်ညှိမှုအား "Mogok margin" ဟု ခေါ်ဆိုပါသည်။ ယင်းသည် ပြီးပြည့်စုံသည့် ဖြေရှင်းချက်တစ်ခုမဟုတ်သော်လည်း မြန်မာ့ပတ္တမြား၏ တန်ဖိုးမြင့်မားသည့် ဈေးနှုန်းအပေါ် ထင်ဟပ်မှုအချို့ကို ပေးအပ်ခဲ့ပါသည်။

"Mogok margin" ကို အသုံးချထားသည့် ဤချဉ်းကပ်မှုအရ ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်အကြားတွင် မြန်မာ့ကျောက်မျက်သည် ထိုင်းအကောက်ခွန် ဈေးနှုန်းအချက်အလက်အရ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၃၄၆ သန်း သို့မဟုတ် Gemfields လေလံဈေးနှုန်းများအရ အမေရိကန်ဒေါ်လာ ၄၁၅ သန်း ရရှိပါသည်။

## မြန်မာ့ကျောက်မျက်လုပ်ငန်း၏ တန်ဖိုးကို ခန့်မှန်းတွက်ချက်ခြင်း

စည်းမျဉ်းထိန်းကျောင်းရေး အဖွဲ့အစည်းဖြစ်သော မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (MGE) ထံသို့ တရားဝင်ကြေညာထားသည့် စုစုပေါင်း ထုတ်လုပ်မှု % အတွက် အမျိုးမျိုးသော ခန့်မှန်းခြေများကို အသုံးပြုခြင်း




ပိုမိုမြင့်မားသည့် ခန့်မှန်းခြေများသည် MEITI အတွက် ၂၀၁၆ ခုနှစ်တွင် လုပ်ဆောင်ခဲ့သော ကျောက်မျက်ကဏ္ဍ ပြန်လည်သုံးသပ်မှုတစ်ခုအတွင်းရှိ "မြန်မာနိုင်ငံတွင် ထုတ်လုပ်ခဲ့သော ကျောက်မျက်များ၏ ၈၀% အထိတို့ကို တရားဝင်ကြေညာထားခြင်းမရှိ" ဟူသော တွေ့ရှိချက်များတွင် အခြေခံထားပါသည်။

ပုံစံကားချပ် - Global Witness        အရင်းအမြစ် - MGE, Gemfields, ထိုင်းအကောက်ခွန်

အထက်ပါ ခန့်မှန်းခြေအားလုံးတို့သည် တရားဝင်ထုတ်လုပ်ရေး အချက်အလက်များတွင်သာ အခြေခံထားပြီး တူးဖော်ရေးလုပ်ကွက်များရှိ ထုတ်လုပ်မှု လျှော့ချတင်ပြထားခြင်းများကို ထည့်သွင်းတွက်ချက်ထားခြင်းမရှိပေ။ တရားဝင်ထုတ်လုပ်ရေးကိန်းဂဏန်းများသည် ထုတ်လုပ်မှု၏ သိသာသည့် ပမာဏတစ်ခုကို ထည့်သွင်းဖော်ပြနိုင်မှုမရှိသည့်အတွက် ပုံမှန်ဆိုသလို ဝေဖန်ခြင်းများ ခံခဲ့ရလေ့ရှိသည်။ MEITI အတွက် အကျိုးစီးပွားပတ်သက်ဆက်နွယ်သူများနှင့် တွေ့ဆုံမေးမြန်းမှုများမှတဆင့် လုပ်ဆောင်ခဲ့သော ၂၀၁၆ ကျောက်မျက်ကဏ္ဍ ပြန်လည်သုံးသပ်မှုတွင် "မြန်မာနိုင်ငံ၌ ထုတ်လုပ်ခဲ့သည့် ကျောက်မျက် ၈၀% အထိသည် ကြေညာထားခြင်းမရှိဘဲ တရားဝင်စနစ်ကို ရှောင်ကွင်းသွားသည်" ဟု တွေ့ရှိခဲ့ရသည်။ ဤသို့ ဖော်ပြမှုနည်းပါးခြင်းသည် ကဏ္ဍ၏ သဘောသဘာဝကြောင့်လည်း တစ်စိတ်တစ်ပိုင်း ပါဝင်သည်။ ကျောက်မျက်များသည် တန်ဖိုးမြင့်မားပြီး အလေးချိန် နည်းပါးသဖြင့် မှောင်ခိုကုန်သွယ်ရန် လွယ်ကူပြီး အကျိုးအမြတ်များ ရရှိစေသည်။ မည်သို့ပင်ဆိုစေကာမူ စည်းမျဉ်းထိန်းကျောင်းမှု အားနည်းချက်များသည်လည်း ဤပြဿနာတွင် ပါဝင်သည်။ အဆိုပါအစီရင်ခံစာအရပင် လိုင်စင်များသက်တမ်း မကုန်မီအထိ "ပုဂ္ဂလိကပိုင်ကျောက်တွင်းများအပေါ် အစိုးရမှ စစ်ဆေးခြင်း သို့မဟုတ် စောင့်ကြည့်ခြင်း လုံးဝ မရှိခဲ့ပေ။" ထို့ကြောင့် အကျိုးစီးပွားပဋိပက္ခ သိသိသာသာရှိနေသည့်တိုင် ကျောက်မျက်များကိုကြေညာခြင်းသည် အများအားဖြင့် ပုဂ္ဂလိကကျောက်တွင်းလည်ပတ်သူများပေါ် တွင်သာ မူတည်ခဲ့သည်။

ထို့ကြောင့် တူးဖော်သည့်လုပ်ကွက်ရှိ စုစုပေါင်း ထုတ်လုပ်မှု၏ ၈၀% တို့ကို ကြေညာထားခြင်းမရှိဟူသည့် ကျွန်ုပ်တို့ အနေဖြင့် ယုံကြည်ရသည်ဟု ထည့်သွင်းစဉ်းစားသော ယူဆချက်အရ ကဏ္ဍ၏ အရွယ်အစား သို့မဟုတ် တန်ဖိုး ခန့်မှန်းခြေများသည် ၅ ဆအထိ မြင့်တက်သွားသည်။

ထိုင်းအကောက်ခွန်မှ ဈေးနှုန်းအချက်အလက်များ နှင့် "Mogok margin" ကို အသုံးပြုကာ အထက်ဖော်ပြပါချဉ်းကပ်မှုအတွင်း မကြေညာထားသည့် ထုတ်လုပ်မှုခန့်မှန်းခြေကို ပေါင်းစပ်ထည့်သွင်းသည့်အခါ မြန်မာ့ကျောက်မျက်ကဏ္ဍ၏ စုစုပေါင်း ခန့်မှန်းခြေထုတ်လုပ်မှုသည် ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ကာလအတွင်း နှစ်စဉ် အမေရိကန်ဒေါ်လာ ၁.၇၃ ဘီလီယံရှိသည်။

Gemfields လေလံပွဲများမှ ဈေးနှုန်းများ နှင့် "Mogok margin" ကို အသုံးပြုကာ အလားတူ မကြေညာထားသည့် ထုတ်လုပ်မှုခန့်မှန်းခြေကို ပေါင်းစပ်ထည့်သွင်းရာတွင် ၂၀၁၄ နှင့် ၂၀၁၇ တို့အကြား နှစ်စဉ် အမေရိကန်ဒေါ်လာ ၂.၀၇ ဘီလီယံ ခန့်မှန်းခြေ တန်ဖိုးရှိသည်။

## မြန်မာ့ကျောက်မျက်သိုက်များသည် ကုန်ခမ်းလုဖြစ်နေပါသလား။

မြန်မာနိုင်ငံ၏ ကျောက်မျက်သိုက်များသည် ကုန်ခမ်းနေပြီဖြစ်သည်ဟု ထပ်တလဲလဲ ဖော်ပြမှုများရှိသော်လည်း ယင်းကို အားလုံးက သဘောတူကြသည်မဟုတ်ပေ။ နောက်ဆုံးတွင် ယခု စစ်တပ်လက်အောက်သို့ ပြန်လည်ရောက်ရှိသွားပြီဖြစ်သည့် ကျောက်မျက်တွင်းများတွင် ကျန်ရှိနေသေးသော ကျောက်မျက်သိုက်အရွယ်အစား နှင့် တန်ဖိုးတို့နှင့်ပတ်သက်၍ မရေရာမှုအများအပြားရှိနေဆဲဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ကျောက်မျက်ကြောများနှင့် ပတ်သက်၍ ပထဝီဆိုင်ရာစစ်တမ်းများကို လွန်ခဲ့သည့် ဆယ်စုနှစ် အနည်းငယ်ခန့် အတွင်း လုပ်ဆောင်ခဲ့သော်လည်း အများပြည်သူထံ ထုတ်ပြန်သည့် သတင်းအချက်အလက်မှာမူ အနည်းငယ်မျှသာ ရှိခဲ့ပါသည်။ ရန်ကုန်အခြေစိုက် လက်ဝတ်ရတနာလုပ်ငန်းရှင်တစ်ဦးက "လုပ်ပိုင်ခွင့်မြေပုံများရှိကြသော်လည်း ၎င်းတို့သည် အနာဂတ်တွင် တူးဖော်ရာ၌ မည်သည့်နေရာတွင် တူးဖော်သင့်ကြောင်းတွက်ချက်ရန် အလွန်အသုံးဝင်သဖြင့် သတင်းအချက်အလက်များကို ပေးအပ်ရန် အလွန်တွန့်ဆုတ်ကြသည်" ဟု ရှင်းပြခဲ့သည်။ ရှမ်းပြည်နယ်ရှိ တည်နေရာအချို့နှင့် ကချင်ပြည်နယ် ဖားကန့်မြို့နယ်ရှိ နန့်ယားကျေးရွာတို့အပါအဝင် မိုးကုတ် နှင့် မိုင်းရှူး တို့၏ ပြင်ပ၌ ကျောက်မျက်သိုက်များ ရှိနေခြင်းကြောင့်လည်း ယင်းကို ပိုမိုရှုပ်ထွေးစေပါသည်။

# ၄။ ပွင့်လင်းမြင်သာမှုမရှိသည့် ကြားလူများ - ထိုင်းနိုင်ငံမှတဆင့် ကုန်သွယ်ခြင်း



မုန်တိုင်းတစ်ခုအတွင်း အိမ်များ ပြိုကျသွားခဲ့ပြီးနောက် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုနေသည့် မိုင်းရှူးရှိ ကျောက်မျက်တူးဖော်သူတစ်ဦး၊ ၂၀၁၈ ခုနှစ်။ ရှမ်းပြည်နယ်ရှိ ကျောက်မျက် တူးဖော်ရေး ဒေသဖြစ်သော မိုင်းရှူးသည် မြေပြိုမှုများကြောင့် ထိခိုက်လွယ်သည်။ Suthep Kritsanavarin

## ၄.၁ ကျောက်မျက်များ ထုတ်လုပ်၊ စီမံ၊ ပြုပြင်ခြင်း အတွက် ကမ္ဘာလုံးဆိုင်ရာ ဆုံချက် နှင့် မှောင်ခိုလုပ်ငန်းများအား ဆွဲဆောင်ရာနေရာတစ်ခု

ဤအခန်းတွင် ကျွန်ုပ်တို့အနေဖြင့် စစ်တပ် နှင့် ၎င်းနှင့်အတူတကွ လုပ်ကိုင်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ၎င်းတို့၏ ကျောက်မျက်များကို မည်သို့ ဈေးကွက်တင်ကြောင်း - မိုးကုတ် နှင့် မိုင်းရှူးတို့ရှိ ကျောက်တွင်းများမှ အဖိုးတန် ကျောက်များ နိုင်ငံတကာလက်ဝတ်ရတနာလုပ်ငန်းများ၏ မှန်ဘောင်များအတွင်းသို့ ရောက်ရှိသွားခြင်းမစတင်ကာ ပဋိပက္ခ နှင့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ဆက်စပ်နေသော်လည်း ကြွယ်ဝမှု၊ မေတ္တာ နှင့် လှပမှုတို့၏ သင်္ကေတများအဖြစ် ကမ္ဘာတစ်ဝန်းရှိ ပုဂ္ဂိုလ်များ၏ ကိုယ်ခန္ဓာတွင် ဆင်မြန်းလျက်ရှိခြင်းအထိ ခရီးစဉ်၏ ပထမဆုံးအဆင့်များကို ဖော်ထုတ်ထားသည်။

မြန်မာနိုင်ငံတွင် တူးဖော်ထုတ်လုပ်ခဲ့သည့် ကျောက်မျက်များ၏ ၆၀% မှ ၉၀% အကြားကို မည်သည့်အခါမျှ မှတ်တမ်းတင်ခြင်းမရှိဘဲ တိုင်းပြည်ပြင်ပသို့ မှောင်ခို ကုန်သွယ်ခြင်းခံရသည်ဟု လုပ်ငန်းအတွင်းရှိ အရင်းအမြစ်များက အခိုင်အမာ ပြောဆိုပါသည်။ ကျောက်မျက်များကို သယ်ဆောင်သည့် လမ်းကြောင်းများသည် အရည်အသွေးအပေါ် မူတည်၍ ကွဲပြားသော်လည်း ကနဦး ဦးတည်ရာသည် အဓိက စီမံပြုပြင်ရေးဆုံချက်ဖြစ်သည့် ထိုင်းနိုင်ငံဖြစ်ပြီး အခြားအရေးပါသည့် ဆုံချက်များမှာ တရုတ် နှင့် အိန္ဒိယတို့ ဖြစ်ကြသည်ဟု လုပ်ငန်းဆိုင်ရာ ကျွမ်းကျင် ပညာရှင်များက သဘောတူကြပါသည်။

(Global Witness ၏ ၂၀၁၅ ခုနှစ် အစီရင်ခံစာ၊ ကျောက်စိမ်း - မြန်မာနိုင်ငံ၏ "ကြီး မားသည့် နိုင်ငံတော်လျှို့ဝှက်ချက်" အတွင်း မှတ်တမ်းတင်ထားသည့်အတိုင်း) တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ကျောက်စိမ်းမှ အကျိုးအမြတ်များရရှိသကဲ့သို့ပင် ထိုင်းနိုင်ငံသည်လည်း မြန်မာနိုင်ငံအတွင်း ကျောက်မျက်များအား ခေတ်မီစီမံပြုပြင် နိုင်စွမ်းမရှိမှုကို အခြေခံကာ ဆယ်စုနှစ်ပေါင်းများစွာ အကျိုးအမြတ်များရရှိခဲ့သည်။ "ကျွန်ုပ်တို့သည် ပတ္တမြားများကို ထိုင်းနိုင်ငံသို့ အလွန်သက်သာသော ဈေးနှုန်းဖြင့် ရောင်းချသည်။ ၎င်းတို့သည် ပညာရှင်များဖြစ်ကြပြီး ၎င်းတို့၏ဈေးကွက် များသည် အလွန်ကြီးမားသဖြင့် ကုန်သည်များသည် ကမ္ဘာတစ်ဝန်းတွင် ရောင်းချ သည့်အခါ အမြတ်အစွန်း အလွန်များပြားစွာ ရရှိနိုင်သည်" ဟူ၍ မြန်မာနိုင်ငံ၏ ကျောက်မျက်လုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းဖြစ်သော MGJEA ၏ ကိုယ်စားလှယ် တစ်ဦးက ဆိုခဲ့သည်။

တစ်ချိန်က ၎င်းကိုယ်တိုင် အရေးပါသည့် ကျောက်မျက်ထုတ်လုပ်ရေး နိုင်ငံတစ်ခု ဖြစ်ခဲ့သော ထိုင်းနိုင်ငံသည် ၎င်း၏ ကိုယ်ပိုင်ပတ္တမြားသိုက်များ အများအားဖြင့် ကုန်ခမ်းသွားခဲ့ပြီးနောက်တွင် ကျောက်မျက်များကို ဖြတ်တောက်ခြင်းနှင့် အရောင် တင်ခြင်းတို့လုပ်ဆောင်သည့် လုပ်ငန်းဆုံချက်တစ်ခုကို တည်ထောင်ခဲ့သည်။ ၂၀၁၉ ခုနှစ် ရောက်ရှိချိန်တွင် ကမ္ဘာပေါ်ရှိ ပတ္တမြား စုစုပေါင်း၏ ခန့်မှန်းခြေ ၉၀% သည် ထိုင်းနိုင်ငံမှတဆင့် ဖြတ်သန်းသည်။ ထိုင်းနိုင်ငံသည် အထွေထွေအားဖြင့် ကျောက်မျက်များအတွက် အဓိကကုန်သွယ်ရေးဆုံချက်တစ်ခုဖြစ်ပြီး အရေးပါ သည့် လက်ဝတ်ရတနာပြုလုပ်ရေး ကဏ္ဍတစ်ခု ရှိသည်။ ၎င်းတို့တွင် ကာလရှည် ကြာ ကျွမ်းကျင်မှုရှိလာခဲ့သဖြင့် ပတ္တမြားအများစုတို့အား ထိုင်းနိုင်ငံရှိ ကျွမ်းကျင် သူများမှ ဆက်လက်ဖြတ်တောက် လေ့ရှိသည်။ ထိုင်းနိုင်ငံ၏ အရှေ့တောင်ပိုင်း Chanthaburi သည် ၎င်း၏ အဓိကစီမံထုတ်လုပ်ရေး ဗဟိုတစ်ခု ဖြစ်သည်။

အရည်အသွေး ပိုမိုနည်းပါးသည့် ကျောက်မျက်များအား ထိုင်းနိုင်ငံတွင် ဖြတ် တောက်၊ အရောင်တင်ပြီး လက်ဝတ်ရတနာကုမ္ပဏီတစ်ခုမှ မဝယ်ယူမီတွင် ကြား ခံများက ကိုင်တွယ်ရန် ပိုမိုဖြစ်နိုင်ခြေရှိသည်။ အဆိုပါ ကြားခံများ၌ တူးဖော်ရေး မြို့များအတွင်းရှိ ဖြတ်တောက်သူများနှင့် ကုန်သည်များ၊ ကျောက်များအား (တရုတ်နိုင်ငံနယ်စပ်ရှိ မူဆယ် နှင့် ထိုင်းနိုင်ငံရှိ မယ်ဆိုင် နှင့် မဲဆောက်တို့နှင့် ထိစပ်နေသော တာချီလိတ် နှင့် မြဝတီတို့အပါအဝင်) မြန်မာနိုင်ငံ၏ နယ်စပ်မြို့များ မှတဆင့် သို့မဟုတ် မန္တလေး နှင့် ရန်ကုန်တို့အပါအဝင် မြန်မာနိုင်ငံ၏ အကြီးမား ဆုံး မြို့ကြီးများသို့ သယ်ယူပို့ဆောင်သည့် ပွဲစားများ၊ နှင့် ထိုင်းနိုင်ငံနှင့် အခြား နေရာများမှ ပွဲစားများမှတဆင့် ဝယ်ယူပြီး အခြားနိုင်ငံများရှိ ဖောက်သည်များ အတွက် စီမံထုတ်လုပ်ရေးကုမ္ပဏီများထံမှ ဝယ်ယူပေးသည့် ကိုယ်စားလှယ်များ ပါဝင်ပါသည်။ မိုးကုတ် နှင့် မိုင်းရှူးတူးဖော်ရေး နယ်မြေများတွင် နိုင်ငံခြားသား ဝင် ရောက်ခွင့် ကန့်သတ်ထားသော်လည်း MGJEA အဖွဲ့ဝင်များ၏ အဆိုအရအာဏာ မသိမ်းမီတွင် မိုးကုတ် နှင့် မိုင်းရှူးတို့ရှိ ကျောက်တွင်းများမှ ကျောက်များကို တိုက် ရိုက်ဝယ်ယူသည့် နိုင်ငံခြားကုန်သည်များ ရှိခဲ့သည်ဟူသော ကောလဟာလများ လည်းရှိသည်။

အခြားတစ်ဖက်တွင် အရည်အသွေး ပိုမိုမြင့်မားသည့် ကျောက်များသည် အများ အားဖြင့် မြေကြီးမှ ထွက်လာချိန်တွင် ရောင်းချပြီးသားဖြစ်ကာ မြန်မာနိုင်ငံအတွင်း ကြိမ်ဖန်များစွာ လက်လွှဲခြင်းမရှိပေ။ "ကောင်းမွန်သည့် [ကျောက်များ] အား လေဆိပ်တာဝန်ရှိသူများ၏ အကျင့်ပျက်ခြစားမှုများနှင့် ပူးပေါင်းကြံစည်ခြင်းတို့မှ တဆင့် မန္တလေးလေဆိပ်မှတဆင့်အပါအဝင် တိုက်ရိုက်မှောင်ခိုကုန်သွယ်သည်" ဟု ရန်ကုန်အခြေစိုက် လက်ဝတ်ရတနာလုပ်ငန်းရှင်တစ်ဦးက အခိုင်အမာ ပြောဆို ပြီး ယင်းကို အခြားအရင်းအမြစ်များကလည်း ထောက်ခံကြသည်။ အလွန် အဖိုးတန် သည့် ပတ္တမြားများသည် လွန်စွာသေးငယ်သဖြင့် မှောင်ခိုသယ်ဆောင်ရန် လွယ်ကူ သည် ဟူ၍လည်း ၎င်းက ဆိုသည်။ အခြားသော အဖိုးတန်ကျောက်များအား မယ် ဆိုင် နှင့် မဲဆောက်တို့မှတဆင့် ကုန်းလမ်းဖြင့် သယ်ယူပို့ဆောင်သည်။ ကုန်သွယ် မှုတွင် အငြိမ်းစားတပ်မတော် အရာရှိများ ပါဝင်ပတ်သက်နေသည်ဟု ယုံကြည်ရပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုယ်တိုင်ပင်လျှင် မှောင်ခိုကုန်သွယ်ခြင်း များ၊ ကုန်သည်များ နှင့် မှောင်ခိုကုန်ကူးသူများထံမှ ခြိမ်းခြောက်ငွေတောင်းခံခြင်း များတွင် အကြီးအကျယ် ပါဝင်ပတ်သက်လျက် ရှိကြသည်။ သို့ရာတွင် ကျောက် မျက်များအား ကုန်းလမ်းဖြင့်၊ အထူးသဖြင့် ထိုင်းနိုင်ငံသို့ တင်ပို့ခြင်းများသည် ခရီး သွားလာရေးအပေါ် Covid-19 ကန့်သတ်ချက်များနှင့်တကွ အရေးပါသည့် ကုန်း လမ်းကုန်သွယ်ရေး လမ်းကြောင်းများတစ်လျှောက် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားနေခြင်းတို့ကြောင့် နှောင့်နှေးမှုများရှိခဲ့သည်။

## ၄.၂ နယ်စပ်ဒေသရှိ လုပ်ငန်းဆိုင်ရာ ထိန်းချုပ်ပိုင်ဆိုင်သည့် နယ်မြေများ - တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ၏ အခန်းကဏ္ဍ

မြန်မာစစ်တပ်သည် တရုတ်၊ ထိုင်း နှင့် အိန္ဒိယနယ်စပ်ရှိ ကြီးမားသည့် နယ်မြေများကိုအုပ်ချုပ်သည့် အဖွဲ့အချို့အပါအဝင် အစိုးရမဟုတ်သည့် လက်နက်ကိုင်တပ်ဖွဲ့အများအပြားနှင့် ဆယ်စုနှစ်များစွာကြာမြင့်သော ပဋိပက္ခများအတွင်း တိုင်းပြည်၏နယ်စပ်များကို မည်သည့်အခါတွင်မျှ အပြည့်အဝ ထိန်းချုပ်နိုင်ခဲ့ခြင်း မရှိပေ (မြေပုံကို ကြည့်ရှုပါ)။

UWSA သည် ကျောက်မျက်များကို တင်ပို့ရာနယ်မြေဖြစ်သည်ဟု အရင်းအမြစ်များက အတည်ပြုသော တရုတ်နိုင်ငံနယ်စပ်ရှိ ကြီးမားကျယ်ပြန့်သည့်နယ်မြေတစ်ခု နှင့် ထိုင်းနိုင်ငံနယ်စပ်ရှိ ပိုမိုသေးငယ်သည့်နယ်မြေတစ်ခုကို ထိန်းချုပ်ထားသည်။ ပထမနယ်မြေသည် အရှေ့ဘက်တွင် မိုင်းရှူးအထိ ရောက်ရှိသဖြင့် အဆိုပါလက်နက်ကိုင်အဖွဲ့သည် ထိုနေရာရှိ ကျောက်မျက်တွင်းများကို တိုက်ရိုက် လက်လှမ်းမီသည်။ ရှမ်း SSA-S သည် ထိုင်းနယ်စပ်ရှိ UWSA နယ်မြေ၏ အရှေ့ဘက်ရှိ လွယ်တိုင်းလျံတွင် အခြေစိုက်သည်။ အခြားအဖွဲ့သုံးဖွဲ့ဖြစ်ကြသော MDNAA, NDAA နှင့် KIA တို့အားလုံးသည် တရုတ်နိုင်ငံနယ်စပ်ရှိ နယ်မြေကို ထိန်းချုပ်ထားကြသည် (မြေပုံကို ကြည့်ရှုပါ)။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် အိမ်နီးချင်းနိုင်ငံများသို့ ကျောက်မျက်များ မှောင်ခိုကုန်သွယ်ခြင်းဖြင့် ငွေကြေးရှာဖွေခဲ့ကြသည့် ရှည်လျားသောသမိုင်းကြောင်းတစ်ခုရှိခဲ့ပြီး အဆိုပါအလေ့အထသည် အာဏာသိမ်းမှု၏ နောက်ဆက်တွဲဖြစ်သော ဥပဒေမဲ့မှု နှင့် အာဏာသိမ်းမှုမတိုင်မီတွင် လိုင်စင်ထုတ်ပေးမှု ရပ်ဆိုင်းခဲ့ခြင်းနောက် မြန်မာ့ကျောက်မျက်လုပ်ငန်းတစ်ခုလုံး တရားမဝင်လုပ်ငန်းအဖြစ်သို့ ပြောင်းလဲလာမှုတို့ကြောင့် တွန်းအားသစ် ဖြစ်စေခဲ့သည်။

### ဖြစ်စဉ်လေ့လာမှု - ထိုင်းနယ်စပ်တွင် ခွလျက်တည်ရှိခြင်း

SSA-S သည် ထိုင်းနိုင်ငံနယ်စပ်နှင့်ထိစပ်နေသော လွယ်တိုင်းလျံတွင် အခြေစိုက်သည်။ မြန်မာနိုင်ငံရှိ စစ်တပ်ထိန်းချုပ်ထားသောနယ်မြေမှ လွယ်တိုင်းလျံသို့ ဝင်ရောက်ရန် ကျဉ်းမြောင်းသည့် တောလမ်းကလေးတစ်ခုသာရှိသော်လည်း ထိုင်းနိုင်ငံဘက်ခြမ်းတွင်မူ ထိုင်းနိုင်ငံမြောက်ပိုင်းတွင် အကြီးမားဆုံးမြို့ဖြစ်သည့် ချင်းမိုင်မြို့သို့ တိုက်ရိုက်ပေါက်သည့် လမ်းမကြီးတစ်ခု ရှိသည်။ SSA-S သည် မိုင်းရှူးရှိ ကျောက်မျက်တွင်းများနှင့် ထိုင်းနိုင်ငံရှိ ကုန်သည်များနှင့် သမိုင်းအရ ဆက်စပ်မှုများရှိသဖြင့် မှောင်ခိုကုန်သွယ်သည့် လုပ်ငန်းများကို လုပ်ဆောင်ရန် အားကောင်းသည့် အနေအထားတစ်ခုတွင် ရှိသည်။

အဆိုပါ လက်နက်ကိုင်အဖွဲ့တွင် ဝန်ထမ်း ၄၀ ခန့်ရှိသော ကျောက်မျက် စီမံပြုပြင်ရေးစက်ရုံတစ်ခု လွယ်တိုင်းလျံတွင်ရှိပြီး ယင်းကို Global Witness မှ စုံစမ်းဖော်ထုတ်သူတစ်ဦးမှ နှစ်အနည်းငယ်အတွင်းက သွားရောက်လေ့လာခဲ့သည်။ အရည်အသွေးမြင့်မားသည့်ကျောက်များကို ဤနေရာတွင် ဖြတ်တောက်ခြင်းမပြုဘဲ ထိုင်းနိုင်ငံရှိဝယ်လက်များထံသို့ အကြမ်းထည်အတိုင်း ရောင်းချသည်ဟု SSA-S အရာရှိ တစ်ဦးက ကျွန်ုပ်တို့အား ပြောပြခဲ့သည်။ SSA-S ၏ စစ်သားများသည် ထိုင်းဘာသာစကား ပြောဆိုတတ်ပြီး ၎င်းတို့၏ ထိုင်းမှတ်ပုံတင်ကတ်များဖြင့် မြန်မာနိုင်ငံရှိကျောက်တွင်းများသို့ ခက်ခဲသည့်ခရီးစဉ်ကို လာရောက်နိုင်ခြင်းမရှိသည့် ကုန်သည်များကို ရောင်းချရန် ထိုင်းနိုင်ငံအတွင်း လွတ်လပ်စွာခရီးသွားလာနိုင်သောကြောင့် SSA-S သည် ကျောက်မျက်များကိုကုန်သွယ်ရန် ကောင်းမွန်သည့်အနေအထားတစ်ခုရှိခဲ့သည်ဟု စက်ရုံ၏ မန်နေဂျာက Global Witness ထံ ပြောပြခဲ့သည်။



မြန်မာ-ထိုင်း နယ်စပ်ရှိ ၎င်းတို့အဖွဲ့၏ ဌာနချုပ်တည်ရှိရာ လွယ်တိုင်းလျံရှိ ကျောက်မျက်စီမံပြုပြင်ရေး စက်ရုံ တစ်ခုတွင် လုပ်ကိုင်နေကြသည့် SSA-S စစ်သည်များ၊ ၂၀၁၇ ခုနှစ်။ Suthep Kritsanavarin



မြန်မာ-ထိုင်း နယ်စပ်ရှိ ၎င်းတို့အဖွဲ့၏ ဌာနချုပ်တည်ရှိရာ လွယ်တိုင်းလျံရှိ ကျောက်မျက်စီမံပြုပြင်ရေး စက်ရုံ တစ်ခုတွင် လုပ်ကိုင်နေကြသည့် SSA-S စစ်သည်များ၊ ၂၀၁၇ ခုနှစ်။ Suthep Kritsanavarin

SSA-S ၏ အဖွဲ့ဝင်များသည် ကြားလူများဖြစ်ကြသည်ဟု စက်ရုံ၏ မန်နေဂျာက ပြောပြခဲ့သည်။ မိုးကုတ် သို့မဟုတ် မိုင်းရှူးမှ ပတ္တမြားဝယ်ယူလိုသော ထိုင်းဝယ်လက်များသည် SSA-S ကို ဆက်သွယ်ကြပြီး ၎င်းမှတဆင့် ၎င်း၏ ကုန်သည်များ၏ ကွန်ရက်မှ ဝယ်ယူသည် သို့မဟုတ် လွယ်တိုင်းလျံ သို့မဟုတ် ထိုင်းနိုင်ငံနယ်စပ်ရှိ မယ်ဆိုင်သို့ ခြေလျှင်သယ်ဆောင်လာရန် စစ်သားများကို စေလွှတ်သည်ဟု သူက ပြောပြခဲ့သည်။ "ထိုင်းနိုင်ငံမှ ဝယ်လက်အချို့သည် ၎င်းတို့ကိုယ်တိုင် သွားရောက်ရန် ခက်ခဲသဖြင့် [ကျောက်တွင်းများမှ ဝယ်ယူရန်] ကျွန်ုပ်တို့ကို တောင်းဆိုသည်။ တပ်မတော်မှ သွားရောက်ခွင့် မပြုသည့် နေရာအချို့ရှိသည်။" ဟု မန်နေဂျာက ဆိုသည်။ မိုင်းရှူးရှိ ပတ္တမြားတွင်းများသို့ ရောက်ရှိခဲ့သည့် ရှမ်းပြည်နယ်အခြေစိုက် သတင်းထောက်တစ်ဦးက အလတ်တန်း SSA-S စစ်သားများသည် ထိုနေရာသို့ "ပေါ်ပေါ်ထင်ထင်" သွားရောက်နိုင်ကြောင်း အတည်ပြုခဲ့သည်။ SSA-S နိုင်ငံခြားရေးဌာန အကြီးအကဲက ၎င်းသည် ကျောက်မျက်ကုန်သွယ်မှုတွင် ပါဝင်ပတ်သက်သည်ဟု ကျော်ကြားသည့် မြန်မာစစ်တပ်၏ ခရိုနီများနှင့် မိတ်ဆွေဖြစ်ခဲ့သည်ဟု Global Witness ထံ ပြောပြခဲ့သည်။

SSA-S ထံသို့ ငွေပေးချေမှုများ ပါဝင်သည့် ကျောက်မျက်ရောင်းချမှုများသည် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်တကွ ပဋိပက္ခများကို ငွေကြေးပံ့ပိုးပေးနေခြင်းဖြစ်နိုင်သည့် အန္တရာယ်တစ်ခုရှိသည်။ အဆိုပါအဖွဲ့ နှင့် အခြား တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များသည် အတင်းအကျပ် တပ်သားစုဆောင်းခြင်း၊ ချွေးတပ်ဆွဲခြင်း၊ အဓမ္မသွေးဆောင်ခြင်း နှင့် ကလေးစစ်သားများ အသုံးပြုခြင်းတို့အပါအဝင် စနစ်တကျ လူ့အခွင့်အရေးချိုးဖောက်မှုများ ပြုလုပ်သည် ဟု စွပ်စွဲခြင်းခံခဲ့ရသည်။




အရင်းအမြစ်များ - မြန်မာသတင်းအချက်အလက် စီမံခန့်ခွဲမှု ယူနစ် (MIMU) https://themimu.info; လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားရာ နေရာဒေသများ နှင့် ဖြစ်စဉ်အချက်အလက်များ စီမံကိန်း (ACLED) www.acleddata.com; အာရှဖောင်ဒေးရှင်း www.asiafoundation.org

လက်နက်ကိုင်အဖွဲ့များသည် ကျောက်မျက် နှင့် အခြားသယံဇာတများ မှောင်ခိုကုန်သွယ်သည့် ကုန်သည်များအား အစိုးရထိန်းချုပ်ထားသော နယ်မြေရှိလမ်းများပေါ် ရှိ စစ်ဆေးရေးဂိတ်များ နှင့် ၎င်းတို့ ထိန်းချုပ်ထားသည့် နယ်စပ်တစ်လျှောက်ရှိ နယ်မြေများအတွင်း မြိမ်းခြောက်ငွေတောင်းခံခြင်းများ ပြုလုပ်ကြသည်။ အသေးစား မှောင်ခိုသမားများသည် တစ်ဦးတည်းလုပ်ကိုင်နိုင်သော်လည်း "အကြီးစား တရားမဝင် ကုန်ကူးသူများအနေဖြင့် လက်နက်ကိုင်အဖွဲ့ သို့မဟုတ် အာဏာပိုင်များနှင့် အဆက်အသွယ်ရှိရန် လိုအပ်သည်" ဟု မြန်မာနိုင်ငံဆိုင်ရာ EITI အမျိုးသားအဆင့် ညှိနှိုင်းဆောင်ရွက်ရေးရုံး၏ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သူက ဆိုသည်။ "[ကျောက်မျက်ကုန်သည်များ]သည် အချို့သောအဖွဲ့များနှင့် ကျိန်းသေပေါက်ချိတ်ဆက်ကြပြီး ၎င်းတို့ [အဖွဲ့များ] သည် တရားမဝင်ကုန်သွယ်မှုတွင် အလွန်ကျွမ်းကျင်ကာ ကွန်ရက်တစ်ခုရှိသည်" ဟု သူက ဆိုသည်။

## ၄.၃ ကျောက်မျက်များ - မူးယစ်ဆေးဝါး ကုန်သွယ်မှုအတွက် ဟန်ပြတစ်ခုလော။

မြန်မာနိုင်ငံမှကျောက်မျက်များကို ဝယ်ယူသူများသည် လူ့အခွင့်အရေးချိုးဖောက်မှုများ၊ ပဋိပက္ခများ နှင့် စစ်တပ်၏ အာဏာချုပ်ကိုင်ထားမှုတို့ကို အားပေးကူညီရာရောက်နိုင်သည့် အန္တရာယ်ရှိရုံသာမကပေ။ Global Witness ထံသို့ ပြောကြားခဲ့သည့် အရင်းအမြစ်များမှ အတည်ပြုခဲ့သော အများပြည်သူတို့၏တင်ပြချက်များအရ မြန်မာနိုင်ငံရှိ ကျောက်မျက်တူးဖော်ခြင်းသည် အောက်တွင်ဖော်ပြထားသည့်အတိုင်း နိုင်ငံ၏ တဟုန်ထိုးကြီးထွားလာသည့် မူးယစ်ဆေးဝါးကုန်သွယ်မှုအတွက်လည်း မျက်နှာစာတစ်ခု ဖြစ်နေသည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်ရှိ ဘိန်း နှင့် ဟီးရိုးအင်းတို့ကို အများဆုံးထွက်ရှိရာ အရင်းအမြစ်များတွင် ပါဝင်ရုံသာမကဘဲ အာရှရှိ မီသာဖက်တမင်းလုပ်ငန်း၏ ဗဟိုချက်တစ်ခုလည်းဖြစ်သည်။ မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း နှင့် အကျိုးအမြတ်များသည် အလွန်ကျယ်ပြန့်သဖြင့် ၎င်းတို့သည် "ရှမ်းပြည်နယ်ရှိ တရားဝင်ကဏ္ဍကို သေးငယ်သွားစေနိုင်သည်" ဟု International Crisis Group က အခိုင်အမာပြောဆိုသည်။ မိုင်းရှူးရှိ ကျောက်တွင်းများသည် မိုးကုတ်နှင့်လည်း နယ်နိမိတ်

**မြန်မာနိုင်ငံသည် ရာဇဝတ်မှုများ ထုတ်လုပ်နေသည့် ယန္တရားတစ်ခု၏ ကြီးမားသော အမြတ်အစွန်းတစ်ခု ဖြစ်သည်။**

ငွေကြေးခဝါချမှုတိုက်ဖျက်ရေး (AML) ကျွမ်းကျင်သူတစ်ဦး

ထိစပ်သည့် ရှမ်းပြည်နယ်၏အချက်အချာတွင်ရှိနေပြီး UWSA အပါအဝင် မူးယစ်ဆေးဝါးများထုတ်လုပ်ရောင်းချခြင်းတွင် ပါဝင်ပတ်သက်သည့် အဓိကအဖွဲ့အချို့သည် ကျောက်မျက်တူးဖော်ခြင်းတွင်လည်း ပါဝင်ပတ်သက်နေသည်။

MEITI အတွက် မြန်မာနိုင်ငံ၏ ကျောက်မျက်ကဏ္ဍကို ပြန်လည်သုံးသပ်ချက်တစ်ခုတွင် ငွေကြေးခဝါချမှုများအတွက် ကျယ်ကျယ်ပြန့်ပြန့် စွပ်စွဲချက်များရှိနေပြီး "မြန်မာနိုင်ငံ၏ အခြားနေရာများရှိ မူးယစ်ဆေးဝါးကုန်သွယ်မှုမှရရှိသည့် ငွေကို အသုံးပြုနေသူများမှ ရောင်းဝယ်ကြသည်။" ဟု မှတ်တမ်းတင်ထားသည်။ ထိုင်းနိုင်ငံရှိ ကျောက်မျက်ကျွမ်းကျင်သူတစ်ဦးကရှင်းပြခဲ့သော မူးယစ်ဆေးဝါးမှရရှိသည့် ငွေကို ခဝါချသည့် နည်းလမ်းတစ်ခုမှာ "မူးယစ်ဆေးဝါး ကုန်ကူးသူများသည် အရည်အသွေးနိမ့်သည့် ကျောက်မျက်တွင်းတစ်ခုတွင် ရင်းနှီးမြှုပ်နှံပြီး အရည်အသွေးနိမ့်ကျောက်များ၏ တန်ဖိုးကို ဖောင်းပွစေကာ စိတ်ချရသည့် မိတ်ဖက်များထံသို့ ရောင်းချပြီး ငွေကြေးခဝါချကာ တိုင်းပြည်ပြင်ပသို့ ပို့ဆောင်ခြင်း ဖြစ်သည်။" မြန်မာနိုင်ငံနှင့်ပတ်သက်၍ အနီးကပ်လုပ်ဆောင်ခဲ့ဖူးသည့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေး (AML) ကျွမ်းကျင်သူတစ်ဦးက အဖွဲ့တစ်ဖွဲ့အနေဖြင့် ရာဇဝတ်မှုမှရရှိသည့် ငွေများကို ခဝါချရန်အတွက် ငွေတောင်းခံလွှာများတွင် ပိုမိုရေးသားခြင်း သို့မဟုတ် လျော့ပေါ့ရေးသားခြင်း ပြုလုပ်သည့် ဖြစ်စဉ်သည် ကောင်းစွာအခြေကျနေပြီ ဖြစ်သည်ဟု ဆိုသည်။ "မြန်မာနိုင်ငံရှိ AML/CTF [အကြမ်းဖက်မှု တိုက်ဖျက်ရေး ငွေကြေးပံ့ပိုးမှု] တို့၏ ထိရောက်မှုသည် စိတ်မကောင်း ဖြစ်ဖွယ်ပင် နိမ့်ကျနေသည်။ မြန်မာနိုင်ငံသည် ရာဇဝတ်မှုများ ထုတ်လုပ်နေသည့် ယန္တရားတစ်ခု၏ ကြီးမားသော အမြတ်အစွန်းတစ်ခု ဖြစ်သည်။" ဟု ၎င်းက ဆိုသည်။

## ၄.၄ မေးခွန်းမထုတ်ပါနှင့် - ထိုင်းနိုင်ငံရှိကုန်သည်များသည် အခြေခံ ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန် စိစစ်ခြင်းကို လုပ်ဆောင်ရန် ပျက်ကွက်ခဲ့ကြသည်

ထိုင်းနိုင်ငံသည် စီမံပြုပြင်ရေး နှင့် ကုန်သွယ်ရေးအတွက် အရေးပါသော ဗဟိုချက်တစ်ခုဖြစ်လာသည့်အတွက် ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန် စိစစ်ခြင်းဆိုင်ရာတာဝန်များ ရှိလာခဲ့သည်။ စီမံပြုပြင်ရေးကုမ္ပဏီများ နှင့် ကုန်သည်များသည် ၎င်းတို့၏ ကုန်ပစ္စည်းပေးသွင်းသူများအပေါ် အထိုက်အလျောက် လွယ်ကူစွာအားသာချက် ရရှိနိုင်စွမ်းသဖြင့် ထုတ်လုပ်ရေးလမ်းကြောင်းများတွင် ထိန်းချုပ်ရေးအမှတ်များအဖြစ် အဓိကအခန်းကဏ္ဍတစ်ရပ်ရှိကြသည်။ မြန်မာနိုင်ငံရှိ အာဏာ



မိုးကုတ်ရှိ ကျောက်မျက်ဈေးကွက်များအတွက် ရိုးရာအခေါ် "ဒွာပွဲ" တစ်ခုတွင် အခြားကုန်သည်တစ်ဦးထံ ရောင်းချရန် ပတ္တမြားများ ပြသနေသည့် အမျိုးသမီးတစ်ဦး၊ ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလ။ MO

သိမ်းမှုအလွန် အခြေအနေ၊ လိုင်စင်ထုတ်ပေးသည့်စနစ်ကို ဆိုင်းငံ့ထားခြင်းနှင့် Covid-19 ကပ်ရောဂါတို့၏ သက်ရောက်မှုတို့ကြောင့် ထိခိုက်နစ်နာမှုများကို ကြိုတင် သိရှိနိုင်ရန် စိစစ်ခြင်းကို ခက်ခဲစေသော်လည်း စီမံပြုပြင်သူများ နှင့် ကုန်သည်များအနေဖြင့် ဤတာဝန်မှ ကင်းလွတ်ခွင့် မရှိပေ။

Global Witness သည် ဘန်ကောက်ရှိ ကုမ္ပဏီ ၂၀ ကျော်တို့မှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံကာ ထိုင်းနိုင်ငံတွင် အခြေစိုက်ပြီး မြန်မာ့ပတ္တမြားကို အနောက်နိုင်ငံများသို့ရောင်းချသည့် စီမံပြုပြင်ရေးကုမ္ပဏီများ နှင့် ကုန်သည်များ၏ ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန် စိစစ်ခြင်းဆိုင်ရာ အလေ့အထများကို စုံစမ်းဖော်ထုတ်ခဲ့သည်။ (Covid-19 ကန့်သတ်ချက်များကြောင့် ကျွန်ုပ်တို့အနေဖြင့် ထိုင်းနိုင်ငံ၏ အဓိကဖြတ်တောက်ခြင်း နှင့် အရောင်တင်ခြင်းဆိုင်ရာ ဗဟိုဖြစ်သော Chanthauri သို့ သွားရောက်နိုင်ခဲ့ခြင်းမရှိပေ။)

ကျွန်ုပ်တို့အနေဖြင့် ထိုင်းနိုင်ငံရှိ ထိပ်တန်းကျောက်မျက် နှင့် လက်ဝတ်ရတနာကုမ္ပဏီများ၏ စာရင်းတစ်ခုကို ၎င်းတို့တင်ပြခဲ့သော ယခင်အဖိုးတန်ကျောက်များတင်ပို့မှုပမာဏကို အခြေခံကာ ကျွမ်းကျင်သူများ သို့မဟုတ် ၎င်းတို့၏ဝက်ဆိုက်များမှ သတင်းအချက်အလက်များ၊ ၎င်းတို့အနေဖြင့် မြန်မာ့ပတ္တမြားကို အနောက်နိုင်ငံ ဈေးကွက်များသို့ ရောင်းချကြောင်း အထောက်အထားများဖြင့် ပေါင်းစပ်ကာ ခွဲခြားသတ်မှတ်ခဲ့သည်။ Global Witness ၏ စုံစမ်းဖော် ထုတ်သူများသည် တန်ဖိုးမြင့် မြန်မာ့ပတ္တမြားကို ဝယ်ယူတင်သွင်းရန် ရှာဖွေနေသည့် ဖြစ်နိုင်ခြေရှိသော ဖောက်သည်များအဖြစ် ဟန်ဆောင်ကာ အဆိုပါကုမ္ပဏီများထံသို့ ဆက်သွယ်ခဲ့သည်။ ကျွန်ုပ်တို့အနေဖြင့် ကုမ္ပဏီများအား ၎င်းတို့၏ ပတ္တမြားရောင်းချမှုများ၊ ဝယ်ယူတင်သွင်းသည့် နည်းစနစ်များ၊ ကုန်ပစ္စည်းပေးသွင်းသူများ နှင့် ၎င်းတို့၏ ပတ္တမြားတို့သည် ပဋိပက္ခ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် လွတ်ကင်းကြောင်း သေချာစေရန် လုပ်ဆောင်ခဲ့သည့်အဆင့်များနှင့်ပတ်သက်၍ ကုမ္ပဏီများထံ စုံစမ်းခဲ့ပါသည်။ ကျွန်ုပ်တို့၏ တွေ့ရှိချက်များအား ပို့ကုန် အချက်အလက်များဆိုင်ရာ စိစစ်လေ့လာမှု နှင့် ပွင့်လင်းအရင်းအမြစ် သုတေသနတို့နှင့် ပြန်လှန်ညှိနှိုင်းထားပါသည်။

## ကျွန်ုပ်တို့၏ အဓိက တွေ့ရှိချက်များမှာ အောက်ပါ အတိုင်းဖြစ်သည် -

- ၂၀၂၀ ခုနှစ်အထိ ထိုင်းနိုင်ငံ၏ ထိပ်တန်း ကျောက်မျက်တင်ပို့ရေးကုမ္ပဏီများ အနက် အနည်းဆုံး ၆ ခုတို့သည် မြန်မာ့ပတ္တမြားကို ရောင်းချခဲ့ကြသည်။
- ကျွန်ုပ်တို့ ဆက်သွယ်ခဲ့သည့် ကုမ္ပဏီအများစုသည် ကျောက်မျက်များကို မြန်မာနိုင်ငံရှိ ကျောက်တွင်းများမှ တိုက်ရိုက်ဝယ်ယူခြင်းမဟုတ်သဖြင့် ၎င်းတို့သည် ၎င်းတို့၏ ပစ္စည်းပေးသွင်းသူများ ပေးအပ်သည့် သတင်းအချက်အလက်များအပေါ် မှုတည်နေသည်ဟု အဓိပ္ပာယ်ရသည်။
- ပို၍ တန်ဖိုးမြင့်မားသည့် ကျောက်များအတွက် မူလထွက်ရှိရာနိုင်ငံကို ဆုံးဖြတ်ရန် နှင့် တစ်ခါတစ်ရံတွင် မိုးကုတ် သို့မဟုတ် မိုင်းရှူးတို့တွင် တူးဖော်ခဲ့ခြင်း ဖြစ်ကြောင်းပင် ဆုံးဖြတ်ရန် ဖြစ်နိုင်သော်လည်း အဆိုပါနယ်မြေများရှိ မည်သည့် ကျောက်တွင်းများမှလာကြောင်းကိုမူ သိရှိလေ့မရှိဟု ကုမ္ပဏီများက ဆိုခဲ့သည်။
- ကျောက်မျက်များအား မြန်မာနိုင်ငံရှိ မူလထွက်ရှိရာ ကျောက်တွင်းသို့ ခြေရာခံရန်မှာ မဖြစ်နိုင်သလောက်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ကုမ္ပဏီမှ ဝယ်ယူချိန်တွင် ကြားခံများ ပါဝင်ပတ်သက်လေ့ရှိခဲ့ပြီး ကုန်ပစ္စည်းပေးသွင်းသူများသည်လည်း စီးပွားရေးဆိုင်ရာ လျှို့ဝှက်ချက်တစ်ခုအဖြစ် ထည့်သွင်းစဉ်းစားကာ ထိုသို့သော သတင်းအချက်အလက်များကို မျှဝေမှု ရှားပါးသည်။
- ကုမ္ပဏီများစွာတို့သည် ၎င်းတို့၏ မြန်မာနိုင်ငံရှိ ထုတ်လုပ်ရေးလမ်းကြောင်းများနှင့်ပတ်သက်၍ မြင့်မားသည့် အန္တရာယ်များရှိနေသော်လည်း ၎င်းတို့ကို အသေးစိတ်ဆွေးနွေးရန် တွန့်ဆုတ်ကြသည်။
- ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန် စိစစ်ခြင်းဆိုင်ရာ ခက်ခဲသည့် တာဝန်ကို ရင်ဆိုင်ရသည့်အခါ ကုမ္ပဏီများစွာတို့သည် တာဝန်ယူမှုရှိစွာ ဝယ်ယူရန် ကြိုးပမ်းအားထုတ်ခြင်းပင်မရှိဘဲ ရှိပါကလည်း မလုံလောက်ပေ။

# ကျင့်ဝတ်နှင့်အညီ ဝယ်ယူတင်သွင်းခဲ့သည့် မြန်မာ့ပတ္တမြားဟူ၍ မရှိကြောင်း

ကျောက်မျက်တင်သွင်းသူတစ်ဦး

အနှစ်ချုပ်ဆိုရပါက ကျွန်ုပ်တို့ လက်ခံရရှိခဲ့သည့် တုန့်ပြန်ချက်များအရ ကျောက်မျက်အများစုတို့သည် မြန်မာနိုင်ငံမှ ထွက်ခွာလာခဲ့ချိန်တွင် ၎င်းတို့၏ဇစ်မြစ်ကို ဖုံးဖိထားပြီးဖြစ်သည်။ ထို့ပြင် ကျင့်ဝတ်နှင့်အညီ ဝယ်ယူတင်သွင်းခဲ့သည့် မြန်မာ့ပတ္တမြားဟူ၍ မရှိကြောင်း ကျောက်မျက်တင်သွင်းသူ ABC Stone ၏ ပိုင်ရှင်က ကျွန်ုပ်တို့အား ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံတွင် Global Witness မှ တွေ့ဆုံမေးမြန်းခဲ့သည့် ကုမ္ပဏီများအနက် မြန်မာ့ပတ္တမြားတင်သွင်းသည့် Fai Dee Gems Co., Ltd (Faidee အဖြစ် ကုန်သွယ်လျက်ရှိသည်)ကသာ ၎င်း၏ ကျောက်တစ်ခုကို ဝယ်ယူခဲ့သော ကျောက်တွင်းတစ်ခု၏ အမည်အတိအကျကို ပြောကြားခဲ့သည် (အောက်ပါ လေးထောင့်ကွက်ကို ကြည့်ရှုပါ)။ ကျွန်ုပ်တို့အနေဖြင့် ဤကျောက်တွင်း၏ ပိုင်ဆိုင်မှုကို ကြည့်ရှုခဲ့ရာ ယင်းကို စစ်တပ်ပိုင်လုပ်ငန်းစုကြီးဖြစ်သော MEHl မှ အနည်းဆုံး နှစ်ပေါင်း ၂၀ ကြာ ထိန်းချုပ်ထားခဲ့ကြောင်း တွေ့ရသည်။

လုပ်ငန်းအပေါ် မြန်မာစစ်တပ်၏ထိန်းချုပ်မှု အတိုင်းအတာကို ကြည့်ခြင်းအားဖြင့် Faidee ထက် ပိုမိုနည်းပါးသည့် ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန်စိစစ်ခြင်း အစီအမံများရှိသော အခြားတင်သွင်းသူများအနေဖြင့် ၎င်းတို့၏ထုတ်လုပ်ရေးလမ်းကြောင်းများမှတဆင့် စစ်တပ်ကို ငွေကြေးပံ့ပိုးနေခြင်း ဖြစ်နိုင်ဖွယ် မြင့်မားသည်။

ထိုင်းကျောက်မျက်ကုန်သည်များ နှင့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များမှ ပေးအပ်သည့် သတင်းအချက်အလက်သည် ၎င်းတို့ရောင်းချသည့် သက်ဆိုင်ရာ ကျောက်များသည် မြန်မာစစ်တပ် သို့မဟုတ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ငွေကြေးပံ့ပိုးခဲ့ခြင်းရှိမရှိ ဆုံးဖြတ်ရန် မလုံလောက်ပေ။ ထိုသို့ဖြစ်ရခြင်းမှာ အဆိုပါကုမ္ပဏီများတွင် ယင်းအချက်အလက် မရှိခြင်းကြောင့်သာဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ အောက်တွင် ဖော်ပြထားသည့် ကိုယ်စားလှယ်ရွေးချယ်မှု အပါအဝင် ကျောက်မျက် နှင့် လက်ဝတ်ရတနာကုမ္ပဏီများထံမှ လက်ခံရရှိခဲ့သော တုန့်ပြန်ချက်များအရ ထိုင်းနိုင်ငံရှိကုမ္ပဏီများသည် ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန် စိစစ်ခြင်း လုပ်ဆောင်မှုရှိမရှိ နှင့် မည်သို့လုပ်ဆောင်ကြောင်း နှင့် ၎င်းတို့၏ ဖောက်သည်များအနေဖြင့် ပဋိပက္ခနှင့် ဆက်စပ်နေသည့် ပတ္တမြားတို့ကို ဝယ်ယူရနိုင်သည့် အန္တရာယ်များနှင့် ပတ်သက်၍ အတွင်းကျကျအမြင်များ ပေးအပ်နိုင်ခဲ့စေသည်။

AJS Gems က ၎င်းကိုယ်၎င်း မြန်မာနိုင်ငံမှ အပါအဝင် မဖြတ်တောက်၊ အရောင်မတင်ရသေးသော အကြမ်းထည်ကျောက်များကို ကမ္ဘာတစ်ဝန်းတွင် အဓိက တင်သွင်းသူ၊ တင်ပို့သူအဖြစ် ဖော်ပြသည်။ ကုမ္ပဏီက ၎င်းအနေဖြင့် အစိုးရလေလံပွဲများ သို့မဟုတ် စစ်တပ်မှပိုင်ဆိုင်သော သို့မဟုတ် ထိန်းချုပ်ထားသော ကုမ္ပဏီများထံမှ ဝယ်ယူတင်သွင်းခြင်းကို ရှောင်ရှားခြင်းတို့ အဓိကပါဝင်သည့် ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန် စိစစ်ခြင်းဆိုင်ရာ အစီအမံများထားရှိကြောင်း Global Witness ထံ ပြောကြားခဲ့သည်။ AJS Gems က ၎င်းအနေဖြင့် ပတ္တမြားများသည် မည်သည့်ကျောက်တွင်းများမှလာကြောင်း အသေအချာသိရှိရန် မဖြစ်နိုင်သော်လည်း သီးခြားလွတ်လပ်သည့် ရောင်းချသူများထံမှသာ ဝယ်ယူခြင်းဖြင့် စစ်တပ်ကို အားပေးထောက်ခံခြင်းကို ရှောင်ရှားနိုင်သည် ဟု ရှင်းပြခဲ့သည်။

ကျွန်ုပ်တို့၏ တွေ့ရှိချက်အရ ယင်းသည် မမှန်ကန်ပေ။ ကုမ္ပဏီအနေဖြင့် မြန်မာစစ်တပ်ထံ ငွေကြေးပံ့ပိုးခြင်းကို ရှောင်ကြဉ်ရန် ကြိုးစားနေခြင်းသည် ချီးကျူးထိုက်သော်လည်း ယင်းသည် စစ်တပ် နှင့် လက်နက်ကိုင်အဖွဲ့များကို ငွေကြေးပံ့ပိုးနေခြင်း ဖြစ်နိုင်သည့် မြင့်မားသော အန္တရာယ်တစ်ခုရှိပါသည်။ ဤအစီရင်ခံစာတွင် ဖော်ပြခဲ့ပြီးဖြစ်သည့်အတိုင်း လိုင်စင်ထုတ်ပေးသည့်စနစ်ကို ဆိုင်းငံ့ထားပြီး တရားဝင်ကျောက်မျက်တူးဖော်ခြင်း အဆုံးသတ်သွားခဲ့စဉ်မှစတင်ကာ စစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ခြိမ်းခြောက်ငွေတောင်းခံခြင်း နှင့် မှောင်ခိုကုန်သွယ်ခြင်းတို့အပါအဝင် နည်းလမ်းများဖြင့် တူးဖော်ရေးလုပ်ငန်းတွင် ပါဝင်သည့် တတိယအုပ်စုများထံမှ ငွေကြေးရရှိရန် ဆက်လက်ကြိုးစားနေခဲ့ကြသည်။

## ဖြစ်စဉ်လေ့လာမှု - Fai Dee Gems Co., Ltd. - စစ်တပ်နှင့် ဆက်စပ်နေသောကျောက်တွင်းတစ်ခုမှ ဝယ်ယူပြီး အနောက်နိုင်ငံမှ ကုမ္ပဏီများသို့ ရောင်းချနေခြင်း

အထူးသဖြင့် မြန်မာ့ပတ္တမြားများ၏ အဆင့်မြင့်အပိုင်းတွင် အဓိကပါဝင်သူတစ်ဦးမှာ "ကမ္ဘာပေါ်တွင် အရှားပါးဆုံး မြန်မာ့ပတ္တမြားအတွက် ပထမတန်းစားအရင်းအမြစ်" ဟု ၎င်းကိုယ်၎င်း ခေါ်ဆိုသည့် ဘန်ကောက်အခြေစိုက် Fai Dee Gems Co., Ltd. (Faidee အဖြစ် ကုန်သွယ်နေသည့်) ဖြစ်သည်။ ယင်းသည် မြန်မာ့ပတ္တမြားများကို သီးသန့်ရောင်းဝယ်ပြီး မြန်မာနိုင်ငံမှ တိုက်ရိုက်ဝယ်ယူတင်သွင်းပြီးနောက် ဖြတ်တောက်ခြင်း၊ ပြုပြင်စီရင်ခြင်း နှင့် ခင်းကျင်းခြင်းတို့ ပြုလုပ်သည်။ Faidee က ၎င်းရောင်းချသည့် ကျောက်များအနက် အချို့၏ မူလဇစ်မြစ်ကိုသာ သိရှိသည်ဟု Global Witness ထံ ပြောကြားခဲ့ပြီး ကျောက်တစ်ခု၏ ဇစ်မြစ်ကိုသာ ပြောပြခဲ့သည်။




Global Witness ထံ Faidee မှ ပေးပို့ခဲ့သည့် မိုးကုတ်ရှိ ကျောက်တွင်းများကို ဖော်ပြထားသော မြေပုံတစ်ခု။ ရွှေပြည်အေး ကျောက်တွင်းကို အနီရောင်ဖြင့် ဝိုင်းထားသည်။

လက်စွပ်တစ်ကွင်းရှိ အဆိုပါ ၄ ကာရက်ရှိသော ကျောက်သည် အမေရိကန်ဒေါ်လာ ၇၈၈၀၀၀ တန်ဖိုး သတ်မှတ်ထားပြီး မိုးကုတ်ရှိ ရွှေပြည်အေးကျောက်တွင်းမှ ဝယ်ယူတင်သွင်းခဲ့ခြင်းဖြစ်သည်။

Global Witness ၏ သုတေသနအရ စစ်တပ်ပိုင်လုပ်ငန်းစုကြီးဖြစ်သော MEHL သည် ရွှေပြည်အေးကျောက်တွင်းကို ၁၉၉၅ ခုနှစ်တွင် ထိန်းချုပ်ခဲ့ပြီး ၂၀၂၁ ခုနှစ်အထိ ဆက်လက်ထိန်းချုပ်ထားသည်။ Faidee ၏ CEO သည် ကျောက်အား မည်သည့်အချိန်တွင်တူးဖော်ခဲ့ကြောင်း ပြောပြနိုင်ခဲ့ခြင်းမရှိသဖြင့် ရောင်းချမှုမှ စစ်တပ်အတွက် အကျိုးအမြတ်ရရှိခဲ့နိုင်သည့် အန္တရာယ်ရှိသည်။

ရွှေပြည်အေးသည် အာဏာသိမ်းပြီးနောက်ပိုင်း လူအမြောက်အမြားကို စစ်တပ်မှ တူးဖော်ခွင့်ပြုခဲ့ပြီး ခြိမ်းခြောက် ငွေတောင်းခံမှုများ စနစ်တကျ ပြုလုပ်ခဲ့သည့် စာမျက်နှာ ၂၀ တွင် ဖော်ပြထားသည့် ကျောက်တွင်းပင်ဖြစ်သည်။

ဝယ်ယူသူများအနေဖြင့် Faidee ၏ ပတ္တမြားများနှင့်ဆက်စပ်နေသည့် လူ့အခွင့်အရေးဆိုင်ရာ ပြဿနာများကို စိုးရိမ်ပူပန်သင့်ခြင်းရှိမရှိ မေးမြန်းခဲ့ရာတွင် ကုမ္ပဏီ၏ ဦးဆောင်ညွှန်ကြားရေးမှူး Ravi Lunia က "လုံးဝ စိုးရိမ်ပူပန်စရာ မရှိပါ။" ဟု ဖြေကြားခဲ့သည်။ မြန်မာစစ်တပ်သည် ကျောက်မျက်များမှ အကျိုးအမြတ်များ ရရှိနေသည်ဟူသော စွပ်စွဲချက်များနှင့်စပ်လျဉ်း၍ "[စစ်တပ်အတွက်] ရန်ပုံငွေအများစုသည် သဘာဝဓာတ်ငွေ့နှင့် ရေနံတို့မှ ရရှိပြီး" "ဈေးကွက်အတွင်းရှိ ပတ္တမြားများသည် ဆယ်စုနှစ်ချီများ ရှိနေပြီဖြစ်သဖြင့်" "စိုးရိမ်ပူပန်စရာ မရှိကြောင်း" Lunia က ကျွန်ုပ်တို့အား ပြောပြခဲ့သည်။

စစ်တပ်သည် ကျောက်စိမ်း နှင့် ကျောက်မျက်လုပ်ငန်းများအတွင်း ကျယ်ပြန့်သည့် စီးပွားရေးအကျိုးစီးပွားများ တည်ထောင်ထားခဲ့ပြီး မြန်မာနိုင်ငံ၏ ဗျူရိုကရေစီစနစ်ကို ၁၉၆၂ ခုနှစ်ကတည်းက အဓိက ထိန်းချုပ်ထားခဲ့သဖြင့် အဆိုပါ စိတ်ချစေရန်အာမခံမှုသည် မလုံလောက်ပေ။ Faidee သည် ၁၉၉၀ ပြည့်နှစ်များတွင်မှ ပတ္တမြားသိုက်များတွေ့ရှိခဲ့သည့် မိုင်းရှူးမှ ပတ္တမြားတို့ကို ဝယ်ယူတင်သွင်းခဲ့သည်ဟု Lunia က Global Witness ထံ ပြောကြားခဲ့သည် (အပိုင်း ၂.၂ ကို ကြည့်ရှုပါ)။ Lunia ၏ အဆိုကို နှိုင်းယှဉ်ဖော်ပြရပါက ထိုင်းနိုင်ငံရှိ အခြားသော ကျောက်မျက်ရတနာကုမ္ပဏီတစ်ခုက အနိမ့်ဆုံးအနေဖြင့် မြန်မာနိုင်ငံမှတင်ပို့သော ကျောက်မျက်များအားလုံး၏ ဝင်ငွေအချို့သည် အာဏာရှိသူများလက်သို့ ရောက်ရှိသွားကြကြောင်း Global Witness ထံ ၂၀၂၁ ခုနှစ် ဇူလိုင်လတွင် ပြောပြခဲ့သည်။

Harry Winston နှင့် Graff တို့ကဲ့သို့သော အနောက်တိုင်းကျောက်မျက်ရတနာ အမှတ်တံဆိပ်များသည် ကုမ္ပဏီထံမှ ပတ္တမြားများကို လက်ကားဝယ်ယူကြသည်ဟူ၍ Lunia က Global Witness အား ပြောကြခဲ့သည်။ ဗြိတိသျှ လေလံကုမ္ပဏီ Christie's သည် ၂၀၂၁ ခုနှစ်အထိ မကြာသေးမီအတွင်း Faidee ထံမှ အဆင့်မြင့် လက်ဝတ်ရတနာအမျိုးမျိုးတို့ကို ရောင်းချခဲ့ပြီး Sotheby's သည် ၂၀၁၄ ခုနှစ်တွင် ဟောင်ကောင်၌ အမေရိကန်ဒေါ်လာ ၁၀ သန်းနီးပါးရရှိခဲ့သည့် ပတ္တမြား နှင့် စိန်လည်ဆွဲတစ်ခုအပါအဝင် Faidee ထံမှ လက်ဝတ်ရတနာများကို ရောင်းချခဲ့သည်။

Graff က ၎င်းအနေဖြင့် ၎င်း၏ ထုတ်လုပ်ရေးလမ်းကြောင်း၏ ဖြောင့်မှန်မှုကို အလေးအနက်ထား ထည့်သွင်းစဉ်းစားကြောင်း နှင့် Faidee Gems သည် အရေးပါသော ကုန်ပစ္စည်းပေးသွင်းသူမဟုတ်သလို မကြာခဏပေးသွင်းသူလည်း မဟုတ်ကြောင်း Global Witness ထံသို့ ပေးပို့သည့်စာအတွင်း ပြောပြခဲ့သည်။ ၎င်းအနေဖြင့် Faidee အား ယင်း၏ ထုတ်လုပ်ရေးအရင်းအမြစ်များနှင့်ပတ်သက်၍ နောက်ထပ်မေးခွန်းများမေးမြန်းရန် ဆက်သွယ်သွားမည်ဖြစ်ကြောင်းကိုလည်း ကုမ္ပဏီက ထပ်ဆောင်းပြောကြားခဲ့သည်။

Van Cleef & Arpels သည်လည်း Faidee ၏ ဖောက်သည်များတွင် ပါဝင်ခဲ့ကြောင်း နှင့် ယခုအခါတွင်မူ အာဖရိကမှ အရင်းအမြစ်များသို့ ရွှေ့ပြောင်းသွားခဲ့ပြီဖြစ်ကြောင်းကိုလည်း Lunia က ပြောကြားခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ Van Cleef & Arpels သည် ၂၀၂၁ ခုနှစ်တွင် မြန်မာ့ပတ္တမြားများကို ဈေးကွက်တင်နေဆဲဖြစ်သည်။

အထက်တွင် ဖော်ပြထားသည့် စွပ်စွဲချက်များကို တုန့်ပြန်ဖြေကြားသည့် အီးမေးလ်တွင် Faidee က ကုမ္ပဏီ၏ ပတ္တမြားများကို တရားဝင် အရင်းအမြစ်များမှ ဆယ်စုနှစ်များစွာ ဝယ်ယူစုဆောင်းခဲ့ခြင်းဖြစ်ကြောင်း နှင့် မြန်မာနိုင်ငံရှိ စစ်တပ်၏သိမ်းပိုက်မှုမတိုင်မီ ကုမ္ပဏီ၏ပိုင်ရှင်၏ဖခင် နှင့် အဘိုးတို့ထံမှ လွှဲပြောင်းရယူခဲ့ခြင်း ဖြစ်သည်ဟုလည်းဆိုသည်။ "Fai Dee Gems သည် မြန်မာနိုင်ငံရှိ စစ်အာဏာသိမ်းမှုနှင့် မည်သည့်ပတ်သက်မှုမျှမရှိသလို မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသည့် မတရားမှုများကိုလည်း ထောက်ခံခြင်း မရှိပါ။" ဟု ၎င်းက ဆိုသည်။ "ကျွန်ုပ်တို့အနေဖြင့် မြန်မာပြည်သူလူထုကို ထောက်ခံပြီး ၎င်းတို့နှင့် အစဉ်အမြဲရပ်တည်သွားမည်ဖြစ်သည်။"

AJS ၏ ဝက်ဆိုက်ရှိ ဖောက်သည်များ၏သုံးသပ်ချက် စာမျက်နှာတွင် ကုမ္ပဏီထံမှ ဝယ်ယူခဲ့သော အနောက်နိုင်ငံ၊ အထူးသဖြင့် အမေရိကန်ပြည်ထောင်စုမှ ပုဂ္ဂိုလ်များစွာကို တွေ့ရသည်။ ၎င်းအနေဖြင့် ကျောက်မျက်များကို နိုင်ငံတကာအမှတ်တံဆိပ်များသို့ ရောင်းချခဲ့ကြောင်း အတည်ပြုခဲ့သော်လည်း ၎င်းတို့၏ အမည်များကို ထုတ်ဖော်ပြောဆိုမည် မဟုတ်ပေ။

မြန်မာနိုင်ငံမှ ပတ္တမြားများကို ရောင်းချပြီး နိုင်ငံတကာအမှတ်တံဆိပ်များသို့ ပတ္တမြားများ ထပ်ဆင့်ပြန်လည်တင်သွင်းသည်ဟု Global Witness ထံ ပြောကြားခဲ့သော GemMatrix က ၎င်းအနေဖြင့် မြန်မာနိုင်ငံ၏ကျောက်မျက်တွင်းများကို စစ်တပ်က ထိန်းချုပ်ထားကြောင်း သိရှိသည်ဟု ဆိုသည်။ ၎င်းအနေဖြင့် စစ်အာဏာသိမ်းမှုမတိုင်မီက မြန်မာနိုင်ငံမှ ကျောက်မျက်များကို ဝယ်ယူခြင်းအတွက် မူဝါဒတစ်ခုထုတ်ပြန်ခဲ့ကာ မြန်မာ့ပတ္တမြား နှင့် အခြားသောကျောက်မျက်များကို "ဝယ်ယူခြင်းမပြုရန် သို့မဟုတ် ရောင်းဝယ်ရန် မှာယူခြင်းမပြုရန်" ထုတ်ပြန်ထားပြီးဖြစ်သည်ဟု Global Witness ထံ ပေးပို့သည့်စာအတွင်း ကုမ္ပဏီက ဆိုသည်။ မည်သို့ပင်ဆိုစေကာမူ အာဏာသိမ်းပြီးနောက် ၆ လအကြာ ၂၀၂၁ ခုနှစ် ဇူလိုင်လတွင် အလားအလာရှိသော ဖောက်သည်တစ်ဦးအဖြစ် ဟန်ဆောင်ထားသည့် Global Witness ၏ စုံစမ်းဖော်ထုတ်သူတစ်ဦးကို ကုမ္ပဏီကိုယ်စားလှယ်တစ်ဦးက ၎င်းတို့အနေဖြင့် ကြီးမားသည့် အပူပေးပြုပြင်မှု မပြုရသေးသော မြန်မာ့ပတ္တမြားတစ်ခုဝယ်ယူရန် ကူညီနိုင်သည်ဟု ဆိုခဲ့သည်။

အခြားသော ထိုင်းနိုင်ငံရှိ ထိပ်တန်းကျောက်မျက်တင်ပို့သည့် ကုမ္ပဏီ ၁၀ ခုအနက် ၃ ခုတို့ဖြစ်သော Sant Enterprises Co., Ltd., KGK Group နှင့် China Stone Co., Ltd. တို့ကလည်း ၎င်းတို့အနေဖြင့် မြန်မာ့ပတ္တမြားများကို ရောင်းချကြောင်း ပြောပြခဲ့သည်။ ၎င်းတို့အနက် ၂ ခု (Sant Enterprises နှင့် ၎င်း၏ လက်အောက်ခံစိန်ကုမ္ပဏီမှတဆင့် KGK Group) တို့သည် ကျောက်မျက်ကဏ္ဍအတွက် လုပ်ငန်းစံသတ်မှတ်ချက်တစ်ခုဖြစ်သည့် တာဝန်ယူမှုရှိသော လက်ဝတ်ရတနာလုပ်ငန်းကောင်စီ၏ အဖွဲ့ဝင်များဖြစ်ကြပြီး China Stone ကမူ ၎င်း၏ ဝက်ဆိုက်၌ "ပဋိပက္ခနှင့် ကင်းလွတ်သည့်" ကျောက်မျက်များကို ဝယ်ယူတင်သွင်းကြောင်း အခိုင်အမာ ပြောဆိုထားသည်။ ကုမ္ပဏီ ကိုယ်စားလှယ်များသည် ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံရှိ မည်သည့်ကျောက်တွင်းများမှ ဝယ်ယူတင်သွင်းကြောင်း ပြောပြနိုင်ခဲ့ခြင်း မရှိပေ။ China Stone ကိုယ်စားလှယ်က ကုမ္ပဏီသည် အာဏာသိမ်းမှုနောက်ပိုင်းတွင် မြန်မာနိုင်ငံမှ ပတ္တမြားများ ဆက်လက်ရရှိနေဆဲဖြစ်သည်ဟု ပြောကြားခဲ့သည်။ China Stone နှင့် Sant Enterprises တို့နှစ်ခုစလုံးသည် နိုင်ငံတကာဖောက်သည်များရှိသည်ဟု တင်ပြခဲ့သော်လည်း ၎င်းတို့မည်သူမည်ဝါဖြစ်ကြောင်း ထုတ်ဖော်ခဲ့ခြင်းမရှိပေ။


မိုးကုတ်ရှိ ဌာပွဲ သို့မဟုတ် ကျောက်မျက်ဈေးကွက်တစ်ခုတွင် ရောင်းချခဲ့သော ကျောက်မျက်များအတွက် ကုန်သည် တစ်ဦးထံမှ ငွေပေးချေမှုကို စောင့်ဆိုင်းနေကြသည့် ပွဲစားများ၊ ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလ။ MO


မိုးကုတ်ရှိ အလုပ်ရုံတစ်ခုတွင် ပတ္တမြားအရိုင်းတုံးများ နှင့် အခြားကျောက်မျက်များကို ဖြတ်တောက်၊ အရောင်တင် နေကြသည့် လက်မှုပညာရှင်များ၊ ၂၀၂၀ ခုနှစ် မတ်လ။ MO

ကျွန်ုပ်တို့အနေဖြင့် ဤအစီရင်ခံစာ၏ မှတ်တမ်းအတွက် မှတ်ချက်ပေးရန် အခွင့်အလမ်းအဖြစ် ကုမ္ပဏီအားလုံးတို့ထံ စာရေးသားခဲ့ရာ ၎င်းတို့အနက်မှ ကုမ္ပဏီ ၄ ခု - Faidee, GemMatrix, Manja-Thai နှင့် Veerasak Gems တို့ကသာ စာပြန်ခဲ့သည်။ ကုမ္ပဏီ ၄ ခုစလုံးက ၎င်းတို့အနေဖြင့် တာဝန်ယူမှုရှိစွာ ဝယ်ယူတင်သွင်းရန် ကြိုးပမ်းခဲ့သည် ဟု အထူးပြောကြားခဲ့သည်။

# ၄.၅ ထိုင်းနိုင်ငံရှိ ကျောက်မျက်၊ လက်ဝတ်ရတနာ ကုမ္ပဏီများ နှင့် ထိုင်းအစိုးရတို့အနေဖြင့် လုပ်ဆောင်သင့်သည့်အရာများ။

ထိုင်းနိုင်ငံ၏ ကျောက်မျက် နှင့် လက်ဝတ်ရတနာ ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ ထုတ်လုပ်ရေးလမ်းကြောင်းများသည် OECD ၏ ပဋိပက္ခသက်ရောက်ခံထားရသည့် နယ်မြေများ နှင့် ထိခိုက်နိုင်ခြေမြင့်မားသည့် နယ်မြေများမှ တွင်းထွက်များ၏ တာဝန်ယူမှုရှိသော ထုတ်လုပ်မှုလမ်းကြောင်းများအတွက် ထိခိုက်နစ်နာမှုများကို သိရှိနိုင်ရန် စိစစ်ခြင်းလမ်းညွှန်ချက်နှင့်အညီ ပဋိပက္ခနှင့် ကင်းလွတ်ကြောင်း သေချာစေရန်အတွက် အပြည့်အဝ ကြိုးကြပ်မှု လုပ်ဆောင်နိုင်ရန် လိုအပ်သည် (အပိုင်း ၅.၁ ရှိ လေးထောင့်ကွက်ကိုကြည့်ရှုပါ)။ ယင်းသည် အထူးသဖြင့် ကျောက်မျက်လုပ်ငန်း နှင့် နိုင်ငံတော် နှစ်ခုစလုံးကို စစ်တပ်မှ ထိန်းချုပ်ထားသည့် ယခု မြန်မာနိုင်ငံတွင် အရေးကြီးပါသည်။

ဤအစီရင်ခံစာတွင် ရှင်းပြထားသည့်အတိုင်း လက်ရှိတွင် မြန်မာနိုင်ငံရှိ ပတ္တမြားတို့အား ရက်စက်ကြမ်းကြုတ်သော စစ်အာဏာရှင်ကို ငွေကြေးပံ့ပိုးခြင်း နှင့်/သို့မဟုတ် ပဋိပက္ခ နှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများအား ထောက်ပံ့ကူညီနေခြင်းမရှိဘဲ ဝယ်ယူနိုင်သည့် နည်းလမ်းမရှိပေ။ တစ်နည်းအားဖြင့် ကုမ္ပဏီများအနေဖြင့် မြန်မာ့ပတ္တမြားများကိုဝယ်ယူခြင်း သို့မဟုတ် ဈေးကွက်တင်ခြင်းများ လုံးဝ မပြုသင့်ပေ။

မြန်မာ့ပတ္တမြားတို့သည် ထိုင်းနိုင်ငံမှတဆင့် နိုင်ငံတကာ ထုတ်လုပ်ရေးလမ်းကြောင်းများအတွင်းသို့ ဝင်ရောက်နေခြင်းမရှိကြောင်း သေချာစေရန်အတွက် ကုမ္ပဏီများ နှင့် ထိုင်းအစိုးရတို့အနေဖြင့် ပိုမိုအရေးယူ ဆောင်ရွက်ရန် လိုအပ်သည်။

ထိုင်းနိုင်ငံအနေဖြင့် ရေရှည်ကာလတွင် ကျောက်မျက်ကုန်သွယ်ရေး အချက်အချာတစ်ခုအဖြစ် ၎င်း၏အဆင့်အတန်းကို ဆက်လက်ထိန်းသိမ်းထားရန် မျှော်လင့်ထားပါက တာဝန်ယူမှုရှိစွာ ဝယ်ယူခြင်းကို အလေးအနက်ထားကြောင်း ပြသရမည်ဖြစ်သည်။ ထို့ကြောင့် ၎င်း၏လုပ်ဆောင်ချက်များတွင် OECD မူဘောင် အပါအဝင် တာဝန်ယူမှုရှိသော ဝယ်ယူခြင်းဆိုင်ရာ စံသတ်မှတ်ချက်များကို လိုက်နာခြင်း နှင့် တကွ မြန်မာနိုင်ငံမှ ပတ္တမြားများ တင်သွင်းခြင်းအပေါ် ဥပဒေကြောင်းအရ ကန့်သတ်ခြင်းများချမှတ်ခြင်း နှင့် မှောင်ခိုတင်သွင်းမှုကိုကာကွယ်ရန် နယ်စပ်ထိန်းချုပ်မှုကို တင်းကျပ်ခြင်းတို့ ပါဝင်သင့်ပါသည်။

# ၅။ နိုင်ငံတကာ လက်ဝတ်ရတနာကုန်သည်များ နှင့် လေလံကုမ္ပဏီများသည် လူ့အခွင့်အရေးများကို လေးစားလိုက်နာရန် ပျက်ကွက်လျက်ရှိကြသည်

## ၅.၁ နိုင်ငံတကာတွင် သဘောတူထားသည့် တာဝန်များကို ရှောင်တိမ်းခြင်း

ကျောက်မျက်များ ရောင်းချလျက်ရှိကြသည့် ကုမ္ပဏီများသည် စီးပွားရေး နှင့် လူ့အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ အခြေခံမူများ (ကုလသမဂ္ဂ လမ်းညွှန်ချက် အခြေခံမူများ) နှင့် OECD ၏ ပဋိပက္ခသက်ရောက်ခံထားရသည့် နယ်မြေများ နှင့် ထိခိုက်နိုင်ခြေ မြင့်မားသည့် နယ်မြေများမှ တွင်းထွက်များ၏ တာဝန်ယူမှုရှိသော ထုတ်လုပ်မှု လမ်းကြောင်းများအတွက် ထိခိုက်နစ်နာမှုများကို သိရှိနိုင်ရန် စိစစ်ခြင်းလမ်းညွှန်ချက် (OECD လမ်းညွှန်ချက်) တို့အပါအဝင် နိုင်ငံတကာတွင် အားပေးထောက်ခံထားသော မူဘောင်များအရ လူ့အခွင့်အရေးဆိုင်ရာ ဆိုးကျိုးသက်ရောက်စေမှုများ ဖြစ်ပွားစေခြင်း သို့မဟုတ် ထောက်ပံ့ခြင်းတို့ကို ရှောင်ရှားရန် တာဝန်ရှိပြီး အစိုးရများအနေဖြင့် ကုမ္ပဏီများ လိုက်နာမှုရှိကြောင်း သေချာစေရန် တာဝန်ရှိသည် (အောက်ပါ လေးထောင့်ကွက်ကို ကြည့်ရှုပါ)။

သို့ရာတွင် အဆိုပါအခြေခံမူများတွင် အခြေခံထားသည့် လုပ်ငန်းဆိုင်ရာ စည်းကမ်းများသည် မကောင်းသည့်အလေ့အထများကို ဖုံးကွယ်ထားပေးပြီး လက်ရှိ တာဝန်ယူမှုရှိသော ဝယ်ယူခြင်းဆိုင်ရာစနစ်များသည် မြန်မာနိုင်ငံ၏ လက်ရှိ အခြေအနေအတွက် မလုံလောက်ပေ။ အကြီးမားဆုံး ဥရောပ၊ အမေရိက နှင့် အာရှ ကျောက်မျက်ရတနာကုမ္ပဏီ၊ လေလံကုမ္ပဏီများ နှင့် ဈေးကွက်ကြီးအတွင်း လက်လီရောင်းချသည့် လုပ်ငန်း ၃၇ တို့အပေါ် ကျွန်ုပ်တို့၏ သုတေသန၌ မည်သည့် ဖြစ်စဉ်တွင်မဆို မြန်မာနိုင်ငံမှဝယ်ယူနေသည့် ကုမ္ပဏီများအနက် အနည်းငယ်



ရှမ်းပြည်နယ် မိုင်းရှူးအနီးရှိ တောင်များတွင် တူးဖော်ခဲ့သော ကျောက်များမှ ပတ္တမြားများကို ထုတ်ယူနေကြသည့် အသက် ၁၃ နှစ် မှ ၁၉ နှစ်အကြား အမျိုးသမီး လုပ်သားများ၊ ၂၀၁၈ ခုနှစ်။ Suthep Kritsanavarin

ကသာ လူ့အခွင့်အရေးကို အကာအကွယ်ပေးရမည့် ၎င်းတို့၏တာဝန်ကို အလေးအနက် ဆောင်ရွက်လျက်ရှိသည်။ ပိုမိုတင်းကျပ်သည့် ချဉ်းကပ်မှုတစ်ရပ် လိုအပ်ကြောင်း ယခုထက်ပို၍ မရှင်းနိုင်တော့ပေ။

### ကျောက်မျက်ကဏ္ဍအပေါ် သက်ရောက်သည့် နိုင်ငံတကာတွင်ထောက်ခံအားပေးသည့် လူ့အခွင့်အရေး မူဘောင်များ

#### UN လမ်းညွှန်ချက် အခြေခံမူများ

ကုမ္ပဏီအားလုံးတို့သည် အရွယ်အစား၊ ကဏ္ဍ၊ တည်နေရာ၊ ပိုင်ဆိုင်မှု သို့မဟုတ် ဖွဲ့စည်းပုံတို့ မည်သို့ရှိသည်ဖြစ်စေ ကမ္ဘာပေါ် ရှိ မည်သည့်နေရာတွင် လုပ်ငန်းဆောင်ရွက်သည်ဖြစ်စေ လူ့အခွင့်အရေးများကို လေးစားလိုက်နာရမည့် တာဝန်ရှိသည်။ ဤတာဝန်ကို UN လမ်းညွှန်ချက်အခြေခံမူများအတွင်း ချမှတ်ထားသည်။

UN လမ်းညွှန်ချက် အခြေခံမူများအရ ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ ကိုယ်ပိုင် လှုပ်ရှားမှုများမှတဆင့် လူ့အခွင့်အရေးအပေါ် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပွားစေခြင်း သို့မဟုတ် အားပေးကူညီခြင်းတို့ကို ရှောင်ရှားရမည်ဖြစ်ပြီး ထိုသို့ဖြစ်ပွားခဲ့ပါက အကျိုးဆက်များကို ဖြေရှင်းရမည်ဖြစ်သည်။ ကုမ္ပဏီများ အနေဖြင့် ကိုယ်တိုင် ပါဝင်ထောက်ကူခြင်းမပြုသည့်တိုင် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများ၊ ထုတ်ကုန်များ သို့မဟုတ် ဝန်ဆောင်မှုများ နှင့် စီးပွားရေး ဆက်ဆံရေးများဖြင့် ဆက်စပ်နေသော လူ့အခွင့်အရေးအပေါ် ဆိုးကျိုးသက်ရောက်မှုများကို ကာကွယ် သို့မဟုတ် လျှော့ချရမည်ဖြစ်သည်။

#### OECD လမ်းညွှန်ချက်

OECD လမ်းညွှန်ချက်သည် တာဝန်ယူမှုရှိသော တွင်းထွက်သယံဇာတများ ဝယ်ယူခြင်းဆိုင်ရာ စံသတ်မှတ်ချက်တစ်ခုဖြစ်သည်။ ယင်းကို ကွန်ဂိုစစ်ပွဲအတွင်း ရေးဆွဲခဲ့ပြီး 3T တွင်းထွက်များ (ခဲမဖြူ၊ အဖြိုက်နက်၊ တန်တာလန်) နှင့် ရွှေ တို့အပေါ် အာရုံစူးစိုက်ထားသော်လည်း တွင်းထွက်သယံဇာတများ အားလုံး နှင့် ဒေသများအားလုံးတွင် အသုံးချနိုင်သည်။

OECD လမ်းညွှန်ချက်သည် အဆင့် ၅ ဆင့် ပါဝင်သည့် လုပ်ငန်းစဉ်တစ်ခုကို ချမှတ်ထားသည်။ အခြေခံအားဖြင့် တွင်းထွက်သယံဇာတ ဝယ်ယူများအနေဖြင့် ပဋိပက္ခ သို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်မှုများကို အားပေးကူညီနေခြင်းမရှိကြောင်း သေချာစေရန် ရည်ရွယ်ပြီး ထုတ်လုပ်ရေးလမ်းကြောင်းတစ်ခု အတွင်းရှိ ကုမ္ပဏီများအားလုံးအပေါ် သက်ရောက်ပါသည်။ ယင်းတွင် ကုမ္ပဏီ စီမံခန့်ခွဲရေးစနစ်များ တည်ထောင်ခြင်း၊ ထုတ်လုပ်ရေးလမ်းကြောင်းများ အတွင်း အန္တရာယ်များကို ခွဲခြားသတ်မှတ်ခြင်း နှင့် ဆန်းစစ်ခြင်း၊ အန္တရာယ်များကို လျှော့ချခြင်း နှင့် စီမံခန့်ခွဲခြင်း၊ ထုတ်လုပ်ရေးလမ်းကြောင်းများအပေါ် သီးခြား လွတ်လပ်သည့် စာရင်းစစ်ခြင်းများ (ယင်းသည် ပြုပြင်စီမံသူများ နှင့် အရည်ကြိုသူများအပေါ် သာ သက်ရောက်ပါသည်) နှင့် အများပြည်သူဆိုင်ရာ အစီရင်ခံတင်ပြခြင်းတို့ ပါဝင်ပါသည်။ EU အပါအဝင် စီရင်ပိုင်ခွင့်အချို့သည် OECD လမ်းညွှန်ချက်၏ အခြေခံများကို ဥပဒေအဖြစ် ပြဋ္ဌာန်းခဲ့ပါသည်။

OECD မူဘောင်အရ ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံကဲ့သို့ အန္တရာယ်မြင့်မားသည့် နယ်မြေများမှ ဝယ်ယူတင်သွင်းရာတွင် ၎င်းတို့၏ ထုတ်လုပ်ရေးလမ်းကြောင်းအတွင်းရှိ ပဋိပက္ခ နှင့် လူ့အခွင့်အရေးဆိုင်ရာ ပြဿနာများကို စဉ်ဆက်မပြတ် ဆန်းစစ်ရန် နှင့် လျှော့ချရန် ကုမ္ပဏီများကို သတ်မှတ်ထားပါသည်။

# ၅.၂ လုပ်ငန်းနယ်ပယ်ဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများသည် လုံလောက်မှု မရှိဘဲ မကောင်းသည့် အလေ့အထများကို ဖုံးဖိထားနိုင်စေသည်

အချို့သော ဖြစ်စဉ်များတွင် ကျောက်မျက် နှင့် လက်ဝတ်ရတနာ လုပ်ငန်းအဖွဲ့အစည်းများ၌ OECD လမ်းညွှန်ချက်ကို အခြေခံထားသော မိမိဆန္ဒအလျောက် စံသတ်မှတ်ချက်များရှိကြသည်။ ထိုသို့သော စံသတ်မှတ်ချက်များသည် အကောင်းဆုံးဖြစ်စဉ်များတွင် တာဝန်ယူမှုရှိသော ဝယ်ယူခြင်းကို အားပေးနိုင်သော်လည်း ဆန္ဒအလျောက် သီးသန့်ဖြစ်သောကြောင့် မဖြစ်မနေလိုက်နာရန် ချမှတ်ထားသော စံသတ်မှတ်ချက်များကို အစားထိုးနိုင်ခြင်းမရှိဘဲ အထူးသဖြင့် မြန်မာနိုင်ငံကဲ့သို့သော စိန်ခေါ်မှု များပြားသည့် ပတ်ဝန်းကျင်တစ်ခုနှင့် ပတ်သက်သည့်အခါ ထိရောက်သည့် စည်းမျဉ်းထိန်းကျောင်းမှုများရှိရန် အမှီအခိုကင်းလွတ်လပ်သော ဖွဲ့စည်းပုံများ လိုအပ်ပါသည်။

တာဝန်ယူမှုရှိသော လက်ဝတ်ရတနာလုပ်ငန်း ကောင်စီ (RJC) သည် ကမ္ဘာတစ်ဝန်းတွင် အဖွဲ့ဝင် ၁၂၀၀ ကျော်ရှိသော ထိပ်တန်း ကျောက်မျက်ရတနာလုပ်ငန်း အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ၎င်း၏ ကျင့်ဝတ်စည်းမျဉ်း (COP) စံသည် ကျောက်မျက်ရတနာ ထုတ်လုပ်ရေးလမ်းကြောင်းများအတွင်း သဘာဝပတ်ဝန်းကျင်နှင့် လုပ်သား အခွင့်အရေးများကဲ့သို့သော အခြားစံချိန်စံနှုန်းများစွာတို့အနက် ပဋိပက္ခ နှင့် အန္တရာယ်ဖြစ်ပွားနိုင်ခြေ မြင့်မားသည့် နယ်မြေများမှ တာဝန်ယူမှုရှိသော ဝယ်ယူခြင်းကို ဖြေရှင်းထားသည်။ ၂၀၁၉ ခုနှစ်တွင် ပြင်ဆင်ထားသည့် COP စံတွင် ပထမဆုံးအကြိမ်အဖြစ် ရောင်စုံကျောက်မျက်များ ပါဝင်လာသည်။ အသေးစားကိစ္စရပ်များရှိသည့်အခါ သို့မဟုတ် စာရင်းစစ်ဆေးသူများအနေဖြင့် ကြီးမားသည့် မလိုက်နာမှုတစ်ခုကို တင်ပြပြီးနောက် တစ်နှစ်ကြာသည့်အခါ COP စံအပေါ် လိုက်နာမှုအား သုံးနှစ် တစ်ကြိမ် စာရင်းစစ်များဖြင့် အသိအမှတ်ပြုပါသည်။ ကုမ္ပဏီများအနေဖြင့် သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းဆိုင်ရာ အလေ့အထများနှင့် ပတ်သက်၍ လူသိရှင်ကြားအစီရင်ခံတင်ပြရန် သတ်မှတ်ထားသော်လည်း အဆိုပါစံတွင် ၎င်းတို့အနေဖြင့် မည်သည်တို့ကို အစီရင်ခံတင်ပြရမည်ဖြစ်ကြောင်း လုံလောက်သည့် သတင်းအချက်အလက်များ ပေးအပ်ထားခြင်းမရှိပေ။

အဖွဲ့ဝင်ကုမ္ပဏီများအနေဖြင့် အသိအမှတ်ပြုလက်မှတ်ရရှိရန် နှင့် အသိအမှတ်ပြုထားသည့်အဖွဲ့ဝင်များ ဖြစ်လာရန် နှစ်နှစ်အချိန်ရရှိသည်။ တစ်နည်းအားဖြင့် ကုမ္ပဏီများအနေဖြင့် ပြင်ပပုဂ္ဂိုလ်များအနေဖြင့် အသိအမှတ်ပြုလက်မှတ်ရထားသည့်အဖွဲ့ဝင်များ နှင့် မရထားသည့်အဖွဲ့ဝင်များအကြား ကွဲပြားမှုကို မသိရှိနိုင်သဖြင့် ၎င်း၏အခြေခံမူများကို လိုက်နာခြင်းမရှိဘဲ RJC အဖွဲ့ဝင်ဖြစ်ရုံမျှဖြင့် ပိုမိုမြင့်မားသည့် စိတ်ချယုံကြည်မှုကို ရရှိကြသည်။ Human Rights Watch ၏ ဖော်ပြချက်အရ RJC ၏ အဖွဲ့ဝင်များအနက် ၃၀% ခန့်သည် ၂၀၂၀ ခုနှစ် မေလအထိ အသိအမှတ်ပြုလက်မှတ် ရရှိထားခြင်းမရှိပေ။ RJC ကမူ ကုမ္ပဏီများအနေဖြင့် RJC ထံသို့ "ဝင်ရောက်" သည်ဟု သတ်မှတ်ထားရုံမျှဖြင့် အသိအမှတ်ပြုလက်မှတ် မရရှိမီပင် အဖွဲ့ဝင်ဖြစ်မှုမှ အကျိုးကျေးဇူးရရှိသည်ဟူသော ပြောဆိုချက်ကို သဘောမတူကြောင်း Global Witness ထံ ပေးပို့သည့် စာတွင် ပြောကြားခဲ့သည်။



SSA-N မှ ထိန်းချုပ်ထားသော မိုင်းရှူးအနီးရှိ ပတ္တမြားတွင်းတစ်ခုတွင် ဖောက်ခွဲရေး ပစ္စည်းများ ထည့်သွင်းရန် အပေါက်တစ်ခု ဖောက်နေသည့် လုပ်သားတစ်ဦး၊ ၂၀၁၈ ခုနှစ်။ Suthep Kritsanavarin

ရောင်စုံကျောက်မျက်ရတနာများဆိုင်ရာ လုပ်ငန်းအဖွဲ့ (CGWG) ၏ ကျောက်မျက်နှင့် လက်ဝတ်ရတနာ အသိုင်းအဝိုင်း စကြံ့န်သည် ၂၀၂၁ ခုနှစ် ဧပြီလတွင် စတင်ခဲ့သော နောက်ထပ်လုပ်ငန်းဆိုင်ရာအစီအစဉ်တစ်ခု ဖြစ်သည်။ CGWG အား ရောင်စုံကျောက်မျက်တန်ဖိုး ကွင်းဆက်တစ်ခုလုံးတစ်လျှောက်တွင် ဝယ်ယူတင်သွင်းခြင်း နှင့် လုပ်ငန်းဆောင်ရွက်ခြင်းဆိုင်ရာ အလေ့အထများ တိုးတက်စေရေး ရည်မှန်းချက်ဖြင့် အနောက်နိုင်ငံများရှိ လူသိအများဆုံး လက်ဝတ်ရတနာနှင့် ကျောက်မျက်တူးဖော်ရေး ကုမ္ပဏီအချို့မှ ၂၀၁၅ ခုနှစ် တွင် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ RJC နှင့် ပူးပေါင်းကာ TDi Sustainability အကြံပေးအဖွဲ့ထံမှ အထောက်အပံ့ဖြင့် ယင်းသည် OECD လမ်းညွှန်ချက်အပေါ် အခြေခံကာ ကိရိယာများ နှင့် အရင်းအမြစ်များ ဖန်တီးခဲ့သည်။ ၎င်းတို့ကို လွတ်လပ်စွာရယူအသုံးချနိုင်ပြီး ကုမ္ပဏီများအား တာဝန်ယူမှုရှိစွာ ဝယ်ယူတင်သွင်းရာတွင် အကူအညီပေးရန် ရည်ရွယ်ထားပါသည်။

မည်သို့ပင်ဆိုစေကာမူ အဖွဲ့ဝင်များတွင် အငြင်းပွားဖွယ် ကျောက်မျက်ကုမ္ပဏီတစ်ခုဖြစ်သည့် Gemfields ပါဝင်နေပြီး အနည်းဆုံးအနေဖြင့် အဓိကပါဝင်သည့် ကုမ္ပဏီ သုံးခုတို့ဖြစ်သော Chopard, Boucheron နှင့် Tiffany & Co. တို့ သည် ကြီးလေးသော လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ထားသည့် မိုဇမ်ဘစ်ရှိ Gemfields ၏ ကျောက်တွင်းများမှ ပတ္တမြားများ ဝယ်ယူတင်သွင်းသဖြင့် သို့မဟုတ် မကြာသေးမီက ဝယ်ယူတင်သွင်းခဲ့သဖြင့် တာဝန်ယူမှုရှိသော ဝယ်ယူတင်သွင်းခြင်းအပေါ် CGWG ၏ ကတိကဝတ်သည် မေးခွန်းထုတ်ဖွယ်ရာ ဖြစ်လာခဲ့သည်။ မိုဇမ်ဘစ်သည် မြန်မာနိုင်ငံမှ ကျောက်မျက်များ ဝယ်ယူတင်သွင်းခြင်းအတွက် ကျင့်ဝတ်နှင့်ညီသော အစားထိုးစရာတစ်ခု မဟုတ်ပေ (စာမျက်နှာ ၄၁ ရှိ လေးထောင့်ကွက်ကို ကြည့်ရှုပါ)။

CGWG က ၎င်းအနေဖြင့် Gemfields အပေါ် လူ့အခွင့်အရေးစွပ်စွဲချက်များအား အလွန်အလေးအနက်ထားကြောင်း နှင့် Gemfields သည် CGWG အတွင်း အစဉ်အမြဲပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခဲ့ကြောင်း Global Witness ထံ ပေးပို့ခဲ့သည့် စာအတွင်း ပြောကြားခဲ့သည်။ ကြီးလေးသည့် လူ့အခွင့်အရေးချိုးဖောက်မှုများဆိုင်ရာ အန္တရာယ်ရှိပါက ထိတွေ့ဆက်ဆံခြင်းမပြုရန် OECD ၏ လမ်းညွှန်ချက်နှင့်စပ်လျဉ်း၍ CGWG က ၎င်းအနေဖြင့် တိုင်းပြည်များအား ၎င်းတို့၏တွင်းထွက်သယံဇာတများမှ အကျိုးကျေးဇူးများ ရရှိနိုင်စေရေးအတွက် ရည်သန်ကာ တွင်းထွက်ကဏ္ဍအတွင်း ပွင့်လင်းမြင်သာသော တွင်းထွက်ထုတ်လုပ်ရေးလမ်းကြောင်းများနှင့် ရေရှည်တည်တံ့သော ကော်ပိုရိတ်ထိတွေ့ဆက်ဆံမှုတို့ကို ပြုစုပျိုးထောင်ရန် ဆန္ဒရှိသည်ဟု ဆိုခဲ့သည်။ ထို့ကြောင့် ၎င်း၏အဖွဲ့ဝင်များသည် ဖြစ်နိုင်ခြေရှိသောအန္တရာယ်များကို ဖြေရှင်းရေးအတွက် အတူတကွလုပ်ဆောင်ရန် ၎င်းတို့၏ လွှမ်းမိုးမှုကို အသုံးပြုသည်ဟု CGWG က ဆိုခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ ၎င်း၏အဖွဲ့ဝင်များသည် Gemfields ၏ လုပ်ကွက်များနှင့် ဆက်စပ်နေသော လူ့အခွင့်အရေးချိုးဖောက်မှု တိုင်ကြားချက်များကို မည်သို့ဖြေရှင်းခဲ့ကြောင်း တစ်စုံတစ်ရာ ရှင်းပြခဲ့ခြင်းမရှိသလို အဆိုပါ ချိုးဖောက်မှုများအား Gemfields မှ ဖြေရှင်းခဲ့ခြင်းရှိမရှိကိုလည်း ရှင်းပြခဲ့ခြင်း မရှိပေ။

Global Witness ထံပေးပို့သည့် စာတစ်စောင်အတွင်း Tiffany & Co. က ၎င်းအနေဖြင့် ၂၀၁၇ ခုနှစ်ကတည်းမှ စတင်ကာ Gemfields ထံမှ တိုက်ရိုက်ဝယ်ယူခြင်း မရှိခဲ့ကြောင်း နှင့် ၎င်းအာရုံစိုက်မိလာသည့် စွပ်စွဲချက်များကို ပြန်လည်သုံးသပ်လျက်ရှိခဲ့ကြောင်း ပြောကြားခဲ့သည်။ "နှစ်ကာလများအတွင်း Tiffany & Co. အနေဖြင့် လူ့အခွင့်အရေး နှင့် ကျင့်ဝတ်နှင့်ညီသော စီးပွားရေးလုပ်ဆောင်မှုများကို အဓိကဦးစားပေးအဖြစ် သတ်မှတ်ကြောင်း Gemfields ထံ ရှင်းလင်းစွာ ပြောကြားခဲ့ပြီးဖြစ်ကာ အဆိုပါအကြောင်းအရာများကို ၎င်းတို့နှင့် ဆွေးနွေးတိုင်ပင်ခဲ့သည်" ဟု ကုမ္ပဏီကဆိုကာ OECD လမ်းညွှန်ချက်အောက်တွင် အန္တရာယ်ရှိကြောင်း သင်္ကေတများအား တုန့်ပြန်ရာ၌ ဖြစ်နိုင်သည့်နေရာများတွင် ပြဿနာများကို ဖြေရှင်းရန် ကြိုးပမ်းသင့်ကြောင်း မှတ်ချက်ပြုခဲ့သည်။ Gemfields အနေဖြင့် ၎င်း၏ စိုးရိမ်ပူပန်မှုများကို ဖြေရှင်းခဲ့ခြင်းရှိမရှိနှင့်ပတ်သက်၍ Tiffany က မှတ်ချက် မပေးခဲ့ပေ။

## မိုဇမ်ဘစ် - မြန်မာနိုင်ငံမှ ပတ္တမြားများအတွက် ကျင့်ဝတ်နှင့်ညီသော အစားထိုးဖွယ်ရာ တစ်ခုမဟုတ်ပေ။

မြန်မာနိုင်ငံမှ ပတ္တမြားများနှင့်ပတ်သက်သည့် လူ့အခွင့်အရေးဆိုင်ရာ အန္တရာယ်များအတွက် စိုးရိမ်ပူပန်မှုများအကြားတွင် မိုဇမ်ဘစ်၏ Cabo Delgado ခရိုင်၌ ရောမပတ္တမြားသိုက်သစ်တစ်ခုကို ၂၀၀၉ ခုနှစ်၌ ရှာဖွေတွေ့ရှိခဲ့ခြင်းသည် လက်ဝတ်ရတနာလုပ်ငန်းအတွက် စိတ်သက်သာရာတစ်ခု ဖြစ်ခဲ့သည်။ Montepeuz ပတ္တမြားသိုက်သည် မကြာမီကာလအတွင်း ကမ္ဘာပေါ်ရှိ ပတ္တမြားတို့၏ ခန့်မှန်းခြေ ၃၀% ကို ထုတ်လုပ်လျက်ရှိလာခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် ၁၃၀ စတုရန်းမိုင်ရှိသော လုပ်ကွက်တစ်ခုအား Montepuez Ruby Mining Limitada (MRM) ထံသို့ ပေးအပ်ခဲ့သည်။ MRM ၏ ၇၅% ကို Gemfields မှ ပိုင်ဆိုင်ပြီး ကျန်အစိတ်အပိုင်းများကို မိုဇမ်ဘစ်ကုမ္ပဏီ Mwiriti Limitada မှ ပိုင်ဆိုင်သည်။

Gemfields သည် "တာဝန်ယူမှုရှိစွာ ဝယ်ယူတင်သွင်းခဲ့သော ရောင်စုံကျောက်မျက်များ၏ ကမ္ဘာ့ထိပ်တန်းကုန်ပစ္စည်းပေးသွင်းသူ" အဖြစ် မိမိကိုယ်ကိုယ်ဖော်ပြခဲ့ပြီး "နိုင်ငံတော်စီးပွားရေးလုပ်ငန်းများအပေါ် အပြုသဘောသက်ရောက်ခဲ့ကာ" "ကျောက်တွင်းများပတ်လည်ရှိ အသိုင်းအဝိုင်းများအတွက် ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ" တည်ဆောက်ပေးသည်ဟု ဆိုသည်။ ထိုသို့သောဖော်ပြမှုသည် အထူးသဖြင့် မြန်မာနိုင်ငံမှပတ္တမြားများကို အမေရိကန်သို့တင်သွင်းခွင့် ပိတ်ပင်ခဲ့သော ၂၀၀၃ ခုနှစ် နှင့် ၂၀၁၆ ခုနှစ်တို့အကြားတွင် မြန်မာ့ပတ္တမြားအတွက် ကျင့်ဝတ်နှင့်ညီသော ပတ္တမြားများအဖြစ် ၎င်း၏ပတ္တမြားများကို မြှင့်တင်ရန် အထောက်အကူပြုခဲ့သည် (အရေးယူမှုများကို ၂၀၀၈ ခုနှစ်တွင် တိုးချဲ့ခဲ့သည်)။

မည်သို့ပင်ဆိုစေကာမူ လက်တွေ့မှာမူ များစွာကွဲပြားခြားနားပုံရပါသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း Montepuez ကျောက်တွင်းအတွင်း နှင့် အနီးတစ်ဝိုက်တို့ရှိ လက်လုပ်လက်စား တူးဖော်သူများအပေါ် လုံခြုံရေးတပ်ဖွဲ့များမှ ကျူးလွန်ခဲ့သော ရိုက်နှက်မှုများ၊ အရှက်ရစေသည့် ဆက်ဆံမှုများ၊ တရားဥပဒေမဲ့ ဖမ်းဆီးထိန်းသိမ်းမှုများ နှင့် လိင်ပိုင်းဆိုင်ရာစော်ကားမှုများ အပါအဝင် ကျယ်ပြန့်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ထားခဲ့သည်။

ပတ္တမြားသိုက် ရှာဖွေတွေ့ရှိခဲ့ခြင်းကြောင့် ၂၀၀၉ ခုနှစ်မှစတင်ကာ ဒေသအတွင်းသို့ လက်လုပ်လက်စား တူးဖော်သူများ စုပြုံ၍ဝင်ရောက်လာခဲ့သည်။ သို့ရာတွင် MRM အနေဖြင့် လုပ်ကွက်ရရှိခဲ့ပြီး နှစ်နှစ် ကြာမြင့်ချိန်တွင် လက်လုပ်လက်စားတူးဖော်သူများကို မောင်းထုတ်ရန် နှင့် ၎င်းတို့ပြန်လာခြင်းကို တားဆီးကာကွယ်ရန်အတွက် လက်နက်ကိုင်လုံခြုံရေးတပ်ဖွဲ့များကို စတင်အသုံးပြုလာခဲ့သည်။ ထိုစဉ်မှစတင်ကာ Al Jazeera မှ တွေ့ဆုံမေးမြန်းခဲ့သော Montepuez ရှေ့နေချုပ်၏အဆိုအရ အနိမ့်ဆုံး ၁၈ ဦးတို့ ပစ်ခတ်သတ်ဖြတ်ခံခဲ့ရပြီး သတ်ဖြတ်မှုအများစုတို့သည် ပုဂ္ဂလိက နှင့် အစိုးရလုံခြုံရေးတပ်ဖွဲ့များနှင့်ဆက်စပ်နေသည်။ ကျွန်ုပ်တို့၏ စုံစမ်းမေးမြန်းမှုများကို တုန့်ပြန်သည့်အားဖြင့် Gemfields က ၎င်းအနေဖြင့် လူ ၇ ဦး ပစ်ခတ်သတ်ဖြတ်ခံခဲ့ရကြောင်း နှင့် ယင်းတို့အနက် ၆ ဦးတို့သည် မိုဇမ်ဘစ်တပ်ဖွဲ့များသို့မဟုတ် ရဲတပ်ဖွဲ့များကြောင့်ဖြစ်ကြောင်းသိရှိသည်ဟု တုန့်ပြန်ခဲ့သည်။ လူသိများပျံ့နှံ့သွားခဲ့သည့် ဗီဒီယိုတစ်ခုတွင် ရဲအရာရှိများ နှင့် လုံခြုံရေးအစောင့်များသည် MRM လုပ်ကွက်ရှိ လက်လုပ်လက်စားတူးဖော်သူများကို ရိုက်နှက်နေကြောင်း တွေ့ရသည်။ တရားဝင် လုံခြုံရေးအစောင့်များအပြင် MRM လုပ်ကွက်အတွင်း လူရမ်းကားဂိုဏ်းတစ်ခုလည်း လှုပ်ရှားပြီး တူးဖော်သူများကို တိုက်ခိုက်ခဲ့ကြသည်ဟု တင်ပြချက်များရှိခဲ့သည်။ Gemfields က ၎င်းတို့နှင့် ဆက်စပ်မှုတစ်စုံတစ်ရာမရှိကြောင်း ငြင်းဆိုခဲ့သော်လည်း ၎င်းတို့သည် MRM လုံခြုံရေးအစောင့်များ၏ အမြင်အရ လက်လုပ်လက်စား ကျောက်တွင်းတစ်ခုကို ရှင်းလင်းနေခဲ့ကြောင်း တွေ့မြင်ခဲ့ရသည်။

အခြားအုပ်စုတစ်စုပိုင်ဆိုင်သည့် လုပ်ကွက်တစ်ခုတွင် တူးဖော်မှုများလုပ်ဆောင်ခြင်းသည် တရားမဝင်ကြောင်း Gemfields က ဖော်ပြခဲ့ပြီး ယင်းအနေဖြင့် အစိုးရနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ကြောင်း စာနယ်ဇင်းသမားများထံ ဝန်ခံခဲ့ကာ အစိုးရတပ်ဖွဲ့များတွင် နိုင်ငံတော်၏ အဓိကပိုင်ဆိုင်မှုတစ်ခုကို ကာကွယ်စောင့်ရှောက်ရန် လုပ်ပိုင်ခွင့်တစ်ခုရှိသည်ဟု ဆိုသည်။

၂၀၁၄ ခုနှစ်တွင် ရဲတပ်ဖွဲ့သည် ကျေးရွာနှစ်ရွာတွင် နေထိုင်သူများအား MRM ၏လုပ်ကွက်မှ ဖယ်ရှားရန်အတွက် ဖမ်းဆီးခြင်း၊ လက်ရောက်ကျူးလွန်ခြင်း နှင့် အိမ်ခြေ ၃၀၀ ခန့်တို့ကို မီးရှို့ခြင်းတို့ လုပ်ဆောင်ခဲ့သည်ဟူသော စွပ်စွဲချက်များရှိခဲ့သည်။ အဆိုပါရှင်းလင်းမှုသည် တရားဥပဒေနှင့်အညီ လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး နေအိမ်များ ဖျက်ဆီးခြင်းခံခဲ့ရသူများတွင် ဥပဒေနှင့်အညီ မြေယာပိုင်ဆိုင်မှု အထောက်အထားမရှိဟု Gemfields က ဆိုသည်။ မြေယာ ရှင်းလင်းမှုနှင့်ပတ်သက်သော လူ့အခွင့်အရေးချိုးဖောက်မှု စွဲချက်များအတွက် ၂၇၃ ဦးတို့ထံ ပေါင် ၅.၈ သန်း ပေးအပ်ရန် ၂၀၁၈ ခုနှစ်၌ လန်ဒန်အထက်တရားရုံး၌ သဘောတူခဲ့သော်လည်း ၎င်းတွင် မည်သည့်တာဝန်မျှမရှိဟု ငြင်းဆိုခဲ့သည်။

စာနယ်ဇင်းသမားတစ်ဦး၏ စွပ်စွဲချက်များမှလွဲ၍ ယင်းအနေဖြင့် MRM အမှုထမ်းများ နှင့် ကန်ထရိုက်တာများပါဝင်သော အကြမ်းဖက်မှုများ ဖြစ်ပွားနေခြင်းနှင့်ပတ်သက်သည့် စွပ်စွဲချက်များကို မသိရှိကြောင်း နှင့် ကုမ္ပဏီသည် လုံခြုံရေး နှင့် လူ့အခွင့်အရေးဆိုင်ရာ မိမိဆန္ဒအလျောက်လိုက်နာသည့် အခြေခံမှုများတွင် မကြာသေးမီက ပါဝင်လာခဲ့ကြောင်း Global Witness ထံသို့ Gemfields က ရေးသားပြောဆိုခဲ့သည်။

စီမံကိန်းသည် အခွင့်ထူးခံလူတစ်စုကို အဓိကအကျိုးအမြတ်ရရှိစေခဲ့ပုံရပါသည်။ Gemfields ၏ မိုဇမ်ဘစ်စီးပွားဖက်ဖြစ်သော Mwiriti Limitada သည် မိုဇမ်ဘစ်၏ ပထမဆုံးသမ္မတဖြစ်သူ၏သား Samora Machel Jr နှင့် အာဏာရပါတီအဖွဲ့ဝင်တစ်ဦး ဖြစ်ပြီး Cabo Delgado ခရိုင်၏ အုပ်ချုပ်ရေးမှူးဖြစ်ခဲ့သူ ဗိုလ်ချုပ် Raimundo Pachinuapa တို့အပါအဝင် နိုင်ငံ၏ ဩဇာအကြီးဆုံး ပုဂ္ဂိုလ်အချို့နှင့် အဆက်အသွယ်ရှိသည်။ Gemfields က ၎င်းအနေဖြင့် အကျိုးစီးပွားပဋိပက္ခပြဿနာကို အလေးအနက်ထား ဆောင်ရွက်ပြီး



မိုဇမ်ဘစ်နိုင်ငံ Montepuez ပတ္တမြားတွင်းအနီးရှိ အသေးစားဆည်တစ်ခုတွင် ကျောက်စရစ်များကို ဆန်ခါချကာ ပတ္တမြားများ ရှာဖွေနေကြသော လက်လုပ်လက်စား တူးဖော်သူများ၊ ၂၀၁၈ ခုနှစ်။ Matthew Hill/Bloomberg via Getty Images

သက်ဆိုင်ရာ ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန် စိစစ်ခြင်းများကို လုပ်ဆောင်ကြောင်း Global Witness ထံပြောကြားခဲ့သည်။

Cabo Delgado အပါအဝင် မြောက်ပိုင်းရှိခရိုင်များသည် သဘာဝသယံဇာတ အကြွယ်ဝဆုံးဖြစ်သော်လည်း နိုင်ငံအတွင်း ဆင်းရဲနွမ်းပါးမှုနှုန်းထားများ အမြင့်ဆုံးဖြစ်ကြသည်။ Cabo Delgado သည် လက်နက်ကိုင်ပဋိပက္ခ နှင့် ပြည်သူလူထုများ အကြီးစားအတိုင်းအတာဖြင့် ဖယ်ရှားရခြင်းတို့ကြောင့် ဖွံ့ဖြိုးမှုအတွက် အဟန့်အတား ဖြစ်စေသည်။ MRM သည် Cabo Delgado ရှိ အလုပ်အကိုင်များ၊ အခွန်အကောက်ဝင်ငွေများ၊ စီးပွားရေးလှုံ့ဆော်မှုများ နှင့် အသက်မွေးဝမ်းကျောင်းသင်တန်းပို့ချမှုများအတွက် အဓိက မောင်းနှင်သူဖြစ်ပြီး Gemfields ၏ အကျိုးအမြတ်များသည် ထောင်ပေါင်းများစွာသော ပြည်သူလူထု အစုရှယ်ယာရှင်များကို အကျိုးကျေးဇူးရရှိစေခဲ့ကြောင်း Gemfields က Global Witness ထံ ပြောကြားခဲ့သည်။

## ၅.၃ မြန်မာနိုင်ငံမှ ထုတ်လုပ်ရေး လမ်းကြောင်းများ နှင့်ပတ်သက်၍ ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရေး စိစစ်ရန်အလွန်ခက်ခဲပါသည်

မြန်မာနိုင်ငံတွင်သာမကဘဲ ကျောက်မျက်ထုတ်လုပ်ရေးလမ်းကြောင်းများသည် ရှုပ်ထွေးပြီး၊ အစိတ်အပိုင်းများကွဲနေကာ ပွင့်လင်းမြင်သာမှုမရှိကြောင်း လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူများက မကြာခဏဖော်ပြလေ့ရှိသည်။ စီမံထုတ်လုပ်သူများ နှင့် ကျောက်မျက်ရတနာလုပ်ငန်းများသည် ကျောက်တွင်းများမှ တိုက်ရိုက်ဝယ်ယူတင်သွင်းလေ့မရှိဘဲ ကျောက်မျက်များသည် အဆင့်ဆင့်လက်လွှဲပြောင်းခြင်းခံရလေ့ရှိသည်။ ဤအစီရင်ခံစာ၏ယခင်အခန်းများတွင် မြန်မာနိုင်ငံရှိ ကုမ္ပဏီပိုင်ဆိုင်မှုသည် ပွင့်လင်းမြင်သာမှုမရှိကြောင်း နှင့် ပတ္တမြားများ စီမံထုတ်လုပ်နေသည့် ကုမ္ပဏီများအနေဖြင့် ၎င်းတို့ဝယ်ယူသော ပတ္တမြားတို့၏ တိကျသည့် ဇစ်မြစ်ကို သိရှိလေ့မရှိကြောင်း ဖော်ပြခဲ့ပါသည်။ အဆိုပါအချက်များ ပေါင်းစပ်လိုက်သည့်အခါ အထူးသဖြင့် မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ အချောထည်ကုမ္ပဏီများအတွက် ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန် စိစစ်ခြင်းသည် အထူးခက်ခဲပါသည်။

ကမ္ဘာတစ်ဝန်းတွင် တွင်းထွက်သယံဇာတများ နှင့် ကျောက်မျက်များကို တာဝန်ယူမှုရှိစွာ ဝယ်ယူတင်သွင်းကြောင်း သေချာစေရေးအတွက် အထောက်အကူပြုရန် ခြေရာခံခြင်း နှင့် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းစနစ်များကို ရေးဆွဲခဲ့ကြသော်လည်း အဆိုပါအစီအစဉ်အားလုံးသည် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာအခြေအနေများနှင့် ကိုက်ညီမှုမရှိပေ။ ပဋိပက္ခနှင့်ကင်းလွတ်ကြောင်း အသိအမှတ်ပြုလက်မှတ်များထုတ်ပေးခြင်း၊ ကန့်သတ်ထားသည့် လမ်းကြောင်းမှသာ ဝယ်ယူတင်သွင်းခြင်း၊ မျှတစွာကုန်သွယ်ခြင်း နှင့် ကုန်ကြမ်းပစ္စည်းများ၏ မည်သည့် ရာခိုင်နှုန်းသည် သက်ဆိုင်ရာ မူလနေရာများမှ ထွက်ရှိလာကြောင်း တင်ပြနိုင်သော အဆင့်မြင့် ကုန်ကြမ်းပစ္စည်းခြေရာခံရေး အစီအစဉ်များသည် မြန်မာနိုင်ငံတွင် မရှိသည့် တည်ငြိမ်မှု အတိုင်းအတာတစ်ခု နှင့် တရားဝင်စီမံအုပ်ချုပ်မှုတို့အပေါ်တွင် မူတည်နေပါသည်။ ၂၀၂၁ ခုနှစ် အာဏာသိမ်းမှု မတိုင်မီကပင် Tiffany & Co. သည် ၎င်းအနေဖြင့် တာဝန်ယူမှုရှိစွာ ဆောင်ရွက်နိုင်မှုမရှိကြောင်း စိုးရိမ်ပူပန်မှုများကြောင့် မိုးကုတ်မှ ကန့်သတ်ထားသည့် လမ်းကြောင်းအတိုင်း ဝယ်ယူတင်သွင်းရန် လုပ်ဆောင်မှုတစ်ခုကို စွန့်လွှတ်ခဲ့သည်။

အဆိုပါ စိန်ခေါ်မှုများသည် ကုမ္ပဏီများ သို့မဟုတ် အစိုးရများအား တာဝန်ယူမှုရှိစွာ ဆောင်ရွက်ခြင်းမှ ကင်းလွတ်ခွင့် မပြုပေ။ အကယ်၍ တစ်စုံတစ်ခုဖြစ်ပါက ယင်းသည် ကုမ္ပဏီများအနေဖြင့် မိမိတို့ကိုယ်တိုင် တာဝန်ယူရန်၊ ကုန်ပစ္စည်းပေးသွင်းသူများထံမှ ပွင့်လင်းမြင်သာမှုကို တောင်းဆိုရန်၊ ခြေရာခံနိုင်မှုကို မြှင့်တင်ရန် နှင့် ဝယ်ယူသည့် ကျောက်မျက်များသည် ပဋိပက္ခ၊ လူ့အခွင့်အရေးချိုးဖောက်မှု၊ တရားမဝင်မှုများမှ ကင်းလွတ်ကြောင်းသေချာစေရန် အခြား အားထုတ်မှုများ နှင့် အစိုးရများအနေဖြင့် ကုမ္ပဏီများသည် အဆိုပါတာဝန်များကို အလေးအနက်ဆောင်ရွက်ကြောင်း သေချာစေရန် ပိုမိုအရေးပါစေသည်။

စစ်တပ်အာဏာသိမ်းမှုမတိုင်မီ ပတ္တမြားများကို တူးဖော်ခဲ့သည့် ကိစ္စရပ်နှင့်ပတ်သက်၍ အောက်ပါ လေးထောင့်ကွက်ကို ကြည့်ရှုပါ။



မိုင်းရှူးအနီးရှိ တောင်များတွင် ကျောက်မျက်တူးဖော်ရေး ကုမ္ပဏီများ ကျန်နေခဲ့သော အကြွင်းအကျန်များကို မှောင်ရိပ်အတွင်း ရှာဖွေနေသည့် အမျိုးသားတစ်ဦး။ Suthep Kritsanavarin

## ပတ္တမြားဟောင်း နှင့် ပတ္တမြားသစ်များ

နိုင်ငံတကာလေလံကုမ္ပဏီများ နှင့် တန်ဖိုးမြင့် လက်လီရောင်းချသူများ ရောင်းချခဲ့သည့် တန်ဖိုးအရှိဆုံး မြန်မာ့ပတ္တမြားများသည် ဆယ်စုနှစ်များစွာက သို့မဟုတ် ရာစုနှစ်တစ်ခုကပင် တူးဖော်၊ ဖြတ်တောက်ခဲ့သည့် ရှေးဟောင်း ပတ္တမြားများ ဖြစ်ကြသည်။ ယင်းတို့သည် ကန့်သတ်ချက်များမှ ကင်းလွတ်ခွင့် ရရှိသင့်ပါသလား။

ကံမကောင်းစွာပင် ကင်းလွတ်ခွင့် မရရှိသင့်ပါ။ ကုမ္ပဏီများ နှင့် လက်လီရောင်းချသူများအနေဖြင့် ၎င်းတို့၏ပတ္တမြားများအား မြန်မာနိုင်ငံတွင် စစ်တပ်အုပ်ချုပ်မှုမတိုင်မီက တာဝန်ယူမှုရှိစွာ ဝယ်ယူတင်သွင်းခဲ့ကြောင်း ဖော်ပြရန် အလွန်ခက်ခဲမည်ဖြစ်သည်။ ပတ္တမြားတစ်ခုအား မည်သည့် ရက်စွဲတွင် တူးဖော်ခဲ့ကြောင်း သို့မဟုတ် ဖြတ်တောက်ခဲ့ကြောင်း စမ်းသပ်နိုင်သော နည်းပညာဟူ၍ လက်ရှိတွင် မရှိသေးပေ။ ထို့ပြင် မြန်မာဘုရင်များ သို့မဟုတ် အရည်အသွေးအကောင်းဆုံး မြန်မာ့ပတ္တမြားများစွာတို့ကို ပထမဆုံးအကြိမ် ရောင်းချခဲ့သည့် ဗြိတိသျှကိုလိုနီအုပ်ချုပ်မှု လက်ထက်တွင် တူးဖော်ခဲ့သည့် ပတ္တမြားများသည်လည်း အလွဲသုံးစားမှု နှင့် အမြတ်ထုတ်မှုတို့ဖြင့် စွန်းထင်းနေကြသည်။

ကျွန်ုပ်တို့၏ စုံစမ်းဖော်ထုတ်မှုများအရ ၂၀၁၆-၂၀၂၁ NLD အစိုးရ လက်ထက်တွင်ပင် လက်နက်ကိုင်များသည် ကျောက်မျက်လုပ်ငန်းများကို လွှမ်းမိုးထားခဲ့ကြောင်းတွေ့ရသည်။ စစ်တပ်၊ ၎င်း၏ခရိုနီများ နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် ထုတ်လုပ်ရေးလမ်းကြောင်း၏ အဆင့်အားလုံးတို့တွင် အကျိုးအမြတ်များ ဆက်လက်ရရှိကြသဖြင့် ထိုစဉ်က တူးဖော်ခဲ့သည် ဟူသော အချက်ကို စိတ်ချယုံကြည်စွာသတ်မှတ်ရန်ခက်ခဲမှုကို ထည့်မတွက်သည့်တိုင် အဆိုပါကာလအတွင်း တူးဖော်ခဲ့သည့် ပတ္တမြားများကိုပင် တာဝန်ယူမှုရှိစွာ ဝယ်ယူတင်သွင်းရန် မဖြစ်နိုင်သလောက် ဖြစ်သည်။

မည်သည့်ဖြစ်စဉ်တွင်မဆို (ဗြိတိသျှလက်အောက်မှ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခြင်း နှင့် ၁၉၆၂ ခုနှစ်တွင် စစ်တပ်အာဏာသိမ်းမှုတို့အကြား ဆယ်စုနှစ်အတွင်း ဖြစ်နိုင်သည့်) လူ့အခွင့်အရေးချိုးဖောက်မှုများမရှိဘဲ ပတ္တမြားများကို ထုတ်လုပ်ခဲ့သည့် ကာလတစ်ခု ရှိခဲ့ပြီး ပတ္တမြားများကို အဆိုပါကာလကို စိတ်ချယုံကြည်စွာ ရက်စွဲ တွက်ချက်နိုင်သည့်တိုင် မြန်မာ့ပတ္တမြားများ တင်သွင်းမှုအပေါ် ခြုံငုံတားမြစ်ချက်တစ်ခုတွင် ခြွင်းချက်များထည့်သွင်းခြင်းသည် စစ်တပ်နှင့်ဆက်စပ်နေသော ကုမ္ပဏီများ နှင့် ကုန်သည်များ၏ လိမ်လည်အမြတ်ထုတ်ခြင်းများအတွက် ကယ်ပေါက်များ ဖြစ်စေမည် ဖြစ်သည်။

## ၅.၄ အနောက်နိုင်ငံများမှ လက်ဝတ်ရတနာ အမှတ်တံဆိပ်များ၊ လေလံကုမ္ပဏီများနှင့် ဈေးကွက်ကြီးအတွင်း လက်လီရောင်းချသူများသည် မြန်မာနိုင်ငံအတွင်း ရက်စက်ယုတ်မာသော လုပ်ရပ်များကို ၎င်းတို့အနေဖြင့် ငွေကြေးပံ့ပိုးနေခြင်းဖြစ်နိုင်သည့်အန္တရာယ်ကို လျစ်လျူရှုထားကြသည်

လုပ်ငန်းဆိုင်ရာကျွမ်းကျင်သူများ၏အဆိုအရ မြန်မာ့ပတ္တမြားများအတွက် အရေးအပါဆုံး ခရီးပန်းတိုင်မှာ တရုတ်၊ အိန္ဒိယ နှင့် အမေရိကန်ပြည်ထောင်စုတို့ ဖြစ်ကြသည်။ EU နိုင်ငံများ၊ UAE, ဟောင်ကောင် နှင့် စင်္ကာပူတို့သည်လည်း အရေးပါသည့် ဈေးကွက်များ ဖြစ်ကြသည်။ US နှင့် ဥရောပတို့တွင် အရေးပါသော ဖြတ်တောက်ခြင်း နှင့် အရောင်တင်ခြင်းလုပ်ငန်းများ မရှိသော်လည်း အရေးပါသည့် လက်ဝတ်ရတနာထုတ်လုပ်ရေးကဏ္ဍများ ရှိကြပြီး အထူးသဖြင့် ဥရောပတွင် အဆင့်မြင့်လက်ဝတ်ရတနာထုတ်လုပ်ရေးကဏ္ဍများ ရှိသည်။

Global Witness အနေဖြင့် ကျောက်မျက်များကို ရောင်းချသည့် အမေရိကန်ပြည်ထောင်စု၊ ဥရောပ နှင့် အာရှအခြေစိုက် လက်ဝတ်ရတနာကုမ္ပဏီများ၊ လေလံကုမ္ပဏီများ နှင့် ဈေးကွက်ကြီးအတွင်း လက်လီရောင်းချသူ ၃၀ တို့ကို ဆက်သွယ်ခဲ့ပြီး ကျောက်မျက်ဝယ်ယူတင်သွင်းခြင်းနှင့်ပတ်သက်သည့် ၎င်းတို့၏ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန်စိစစ်ခြင်း အားထုတ်မှုများအကြောင်း နှင့် အထူးသဖြင့် မြန်မာနိုင်ငံမှ ကျောက်မျက်များကို ၎င်းတို့၏ ဖြစ်နိုင်ခြေရှိသော ဝယ်ယူတင်သွင်းမှုများအကြောင်း မေးခွန်းပုံစံတစ်ခုတွင် ဖြည့်စွက်ရန် တောင်းဆိုခဲ့သည်။

ကျွန်ုပ်တို့ ဆက်သွယ်ခဲ့သည့် ကုမ္ပဏီ ၃၀ တို့အနက် ၁၇ ခုတို့သည် အီးမေးလ် နှင့် တယ်လီဖုန်းတို့ဖြင့် ထပ်တလဲလဲ ဆက်သွယ်ခဲ့သော်လည်း လုံးဝ မတုန့်ပြန်ခဲ့ကြပေ။ ယင်းတို့တွင် လက်ဝတ်ရတနာလုပ်ငန်း Pragnell, ဈေးကွက်ကြီးအတွင်း လက်လီရောင်းချသည့်လုပ်ငန်းဖြစ်သော Walmart နှင့် လေလံကုမ္ပဏီများဖြစ်သော Christie's, Sotheby's နှင့် Bonhams တို့ပါဝင်ခဲ့သည်။ ယင်းတို့အားလုံးသည် ၂၀၂၁ ခုနှစ်အတွင်း ၎င်းတို့၏ ဝက်ဆိုက်များတွင် မြန်မာ့ပတ္တမြားရောင်းချကြောင်း ကြော်ငြာခဲ့ကြသည်။ အထူးသဖြင့် Sotheby's နှင့် Christie's တို့သည် နိုင်ငံတကာဈေးကွက်များတွင် အမြင့်မားဆုံးဈေးနှုန်းများ ရရှိသည့် ပတ္တမြားအချို့ကို ရောင်းချခဲ့ကြပြီး အဆိုပါပတ္တမြားများအနက် များစွာတို့မှာ သက်တမ်းကြာမြင့်နေကြောင်း ထင်ရှားသော်လည်း (အပေါ်လေးထောင့်ကွက်ကို ကြည့်ရှုပါ) အခြားပတ္တမြားများမှာမူ ၂၀၂၁ ခုနှစ်အပါအဝင် လတ်တလော နှစ်တစ်နှစ်အတွင်း သက်သေခံလက်မှတ်တစ်ခု ပါဝင်သည်။

Global Witness ထံ ဖြေကြားရန် ကုမ္ပဏီ ၄ ခုတို့ကသာ သဘောတူခဲ့ကြပြီး ၂၀၂၁ ခုနှစ်တွင် မြန်မာ့ပတ္တမြားများကို ဈေးကွက်တင်ခဲ့သော တန်ဖိုးမြင့် လက်ဝတ်ရတနာလုပ်ငန်း Van Cleef & Arpels အပါအဝင် ကုမ္ပဏီ ၆ ခုတို့သည် မေးခွန်းများကို အချို့တစ်ဝက် ဖြေကြားခဲ့သည်။ ကုမ္ပဏီက ၎င်း၏တာဝန်ယူမှုရှိသော ဝယ်ယူတင်သွင်းခြင်း အလေ့အထများအတွက် အထောက်အထားအဖြစ် OECD လမ်းညွှန်ချက်ကို လိုက်နာကြောင်း နှင့် RJC အဖွဲ့ဝင်ဖြစ်ကြောင်းတို့ကို ကိုးကားပြောဆိုခဲ့သည်။ သို့ရာတွင် ယင်းအနေဖြင့် မြန်မာနိုင်ငံမှပတ္တမြားများကို ကျင့်ဝတ်နှင့်အညီ ဝယ်ယူတင်သွင်းနိုင်ခဲ့ကြောင်း နောက်ထပ် အထောက်အထားများ ပေးအပ်နိုင်ခဲ့ခြင်းမရှိပေ။ ကုမ္ပဏီ ၃ ခုတို့သည် ကျွန်ုပ်တို့ထံ စာပြန်ခဲ့သော်လည်း တွေ့ဆုံမေးမြန်းရန် သဘောတူခဲ့ခြင်းမရှိသလို မေးခွန်းများကိုလည်း ဖြေကြားခြင်း မရှိခဲ့ပေ။။

Harry Winston က ၎င်းအနေဖြင့် မြန်မာနိုင်ငံမှ တိုက်ရိုက်ဝယ်ယူတင်သွင်းခြင်း မပြုကြောင်းနှင့် "မြန်မာနိုင်ငံမှ စတင်ထွက်ပေါ်လာခဲ့သည့် ပတ္တမြားနှင့် ကျောက်စိမ်းတို့အား နိုင်ငံတကာအရေးယူမှုများမရှိမီ ကာလအတွင်းတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သက်သေခံသော စိတ်ချယုံကြည်ရပြီး စစ်ဆေးအတည်ပြုထားသော ကုန်ပစ္စည်းပေးသွင်းသူများထံမှသာ" ဝယ်ယူကြောင်း ကုမ္ပဏီ၏ဝက်ဆိုက်တွင် ဖော်ပြထားသော ထုတ်ပြန်ချက်တစ်ခုကို ကျွန်ုပ်တို့အား ညွှန်ပြခဲ့သည်။ Harry Winston က ၎င်းအနေဖြင့် မြန်မာနိုင်ငံမှ စတင်ထွက်ရှိလာသည့် ကျောက်မျက်များအား မည်သည့်ရက်စွဲတွင်တင်သွင်းခဲ့သည်ဖြစ်စေ ၎င်း၏ ကုန်ပစ္စည်းတင်သွင်းသူများထံမှ ဝယ်ယူတော့မည်မဟုတ်ကြောင်း ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကြေညာခဲ့သည်။

ကျွန်ုပ်တို့နှင့် ပြောကြားခဲ့သော ကုမ္ပဏီများဖြစ်သည့် Signet Jewelers, Chopard, Tiffany & Co. နှင့် Bulgari တို့သည် တာဝန်ယူမှုရှိသော ဝယ်ယူတင်သွင်းခြင်းနှင့်စပ်လျဉ်း၍ လုပ်ငန်းအတွင်း ဦးဆောင်နေကြသူများအဖြစ် မိမိတို့ကိုယ်ကိုယ် ရှုမြင်ကြသည်။ သို့တိုင် ၎င်းတို့အနက် နှစ်ခု - Bulgari နှင့် Chopard - တို့မှာ မြန်မာနိုင်ငံမှပတ္တမြားများ ဝယ်ယူတင်သွင်းခြင်းကို ဖယ်ရှားခြင်းမပြုဘဲ Bulgari သည် ကျွန်ုပ်တို့ စုံစမ်းဖော်ထုတ်ခဲ့စဉ်တွင် အနည်းဆုံး မြန်မာနိုင်ငံမှ ပတ္တမြားတစ်ခုကို ဈေးကွက်တင်လျက်ရှိသည်။ Chopard နှင့် Bulgari တို့က ၎င်းတို့အနေဖြင့် စည်းမျဉ်းသတ်မှတ်ချက်များအရ သတ်မှတ်ထားခြင်းမရှိသ၍ ၎င်းတို့၏ ထုတ်လုပ်

## ဥရောပ နှင့် US ရှိ မြန်မာ့ကျောက်မျက်များ

ကုန်သည်များအနေဖြင့် ၄င်းတို့ ရောင်းချသည့် ပတ္တမြားများ၏ ဇစ်မြစ်ကို ခွဲခြား သတ်မှတ်နိုင်စွမ်းမရှိခြင်းသည် နိုင်ငံအတွင်းရှိ ထုတ်လုပ်ရေးလမ်းကြောင်း၏ ပွင့်လင်းမြင်သာမှုမရှိခြင်းကို ဖော်ပြနေသည်။ သို့တိုင် မြန်မာနိုင်ငံမှ ပတ္တမြား များကို မည်သည့်နိုင်ငံများမှ ဝယ်ယူသနည်းဟူသော မေးခွန်းသည် အရေးပါ သည့် မေးခွန်းတစ်ခုဖြစ်သည်။ လက်ရှိအချိန်အထိ တရုတ်နိုင်ငံမှ အကြီးမား ဆုံး ဈေးကွက်ဖြစ်နေဆဲဖြစ်သော မြန်မာနိုင်ငံ၏ ကျောက်စိမ်းလုပ်ငန်းတွင် ကဲ့သို့မဟုတ်ဘဲ ပတ္တမြားလုပ်ငန်းတွင်မူ ပိုမိုကျယ်ပြန့်သည့် နိုင်ငံတကာ နှင့် ဆက်စပ်မှုများ ရှိသည်။

UN Comtrade အချက်အလက်စုစည်းမှု၌ မြန်မာနိုင်ငံရှိ ကျောက်မျက်များ ကို မည်သည့်နိုင်ငံများမှတင်သွင်းခဲ့ကြောင်း ဖော်ပြထားသည့် ကုန်သွယ်ရေး ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို ဖော်ပြထားသည်။ ဤအချက် အလက်အား အဓိကအကြောင်းအရင်းနှစ်ခုတို့ကြောင့် သတိဖြင့် ရှုမြင်ရမည် ဖြစ်သည်။ ပထမဦးစွာ ယင်းသည် နိုင်ငံများ၏ တင်ပြမှုများပေါ်တွင် မူတည်နေ သဖြင့် တိကျမှုမရှိရန် သို့မဟုတ် မပြည့်စုံရန် ဖြစ်နိုင်ခြေရှိပါသည်။ မှောင်ခို ကုန်ကူးမှုများ တွင်ကျယ်နေခြင်း နှင့် အကောက်ခွန် နှင့် အခွန်အခများ သက်သာစေရန် တန်ဖိုးလျှော့ဖြတ်သည့် ပုံမှန်ဖြစ်နေသော အလေ့အထတို့ ကြောင့် ကျောက်မျက်များနှင့်ပတ်သက်သည့် ကုန်သွယ်ရေး အချက်အလက် များသည် အများအားဖြင့် စိတ်ချယုံကြည်ရမှု မရှိပေ။ ဒုတိယအားဖြင့် အချက် အလက်များအား ပတ္တမြားများအတွက် သီးခြားခွဲထုတ်နိုင်မှု မရှိခြင်းကြောင့် (ကျောက်စိမ်းအပါအဝင်) မြန်မာနိုင်ငံတွင် တူးဖော်ခဲ့သော အခြား အဖိုးတန် ကျောက် နှင့် အလယ်အလတ်တန်းတန်ဖိုးရှိသည့် ကျောက်များလည်း ပါဝင် နိုင်ဖွယ် ရှိသည်။

မည်သို့ပင်ဆိုစေကာမူ ကုန်သွယ်ရေး အချက်အလက်များအရ ဥရောပနိုင်ငံ များ (ပြင်သစ်၊ ဆွစ်ဇာလန် နှင့် အီတလီ) သည် အမေရိကန်ဒေါ်လာသန်း ၁၀၀ ကျော်တန်ဖိုးရှိသည့် မြန်မာနိုင်ငံ၏ ကျောက်မျက်များအား ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ ၅ နှစ်တာကာလအတွင်း ကိုယ်စီတင်သွင်းခဲ့ကြကြောင်း ရှင်းလင်းစွာတွေ့ရသည်။ စုစုပေါင်းအဖြစ် အဆိုပါနိုင်ငံများသည် ယင်းကာလ အတွင်း အမေရိကန်ဒေါ်လာ ၉၅၅ သန်းတန်ဖိုးရှိသော သို့မဟုတ် နှစ်စဉ် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၁၉၁ သန်းရှိသော ကျောက်မျက်များကို တင်သွင်း ခဲ့ကြောင်း တင်ပြခဲ့သည်။

တင်ပြချက်များအရ ပြင်သစ်၊ တရုတ် (ဟောင်ကောင် နှင့် မကာအိုအပါအဝင်) နှင့် အမေရိကန်ပြည်ထောင်စု တို့သည် အကြီးမားဆုံးတင်သွင်းသူများဖြစ် ကြပြီး ၅ နှစ်ကာလအတွင်း အမေရိကန်ဒေါ်လာ ၁၇၀ သန်း တန်ဖိုးရှိသော မြန်မာ့ကျောက်မျက် နှင့် အလယ်အလတ်တန်းတန်ဖိုးရှိသည့် ကျောက်များ ကို ဝယ်ယူခဲ့ကြသည်။ အီတလီသည် စတုတ္ထမြောက် အကြီးမားဆုံးတင်ပို့သူ ဖြစ်ပြီး အမေရိကန် ဒေါ်လာ ၁၂၂ သန်း ရှိခဲ့သည်။ ဆွစ်ဇာလန် နှင့် ဂျာမနီ တို့သည် အမေရိကန်ဒေါ်လာ ၁၁၉ သန်း နှင့် ၇၅ သန်း အသီးသီးဖြင့် နောက်ထပ် အကြီးမားဆုံးတင်သွင်းသူများဖြစ်ခဲ့ကြသည်။

အဆိုပါ ကိန်းဂဏန်းများကို သတိဖြင့် ကြည့်ရှုရမည်ဖြစ်သော်လည်း သက် ဆိုင်ရာနိုင်ငံများသို့ မြန်မာ့ကျောက်မျက်များ တင်သွင်းမှုသည် UN သို့ တင်ပြ ခဲ့သည့်ပမာဏအောက် လျော့နည်းဖွယ်ရာ မရှိပေ။ ထို့အစား အဆိုပါကိန်း ဂဏန်းများသည် မြန်မာနိုင်ငံ၏ တင်ပို့မှုများကို တန်ဖိုးလျှော့တွက်ထားခြင်း ဖြစ်နိုင်ဖွယ်ရှိပါသည်။ မှောင်ခိုကုန်ကူးခြင်းနှင့် တန်ဖိုးလျှော့တွက်ခြင်းတို့ ကြောင့် ကမ္ဘာလုံးဆိုင်ရာကျောက်မျက်လုပ်ငန်းတွင် မြန်မာနိုင်ငံ၏ ပါဝင်မှု သည် သိသိသာသာ ပိုမိုကြီးမားနိုင်ဖွယ် ရှိပါသည်။ ယင်းတို့သည် ကျွန်ုပ်တို့၏ တွေ့ရှိချက်အရ နိုင်ငံတကာဈေးကွက်များသို့ အများဆုံးပို့ဆောင်သည့် လမ်း ကြောင်းဖြစ်သော ထိုင်းနိုင်ငံသို့ မှောင်ခိုကုန်ကူးပြီး တင်ပို့သည့် မြန်မာ့ ကျောက်မျက်များကိုလည်း ဖော်ပြထားခြင်း မရှိပေ။

### မြန်မာနိုင်ငံမှ ကျောက်မျက်ရတနာ တင်သွင်းမှုများအတွက် နှစ်စဉ်တင်ပြချက်များ

မြန်မာနိုင်ငံအရင်းအမြစ် - ကုလသမဂ္ဂ Comtrade အချက်အလက်စုစည်းမှုမှထွက်ရှိသောအဖိုးတန်ကျောက်မျက်များနှင့် အလယ်အလတ်တန်ဖိုးရှိသည့် ကျောက်မျက်များအား ကမ္ဘာတစ်ဝန်းရှိ တင်သွင်းမှုများ (HS 710310 နှင့် HS 710391)




အရင်းအမြစ် - ကုလသမဂ္ဂ Comtrade အချက်အလက်စုစည်းမှု

ရေးလမ်းကြောင်းများတွင် နိုင်ငံများကို အလုံးစုံဖယ်ကြဉ်ခြင်း မပြုဟု Global Witness ထံ ရှင်းပြခဲ့သည်။ ထိုသို့ ဖယ်ကြဉ်ခြင်းသည် နိုင်ငံတကာစံများနှင့် ကိုက်ညီခြင်းမရှိဟု Chopard က ယူဆသည်။ ထိုသို့ဆိုသော်လည်း Chopard သည် ၂၀၁၇ ခုနှစ် အောက်တိုဘာလ၌ ၎င်းအနေဖြင့် မြန်မာနိုင်ငံမှကျောက်မျက်များ ဝယ်ယူတင်သွင်းခြင်းကို ချက်ချင်းရပ်တန့်မည်ဖြစ်ကြောင်း ဖော်ပြထားသည့် ကြေညာချက်တစ်ခုကို ၎င်း၏ဝက်ဆိုက်တွင် ဖော်ပြခဲ့သည်။ အဆိုပါဖော်ပြချက်သည် ၂၀၂၀ ခုနှစ် အောက်တိုဘာလအထိ ကုမ္ပဏီဝက်ဆိုက်တွင် ရှိနေဆဲ ဖြစ်သော်လည်း နိုဝင်ဘာလတွင်မူ ဖယ်ရှားခဲ့သည်။

Chopard က ၎င်းအနေဖြင့် နိုင်ငံများကို အလုံးစုံဖယ်ချန်ထားခြင်းအစား အဆင့်မြှင့်တင်ထားသော ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန် စိစစ်ခြင်းကို အသုံးချကာ ၎င်း၏ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန်စိစစ်ခြင်းစနစ် နှင့် ကုန်ပစ္စည်းပေးသွင်းသူများမှ ပေးအပ်သော အာမခံချက်များအရ ၎င်းအသုံးပြုသော ကျောက်မျက်များသည် ပဋိပက္ခ သို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်မှုများ နှင့် ဆက်စပ်မှုမရှိကြောင်း ကျေနပ်မှုရှိသည်ဟု Global Witness ထံပြောကြားခဲ့သည်။ ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန်စိစစ်ခြင်း အစီအမံများအတွင်း ကုန်ပစ္စည်းပေးသွင်းသူများနှင့် အတွင်းကျကျဆွေးနွေးမှုများ ပါဝင်ပြီး အန္တရာယ်မြင့်မားသည့် ကုန်ပစ္စည်းပေးသွင်းသူများအတွက် လုပ်ကွက်များသို့ သွားရောက်လေ့လာခြင်းများ နှင့် စာရွက်စာတမ်းစစ်ဆေးခြင်းများ ပါဝင်သည်ဟု Chopard က ဆိုခဲ့သည်။ ၎င်းအနေဖြင့် သံသယရှိပါက အဆိုပါကုန်ပစ္စည်းပေးသွင်းသူများ နှင့် စီးပွားရေးလုပ်ကိုင်ခြင်းကို ရပ်တန့်မည်ဖြစ်သည်ဟု ဆိုသည်။ မည်သို့ပင်ဆိုစေကာမူ လက်ရှိအခြေအနေများအရ မြန်မာနိုင်ငံမှဝယ်ယူတင်သွင်းရာတွင် ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန် စိစစ်ခြင်းသည် မည်မျှထိရောက်မည်ဖြစ်ကြောင်း Global Witness အနေဖြင့် ရှင်းလင်းစွာ မသိရပေ။

Gemmological Institute of America မှ စိစစ်လေ့လာသူဟောင်းတစ်ဦး၏ အဆိုအရ Bulgari သည် မြန်မာ့ပတ္တမြားများကို ရှာဖွေနေဆဲဖြစ်သည်။ Bulgari က ၎င်းအနေဖြင့် ကျောက်မျက်များအား မြန်မာနိုင်ငံမှ ဝယ်ယူတင်သွင်းခြင်း ရှိမရှိ ရှင်းလင်းဖော်ပြခဲ့ခြင်းမရှိသော်လည်း ၎င်းအနေဖြင့် မြန်မာနိုင်ငံမှ တိုက်ရိုက်ဝယ်ယူခြင်း မရှိဟု ဆိုခဲ့သည်။ ကျောက်မျက်များကို အပြည့်အစုံခြေရာခံနိုင်ရန် ခက်ခဲကြောင်းကိုမူ ၎င်းက ဝန်ခံခဲ့သည်။

Global Witness အနေဖြင့် မြန်မာနိုင်ငံမှ ကျောက်မျက်များ ဝယ်ယူတင်သွင်းမှုကို ရပ်တန့်ကြောင်း လူသိထင်ရှား ကြေညာထားသော Boodles, Signet, Tiffany & Co. နှင့် Harry Winston ဟူသည့် နိုင်ငံတကာ အဆင့်မြင့်ကျောက်မျက်ရတနာလုပ်ငန်း ၄ ခုကိုသာ သိရှိခဲ့ပါသည်။ Boodles သည် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာ နိုင်ငံမှ ထုတ်ကုန်အားလုံးတို့ကို ဝယ်ယူတင်သွင်းမှု ရပ်တန့်ခဲ့သည်။ Signet သည် မြန်မာနိုင်ငံတွင်း လူ့အခွင့်အရေးချိုးဖောက်မှု တင်ပြချက်များကြောင့် ၂၀၁၇ ခုနှစ် တွင် မြန်မာနိုင်ငံမှ စတင်ထွက်ပေါ်လာခဲ့သော ပတ္တမြားများကို ပြန်လည်တားမြစ်ခဲ့ကာ ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံမှ ကျောက်မျက်ရတနာ အားလုံးတို့ကို တားမြစ်ခဲ့သည်။ ကုမ္ပဏီက ၎င်းအနေဖြင့် OECD ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန်စိစစ်ခြင်း လမ်းညွှန်ချက်များကို အခြေခံထားသည့် ၎င်း၏ ဝယ်ယူတင်သွင်းခြင်းဆိုင်ရာမူဝါဒများနှင့်အညီ ထုတ်လုပ်ပါက အနာဂတ်တွင် မြန်မာနိုင်ငံမှ ဝယ်ယူတင်သွင်းသည့် ကျောက်မျက်ရတနာများကို ရောင်းချရန် ဆန္ဒရှိကောင်းရှိနိုင်သည်ဟု ကုမ္ပဏီက ဖော်ပြခဲ့သည်။

Tiffany & Co. သည် အမေရိကန်ပြည်ထောင်စု၏ ပိတ်ဆို့အရေးယူမှုများကို ၂၀၁၆ ခုနှစ်တွင် ဖြေလျှော့ပေးခဲ့ပြီးနောက် မြန်မာ့ပတ္တမြားများ အသုံးပြုမှုကို တားမြစ်ပိတ်ပင်သည့် ၎င်း၏မူဝါဒကို ဆက်လက်ထားရှိခဲ့ပြီး အဆိုပါပိတ်ဆို့အရေးယူမှုများကို ၂၀၀၃ ခုနှစ်တွင် ပထမဆုံးချမှတ်ခဲ့စဉ်က အကယ်၍ မြန်မာ့ပတ္တမြားများကို အခြားနိုင်ငံများတွင် ဖြတ်တောက်၊ အရောင်တင်ခဲ့ခြင်းဖြစ်ပါက တင်သွင်းမှုများကို ခွင့်ပြုခဲ့သော ကယ်ပေါက်တစ်ခုရှိခဲ့သည်ဟု Global Witness ထံပြောပြခဲ့သည်။ ဤကယ်ပေါက်ကို ၂၀၀၈ ခုနှစ်တွင် ပိတ်ဆို့ခဲ့သော်လည်း ယင်းသည် မြန်မာနိုင်ငံမှ ပတ္တမြားများကို မည်သည့်နိုင်ငံတွင် ဖြတ်တောက်၊ အရောင်တင်ခဲ့သည်ဖြစ်စေ ဝယ်ယူမှုမပြုခြင်းဖြင့် ၂၀၀၃ ခုနှစ်ကတည်းမှစတင်ကာ ဥပဒေကို စာသား နှင့် အနှစ်သာရနှစ်ခုစလုံး လေးစားလိုက်နာခဲ့သော လက်လီကျောက်မျက်ရတနာ လုပ်ငန်းအနည်းစုတွင် ပါဝင်သည်ဟု Tiffany & Co. က Global Witness အား ပြောကြားခဲ့သည်။ Cartier သည် ၎င်း၏ဝက်ဆိုက်တွင် ထုတ်ပြန်ကြေညာထားခြင်း မရှိသော်လည်း ၎င်းအနေဖြင့် ၂၀၁၇ ခုနှစ်မှစတင်ကာ မြန်မာနိုင်ငံမှ ပတ္တမြားများ ဝယ်ယူတင်သွင်းခြင်းကို ရပ်တန့်ခဲ့သည်ဟု Global Witness ထံ ရေးသားခဲ့သည်။




၂၀၁၅ ခုနှစ် မေလတွင် ဂျီနီဗာ၌ ကျင်းပခဲ့သော Sotheby's ၏ နွေဦး Magnificent Jewels and Nobel Jewels လေလံပွဲအတွင်း အမေရိကန်ဒေါ်လာသန်း ၃၀ ကျော်တန်ဖိုးရှိသည့် ကမ္ဘာ့အဖိုးအတန်ဆုံး ပတ္တမြားဖြစ်သော "Sunrise Ruby" ကို ထည့်သွင်းထားသည့် လက်စွပ်တစ်ကွင်းကို မော်ဒယ်တစ်ဦးမှ ပြသနေပုံ။ Fabrice Coffrini /AFP via Getty Images

Gübelin က ၎င်းအနေဖြင့် ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစတင်ကာ ၎င်း၏ဝယ်ယူမှုများသည် ကျောက်မျက်များကို ရှာဖွေတွေ့ရှိခဲ့သည့် လူမှုအသိုင်းအဝိုင်းများကို အကျိုးကျေးဇူးရရှိစေပြီး ပဋိပက္ခ နှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို အထောက်အပံ့ပေးနေခြင်းမရှိကြောင်း သေချာသည်ဟု ခံစားရချိန်အထိ မြန်မာနိုင်ငံမှ ကျောက်မျက်များ ဝယ်ယူတင်သွင်းခြင်းကို ရပ်တန့်ခဲ့ကြောင်း ကျွန်ုပ်တို့ထံ ရေးသားခဲ့သည်။ ကျောက်တစ်ခု၏တန်ဖိုး နှင့် ဈေးကွက်သို့ သွားရောက်သည့်ခရီးစဉ်တို့သည် "ဆိုးရွားသူများအနေဖြင့် ဥပဒေနှင့်ဆန့်ကျင်သော သို့မဟုတ် တရားမဝင်သော လုပ်ဆောင်ချက်များတွင် ပါဝင်ဆောင်ရွက်နေခြင်းကို ဦးတည်စေနိုင်ကြောင်း" ကုမ္ပဏီက ဝန်ခံခဲ့သည်။ Gübelin က ၎င်းအနေဖြင့် ၎င်း၏မူဝါဒကို ထောက်ပံ့ရန် အဆင့်မြှင့်တင်ထားသော ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန် စိစစ်ခြင်း လုပ်ထုံးလုပ်နည်းတစ်ခုကို ဖန်တီးခဲ့ပြီး မြန်မာ့ကျောက်မျက်တစ်ခုကိုရောင်းချသည့် မည်သည့်ကုန်ပစ္စည်းပေးသွင်းသူမဆို တို့အနေဖြင့် ယင်းကို ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလမတိုင်မီ မြန်မာနိုင်ငံမှ တင်ပို့ခဲ့ခြင်း ဖြစ်ကြောင်း သက်သေပြနိုင်သည့် စာရွက်စာတမ်းများ ပြသရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယင်းသည် အပြုသဘောဆောင်သည့် ခြေလှမ်းတစ်ရပ်ဖြစ်သော်လည်း အာဏာသိမ်းမှုမတိုင်မီတူးဖော်ခဲ့သော ကျောက်မျက်များသည်ပင်လျှင်ကျွန်ုပ်တို့၏ စုံစမ်းဖော်ထုတ်မှုတွင် ဖော်ပြထားသကဲ့သို့ စစ်တပ် နှင့် အခြား လက်နက်ကိုင်အဖွဲ့အစည်းများကို အကျိုးဖြစ်ထွန်းစေနိုင်ဖွယ် ရှိပါသည်။

## ၅.၅ ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန် စိစစ်ခြင်းနှင့် တာဝန်ယူမှုရှိစွာ ဝယ်ယူတင်သွင်းခြင်း- အချို့ကုမ္ပဏီများသည် ရှေ့ဆောင်လမ်းပြအဖြစ် ဆောင်ရွက်ကြသော်လည်း အစီရင်ခံ တင်ပြမှုများသည် အားနည်းလျက်ရှိနေဆဲ ဖြစ်သည်

ကျောက်မျက်ရတနာကုမ္ပဏီများသည် တာဝန်ယူမှုရှိသော ဝယ်ယူတင်သွင်းခြင်းဆိုင်ရာကိစ္စရပ်များကို ၎င်းတို့၏ ဈေးကွက်တင်ခြင်းအတွက် အဓိကထား ရှေ့တန်းတင်ဆောင်ရွက်ခြင်းမျိုး အလွန်ရှားပါးပါသည်။ ကုမ္ပဏီများစွာတို့၏ဝက်ဆိုက်များသည် အလှအပ နှင့် တန်ဖိုးကြီးမှုတို့ကို သတိရစေရန်အတွက်သာ ပုံစံရေးဆွဲထားပြီး လူ့အခွင့်အရေးဆိုင်ရာ အန္တရာယ်များကို စီးပွားရေးလုပ်ငန်းဆိုင်ရာ လူမှုတာဝန်သိမှု စာမျက်နှာတစ်ခုတွင်သာ ဖော်ပြလေ့ရှိကာ ဖောက်သည်များအနေဖြင့် အဆိုပါစာမျက်နှာကို ရှာဖွေခြင်းမပြုပါက တွေ့ရှိနိုင်ဖွယ် မရှိပေ။ Global Witness မှ ပြန်လည်သုံးသပ်ခဲ့သည့် ကုမ္ပဏီဝက်ဆိုက်များအနက် Signet သည် ခြွင်းချက်ဖြစ်ပြီး ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန်စိစစ်ခြင်း မူဝါဒများ နှင့်

စွမ်းဆောင်ရည်တို့နှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို အထိုက်အလျောက်ပေါ်လွင်သည့် နေရာတစ်ခုတွင် ဖော်ပြထားကာ အခြားကုမ္ပဏီအများစုထက် သတင်းအချက်အလက်များ ပိုမိုထုတ်ပြန်ထားသည်။

OECD လမ်းညွှန်ချက်အရ သတ်မှတ်ထားသော်လည်း ကုမ္ပဏီများစွာတို့သည် ၎င်းတို့၏ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန် စိစစ်ခြင်းဆိုင်ရာ အားထုတ်မှုများနှင့်ပတ်သက်၍ နစ်စဉ်ထုတ်ပြန်ကြေညာပုံမရပေ။

ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန် စိစစ်ခြင်းနှင့်ပတ်သက်သည့် အမှန်တကယ်လုပ်ဆောင်မှုနှင့် စပ်လျဉ်း၍ Global Witness ထံသို့ အကြောင်းပြန်ခဲ့သည့် ကုမ္ပဏီအချို့သည် ၎င်းတို့၏ ထောက်ပံ့ရေးလမ်းကြောင်းများအပေါ် အတွင်းကျကျ အမြင်များရရှိရန်အတွက် ၎င်းတို့၏ကုန်ပစ္စည်းပေးသွင်းသူများနှင့် တက်ကြွစွာ ထိတွေ့ဆက်ဆံခဲ့ပါသည်။ Tiffany & Co. နှင့် Bulgari တို့က ၎င်းတို့၏ ကုန်ပစ္စည်းပေးသွင်းသူများ (Bulgari အတွက် ၎င်း၏ ထပ်ဆင့်ကန်ထရိုက်တာများ နှင့် တိုက်ရိုက်မဟုတ်သော ကုန်ပစ္စည်းပေးသွင်းသူများ) သည် လူမှုရေး နှင့် လူ့အခွင့်အရေးဆိုင်ရာ အန္တရာယ်များနှင့်ပတ်သက်သည့် တာဝန်များပါရှိသော ကုမ္ပဏီ၏ ကျင့်ဝတ်စည်းမျဉ်းများကို လိုက်နာရမည်ဖြစ်ကြောင်းနှင့် ၎င်းတို့အနေဖြင့် ကုန်ပစ္စည်းပေးသွင်းသူများအား (Bulgari သည် ကြေညာခြင်းမပြုဘဲ) ဆန်းစစ်ခြင်းများ နှင့် စာရင်းစစ်ခြင်းများမှတဆင့် စောင့်ကြည့်လေ့လာကြောင်း Global Witness ထံ ပြောကြားခဲ့ပါသည်။

Chopard သည် ကုန်ပစ္စည်းပေးသွင်းသူများအတွက် အလားတူ ကျင့်ဝတ်စည်းမျဉ်းတစ်ခုကို အသုံးပြုပြီး ၎င်း၏ ထုတ်လုပ်ရေးလမ်းကြောင်းကို ပိုမိုကောင်းစွာ နားလည်သဘောပေါက်ရန်အတွက် ၎င်း၏ကုန်ပစ္စည်းပေးသွင်းသူများနှင့် ထိတွေ့ဆက်ဆံရေးအစီအစဉ်တစ်ခုကို မကြာသေးမီက လုပ်ဆောင်ပြီးစီးခဲ့ကြောင်း Global Witness ထံ အသိပေးပြောကြားခဲ့သည်။ Signet သည် ကုန်ပစ္စည်းပေးသွင်းသူများအတွက် ကျင့်ဝတ်စည်းမျဉ်းတစ်ခု နှင့် တာဝန်ယူမှုရှိစွာ ဝယ်ယူတင်သွင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းတစ်ခုကို ရေးဆွဲခဲ့ပြီး ယင်းတို့သည် အန္တရာယ်ဖြစ်ပွားနိုင်ခြေများကို ခွဲခြားဖော်ထုတ်ရန် စီမံခန့်ခွဲရေးစနစ်တစ်ခုထားရှိခြင်း နှင့် လိုက်နာမှုနှင့်ပတ်သက်၍ နှစ်စဉ်အစီရင်ခံတင်ပြခြင်းတို့အပါအဝင် ကုန်ပစ္စည်းပေးသွင်းသူများထံမှ ၎င်း၏ မျှော်မှန်းချက်များကို အသေးစိတ်ဖော်ပြထားသည်။

Tiffany & Co. သည် ၂၀၂၀ Human Rights Watch သုံးသပ်ချက်တွင် တာဝန်ယူမှုရှိသော ဝယ်ယူတင်သွင်းခြင်းအတွက် "အားကောင်း" ဟု အမျိုးအစား သတ်မှတ်ထားသည့် တစ်ခုတည်းသောကုမ္ပဏီ ဖြစ်ပါသည်။ Bulgari နှင့် Signet တို့အား အဆိုပါ သုံးသပ်ချက်တွင် "အတန်အသင့်" ဟု အဆင့်သတ်မှတ်ခဲ့ပြီး Chopard အား "သင့်တင့်" ဟု သတ်မှတ်ခဲ့သည်။

Global Witness အနေဖြင့် Sotheby’s, Christie’s နှင့် Bonhams တို့အား ၎င်းတို့၏ ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန်စိစစ်ခြင်း အလေ့အထများနှင့် ပတ်သက်၍ ဆွေးနွေးနိုင်ရေးအတွက် ဆက်သွယ်ခဲ့သော်လည်း ပြန်လည်တုန့်ပြန်ခြင်း မရှိခဲ့ပေ။ Global Witness အနေဖြင့် Costco, Intercolor USA နှင့်



မိုးကုတ်မြို့လယ်ရှိ စွန့်ပစ်ထားသော ကိုလိုနီခေတ် ပတ္တမြားတွင်းတစ်ခုမှ ဖြစ်ပေါ်လာသည့် မိုးကုတ်ရေကန်အနီး ပတ္တမြားများ နှင့် အခြားကျောက်မျက်များကို ကြည့်ရှုစစ်ဆေးနေသည့် ကုန်သည်များ၊ ၂၀၂၀ ခုနှစ် မတ်လ။ MO

Walmart တို့ကိုလည်း ဆက်သွယ်ကာ ၎င်းတို့၏ထိခိုက်နစ်နာမှုများကို သိရှိနိုင်ရန် စိစစ်ခြင်းဆိုင်ရာအလေ့အထများကို ဆွေးနွေးရန် တောင်းဆိုခဲ့သော်လည်း တုန့်ပြန်ဖြေကြားခြင်းမရှိခဲ့ပေ။ ကုန်သွယ်ရေးဂျာနယ်တစ်ခုမှ တွေ့ဆုံမေးမြန်းခဲ့ရာတွင် Intercolour USA ၏ ဒုတိယ ဥက္ကဋ္ဌက မြန်မာနိုင်ငံမှ ဝယ်ယူတင်သွင်းရာတွင် မည်သည့်ဥပဒေကိုမျှ မချိုးဖောက်ဘဲ ပိတ်ဆို့အရေးယူမှုများကို အလေးထားရုံမျှဖြင့် လုံလောက်သည်ဟု ဆိုခဲ့သည်။

## ၅.၆ နိုင်ငံတကာ လက်ဝတ်ရတနာ လုပ်ငန်းရှင်များ၊ လေလံကုမ္ပဏီများ နှင့် ကျောက်မျက်ကုန်သည်များအနေဖြင့် လုပ်ဆောင်သင့်သည့်အရာများ။

ကျောက်မျက်ရတနာ လုပ်ငန်းများ၊ လေလံကုမ္ပဏီများ နှင့် ကျောက်မျက်ရတနာကုန်သည်များအနေဖြင့် ၎င်းတို့ရောင်းချသည့် ကျောက်မျက်များသည် ပဋိပက္ခနှင့် ဆက်စပ်နေခြင်းရှိမရှိ သို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်မှုများကို ငွေကြေးပံ့ပိုးရန် အထောက်အကူပြုနေခြင်းရှိမရှိ ရှာဖွေဖော်ထုတ်ရန် တာဝန်ရှိပါသည်။ အနည်းစုကသာ အဆိုပါတာဝန်ကို ကျေပွန်စွာဆောင်ရွက်လျက် ရှိပါသည်။ အကယ်၍ ကုမ္ပဏီများအနေဖြင့် ၎င်းတို့သည် မူလအစတွင် မည်သူ့ထံမှ ဝယ်ယူနေခြင်း ဖြစ်ကြောင်း မသိရှိဘဲ ၎င်းတို့အနေဖြင့် ဤအစီရင်ခံစာအတွင်းဖော်ပြခဲ့သည့် ချိုးဖောက်မှုအမျိုးအစားများအတွက်တာဝန်ရှိသော မြန်မာစစ်တပ် သို့မဟုတ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ငွေကြေးပံ့ပိုးနေခြင်းဖြစ်နိုင်သည့် အန္တရာယ်တစ်ခုရှိပါက သက်ဆိုင်ရာ စီးပွားရေး ဆက်ဆံရေးများကို တာဝန်ယူမှုရှိစွာ အဆုံးသတ်ရန် တာဝန်ရှိပါသည်။

၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးအဖွဲ့က ကျောက်မျက်ကဏ္ဍအတွင်းရှိ စီးပွားရေးလုပ်ငန်းများအနေဖြင့် စစ်တပ်မှ ထုတ်လုပ်သော၊ ရောင်းချသော သို့မဟုတ် ၎င်းနှင့်တစ်နည်းတစ်ဖုံ ဆက်စပ်နေသော မည်သည့်ကျောက်မျက်ကိုမျှ ဝယ်ယူခြင်း သို့မဟုတ် ကုန်သွယ်ခြင်း မပြုကြောင်း သေချာစေရန် ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန် စိစစ်ခြင်းကို မြှင့်တင်လုပ်ဆောင်သင့်ကြောင်း ကောက်ချက်ချခဲ့ပါသည်။

“မြန်မာနိုင်ငံတွင်လှုပ်ရှားနေသည့် မည်သည့်စီးပွားရေးလုပ်ငန်းမဆို သို့မဟုတ် မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများနှင့် ကုန်သွယ်နေသည့် သို့မဟုတ် ၎င်းတို့တွင် ရင်းနှီးမြှုပ်နှံနေသည့် မည်သည့်စီးပွားရေးလုပ်ငန်းမဆိုတို့အနေဖြင့် မြန်မာနိုင်ငံရှိ မည်သည့်လုံခြုံရေးတပ်ဖွဲ့အမျိုးအစားမဆို၊ အထူးသဖြင့် တပ်မတော် သို့မဟုတ် လက်အောက်ခံကုမ္ပဏီများ သို့မဟုတ် တစ်ဦးချင်းအဖွဲ့ဝင်များ အပါအဝင် ၎င်း ပိုင်ဆိုင်သော သို့မဟုတ် ထိန်းချုပ်သော မည်သည့်လုပ်ငန်းမဆိုတို့နှင့် စီးပွားရေးအရ ဆက်ဆံခြင်း မပြုလုပ်သင့်ပါ။" ဟု ကုလသမဂ္ဂ၏ အဆိုပါအဖွဲ့က ဆိုသည်။ “မြန်မာ့ကျောက်စိမ်း နှင့် ပတ္တမြား ကုန်သွယ်မှုတို့သည် ကမ္ဘာတစ်ဝန်းသို့ ရောက်ရှိပြီး တပ်မတော်သည် ၎င်းတို့ကို တူးဖော်ထုတ်လုပ်ရာတွင် ပါဝင်ပတ်သက်နေကာ တူးဖော်ရေးနယ်မြေများအတွင်း ကျူးလွန်သည့် လူ့အခွင့်အရေး နှင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု ဥပဒေအပေါ် ချိုးဖောက်မှုများအတွက် တာဝန်ရှိသဖြင့် စီးပွားရေးလုပ်ငန်းများအနေဖြင့် အဆိုပါချိုးဖောက်မှုများကို ထောက်ပံ့နေခြင်း သို့မဟုတ် ယင်းတို့မှ အကျိုးအမြတ်ရရှိနေခြင်းတို့ မရှိကြောင်း သေချာစေရန် လုပ်ဆောင်သင့်သည်။"

မည်သို့ပင်ဆိုစေကာမူ ကျွန်ုပ်တို့ ဖော်ပြခဲ့ပြီးသည့်အတိုင်း မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေတွင် ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန် စိစစ်ခြင်း သို့မဟုတ် အန္တရာယ်ကို လုံလောက်စွာလျှော့ချခြင်းတို့ကို လုပ်ဆောင်ရန် မဖြစ်နိုင်ပေ။ Global Witness ၏ အမြင်အရ မိမိတို့၏ ထုတ်လုပ်ရေးလမ်းကြောင်းများနှင့်ပတ်သက်၍ ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန် စိစစ်ခြင်းကို လုံလောက်စွာ လုပ်ဆောင်ခဲ့သည့် မည်သည့်ကုမ္ပဏီမဆို သည် လက်ရှိတွင် မြန်မာနိုင်ငံမှ ပတ္တမြား သို့မဟုတ် အခြားကျောက်မျက်များကို လုံးဝဝယ်ယူတင်သွင်းမည် မဟုတ်ပေ။ ထို့ကြောင့် နိုင်ငံတကာကုမ္ပဏီများ၏ ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန် စိစစ်ခြင်းသည် တာဝန်ယူမှုရှိစွာ ဝယ်ယူတင်သွင်းရန် ဖြစ်နိုင်လာသည့်အချိန်အထိ မြန်မာနိုင်ငံမှ စတင်ထွက်ရှိလာသော ကျောက်မျက်အားလုံးတို့ကို ဝယ်ယူခြင်းမပြုရေးတွင် အာရုံစူးစိုက်ရမည်ဖြစ်သည်။

# အကြံပြုချက်များ

## နိုင်ငံများ၊ ကုလသမဂ္ဂ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများသို့

၁။ မြန်မာစစ်တပ်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ကို အသိအမှတ်မပြုရန်နှင့် အခြေအနေအားလုံးတွင် SAC ၏ အသိအမှတ်ပြုခံရမှု၊ ကိုယ်စားပြုမှုကို ငြင်းပယ်ရန်။

၂။ မည်သည့်လုပ်ရှားမှုမျိုးတွင်မဆို SAC နှင့် ထိတွေ့ဆက်ဆံခြင်းမပြုရန် နှင့် လုပ်ငန်းများလုပ်ဆောင်နိုင်ရေးအတွက် SAC နှင့် ထိတွေ့ဆက်ဆံရန် ဒေသတွင်းမိတ်ဖက်များကို ဖိအားပေးခြင်းမပြုရန်။

၃။ NUG ကို မြန်မာပြည်သူများ၏ တရားဝင်ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုရန် နှင့် ဒေသတွင်း၊ နိုင်ငံတကာအစည်းအဝေးများတွင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ အဖွဲ့အစည်းများကို ထည့်သွင်းရန်။

၄။ COVID-19 ကပ်ရောဂါနှင့် အာဏာသိမ်းမှုနောက်ပိုင်းတွင်း ပေါ် ပေါက်လာသော အရေးပေါ် အခြေအနေများကို တုန့်ပြန်ဖြေရှင်းခြင်းအပါအဝင် စစ်အစိုးရကို တရားဝင်စေခြင်း သို့မဟုတ် အထောက်အပံ့များ ဖြန့်ဝေပေးရာတွင် စစ်အစိုးရမှ လွှမ်းမိုးခြင်း သို့မဟုတ် အကျိုးအမြတ်ရရှိခြင်းတို့ မရှိစေဘဲ မြန်မာပြည်သူများထံသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များ တိုးမြှင့်ပေးအပ်ရန်။

၅။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ လက်နက်ပိတ်ဆို့မှု နှင့် ရွေးကောက်ခံ အရပ်သားအစိုးရထံသို့ ငြိမ်းချမ်းသောနည်းလမ်းဖြင့် အာဏာပြန်လည်ပေးအပ်ရန် လိုအပ်သည့် ဆုံးဖြတ်ချက်ကို ထောက်ခံရန်။

၆။ မြန်မာပြည်သူများအပေါ် ထိခိုက်မှုအနည်းဆုံးဖြစ်စေပြီး စစ်တပ်၏ စီးပွားရေးအသက်သွေးကြောများကို အဓိကထားကာ ပစ်မှတ်ထားအရေးယူမှုများ နှင့် အခြားကန့်သတ်မှုပြုလုပ်သည့် နည်းလမ်းများ အသုံးပြု၍ ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏လုပ်ပိုင်ခွင့်အောက်မှ စစ်တပ်နှင့် စီးပွားရေးအရ ဆက်ဆံမှုပြုခြင်း၊ အထောက်အပံ့ပြုခြင်းများကို ကန့်သတ်သည့် မူဝါဒများချမှတ်ကျင့်သုံးရန်။ ယင်းသို့အရေးယူလုပ်ဆောင်ရာတွင် အောက်ပါလူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများလည်း ပါဝင်သည်။

- က။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေများကို ကျူးလွန်ချိုးဖောက်ရာတွင် တာဝန်ရှိသည့် စစ်ဘက်ဆိုင်ရာ အကြီးတန်းအရာရှိများ၊ SAC အဖွဲ့ဝင်များ နှင့် အခြားအရာရှိများသာမက အရေးယူမှုများကို ရှောင်တိမ်းရာတွင် ကိုယ်စားအဖြစ်အသုံးပြုနိုင်သည့် ၎င်းတို့၏ မိသားစုဝင်များ နှင့် အပေါင်းအပါများ
- ခ။ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ မြန်မာစီးပွားရေးဦးပိုင်လီမိတက် နှင့် လက်အောက်ခံ ကုမ္ပဏီများ အပါအဝင် စစ်တပ်ပိုင်ကုမ္ပဏီများအားလုံး
- ဂ။ ပိတ်ဆို့ခြင်း မပြုရသေးသော ပြည်ပတွင် အပ်နှံထားသည့် မြန်မာနိုင်ငံ၏ အရန်နိုင်ငံခြားသုံးငွေများနှင့်တကွ သဘာဝဓာတ်ငွေ့ ရောင်းချခြင်းမှ ရရှိသော နှစ်စဉ်ဝင်ငွေများအပေါ် SAC ၏ ရယူသုံးစွဲနိုင်မှု
- ဃ။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း (MOGE) နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းတို့အပါအဝင် စစ်တပ်ကို ငွေကြေးအထောက်အပံ့ ပြုလျက်ရှိသော အစိုးရပိုင်စီးပွားရေးလုပ်ငန်းများအားလုံး
- င။ ကျောက်မျက်ကဏ္ဍတွင် စစ်တပ်ကျောထောက်နောက်ခံပြုထားသည့် ကွန်ရက်တွင်းမှ ကုမ္ပဏီများ၊

၇။ မြန်မာ့ကျောက်စိမ်းနှင့် ကျောက်မျက်လုပ်ငန်းများအပေါ် စစ်တပ်၏ ပျံ့နှံ့နေသော ဩဇာလွှမ်းမိုးမှုကို အသိအမှတ်ပြုပြီး မြန်မာနိုင်ငံမှ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာများအားလုံးကို တင်သွင်းခွင့် ပိတ်ပင်ထားရန်။

၈။ ပဋိပက္ခသက်ရောက်ခံထားရသည့် နယ်မြေများ နှင့် ထိခိုက်နိုင်ခြေ မြင့်မားသည့် နယ်မြေများမှ တာဝန်ယူမှုရှိစွာရယူခြင်းနှင့်ပတ်သက်၍ ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန် စိစစ်ခြင်းဆိုင်ရာဥပဒေများ မရှိကြသည့် နိုင်ငံများအနေဖြင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု နှင့် ဖွံ့ဖြိုးရေးအဖွဲ့ (OECD) ၏ ပဋိပက္ခသက်ရောက်ခံထားရသည့်နယ်မြေများနှင့် ထိခိုက်နိုင်ခြေမြင့်မားသည့်နယ်မြေများမှ တွင်းထွက်များ၏ တာဝန်ယူမှုရှိသော ထုတ်လုပ်မှုလမ်းကြောင်းများအတွက် ထိခိုက်နစ်နာမှုများကိုသိရှိနိုင်ရန်စိစစ်ခြင်း လမ်းညွှန်ချက်ကို ဥပဒေအဖြစ်ပြဋ္ဌာန်းကာ လမ်းညွှန်ချက်များနှင့်ပတ်သက်၍ အသိပညာပေးခြင်း နှင့် ကုမ္ပဏီများ လိုက်နာမှုရှိစေရေးအတွက် လုပ်ဆောင်ခြင်းတို့ ပြုလုပ်ရန်။ စံအရ သတ်မှတ်ထားသည့်အတိုင်း ထုတ်လုပ်ရေးလမ်းကြောင်းဆိုင်ရာ ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန် စိစစ်ခြင်းကို လုပ်ဆောင်ရန်ပျက်ကွက်သည့် ကုမ္ပဏီများကိုလည်း အပြစ်ပေး အရေးယူသင့်ပါသည်။

၉။ ပဋိပက္ခသက်ရောက်ခံထားရသည့်နယ်မြေများ နှင့် ထိခိုက်နိုင်ခြေမြင့်မားသည့်နယ်မြေများမှ တာဝန်ယူမှုရှိစွာ ရယူခြင်းနှင့်ပတ်သက်၍ ထိခိုက်နစ်နာမှုများကိုသိရှိနိုင်ရန် စိစစ်ခြင်းဆိုင်ရာ စည်းမျဉ်းများ ရှိကြသော EU နှင့် US တို့အနေဖြင့် မြန်မာနိုင်ငံမှ ကျောက်မျက်များ နှင့် ကျောက်စိမ်းများ (နှင့် အခြားသောနိုင်ငံများမှ အခြားသော ပဋိပက္ခနှင့် ပတ်သက်နေသည့် တွင်းထွက်များ) ကိုပါ ထည့်သွင်းရန် ဥပဒေကို တိုးချဲ့ပြီး OECD ၏ ထိခိုက်နစ်နာမှုများကို သိရှိနိုင်ရန် စိစစ်ခြင်း လမ်းညွှန်ချက်နှင့် ကိုက်ညီမှုရှိကြောင်း သေချာစေကာ အဆိုပါဥပဒေကို သင့်လျော်စွာ အကောင်အထည်ဖော်ရန်။ စံအရ သတ်မှတ်ထားသည့်အတိုင်း ထုတ်လုပ်ရေးလမ်းကြောင်းဆိုင်ရာ ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန် စိစစ်ခြင်းကို လုပ်ဆောင်ရန် ပျက်ကွက်သည့် ကုမ္ပဏီများကိုလည်း အပြစ်ပေးအရေးယူသင့်ပါသည်။

၁၀။ ငွေကြေးဆိုင်ရာစနစ်များသည် မြန်မာနိုင်ငံရှိ ကျောက်မျက်များ တရားမဝင်ကုန်သွယ်ခြင်းနှင့်ဆက်စပ်နေသည့် ငွေကြေးခဝါချမှုကို ထောက်ပံ့နေခြင်း မရှိကြောင်း သေချာစေရန်။

၁၁။ ကျောက်မျက်ကုန်သွယ်မှု ကန့်သတ်ချက်များ၏ သက်ရောက်မှုကို လျော့ပါးသက်သာစေရန်အတွက် ဒေသခံတိုင်းရင်းသား အရပ်ဘက်လူမှုအဖွဲ့ အစည်းများ၊ နယ်စပ်တွင်အခြေစိုက်သည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှတဆင့် သယံဇာတကြွယ်ဝသည့် ဒေသများရှိ အရပ်သားများအတွက် လူသားချင်းစာနာထောက်ထားမှု နှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အထောက်အပံ့များပေးအပ်ရန်။

၁၂။ ပဋိပက္ခနှင့်ပတ်သက်၍ သတိထားဆင်ခြင်သည့် ထုတ်လုပ်မှုလမ်းကြောင်းဆိုင်ရာ ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန် စိစစ်ခြင်းအား စီးပွားရေးနှင့် လူ့အခွင့်အရေးများဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းအစီအစဉ်များအတွင်း ပေါင်းစပ်ထည့်သွင်းပြီး ပြည်တွင်းဥပဒေများအတွင်း ကျင့်သုံးကာ လုံလောက်သည့်အရင်းအမြစ်ဖြင့် အကောင်အထည်ဖော်ပြီး လိုက်နာမှုရှိစေရန်ဆောင်ရွက်ကြောင်း သေချာစေရန် ပြုလုပ်ရန်။

၁၃။ အချို့နိုင်ငံများတွင် တင်သွင်းမှုများကို ကာရက်ဖြင့် မှတ်တမ်းတင်ထားပြီး အချို့တွင် ကီလိုဂရမ်ဖြင့် တင်ပြထားကာ အချို့တွင် တန်ဖိုးအတိုင်းအတာတစ်ခုသာ တင်ပြထားသည့် လက်ရှိတွင် တသမတ်တည်းမရှိသော ယူနစ်များကို အသုံးပြုသော ရောင်စုံကျောက်မျက်များနှင့် ပတ်သက်သည့် ကုန်သွယ်မှုအချက်အလက်များကို စံသတ်မှတ်ရန်။

၁၄။ လက်ရှိ ကုန်သွယ်ရေးစနစ်အတွင်း အသုံးပြုသည့် "စိန်မဟုတ်သည့် အဖိုးတန်ကျောက်များ" ဆိုင်ရာ HS Code အတွင်း အမျိုးအစားအခွဲများ ဖန်တီးကာ ပတ္တမြား၊ နီလာ သို့မဟုတ် မြ စသည့် အဖိုးတန်ကျောက်အမျိုးအစား အမျိုးမျိုးတို့ကို ခွဲခြားနိုင်စေရန် လုပ်ဆောင်ရန်။

၁၅။ မှတ်တမ်းများတွင် ပွင့်လင်းမြင်သာမှုရှိပြီး တိကျမှုရှိကြောင်း သေချာစေရန် လုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ကာ ကုန်သွယ်ရေးဆိုင်ရာ အချက်အလက်များ၏ ပွင့်လင်းမြင်သာမှု နှင့် အရည်အသွေးတို့ကို တိုးတက်စေရန် ဆောင်ရွက်ရန်။

၁၆။ တိုင်းရင်းသားလူနည်းစုများပါဝင်ပြီး သယံဇာတများကို မည်သို့ စီမံခန့်ခွဲမည်ဖြစ်ကြောင်း ဆုံးဖြတ်ရာတွင် ဒေသဆိုင်ရာ အကျိုးစီးပွား ပတ်သက်ဆက်နွှယ်သူများအနေဖြင့် အဓိပ္ပာယ်ပြည့်ဝသည့် အခန်းကဏ္ဍတစ်ရပ်မှ ပါဝင်နိုင်



SSA-N မှ ထိန်းချုပ်ထားသည့် မိုင်းရှူးအနီးတစ်ဝိုက်ရှိ ပတ္တမြားတွင်းတစ်ခုတွင် အဆိုင်းပြီး၍ ၎င်းတို့၏ နေရာထိုင်ခင်းများသို့ သွားရောက်ရန် ဓာတ်လှေကား စီးနင်းနေကြသည့် လုပ်သားများ၊ ၂၀၁၈ ခုနှစ်။ Suthep Kritsanavarin

ကြောင်းသေချာစေသည့် အနာဂတ်ကျောက်မျက်လုပ်ငန်းအတွက် ရည်မှန်းချက်တစ်ခုရေးဆွဲရာတွင် NUCC၊ NUG၊ တိုင်းရင်းသားအုပ်ချုပ်ရေးအဖွဲ့များ နှင့် အရပ်ဘက်အဖွဲ့အစည်းများကို နည်းပညာ နှင့် မူဝါဒပိုင်းဆိုင်ရာ အထောက်အပံ့များပေးအပ်ရန်။

၁၇။ သယံဇာတများ စီမံခန့်ခွဲရေးတွင် ပွင့်လင်းမြင်သာမှု နှင့် တာဝန်ခံမှုတို့ကို မြှင့်တင်ရန်အတွက် NUCC၊ NUG၊ တိုင်းရင်းသားအုပ်ချုပ်ရေးအဖွဲ့များ နှင့် အရပ်ဘက်အဖွဲ့အစည်းများကို နည်းပညာ နှင့် မူဝါဒပိုင်းဆိုင်ရာ အထောက်အပံ့များ ပေးအပ်ရန်။

## NUCC နှင့် NUG သို့

၁။ တိုင်းရင်းသားလူနည်းစုများ ပါဝင်ပြီး သဘာဝသယံဇာတများကို မည်သို့စီမံခန့်ခွဲမည်ဖြစ်ကြောင်း ဆုံးဖြတ်ရာတွင် ဒေသခံအကျိုးစီးပွားပတ်သက်ဆက်နွယ်သူများအတွက် အဓိပ္ပာယ်ပြည့်ဝသည့် အခန်းကဏ္ဍတစ်ခု ပေးအပ်ထားသော ကျောက်မျက်စီမံခန့်ခွဲမှုအပါအဝင် အားလုံးပါဝင်သော သဘာဝသယံဇာတ စီမံအုပ်ချုပ်မှုအတွက် ရည်မှန်းချက်တစ်ခု ရေးဆွဲရန်။

၂။ သဘာဝသယံဇာတ စီမံအုပ်ချုပ်မှုနှင့်ပတ်သက်သည့် မူဝါဒများ၊ အစီအစဉ်များ နှင့် ထုတ်ပြန်ချက်များအတွက် ထိရောက်သော မူဝါဒဆိုင်ရာ ဆွေးနွေးမှုများအတွင်း တိုင်းရင်းသားအကျိုးစီးပွားပတ်သက် ဆက်နွယ်သူများနှင့် ထိတွေ့ဆက်ဆံရန်။

၃။ အာဏာသိမ်းပြီးနောက်ပိုင်း ကျောက်စိမ်း၊ ပတ္တမြား နှင့် အခြား ကျောက်မျက်များအား စစ်တပ်ကို ကြွယ်ဝစေရန် နှင့် ၎င်း၏ အုပ်ချုပ်မှုကို ရှည်ကြာစေရေးအတွက် အထောက်အကူပြုရန် အသုံးပြုသည့် အဆိုးကြုံနိုင်ခြေများကို ဖြေရှင်းပြီး ကျောက်စိမ်း နှင့် ကျောက်မျက်လုပ်ငန်းအတွင်းရှိ SAC ၏ လုပ်ဆောင်ချက်များကို တုန့်ပြန်ရန်။

၄။ အောက်ပါ အချက်များအပါအဝင် ခိုင်မာသည့် မူဝါဒ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အဆိုပြုချက်များ လုပ်ဆောင်ရန် -

က။ တူးဖော်မှုများကို တာဝန်ယူမှုရှိစွာ စီမံခန့်ခွဲနိုင်သည့် အချိန်ကာလ ရောက်ရှိသည်အထိ အကြီးစားလုပ်ငန်းများ နှင့် စက်ယန္တရားကြီးများ အသုံးပြုသည့် လုပ်ငန်းများကို ဆိုင်းငံ့စေခြင်း

ခ။ ကျောက်စိမ်း နှင့် ကျောက်မျက်လုပ်ငန်းအတွင်း ပါဝင်ပတ်သက်သည့် ကုမ္ပဏီများအားလုံးတို့အား အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု၊ လိုင်စင်၊ စာချုပ် နှင့် ငွေပေးချေမှုဆိုင်ရာ သတင်းအချက်အလက်များကို ထုတ်ပြန်ကြေညာရန် အမိန့်ထုတ်ပြန်ခြင်း

ဂ။ ရေရှည်တည်တံ့သော တူးဖော်ရေးအလေ့အထများကို ဦးစားပေးခြင်း နှင့် တန်ဖိုးမြှင့် အချောထည် ကျောက်မျက်ကဏ္ဍကို အားပေးမြှင့်တင်ခြင်း

ဃ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် ကောင်းစွာ ကြိုတင်အသိပေး၍ လွတ်လပ်သော သဘောထားတောင်းခံခြင်းဆိုင်ရာ အခွင့်အရေး အပါအဝင် ထိခိုက်နစ်နာသည့် လူထု နှင့် ဌာနေပြည်သူလူထုတို့၏ အခွင့်အရေးများကို ဦးစားပေးရန် ကတိပြုခြင်း

င။ ကျောက်မျက် စီမံခန့်ခွဲမှုအတွင်း ပွင့်လင်းမြင်သာမှု နှင့် တာဝန်ခံမှုတို့ကို ကတိကဝတ်ပြုခြင်း

၅။ တူးဖော်မှုများ၏ သဘာဝပတ်ဝန်းကျင် နှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှုများကို ဖြေရှင်းပေးမည့် စောင့်ကြည့်ရေး စနစ်တစ်ခု နှင့် ခိုင်မာသော ပြန်လည်ကုစားရေး နှင့် အဆင်မပြေမှုများ ညှိနှိုင်းဖြေရှင်းရေး စနစ်တစ်ခုတို့ကို တည်ထောင်ရန်။

## ပြည်တွင်း ကျောက်မျက်တူးဖော်ရေး နှင့် ကုန်သွယ်ရေး ကုမ္ပဏီများသို့

၁။ ကျောက်မျက်တူးဖော်ရေး နယ်မြေများအတွင်းရှိ တရားမဝင် လုပ်ငန်းဆောင်ရွက်နေမှုများသည် မြန်မာနိုင်ငံဥပဒေ နှင့် နိုင်ငံတကာစံချိန်စံနှုန်းများကို ချိုးဖောက်ကြောင်း အသိအမှတ်ပြုသည့်အနေဖြင့် အဆိုပါလုပ်ငန်းဆောင်ရွက်နေမှုများကို ရပ်တန့်ရန်။

၂။ မှန်မှန်ကန်ကန် ရွေးကောက်တင်မြှောက်ထားသည့် အရပ်သားအစိုးရတစ်ရပ် အာဏာပြန်လည်ရရှိလာသည့်အချိန်မတိုင်မီ SAC မှ လိုင်စင်များ ပြန်လည်ထုတ်ပေးပါက ကျောက်မျက်တူးဖော်ခွင့်အသစ် သို့မဟုတ် ရှိပြီးသားတူးဖော်ခွင့်ကို သက်တမ်းတိုးခြင်းတို့အတွက် လျှောက်ထားခြင်း မပြုရန်။

၃။ OECD ၏ လမ်းညွှန်ချက်နှင့်အညီ စစ်တပ်၊ ရဲတပ်ဖွဲ့၊ SAC အုပ်ချုပ်ရေးမှူးများ သို့မဟုတ် မြန်မာနိုင်ငံ၏ ကျောက်မျက်တွင်းများတွင် လှုပ်ရှားသည့် အစိုးရမဟုတ်သော လက်နက်ကိုင်များအား ငွေကြေးပံ့ပိုးခြင်း မပြုရန်။

၄။ စစ်တပ်မှလုပ်ဆောင်သည့် ကျောက်စိမ်း နှင့် ကျောက်မျက်ပြပွဲများတွင် ပါဝင်ခြင်းမပြုရန်။

၅။ ကျောက်မျက်ကဏ္ဍနှင့်ပတ်သက်သည့် NUG ၏ လမ်းညွှန်ချက် နှင့် မူဝါဒများကို လိုက်နာရန်။

၆။ အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု၊ လိုင်စင်၊ စာချုပ် နှင့် ငွေပေးချေမှုဆိုင်ရာ သတင်းအချက်အလက်အားလုံးကို ထုတ်ပြန်ရန်။

## OECD သို့

၁။ ကျောက်မျက် ကုန်သွယ်ခြင်းတွင် ပါဝင်သည့် ကုမ္ပဏီများအနေဖြင့် OECD လမ်းညွှန်ချက်နှင့်အညီ ထုတ်လုပ်ရေးလမ်းကြောင်းဆိုင်ရာ ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန် စိစစ်ခြင်းကို လုပ်ဆောင်ရမည် ဖြစ်ကြောင်း ဖော်ပြထားသည့် ရှင်းလင်းသော ညွှန်ကြားချက်တစ်ခု ထုတ်ပြန်ရန်။

၂။ ဥပဒေ ပြဋ္ဌာန်းချက်များမှတဆင့် အပါအဝင် ကျောက်မျက်များအတွက် သင့်လျော်သော ထုတ်လုပ်ရေးလမ်းကြောင်းဆိုင်ရာ ထိခိုက်နစ်နာမှုများကို ကြိုတင်သိရှိနိုင်ရန် စိစစ်ခြင်းများပြုလုပ်ကြောင်း သေချာစေသည့် ခိုင်မာသော ပြဋ္ဌာန်းချက်များ ချမှတ်ထားပြီး လိုက်နာမှုရှိစေရေးအတွက် ဆောင်ရွက်ကြောင်း သေချာစေရန် OECD အဖွဲ့ဝင်နိုင်ငံများကို တက်ကြွစွာ စောင့်ကြည့်ရန်။

## တာဝန်ယူမှုရှိသော လက်ဝတ်ရတနာလုပ်ငန်း ကောင်စီ (RJC) သို့

၁။ ၎င်း၏အဖွဲ့ဝင်များအတွက် အသေးစိတ်အစီရင်ခံတင်ပြရေးဆိုင်ရာ သတ်မှတ်ချက်များ ရေးဆွဲရန်။

၂။ လိုက်နာမှုမရှိသည့် အဖွဲ့ဝင်များကို အရေးယူခြင်းများမှတဆင့်အပါအဝင် ၎င်း၏စံများအား ကောင်းစွာလိုက်နာမှုရှိစေရန် ဆောင်ရွက်ရန်။

၃။ ရောင်စုံကျောက်မျက်ထုတ်လုပ်မှု လမ်းကြောင်းများ ထည့်သွင်းရန်အတွက် ၎င်း၏ အဆင့်ဆင့် စောင့်ထိန်းလိုက်နာမှု စံသတ်မှတ်ချက်ကို တိုးချဲ့ရန်။

၄။ လက်ရှိ အခြေအနေများတွင် မြန်မာနိုင်ငံမှ ကျောက်မျက်များကို ဝယ်ယူ တင်သွင်းခြင်းသည် OECD ၏ လမ်းညွှန်ချက်နှင့် ကိုက်ညီရန် မဖြစ်နိုင်ကြောင်း ၎င်း၏ အဖွဲ့ဝင်များထံသို့ ကြေညာချက်တစ်စောင် ထုတ်ပြန်ရန်။

## မြန်မာနိုင်ငံပြင်ပရှိ ကျောက်မျက် နှင့် လက်ဝတ်ရတနာ ကုမ္ပဏီများသို့

၁။ သယံဇာတများ တရားမဝင်ကုန်သွယ်ခြင်း နှင့်တကွ စီးပွားရေး နှင့် ကုန်သွယ်ရေးဆိုင်ရာ အရေးယူပိတ်ဆို့မှုများကို ထိန်းချုပ်သည့် ဥပဒေများ အပါအဝင် နိုင်ငံတကာ နှင့် ပြည်တွင်းဥပဒေများကို လိုက်နာရန်။

၂။ OECD ၏ ထိခိုက်နိုင်ခြေအပေါ် အခြေခံထားသည့် ထိခိုက်နစ်နာမှုများကို သိရှိနိုင်ရန် စိစစ်ခြင်းဆိုင်ရာ အဆင့် ၅ ဆင့် ပါဝင်သော မူဘောင်ကို အောက်ပါ အတိုင်းအကောင်အထည်ဖော်ခြင်းအပါအဝင် OECD ၏ လမ်းညွှန်ချက်ကို လက်ခံကျင့်သုံးရန်။

က။ ခိုင်မာသည့် ကုမ္ပဏီစီမံခန့်ခွဲရေးစနစ်များ သတ်မှတ်ထားရှိပြီး မြန်မာ နိုင်ငံနှင့် အခြားသော ပဋိပက္ခသက်ရောက်ခံထားရသည့် နယ်မြေများနှင့် ထိခိုက်နိုင်ခြေမြင့်မားသည့်နယ်မြေများမှ ထွက်ရှိလာသည့် ကျောက်မျက် များအတွက် မူဝါဒတစ်ခုကို ကျင့်သုံးပြီး ကုန်ပစ္စည်း တင်သွင်းသူများနှင့် အများပြည်သူတို့ထံ ရှင်းလင်းစွာ ထုတ်ပြန်ရန်။

ခ။ အမှန်တကယ် သို့မဟုတ် ဖြစ်နိုင်ခြေရှိသော ထုတ်လုပ်မှုလမ်းကြောင်း ဆိုင်ရာ အဆိုးကြုံနိုင်ခြေများကို ခွဲခြားသတ်မှတ်ပြီး ဆန်းစစ်ရန်။

ဂ။ ကုန်သွယ်မှုကို ယာယီဆိုင်းငံ့ထားရန် သို့မဟုတ် ကုန်ပစ္စည်းတင်သွင်း သူတစ်ဦးနှင့် လက်တွဲဖြုတ်ရန် ဆုံးဖြတ်ခြင်းတို့ဖြင့် အပါအဝင် ခွဲခြား သတ်မှတ်ထားသည့် အဆိုးကြုံနိုင်ခြေများကို တုန့်ပြန်ရန်အတွက် ဗျူဟာ တစ်ခုရေးဆွဲပြီး အကောင်အထည်ဖော်ရန်။

ဃ။ ထုတ်လုပ်မှု လမ်းကြောင်းအတွင်းရှိ ခွဲခြားသတ်မှတ်ထားသည့် အဆင့် များတွင် ထုတ်လုပ်မှုလမ်းကြောင်းများအတွက် ထိခိုက်နစ်နာမှုများကို သိရှိနိုင်ရန် စိစစ်ခြင်းအတွက် အမှီအခိုကင်း လွတ်လပ်သည့် ပြင်ပအဖွဲ့ အစည်းတစ်ခုမှ စာရင်းစစ်ဆေးခြင်း လုပ်ဆောင်စေရန်။

င။ ကုန်ပစ္စည်းတင်သွင်းသူများ မည်သူမည်ဝါဖြစ်ကြောင်း ရှင်းလင်းစွာ ခွဲခြား ရွေးထုတ်ခြင်း အပါအဝင် ထုတ်လုပ်မှုလမ်းကြောင်းများအတွက် ထိခိုက် နစ်နာမှုများကို သိရှိနိုင်ရန် စိစစ်ခြင်းနှင့်ပတ်သက်၍ အများပြည်သူထံ တင်ပြရန်။

၃။ အဆင့် ၅ ဆင့်ပါသည့် မူဘောင်ကို ယခင်က တင်သွင်းခဲ့မှုများ၏ အရင်းအမြစ် များကို ကျိုးကြောင်းဆီလျော်စွာ ခွဲခြားသတ်မှတ်နိုင်စွမ်းတစ်ခုမှတဆင့် ရှိပြီးသား သိုလှောင်ထားသည့် ရောင်စုံကျောက်မျက်များအပေါ် လည်း အသုံး ချရန်။

၄။ OECD လမ်းညွှန်ချက်၏ နောက်ဆက်တွဲ ၂ နှင့် ၎င်း၏ ဖြည့်စွက်ချက်များတွင် ဖော်ပြထားသည့်အတိုင်း ပဋိပက္ခကို ငွေကြေးပံ့ပိုးခြင်း သို့မဟုတ် ပဋိပက္ခ၏ အခြေအနေများကို မီးလောင်ရာလေပင့်ဖြစ်စေခြင်း၊ အထောက်အပံ့ပေးခြင်း သို့မဟုတ် ပိုမိုဆိုးရွားစေခြင်းတို့အတွက် သွယ်ဝိုက်၍ ပါဝင်ခြင်းကို ရှောင်ကြဉ် ပြီး ထိုသို့သော သက်ရောက်မှုများ ဖြစ်ပွားပါက ဖြေရှင်းရန်။

၅။ ကုလသမဂ္ဂ၏ စီးပွားရေး နှင့် လူ့အခွင့်အရေးများဆိုင်ရာ လမ်းညွှန်ချက် အခြေခံမူများ နှင့် ပဋိပက္ခသက်ရောက်ခံထားရသည့် ဒေသများအတွင်းရှိ မြင့်မားလျက်ရှိသော ထိခိုက်နစ်နာမှုများကိုသိရှိနိုင်ရန်စိစစ်ခြင်း ဆိုင်ရာ ကုလသမဂ္ဂ လမ်းညွှန်ချက်တို့အပါအဝင် အခြားသက်ဆိုင်ရာ လမ်းညွှန်ချက် များကို လက်ခံကျင့်သုံးရန်။

၆။ WeChat အပါအဝင် မြန်မာနိုင်ငံမှ ကျောက်မျက်များ ရောင်းချမှုကို လွယ်ကူ ချောမွေ့စေသည့် နည်းပညာကုမ္ပဏီများအနေဖြင့်လည်း လူ့အခွင့်အရေး အပေါ် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပွားစေခြင်း သို့မဟုတ် ၎င်းတို့ကို အထောက်အကူပြုခြင်းတို့မှ ရှောင်ကြဉ်ကြောင်းနှင့် ထိုသို့သောသက်ရောက် မှုများ ဖြစ်ပွားပါက ဖြေရှင်းကြောင်း သေချာစေခြင်းဖြင့် ကုလသမဂ္ဂ၏ လမ်း ညွှန်ချက် အခြေခံမူများကို လိုက်နာရန်။

အကယ်၍ ကုမ္ပဏီများအနေဖြင့် OECD လမ်းညွှန်ချက်များ နှင့် အထက်ပါအကြံ ပြုတင်ပြချက်များကို စိတ်ရင်းမှန်ဖြင့် လိုက်နာကြပါက ထိုင်းနိုင်ငံ နှင့် အခြားသော ကြားခံနိုင်ငံများရှိ ကုန်သည်များ နှင့် အချောထည် ပြုလုပ်သူများမှတဆင့်အပါ အဝင် မြန်မာနိုင်ငံမှ ကျောက်မျက် နှင့် ကျောက်စိမ်းတို့ကို တာဝန်ယူမှုရှိစွာ ရယူ တင်သွင်းရန်မှာ လက်ရှိအခြေအနေတွင် ဖြစ်နိုင်ခြင်းမရှိကြောင်း ကောက်ချက်ချ နိုင်ဖွယ်ရှိပါသည်။

OECD လမ်းညွှန်ချက်များရှိ ထိခိုက်နစ်နာမှုများကို သိရှိနိုင်ရန် စိစစ်ခြင်းသည် ထိတွေ့ဆက်ဆံခြင်းအတွက် ကိရိယာတစ်ခုအဖြစ် ရေးဆွဲထားခြင်းဖြစ်သော်လည်း ကုမ္ပဏီတစ်ခုသည် ကြီးလေးသော အလွဲသုံးစားမှုများ ကျူးလွန်နေသည့် မည်သည့် အဖွဲ့အစည်းမဆို သို့မဟုတ် အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့များထံမှ ရယူ တင်သွင်းနေသည် သို့မဟုတ် ၎င်းတို့နှင့်ဆက်စပ်နေသည်ဟူသော ကျိုးကြောင်း ဆီလျော်သည့် အဆိုးကြုံနိုင်ခြေတစ်ခုကို ခွဲခြားသတ်မှတ်ရသည့်အခါ အကြမ်း ထည်တင်သွင်းသူများနှင့်အပါအဝင် လက်တွဲဖြုတ်ရန် လိုအပ်ကောင်းလိုအပ်နိုင် ကြောင်းကိုလည်း လမ်းညွှန်ချက်များတွင် အသိအမှတ်ပြုထားပါသည်။

## မြန်မာနိုင်ငံမှ ကျောက်မျက် နှင့် ကျောက်စိမ်းတို့ ရယူတင်သွင်းမှုကို ရပ်တန့်သည့် ကုမ္ပဏီများအနေဖြင့်

၁။ ရှိပြီးသားဆက်ဆံရေးများကို လက်တွဲဖြုတ်ခြင်းသည် လူ့အခွင့်အရေးများကို ဦးစားပေးခြင်းဖြစ်ကြောင်း သေချာစေရန်။

၂။ မိမိတို့ကြောင့် ဖြစ်ပွားခဲ့သော၊ မိမိတို့ပါဝင်ခဲ့သော သို့မဟုတ် ဆက်စပ်မှုရှိခဲ့ သော မည်သည့်လူ့အခွင့်အရေးဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုအတွက်မဆို ထောက်ပံ့ခြင်း သို့မဟုတ် ပြန်လည်ကုစားရေးဆိုင်ရာ တရားဝင် လုပ်ငန်းစဉ် များကို အထောက်အပံ့ပေးခြင်းတို့ ပြုလုပ်ရန်။

၃။ မိမိတို့အနေဖြင့် မြန်မာနိုင်ငံမှ ရယူတင်သွင်းမှုကို ရပ်တန့်ခဲ့ကြောင်း နှင့် ပြန်လည်ထိတွေ့ဆက်ဆံရန် သတ်မှတ်ချက်များကို အများပြည်သူထံ ကြေညာရန်။



မိုးကုတ်ရှိ ကျောက်တွင်း အဝင်ဝတစ်ခုတွင် တူးဖော်ထားသည့် အပိုင်းအစများအတွင်း ပတ္တမြား အရိုင်းတုံးများကိုရှာဖွေနေသည့် လက်လုပ်လက်စားတူးဖော်သူတစ်ဦး၊ ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလ။ MO

# အစီရင်ခံစာ၏ နည်းစနစ်

## တွေ့ဆုံမေးမြန်းမှုများ

Global Witness အနေဖြင့် ဤအစီရင်ခံစာအတွက် သုတေသနလုပ်ငန်းအား ၂၀၁၇ နှင့် ၂၀၂၁ တို့အကြားတွင် လုပ်ဆောင်ခဲ့သည်။ ကျွန်ုပ်တို့အနေဖြင့် မြန်မာနိုင်ငံရှိ မိုးကုတ်၊ မိုင်းရှူး၊ လွယ်တိုင်းလျံ နှင့် ရန်ကုန်တို့ရှိ အစိုးရတာဝန်ရှိသူများ၊ နိုင်ငံရေးသမားများ၊ လက်နက်ကိုင်များ၊ လုပ်ငန်းဆိုင်ရာကိုယ်စားလှယ်များ၊ အသိုင်း အဝိုင်းရှိအဖွဲ့ဝင်များ နှင့် ကျွမ်းကျင်ပညာရှင်များ ၁၅၀ ကျော်တို့ နှင့် ဘန်ကောက်၊ ဟောင်ကောင်၊ လန်ဒန် နှင့် နယူးယောက်တို့အပါအဝင် ကမ္ဘာတစ်ဝန်းရှိ ကျောက်မျက်ကုန်သွယ်ရေး နှင့် ရောင်းချရေးစင်တာများမှ ကုမ္ပဏီ ကိုယ်စားလှယ်များ နှင့် အခြားလုပ်ငန်းဆိုင်ရာ အကျိုးစီးပွားပတ်သက်ဆက်နွယ်သူများ နှင့် တွေ့ဆုံခြင်းများ နှင့် ဆက်သွယ်ခြင်းများမှတဆင့် သတင်းအချက်အလက်များကို စုဆောင်းခဲ့ပါသည်။

မြန်မာနိုင်ငံအတွင်း စစ်အာဏာသိမ်းပြီး အကြမ်းဖက်မှု အန္တရာယ်များမြင့်မားနေသောကြောင့် ကျွန်ုပ်တို့အနေဖြင့် ဤအစီရင်ခံစာအတွင်း တွေ့ဆုံမေးမြန်းခဲ့သူအများစုတို့ မည်သူမည်ဝါဖြစ်ကြောင်း ထုတ်ဖော်ခြင်းမပြုထားပေ။

## အချက်အလက် စိစစ်လေ့လာမှု

Global Witness အနေဖြင့် အောက်ပါတို့အပါအဝင် ဤအစီရင်ခံစာအတွက် အချက်အလက်စုစည်းမှု အမျိုးမျိုးတို့ကို ကျယ်ကျယ်ပြန့်ပြန့်သုံးသပ်ပြီး စိစစ်လေ့လာခဲ့ပါသည် -

- ၂၀၁၃-၁၄ မှ ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်တို့အတွက် မြန်မာနိုင်ငံ၏ EITI အစီရင်ခံစာ ၅ ခုတို့အတွင်း ထုတ်ပြန်ခဲ့သည့် အချက်အလက်များ
- မိုးကုတ်နယ်မြေပါဝင်သော ကျောက်မျက်လုပ်ပိုင်ခွင့်ပေးအပ်ထားသည့် မြေပုံတစ်ခုအပါအဝင် ကျောက်မျက်လိုင်စင်ကိုင်ဆောင်ထားသူများနှင့် ပတ်သက်၍ လုပ်ငန်းအတွင်းလူများထံမှ ပေးအပ်သည့် အချက်အလက်များ
- www.myco.dica.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သော DICA ၏ လုပ်ငန်းများဆိုင်ရာ အွန်လိုင်း မှတ်ပုံတင်စာရင်းမှတဆင့် ဖော်ပြထားသည့် ကုမ္ပဏီ မှတ်တမ်းများ
- ကျောက်မျက်ထုတ်လုပ်မှုနှင့်ပတ်သက်၍ MGE ၏ တရားဝင် အချက်အလက်များ
- UN Comtrade အချက်အလက်
- ထိုင်းအကောက်ခွန်မှ ကုန်သွယ်ရေး စာရင်းအင်းများ နှင့် ကုမ္ပဏီအချက်အလက်များ
- လုပ်ငန်းဆိုင်ရာ ကျောက်မျက်ဈေးနှုန်းသတ်မှတ်ရေး အချက်အလက်
- ပဋိပက္ခ နှင့် အကြမ်းဖက်မှု ဖြစ်စဉ်များနှင့်ပတ်သက်၍ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားရာ နေရာဒေသများ နှင့် ဖြစ်စဉ်အချက်အလက်များ စီမံကိန်း နှင့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းတို့မှ စုစည်းခဲ့သော အချက်အလက်များ
- Burmalibrary.org မှ တင်ပြထားသော ၁၉၉၀ ပြည့်နှစ်များအထိ ရက်စွဲတပ်ထားသော အစိုးရမီဒီယာမော်ကွန်းများ
- အင်္ဂလိပ် နှင့် မြန်မာဘာသာစကားအရင်းအမြစ်များဖြင့် အများပြည်သူထံ ရရှိနိုင်သော ဘက်စုံသုံးသပ်ချက်တစ်ခု

## Security Force Monitor ထံမှ ကူညီပံ့ပိုးမှု

Columbia Law School Human Rights Institute ၏ အစီအစဉ်တစ်ခုဖြစ်သည့် အကျိုးအမြတ်အတွက်မဟုတ်သော သုတေသနအဖွဲ့ Security Force Monitor (https://securityforcemonitor.org/) သည် မြန်မာနိုင်ငံ၏ အဆင့်ဆင့် ကွပ်ကဲရေး နှင့် လုပ်ငန်းများနှင့်ပတ်သက်သည့် အများပြည်သူဆိုင်ရာ အရင်းအမြစ်များ ကူညီပံ့ပိုးမှု နှင့် သုတေသနလုပ်ဆောင်မှုများအား Global Witness ထံ ပေးအပ်ခဲ့ပြီး ယင်းသည် ဤအစီရင်ခံစာအတွက် စိစစ်လေ့လာမှုကို အထောက်အကူပြုခဲ့သည်

## "ကျောက်မျက်များ" နှင့် "ပတ္တမြားများ" အသုံးပြုမှုနှင့် ပတ်သက်သည့် မှတ်ချက်

မိုးကုတ် နှင့် မိုင်းရှူးတို့ရှိ ကျောက်တွင်းများသည် ပတ္တမြားသာမကဘဲ နီလာ နှင့် အခြားသော ရောင်စုံကျောက်မျက်များအတွက်လည်း အဓိကအရင်းအမြစ်တစ်ခု ဖြစ်သည်။ ဤအစီရင်ခံစာတွင် ကျွန်ုပ်တို့အနေဖြင့် တူးဖော်ရေးနှင့် ကုန်သွယ်ရေး လုပ်ဆောင်ချက်များနှင့်ပတ်သက်သည့် အထွေထွေဆွေးနွေးမှုများတွင် ပတ္တမြားအစား ရောင်စုံကျောက်မျက်များကို ရည်ညွှန်းခဲ့ပြီး MEITI မှတဆင့် ထုတ်ပြန်သည့် အချက်အလက်များတွင်ကဲ့သို့ ကျောက်မျက်အမျိုးအစားများကို ခွဲခြားထားခြင်းမရှိသည့် အဓိကအချက်အလက် အရင်းအမြစ်များတွင်လည်း ကျောက်မျက်များကို ရည်ညွှန်းခဲ့သည်။ ပတ္တမြားသည် နိုင်ငံတကာဈေးကွက်များတွင် ပိုမိုမြင့်မားသည့် ဈေးနှုန်းများရရှိသဖြင့် ဖြစ်နိုင်သည့်နေရာများတွင်မူ အစီရင်ခံစာသည် မြန်မာနိုင်ငံမှ အခြားသောကျောက်မျက်များအစား ပတ္တမြားများကို အာရုံစူးစိုက်ထားပါသည်။ မည်သို့ပင်ဆိုစေကာမူ ကျွန်ုပ်တို့၏ အကြံပြုတင်ပြချက်များသည် မိုးကုတ် နှင့် မိုင်းရှူးတို့တွင် တူးဖော်ခဲ့သော နီလာ၊ အညံ့ပန်း နှင့် အခြားသော ကျောက်မျက်များ အားလုံးအပေါ် သက်ရောက်ပြီး ယင်းတို့အားလုံးသည် လက်နက်ကိုင်ပဋိပက္ခ နှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ငွေကြေးပံ့ပိုးနေနိုင်ဖွယ် တူညီစွာရှိသည်ဟု မှတ်ယူသင့်ပါသည်။

# နောက်ဆက်တွဲ

## နောက်ဆက်တွဲ ၁

### မြန်မာနိုင်ငံရှိ အကြီးမားဆုံး ကျောက်မျက် တူးဖော်ရေး ကုမ္ပဏီများကို ရှာဖွေဖော်ထုတ်ကာ ၎င်းတို့နှင့် စစ်တပ်၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအကြား ဆက်စပ်မှုများကိုဖော်ထုတ်ရန် MEITI အချက်အလက်များကို အသုံးပြုခြင်း

မြန်မာနိုင်ငံ၏ ကျောက်မျက်လုပ်ငန်းအတွင်း ပွင့်လင်းမြင်သာမှု မရှိခြင်းကြောင့် မည်သည့်ကုမ္ပဏီများသည် အကြီးမားဆုံး နှင့် အကျိုးအမြတ်အများဆုံးဖြစ်ကြောင်းသတ်မှတ်ရန် ခက်ခဲပါသည်။

ကျွန်ုပ်တို့အနေဖြင့် စစ်တပ် နှင့်/သို့မဟုတ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ နှင့် အဆက်အစပ်ရှိသူများကို သိရှိနိုင်ရန်အတွက် နောက်ဆုံးလိုင်စင်များကုန်ဆုံးခဲ့သည့် ၂၀၂၀ ခုနှစ် မတိုင်မီ အကြီးမားဆုံးပါဝင်သူကို ခန့်မှန်းတွက်ချက်ရန်အတွက် ၂၀၁၃-၁၄ မှ ၂၀၁၇-၁၈ အထိ ဘဏ္ဍာရေးနှစ် ၅ ခုတို့အတွင်း MEITI မှ တဆင့်ပြုလုပ်ခဲ့သော ထုတ်ဖော်မှုများကိုအခြေခံကာ ချဉ်းကပ်မှု ၃ ခုတို့ကို အသုံးပြုခဲ့သည်။ ဤနောက်ဆက်တွဲတွင် ချဉ်းကပ်မှုတစ်ခုချင်းစီအတွက် ကျွန်ုပ်တို့၏ နည်းစနစ်များကို ဖော်ပြထားပြီး ဖြစ်စဉ်တစ်ခုချင်းစီတွင် အားသာချက်၊ အားနည်းချက်များကို အကြမ်းဖျင်းဖော်ပြကာ အဓိကတွေ့ရှိချက်များကို စာရင်းဖြင့် ဖော်ပြထားပါသည်။

ချဉ်းကပ်မှုနည်းလမ်း ၃ ခုစလုံးတွင် တူညီသည့် စိန်ခေါ်မှု အများအပြားရှိခဲ့ကြသည်။ ကုမ္ပဏီများနှင့် မြန်မာအစိုးရတို့၏ ထုတ်ဖော်မှုများအတွင်းရှိ တိကျမှန်ကန်မှု မရှိခြင်းများအား ထုတ်ပြန်ထားသည့် အချက်အလက်များတွင် ပြန်လည်ဖော်ပြခဲ့သည်။ ကျွန်ုပ်တို့အနေဖြင့် MEITI အစီရင်ခံတင်ပြမှု နှစ်များအတွင်း အံ့အားသင့်ဖွယ် ကွဲပြားမှု အတိုင်းအတာကို တွေ့ရှိရပြီး ဖြစ်နိုင်ခြေရှိသည့် မှားယွင်းသော သို့မဟုတ် တစ်နည်းတစ်ဖုံ စိတ်မချရသော အချက်အလက်များကို တွေ့မြင်ရသည်။ ဤအစီရင်ခံစာ၏ စာမျက်နှာ ၃၁ တွင် ရှင်းလင်းဖော်ပြခဲ့သည့် အတိုင်း ပုဂ္ဂလိကပိုင်ကျောက်တွင်းများအပေါ် အစိုးရမှစောင့်ကြည့်မှုမှာ အနည်းငယ်မျှသာရှိခဲ့သည် သို့မဟုတ် လုံးဝမရှိခဲ့ပေ။ ထို့ကြောင့် ကုမ္ပဏီများသည် ထုတ်လုပ်မှုများကို လွတ်လပ်စွာ လျှော့ချတင်ပြနိုင်ကြပြီး MEITI အချက်အလက်များရှိသည့်ကာလအတွင်း စုစုပေါင်းထုတ်လုပ်မှု၏ ၆၀% မှ ၉၀% အကြားကို မည်သည့်အခါတွင်မျှ တင်ပြခဲ့ခြင်း မရှိဘဲ မြန်မာနိုင်ငံ၏ နယ်စပ်ကို ဖြတ်ကျော်ကာ မှောင်ခိုကုန်သွယ်ခဲ့ကြသည်။

ထို့ပြင် MEITI သည် ၎င်းထုတ်ပြန်ခဲ့သော ကော်ပိုရိတ်သတင်းအချက်အလက်များအား ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) မှ ထိန်းချုပ်ထားသော မြန်မာနိုင်ငံကုမ္ပဏီများ မှတ်ပုံတင်စာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခဲ့ခြင်း မရှိပေ။ ဤသို့ ချန်လှပ်ထားခဲ့ခြင်းကြောင့် MEITI တွင် ထုတ်ပြန်ကြေညာခဲ့သည့် ကုမ္ပဏီများစွာတို့သည် DICA မှတ်ပုံတင်စာရင်းတွင် ရှိမနေခြင်း၊ အချို့ကုမ္ပဏီများသည် မှတ်ပုံတင်စာရင်းတွင် ရှိနေသော်လည်း အမည်များ တစ်ထပ်တည်းမကျဘဲ ဆင်တူများသာရှိနေခြင်းတို့အပါအဝင် အခက်အခဲအမျိုးမျိုးတို့ ဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် စစ်တပ် သို့မဟုတ် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် ဆက်စပ်မှုများကို ခွဲခြားသတ်မှတ်ရန်အတွက် MEITI မှ စာရင်းပြုစုထားသော ကုမ္ပဏီများစွာတို့၏ ကော်ပိုရိတ်ပိုင်ဆိုင်မှုကို သတ်မှတ်ရန် အခက်အခဲဖြစ်စေပါသည်။

နောက်ပိုင်း MEITI အစီရင်ခံစာများအတွင်း ကုမ္ပဏီမှတ်ပုံတင်အမှတ်များ ဖော်ပြရန်သတ်မှတ်ခဲ့ခြင်းကြောင့် ကုမ္ပဏီများမှာ မည်သည်တို့ဖြစ်ကြောင်း နှင့် ကော်ပိုရိတ်ပိုင်ဆိုင်မှုတို့ကို သတ်မှတ်နိုင်ရန် အထောက်အကူပြုခဲ့သော်လည်း အခြားသော ဖြစ်စဉ်များတွင်မူ MEITI အစီရင်ခံစာအတွင်း ဖော်ပြထားသည့် ကုမ္ပဏီတစ်ခုသည် DICA မှတ်တမ်းအတွင်းရှိ ဆင်တူသည့်အမည်ဖြင့် ကုမ္ပဏီနှင့် တူညီမှုရှိမရှိ သတ်မှတ်ရန် မဖြစ်နိုင်ပေ။ MEITI အစီရင်ခံစာများအတွင်း ကုမ္ပဏီများစွာတို့အား တသမတ်တည်း အမည်ဖော်ပြထားခြင်း မရှိသဖြင့် တိကျစွာ စုစည်းရန် ခက်ခဲစေသဖြင့် ပိုမိုရှုပ်ထွေးမှု ဖြစ်စေသည်။ နောက်ဆုံးအနေဖြင့် လိုင်စင်ပိုင်ဆိုင်သူများသည်သာ ထုတ်လုပ်မှု နှင့် အခွန်ဆိုင်ရာ အချက်အလက်များကို MEITI ထံသို့ တင်ပြရန် သတ်မှတ်ထားသဖြင့် ကျွန်ုပ်တို့၏ ချဉ်းကပ်မှု ၃ ခု တို့တွင် တူးဖော်ခွင့် လိုင်စင်မရှိသော်လည်း လိုင်စင်ရှိသည့် အခြားကုမ္ပဏီများနှင့် တရားမဝင်ဖက်စပ်လုပ်ငန်းများ ဖွဲ့စည်းခဲ့ကြသည့် ကုမ္ပဏီများ မပါဝင်ပေ။

## ချဉ်းကပ်မှု ၁

### ကုမ္ပဏီတစ်ခုမှ ပိုင်ဆိုင်သည့် လိုင်စင်များ အတွက် ခွင့်ပြုထားသည့် ဧက-ရက်ပေါင်းကို ထုတ်ဖော်ခြင်း

**ကျွန်ုပ်တို့ မည်သို့လုပ်ဆောင်ခဲ့ပုံ** - ကျွန်ုပ်တို့အနေဖြင့် ၂၀၁၄-၁၅ မှ ၂၀၁၇-၁၈ အထိ MEITI အစီရင်ခံစာ လေးခုတို့တွင် အစီရင်ခံတင်ပြထားသည့် လိုင်စင်တစ်ခုချင်းစီ၏ ဧရိယာကို လိုင်စင်သက်တမ်းကာလအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့သည့် ရက်ပေါင်းနှင့် မြှောက်ပြီးနောက် ရရှိသည့်ကိန်းဂဏန်းများကို ပေါင်းစပ်ကာ ကျောက်မျက်လိုင်စင်ပိုင်ဆိုင်သည့် ကုမ္ပဏီတစ်ခုချင်းစီအတွက် ထုတ်လုပ်မှု၏ ဖြစ်နိုင်ခြေရှိသော အတိုင်းအတာကို အဆင့်သတ်မှတ်ခဲ့ပါသည်။ ပထမဆုံး MEITI အစီရင်ခံစာတွင် ကျောက်မျက်တူးဖော်ရေး လိုင်စင် ၂၀ သာပါဝင်ခဲ့သဖြင့် နမူနာအတွက် အလွန်သေးငယ်သောကြောင့် ကျွန်ုပ်တို့အနေဖြင့် ၎င်းအစီရင်ခံစာရှိ အချက်အလက်များကို အသုံးမပြုခဲ့ပေ။

**အားသာချက်များ** - သတ်မှတ်ထားသည့် အခွန်ပေးဆောင်မှုအဆင့်ထက်ကျော်လွန်သည့် ကုမ္ပဏီများသာ MEITI သို့ အစီရင်ခံတင်ပြရန် သတ်မှတ်ထားသဖြင့် ဤချဉ်းကပ်မှုတွင် စုစုပေါင်း ကျောက်မျက်ထုတ်လုပ်မှု၏ သေးငယ်သော အချိုးအစားတစ်ခုကိုသာ ကိုယ်စားပြုသည့် MEITI အခွန်ပေးဆောင်မှု နှင့် ထုတ်လုပ်မှု ထုတ်ဖော်ကြေညာချက်များတွင် ပါဝင်သည်ထက် ပိုမိုများပြားသော ကုမ္ပဏီများကို ကြည့်ရှုနိုင်ပါသည်။

**အားနည်းချက်များ** - ဤချဉ်းကပ်မှုတွင် လိုင်စင်ထုတ်ပေးထားသည့် ကျောက်တွင်းများ၏ အမှန်တကယ် ထုတ်လုပ်မှုကို ထည့်သွင်းစဉ်းစားခဲ့ခြင်းမရှိပေ။ ဥပမာအားဖြင့် တစ်ခါတစ်ရံတွင် ကုမ္ပဏီများသည် တူးဖော်ခြင်း မရှိဘဲ လုပ်ကွက်များ ပိုင်ဆိုင်ထားကြသည်။ MEITI လိုင်စင် အချက်အလက်စုစည်းမှုသည်လည်း မပြည့်စုံမှု ရှိနိုင်ပြီး စိစစ်လေ့လာခဲ့သည့် MEITI အစီရင်ခံစာ ၄ ခုတို့တွင် ကုမ္ပဏီအမည်များ နှင့် စာလုံးပေါင်းများ ကွဲပြားခြင်းကြောင့် ကျွန်ုပ်တို့၏ တွက်ချက်မှုများအတွင်း၌လည်း မတိကျမှုများ ရှိနိုင်ပါသည်။

### မည်သည့် ကုမ္ပဏီများတွင် ခွင့်ပြုထားသည့် ဧက-ရက် အရေအတွက် အများဆုံး ရှိခဲ့သနည်း။

၁။ မြန်မာရှုဘီအင်တာပရိုက်(စ်) (ကျောက်မျက်ရတနာ) ကုမ္ပဏီ လီမိတက်
၂။ ခိုင်သစ္စာကျောက်မျက်ကုမ္ပဏီလီမိတက်
၃။ လျှန်ရှန်းကျောက်မျက်ရတနာကုမ္ပဏီလီမိတက်
၄။ ငှက်ကလေးများကျောက်မျက်ရတနာကုမ္ပဏီလီမိတက်
၅။ မြင့်မြတ်သရဖူကျောက်မျက်ကုမ္ပဏီလီမိတက်
၆။ ဇာဂိုအိန်ဂျလ်ကျောက်မျက်ကုမ္ပဏီလီမိတက်
၇။ ပတ္တမြားနဂါးကျောက်စိမ်းနှင့်ကျောက်မျက်ကုမ္ပဏီလီမိတက်
၈။ မြန်မာစံတော်ဝင်ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်
၉။ သန်းထိုက်လူကျောက်မျက်ကုမ္ပဏီလီမိတက်
၁၀။ သစ္စာပန်း (ကျောက်မျက်ရတနာ) ကုမ္ပဏီလီမိတက်

## ချဉ်းကပ်မှု ၂ -

## ထုတ်လုပ်မှု ထုတ်ဖော်ကြေညာချက်

**ကျွန်ုပ်တို့ မည်သို့ လုပ်ဆောင်ခဲ့ပုံ -** ကျွန်ုပ်တို့အနေဖြင့် နောက်ဆုံးထွက်ရှိခဲ့သော MEITI အစီရင်ခံစာလေးခုတို့ အတွင်းရှိ ကုမ္ပဏီတစ်ခုချင်းစီမှ တူးဖော်၊ တင်ပြခဲ့သော ကျောက်မျက်များ၏ (ကာရက်ဖြင့် တိုင်းတာသည့်) ပမာဏများကို အဆင့်သတ်မှတ်ခဲ့သည် (ပထမဆုံး MEITI အစီရင်ခံစာတွင် ကုမ္ပဏီတစ်ခုချင်းစီအတွက် ထုတ်လုပ်မှုကိန်းဂဏန်းများ မပါဝင်ခဲ့ပေ)။

**အားသာချက်များ -** ဤချဉ်းကပ်မှု၌ ကျွန်ုပ်တို့အနေဖြင့် ကေ-ရက် ကိန်းဂဏန်း အမြင့်မားဆုံး ကုမ္ပဏီများသည် မြင့်မားသည့် ထုတ်လုပ်မှုပမာဏများကို တင်ပြခဲ့ခြင်း ရှိမရှိ စစ်ဆေးနိုင်ပြီး ကေ-ရက် အတော်အသင့်နည်းပါးသော်လည်း ထုတ်လုပ်မှုမြင့်မားသည့် ကုမ္ပဏီများကိုလည်း သိရှိနိုင်သည်။

**အားနည်းချက်များ -** ထုတ်လုပ်မှုကို တင်ပြရန် တာဝန်ရှိသည့် ကုမ္ပဏီအရေအတွက်သည် အနည်းငယ်မျှသာရှိပြီး ("နယ်ပယ်ပြင်ပ" ထုတ်လုပ်မှု ဟု ခေါ်သော) ထိုသို့တာဝန်မရှိသည့် ကုမ္ပဏီများ၏ ထွက်ရှိမှုဆိုင်ရာ အချက်အလက်များအား ပဥ္စမအကြိမ်မြောက် MEITI အစီရင်ခံစာတွင်သာ ထုတ်ပြန်ခဲ့သည်။ "နယ်ပယ်အတွင်းရှိ" ကုမ္ပဏီများ အနက်၊ အချို့သော ကုမ္ပဏီများ၏ ကိန်းဂဏန်းများသည် တစ်နှစ်နှင့်တစ်နှစ် များစွာကွဲပြားခဲ့သဖြင့် တိကျမှုမရှိခြင်း သို့မဟုတ် တစ်နှစ်နှင့်တစ်နှစ် ကျောက်တွင်းများမှ ထုတ်လုပ်မှုသည် သိသိသာသာ ကွဲပြားနေခြင်းတို့ရှိနေကြောင်း ညွှန်ပြနေသည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ကုမ္ပဏီများသည် အာဏာပိုင်များကို စိုးရိမ်ပူပန်ရန် များစွာမလိုအပ်ဘဲ ထုတ်လုပ်မှုများကို လွတ်လပ်စွာ လျှော့၍ တင်ပြနိုင်ကြသဖြင့် တင်ပြမှုအပေါ် အခြေခံ၍ အကြီးမားဆုံး ထုတ်လုပ်သူများအဖြစ် ခွဲခြားသတ်မှတ်ထားသောကုမ္ပဏီများသည် အမှန်စင်စစ်တွင် မည်သည့်အခါတွင်မျှ အကြီးမားဆုံးဖြစ်ချင်မှ ဖြစ်ခဲ့မည်ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံတွင် တူးဖော်ခဲ့သော ကျောက်မျက်များ၏အရည်အသွေးသည် အကြီးအကျယ် ကွဲပြားမှုများရှိပြီး ဈေးကွက်အတွင်းရှိ ဈေးနှုန်းများသည် အတက်အကျရှိနိုင်သဖြင့် ထုတ်လုပ်ရေးအချက်အလက်များသည် တန်ဖိုးနှင့် တိုက်ရိုက်အချိုးကျသည်မဟုတ်ပေ။

### မည်သည့် ကုမ္ပဏီများသည် ထုတ်လုပ်မှု အများဆုံး တင်ပြခဲ့သနည်း?

၁။ မြန်မာရူဘီအင်တာပရိုက်(စ်) (ကျောက်မျက်ရတနာ) ကုမ္ပဏီလီမိတက်
၂။ လျန်ရှန်းကျောက်မျက်ရတနာကုမ္ပဏီလီမိတက်
၃။ နီလာရိုးမကျောက်မျက်ကုမ္ပဏီလီမိတက်
၄။ သိန်းငှက်ကြယ် (ကျောက်မျက်ရတနာ) ကုမ္ပဏီလီမိတက်
၅။ ပတ္တမြားနဂါးကျောက်စိမ်းနှင့်ကျောက်မျက်ကုမ္ပဏီလီမိတက်
၆။ ရူဝံကြယ်(ကျောက်မျက်ရတနာ) ကုမ္ပဏီလီမိတက်
၇။ မြန်မာထွန်းကျောက်မျက်ရတနာကုမ္ပဏီလီမိတက်
၈။ ခွန်ပအိုဝ်းကျောက်မျက်ရတနာကုမ္ပဏီလီမိတက်
၉။ မိုးချယ်ရီကျောက်မျက်ရတနာကုမ္ပဏီလီမိတက်
၁၀။ ထွန်းကြည်လင်းကျောက်မျက်ရတနာကုမ္ပဏီလီမိတက်

## ချဉ်းကပ်မှု ၃ -

## အခွန်ပေးဆောင်မှု ထုတ်ဖော်ကြေညာချက်

**ကျွန်ုပ်တို့ မည်သို့ လုပ်ဆောင်ခဲ့ပုံ -** ကျွန်ုပ်တို့အနေဖြင့် MEITI အစီရင်ခံစာ ၅ စောင်တို့ရှိ ကျောက်မျက်လိုင်စင်ပိုင်ဆိုင်ထားသော ကုမ္ပဏီများမှ ထုတ်ဖော်သည့် အခွန်ပေးဆောင်မှုများကို အဆင့်သတ်မှတ်ခဲ့ပါသည်။ စတုတ္ထမြောက် အစီရင်ခံစာအထိ ကုမ္ပဏီများအနေဖြင့် အခွန်ပေးဆောင်မှုများကို တင်ပြရန် သတ်မှတ်ချက်သည် အခွန်ကောက်ခံသည့် အစိုးရဌာနတစ်ခုချင်းစီမှ သတ်မှတ်ထားသည့် အဆင့်များအပေါ်တွင်သာ အခြေခံခဲ့ပါသည်။ (အစီရင်ခံစာတစ်ခုချင်းစီအတွက် ပိုမိုနည်းပါးလာသော) အဆိုပါသတ်မှတ်ထားသည့်အဆင့်များထက် ကျော်လွန်သည့် ငွေပေးချေမှုများ ပြုလုပ်လျက်ရှိသော ကုမ္ပဏီများကိုသာ အစီရင်ခံတင်ပြမှုအတွင်း ထည့်သွင်းခဲ့ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ကျောက်စိမ်းလိုင်စင်များနှင့် ဆက်စပ်၍ အခွန်ပေးဆောင်ခြင်း ဖြစ်နိုင်ဖွယ်အများဆုံး ကုမ္ပဏီများအား ဖယ်ထုတ်ထားပါသည်။

**အားသာချက်များ -** ဤချဉ်းကပ်မှုသည် ကေ-ရက် သို့မဟုတ် ၎င်းတို့တင်ပြခဲ့သည့် ထုတ်လုပ်မှုအဆင့်များ၏ ကိန်းဂဏန်းဖြင့်သာ ဆုံးဖြတ်ပါက အရေးအပါဆုံး ကုမ္ပဏီများဖြစ်ပုံမရသည့် ကုမ္ပဏီများ အပါအဝင် ကျောက်မျက်ကဏ္ဍအတွင်းရှိ အကြီးမားဆုံး အခွန်ပေးဆောင်သူများကို ခွဲခြားသတ်မှတ်နိုင်စေခဲ့သဖြင့် ယင်းတို့သည် သာမန်ထက် ကျော်လွန်သည့် အရည်အသွေး နှင့် တန်ဖိုးရှိသော ကျောက်များကို တူးဖော်နေခဲ့ခြင်း ဖြစ်နိုင်ကြောင်း ညွှန်ပြနေပါသည်။

**အားနည်းချက်များ -** ဤချဉ်းကပ်မှုသည် ၎င်းတို့၏ထုတ်လုပ်မှုကို တင်ပြခဲ့ပြီး အခွန်ဆောင်ခဲ့သော ကုမ္ပဏီများကိုသာ လွှမ်းခြုံနိုင်ပါသည်။ MEITI အချက်အလက်များနှင့်ပတ်သက်သည့်ကာလအတွင်း ထုတ်လုပ်မှု၏ ၆၀% မှ ၉၀% အထိသည် မှောင်ခိုကုန်ကူးမှု ဖြစ်နိုင်ဖွယ်ရှိသဖြင့် အခွန်ပေးဆောင်မှု အများဆုံး တင်ပြခဲ့သော ကုမ္ပဏီများသည် အဆိုပါကာလအတွင်း အဖိုးအတန်ဆုံး ကျောက်မျက်များထွက်ရှိခဲ့သော ကုမ္ပဏီများ ဖြစ်ချင်မှဖြစ်မည်ဖြစ်သည်။ နောက်ထပ် စိန်ခေါ်မှုတစ်ရပ်မှာ MEITI မှတဆင့် တင်ပြခဲ့သည့် အခွန်ပေးဆောင်မှု အချက်အလက်များအား ကျောက်စိမ်း သို့မဟုတ် အခြားကျောက်မျက်များနှင့် ဆက်စပ်နေသောပေးချေမှုများနှင့် ဆက်စပ်နေခြင်း ဖြစ်ကြောင်း ခွဲခြားထားမှု မရှိခြင်း ဖြစ်သည်။ အကြီးမားဆုံး ကျောက်မျက်တူးဖော်ရေး ကုမ္ပဏီများသည် ကျောက်စိမ်းတူးဖော်မှုတွင်လည်း ပါဝင်ပတ်သက်နေသဖြင့် ယင်းသည် ပြဿနာတစ်ရပ် ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် စုစုပေါင်းလိုင်စင်များ၏ အချိုးအစားအနည်းငယ်မျှကိုသာ ကိုယ်စားပြုသည့် ကျောက်မျက်လိုင်စင်များရှိသော ကုမ္ပဏီများကို အချက်အလက်စုစည်းမှုမှ ဖယ်ရှားခြင်းဖြင့် ယင်းကိုကျော်လွှားခဲ့သော်လည်း ၎င်းသည် ပြီးပြည့်စုံမှုမရှိသည့် ဖြေရှင်းမှုတစ်ခုသာ ဖြစ်သည်။

### မည်သည့် ကုမ္ပဏီများသည် အခွန်ပေးဆောင်မှု အများဆုံးကို တင်ပြခဲ့နည်း?

၁။ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းလီမိတက်
၂။ လျန်ရှန်းကျောက်မျက်ရတနာကုမ္ပဏီလီမိတက်
၃။ ပတ္တမြားနဂါးကျောက်စိမ်းနှင့်ကျောက်မျက်ကုမ္ပဏီလီမိတက်
၄။ နေလပွင့်ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်
၅။ ကျောက်စိမ်းဆန်းရွှင်ကျောက်စိမ်းနှင့်ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်
၆။ စံတော်ဝင်ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်
၇။ မြန်မာရူဘီအင်တာပရိုက်(စ်) (ကျောက်မျက်ရတနာ) ကုမ္ပဏီ လီမိတက်
၈။ နီလာရိုးမကျောက်မျက်ရတနာကုမ္ပဏီလီမိတက်
၉။ အာရ်ဘီဂျီ ရတနာကုမ္ပဏီ လီမိတက်
၁၀။ ငွေးပိုင်ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်

# နောက်ဆက်တွဲ ၂

## မြန်မာနိုင်ငံ၏ ရောင်စုံကျောက်မျက်ကဏ္ဍသည် မည်မျှ တန်ဖိုးရှိသနည်း။

အကယ်၍ မြန်မာနိုင်ငံ၏ ကျောက်မျက်လုပ်ငန်းသည် ပွင့်လင်းမြင်သာမှုရှိပြီး ကောင်းစွာ စည်းမျဉ်းထိန်းကျောင်းထားပါက ၎င်း၏တန်ဖိုးကို ခန့်မှန်းတွက်ချက်ခြင်းသည် ရိုးရှင်းမည်ဖြစ်သည်။ တူးဖော်ထုတ်လုပ်သော၊ တင်ပို့သော ကျောက်မျက်များ၏ ပမာဏ နှင့် အရည်အသွေး၊ ထုတ်လုပ်ရေးလမ်းကြောင်းအတွင်းရှိ အဆင့်တစ်ဆင့်ချင်းစီ၌ ၎င်းတို့၏ ဈေးနှုန်းများနှင့် ပတ်သက်၍ အများပြည်သူထံ ရရှိနိုင်ပြီး စိတ်ချယုံကြည်ရသည့် သတင်းအချက်အလက်များ ရှိနေမည်ဖြစ်သည်။

စိတ်မကောင်းဖွယ်မှာ ထိုသို့ ရှိမနေခြင်းဖြစ်သည်။ မြန်မာနိုင်ငံနှင့်တကွ နိုင်ငံတကာရှိ ကျောက်မျက်လုပ်ငန်းသည် များစွာလျှို့ဝှက်ပြီး ၎င်း၏တန်ဖိုးကို ခန့်မှန်းတွက်ချက်ရန် အခက်အခဲများစွာ ဖြစ်ပေါ်စေသည်။ မည်သို့ပင်ဆိုစေကာမူ အများပြည်သူထံရရှိနိုင်သည့် သတင်းအချက်အလက်များသည် အကန့်အသတ်ရှိရုံသာမကဘဲ ပြစ်ချက်များရှိနေသော်လည်း ယင်းသည် လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ မျှဝေသည့် သတင်းအချက်အလက်များနှင့် ပေါင်းစပ်လိုက်ပါက ခန့်မှန်းတွက်ချက်မှု တစ်ခုပြုလုပ်ရန် အသုံးပြုနိုင်သည့် သတင်းအချက်အလက်များကို ပေးအပ်ပါသည်။

ဤနောက်ဆက်တွဲ၌ မြန်မာနိုင်ငံ၏ ကျောက်မျက်ကဏ္ဍကို တန်ဖိုးဖြတ်ရန် ကြိုးပမ်းရာတွင် ကျွန်ုပ်တို့ အသုံးပြု ခဲ့သည့် နည်းစနစ်များကို ရှင်းလင်းဖော်ပြထားပြီး ထိုသို့ လုပ်ဆောင်သည့် လုပ်ငန်းစဉ်အတွင်း တွေ့ကြုံခဲ့ရသည့် စိန်ခေါ်မှုများစွာတို့ကို အကြမ်းဖျင်းဖော်ပြထားပါသည်။

အောက်တွင် အသေးစိတ်ဖော်ပြထားသည့်အတိုင်း မသိရှိနိုင်သည့်အချက်များ အလွန်များပြားစွာရှိနေခြင်းကြောင့် ဤခန့်မှန်းချက်ဖြစ်စေ အခြားမည်သည့် ခန့်မှန်းချက်မဆိုဖြစ်စေတို့အား ခိုင်လုံသည်ဟု ယူဆခြင်း မပြုသင့်ပေ။ ထို့အစား ကျွန်ုပ်တို့၏ စိစစ်လေ့လာချက်နှင့် တွဲဆက်ဖတ်ရှုသည့်အခါ ၎င်းတို့သည် မြန်မာနိုင်ငံ၏ ကျောက်မျက်ကဏ္ဍ၏ ဖြစ်နိုင်ခြေရှိသော တန်ဖိုးနှင့်စပ်လျဉ်း၍သာမကဘဲ လုပ်ငန်းတွင် ပွင့်လင်းမြင်သာမှု ပိုမိုရှိလာရန် လိုအပ်ခြင်းနှင့်စပ်လျဉ်း၍လည်း ဆွေးနွေးမှုများစတင်နိုင်သည့် အချက်တစ်ချက်ဖြစ်နေမည်ဖြစ်သည်။

## မြန်မာနိုင်ငံ၏ ကျောက်မျက်လုပ်ငန်းကို တန်ဖိုးဖြတ်ရန် ထုတ်လုပ်ရေး နှင့် ဈေးနှုန်းအချက်အလက်များကို အသုံးပြုခြင်း

ကျွန်ုပ်တို့အနေဖြင့် မြန်မာနိုင်ငံတွင် တူးဖော်ခဲ့သော ကျောက်မျက်များ၏တန်ဖိုးကို ခန့်မှန်းတွက်ချက်ရန်အတွက် နည်းလမ်းအမြောက်အမြားကို ထည့်သွင်းစဉ်းစားခဲ့ပြီးနောက် အချက်အလက်များ ရရှိနိုင်မှုနှင့် အသေးစိတ်အချက်အလက်များကြောင့် လုပ်ဆောင်ရန် အဖြစ်နိုင်ဆုံးနည်းလမ်းသည် ထုတ်လုပ်မှု နှင့် ဈေးနှုန်းအချက်အလက်များကို အသုံးပြုရန်ဖြစ်ကြောင်း သုံးသပ်ခဲ့သည်။ ကျွန်ုပ်တို့ အနေဖြင့် ဤချဉ်းကပ်မှုကို ရွေးချယ်ခြင်းအတွက် အကြောင်းအရင်းများစွာ ရှိပါသည်။ ပထမဦးစွာ လုပ်သားထုအရွယ်အစားနှင့် ကဏ္ဍအတွင်းရှိ လုပ်သားများ၏ ဝင်ငွေပမာဏတို့ကဲ့သို့သော ကဏ္ဍ၏အရွယ်အစားကို ခန့်မှန်းရန် အသုံးပြုနိုင်သည့် အခြားသော အချက်အလက်များကဲ့သို့ မဟုတ်ဘဲ သတင်းအချက်အလက်များအား ပုံမှန်ပြင်ဆင်ဖော်ပြပြီး အရင်းအမြစ်အများအပြားမှ ရရှိနိုင်ခြင်းကြောင့် ဖြစ်ပါသည်။

ကုန်သွယ်မှု အချက်အလက်များအတွင်းရှိ ပမာဏ ကိန်းဂဏန်းများကဲ့သို့မဟုတ်ဘဲ ထုတ်လုပ်မှု အချက်အလက်များမှ ပမာဏ ကိန်းဂဏန်းများသည် တူးဖော်ပြီးနောက် မြန်မာနိုင်ငံတွင် ဆက်လက်ရှိနေသေးသော ကျောက်မျက်များနှင့် တင်ပို့ပြီးသော ကျောက်မျက်များကိုပါ ဖော်ပြထားခြင်းဖြစ်သဖြင့် သက်ဆိုင်ရာ အချိန်ကာလတစ်ခုအတွင်း ထုတ်လုပ်ခဲ့သည့် တရားဝင် မှတ်တမ်းတင်ထားသော ကျောက်မျက် များ၏ စုစုပေါင်း တန်ဖိုးကို သဘောတရားအားဖြင့် ခန့်မှန်းတွက်ချက်နိုင်စေပါသည်။ အမျိုးမျိုးသောအကြောင်းများကြောင့် တစ်ခါတစ်ရံတွင် နှစ် အများအပြား ပါဝင်သော ပျမ်းမျှအချက်အလက်များသည် ပိုမိုကောင်းမွန်သဖြင့် ၎င်းတို့ကိုလည်း ထည့်သွင်းထားသော်လည်း အဆိုပါအရင်းအမြစ်များသည် နှစ်စဉ် အချက်အလက်များကိုလည်း ပေးအပ်ပါသည်။ ဤစိစစ်လေ့လာမှုအတွင်းရှိ ကိန်းဂဏန်းများတွင် လုပ်ငန်းလည်ပတ်ခြင်း နှင့် အခြားကုန်ကျစရိတ်များ၏ ခန့်မှန်းခြေများကို တစ်စုံတစ်ရာ တွက်ချက်ထည့်သွင်းထားခြင်း မရှိသဖြင့် ယင်းတို့အား တူးဖော်ခဲ့သည့် ကျောက်မျက်များ၏ အသားတင်အမြတ်တန်ဖိုးများအဖြစ် မှားယွင်းစွာ အဓိပ္ပာယ်ကောက်ယူခြင်းမပြုသင့်ပေ။

ဤချဉ်းကပ်မှုအတွက် ပထမဆုံးအနေဖြင့် လုပ်ငန်း၏ အစိုးရပိုင် စည်းမျဉ်းထိန်းကျောင်းသည့် အဖွဲ့အစည်းဖြစ်သော MGE မှ နှစ်စဉ် အစီရင်ခံတင်ပြပြီး နိုင်ငံ၏ နှစ်စဉ်စာရင်းအင်းစာစောင်များအတွင်း ထုတ်ပြန်ခဲ့သော (ကာရက်ဖြင့် တိုင်းတာသည့်) ထုတ်လုပ်မှုပမာဏဆိုင်ရာ အချက်အလက်များဖြင့် စတင်သည်။ ကျောက်မျက်ထုတ်လုပ်မှုသည် ၂၀၁၁ နှင့် ၂၀၁၆ တို့အကြားတွင် အထိုက်အလျောက် တသမတ်တည်းရှိနေခဲ့ပြီး နှစ်စဉ် ကာရက်ပေါင်း ၁၀ သန်းအထက်တွင် ရှိခဲ့သော်လည်း NLD အစိုးရမှ ကျောက်မျက်ထုတ်လုပ်ရေးအတွက် လိုင်စင်ထုတ်ပေးခြင်း နှင့် သက်တမ်းတိုးခြင်းများကို ရပ်တန့်ခဲ့ပြီး ၂၀၁၇ မှစ၍ ရှိပြီးသားလိုင်စင်များ စတင် သက်တမ်းကုန်ဆုံးလာခဲ့ချိန်မှ စတင်ကာ မှတ်တမ်းတင်ထားသည့် ထုတ်လုပ်မှုသည် ပုံမှန်ထိုးကျသွားခဲ့သည်။ ၂၀၂၀ ခုနှစ်တွင် တရားဝင်မှတ်တမ်းတင်ထားသည့် ကျောက်မျက်ထုတ်လုပ်မှုသည် ၂၀၁၆ ခုနှစ်ထက် ၉၉% လျော့ကျသွားခဲ့ပြီး တစ်နှစ်တာလုံးတွင် ၅၁၅၀၀ ကာရက်သာ ရှိခဲ့သည်။ ယင်းသည် ထုတ်လုပ်မှုတွင် အကြီးအကျယ်ကျဆင်းခဲ့ခြင်းကို အမှန်တကယ်ထင်ဟပ်နေခြင်း သို့မဟုတ် အဆိုပါထုတ်လုပ်မှုများကို တရားမဝင်သဖြင့် တင်ပြခဲ့မှုမရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း သေချာမှုမရှိပေ။ ဤအစီရင်ခံစာအတွင်း အသေးစိတ်ဖော်ပြထားသည့် လုပ်ငန်းအတွင်းမှ အရင်းအမြစ်များနှင့် တွေ့ဆုံမေးမြန်းခြင်းများအရ လက်တွေ့တွင် အဆိုပါ အချက်နှစ်ချက်စလုံး ဖြစ်နိုင်ဖွယ် ရှိပါသည်။

လိုင်စင်များ စတင်သက်တမ်းကုန်ဆုံးလာခဲ့ပြီးနောက် တင်ပြခြင်းမရှိသည့် ထုတ်လုပ်မှု အရွယ်အစားအတွင်း နှစ်စဉ် ခန့်မှန်းခြေ ပြောင်းလဲမှုများနှင့်ပတ်သက်၍ သတင်းအချက်အလက် အလုံအလောက်ရရှိနိုင်မှု မရှိသဖြင့် ကျွန်ုပ်တို့၏စိစစ်လေ့လာမှုသည် ကျောက်မျက်ထုတ်လုပ်နိုင်စွမ်း အပြည့်အဝ သို့မဟုတ် အပြည့်အဝနီးပါး ရှိခဲ့သော ၂၀၁၇ ခုနှစ်အထိ ကာလတွင် အာရုံစူးစိုက်ခဲ့သည်။ အဆိုပါ ကိန်းဂဏန်းများသည် ကဏ္ဍအနေဖြင့် အပြည့်အဝလည်ပတ်နေပါက ဖြစ်နိုင်ခြေရှိသည့် တန်ဖိုးအပြည့်အစုံကို အကောင်းဆုံးကိုယ်စားပြုသည်ဟု ယုံကြည်ပါသည်။ ကျောက်မျက်ဈေးနှုန်းများသည် အချိန်ကာလအလိုက် သိသိသာသာ ပြောင်းလဲလာခဲ့သဖြင့် ကျွန်ုပ်တို့၏စိစစ်လေ့လာမှုကို လေးနှစ်ကာလအတွက်သာ သတ်မှတ်ထားခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် MEITI သို့ စတင် အစီရင်ခံတင်ပြလာခဲ့ပြီး Gemfields အနေဖြင့် ပတ္တမြားလေလံပွဲများ စတင်ကျင်းပလာခဲ့သော (အောက်ပါ "ချဉ်းကပ်မှု ၂" ကို ကြည့်ရှုပါ) ၂၀၁၄ ခုနှစ်မှ စတင်ခဲ့သည်။ ဤနောက်ဆက်တွဲ ပြီးဆုံးခါနီးတွင် ကျွန်ုပ်တို့အနေဖြင့် မကြာသေးမီနှစ်များ (၂၀၁၈ မှ ၂၀၂၀) အား အနှစ်ချုပ်ဖော်ပြထားပါသည်။

ကျွန်ုပ်တို့အနေဖြင့် ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ လေးနှစ်တာကာလအတွက် MGE ၏ ထုတ်လုပ်မှုပမာဏဆိုင်ရာ အချက်အလက်များအား ပြင်ပဈေးနှုန်း အရင်းအမြစ်နှစ်ခုတွင် အသုံးချခဲ့သည် - ကမ္ဘာတစ်ဝန်းတွင် ပတ္တမြားဈေးနှုန်းဆိုင်ရာ သတင်းအချက်အလက်များအတွက် ပွင့်လင်းမြင်သာမှုအရှိဆုံးအရင်းအမြစ်များ တွင်ပါဝင်သည့် မိုဇမ်ဘစ်တွင် တူးဖော်ခဲ့သော ပတ္တမြားများအတွက် Gemfields ၏ လေလံပွဲများမှ ဈေးနှုန်း အချက်အလက်များ နှင့် ပြုပြင်ပြီးသား ပတ္တမြား၊ နီလာနှင့် မြ တင်သွင်းမှုများဆိုင်ရာ ထိုင်းအကောက်ခွန် ဈေးနှုန်းအချက်အလက်များ (HS 7103.91။ မြန်မာနိုင်ငံ၏ တင်ပို့မှုများအတွင်း ကျောက်စိမ်းသည် အဓိကဖြစ်ပြီး ပြုပြင်ခြင်းမပြုရသေးသော ကျောက်မျက်များ၏ ဈေးနှုန်းများနှင့်ပတ်သက်၍ ထိုင်းအကောက်ခွန် အချက်အလက်များ (HS 7103.10) တွင် ကျောက်စိမ်း နှင့် အခြားကျောက်မျက်များကို ပေါင်းစပ်ဖော်ပြထားသဖြင့် မြန်မာနိုင်ငံ၏ အခြေအနေတွင် များစွာအသုံးမဝင်သောကြောင့် ယင်းကို အသုံးမပြုခဲ့ပေ။

အရင်းအမြစ်နှစ်ခုစလုံးသည် အထိုက်အလျောက် စိတ်ချယုံကြည်ရပြီး တိကျသည့် ခန့်မှန်းခြေဈေးနှုန်းများကို ဖော်ပြပေးသော်လည်း ၎င်းတို့သည် မြန်မာ့ပတ္တမြား နှင့် အထူးသဖြင့် ကမ္ဘာပေါ်တွင် အဖိုးအတန်ဆုံးဖြစ်သည့် မိုးကုတ်မှ ပတ္တမြားတို့၏

တန်ဖိုးမြင့်ဈေးနှုန်းကို ထင်ဟပ်ခြင်းမရှိပေ။ ပတ္တမြားကဏ္ဍအပေါ် Global Witness မှ ပြုလုပ်ခဲ့သော သုတေသနအရ မြန်မာနိုင်ငံမှ အရည်အသွေးမြှင့်ရခြင်းမရှိသေးသည့် နှစ်ကာရက်အောက် အရွယ်အစားရှိသော ပတ္တမြားတစ်တုံးသည် နောက်ထပ်အရင်းအမြစ်တစ်ခုမှ အလားတူပတ္တမြားထက် နှစ်ဆမှ သုံးဆအထိ တန်ကြေးရှိကြောင်း တွေ့ရသည်။ ပိုမိုကြီးမားသော အရည်အသွေးမြှင့်ရခြင်းမရှိသေးသည့် ပတ္တမြားသည် အရွယ်အစားတူ အပူပေးပြုပြင်ထားသော ပတ္တမြားထက် ၁၀ ဆအထိ ပိုမိုတန်ဖိုးမြင့်နိုင်သည်။ မည်သို့ပင်ဆိုစေကာမူ မြန်မာ့ပတ္တမြားမှ ရရှိသည့် တန်ဖိုးမြင့်ဈေးနှုန်းအတွက် အသုံးဝင်သည့် စုစုပေါင်းခန့်မှန်းခြေအား ၎င်းတို့၏ အကြီးမားဆုံး ပြိုင်ဘက်တစ်ခုဖြစ်သော မိုဇမ်ဘစ်ရှိ Gemfields ပတ္တမြားတွင်းများမှ ရရှိသည်။ Gemfields ၏ တင်ပြချက်တစ်ခုအရ "မိုဇမ်ဘစ် ပတ္တမြားသည် မြန်မာ့ပတ္တမြား၏ တန်ဖိုး၏ ထက်ဝက်ရှိပါသည်။"

Gemfields ထံမှ ဤခန့်မှန်းခြေကို အသုံးပြုပါက ကျွန်ုပ်တို့အနေဖြင့် မြန်မာနိုင်ငံမှ ပတ္တမြားများ၏ တန်ဖိုးသည် အခြားနေရာများမှ ပတ္တမြားများထက် နှစ်ဆတန်ဖိုးရှိသည်ဟု ယူဆနိုင်ပါသည်။

မည်သို့ပင်ဆိုစေကာမူ မြန်မာနိုင်ငံ၏ ရောင်စုံကျောက်မျက်ထုတ်လုပ်မှုတွင် ဤသို့မြင့်မားသည့်ဈေးနှုန်း ရရှိသော ပတ္တမြားများသာ ပါဝင်သည်မဟုတ်ပေ။ ၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် MEITI အစီရင်ခံစာမှ အချက်အလက်များအရ မိုးကုတ်မှ ပတ္တမြားများသည် မြန်မာနိုင်ငံ၏ စုစုပေါင်း ကျောက်မျက်ထုတ်လုပ်မှု၏ ၁၄.၅% ခန့်ရှိကြောင်း တွေ့ရသည်။ မိုင်းရှူးမှ ပတ္တမြားများသည် နောက်ထပ် ၁၁.၈% ရှိကြသည်။ ကျန်ထုတ်လုပ်မှုများတွင် နီလာ နှင့် အခြားကျောက်မျက်များ ပါဝင်ပြီး နန့်ယားဆိပ်မှလာသည့် အခြားပတ္တမြား အရေအတွက်အနည်းငယ်တို့လည်း ပါဝင်သည်။ ကျွန်ုပ်တို့၏ စုစုပေါင်း ခန့်မှန်းခြေကို ဖန်တီးရန်အတွက် ဈေးနှုန်းများအား ပတ္တမြားများအတွက် ထုတ်လုပ်မှု ပမာဏအတွက်သာ တွက်ချက်ချိန်ညှိထားသည်။ တစ်နည်းအားဖြင့် ၂၀၁၆ ခုနှစ် နှင့် နောက်ပိုင်းကာလအတွက် ကျွန်ုပ်တို့အနေဖြင့် (ကာရက်ဖြင့် တိုင်းတာသည့်) စုစုပေါင်း ကျောက်မျက်ထုတ်လုပ်မှု၏ ၂၆.၃% တန်ဖိုးကို နှစ်ဆပြုလုပ်ခဲ့သည်။ ထုတ်လုပ်မှု ပမာဏဆိုင်ရာ အချက်အလက်များအတွင်း ပတ္တမြားနှင့် နီလာတို့သာ ပါဝင်သော ၂၀၁၅ နှင့် အစောပိုင်းကာလများ အတွက်လည်း ပတ္တမြားများအတွက် ရာခိုင်နှုန်း နှင့် ပတ်သက်၍ စုစုပေါင်းတင်ပြထားသည့် ထုတ်လုပ်မှု၏ တန်ဖိုး ၃၉.၀% ကို နှစ်ဆ ပြုလုပ်ခဲ့သည်။ ဖြစ်စဉ်နှစ်ခုစလုံးတွင် ကျွန်ုပ်တို့အနေဖြင့် အခြားကျောက်မျက်များကို နိုင်ငံတကာဈေးနှုန်းများဖြင့် တန်ဖိုးဖြတ်ခဲ့သည်။ "Mogok margin" ဟု ကျွန်ုပ်တို့ ခေါ်ဆိုသော ကျွန်ုပ်တို့၏ခန့်မှန်းခြေများအတွက် ဤချိန်ညှိမှုသည် ပြီးပြည့်စုံသည့် ဖြေရှင်းချက်တစ်ခုမဟုတ်သော်လည်း အနည်းဆုံးအနေဖြင့် မြန်မာ့ပတ္တမြားများမှ ရရှိသည့် မြင့်မားသည့် ဈေးနှုန်းအပေါ် ထင်ဟပ်မှုအချို့ကို ပေးအပ်ခဲ့ပါသည်။

## ကျောက်မျက် အမျိုးအစားအလိုက် မြန်မာနိုင်ငံ၏ ကျောက်မျက်ထုတ်လုပ်မှု ပမာဏ




အရင်းအမြစ် - MEITI ၂၀၁၆ ဘဏ္ဍာရေးနှစ် အစီရင်ခံစာ။

## ချဉ်းကပ်မှု ၁ -

## MGE ထုတ်လုပ်ရေးအချက်အလက်နှင့် ထိုင်းအကောက်ခွန်ဈေးနှုန်း အချက်အလက်တို့ကို အသုံးပြုခြင်း

ထိုင်းနိုင်ငံ၏ အကောက်ခွန်လုပ်ငန်းသည် တန်ဖိုး နှင့် အလေးချိန်တို့အပါအဝင် ကျောက်မျက်တင်သွင်းမှုများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ကောက်ယူပါသည်။ ယင်းသည် ဖြတ်ပြီးသား ပတ္တမြား၊ နီလာ နှင့် မြတင်သွင်းမှုများ (HS 7103.91) အား အခြားသော ဖြတ်ပြီးသား ကျောက်မျက်များ တင်သွင်းမှုများ (HS 7103.99) မှ ခွဲခြားထားသဖြင့် အချက်အလက်များကို သီးခြားစီ ခွဲထားပါသည်။ ထို့ကြောင့် ယင်းသည် အဖိုးတန်ကျောက်မျက်များ၏ ဤသက်ဆိုင်ရာ အမျိုးအစားခွဲ၏ ဈေးနှုန်းများကို ဆန်းစစ်ရာတွင် ကုန်သွယ်ရေး အချက်အလက်များကို

## ထိုင်းအကောက်ခွန် ရည်ညွှန်း ဈေးနှုန်းများ

| | | | ၂၀၁၄ | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ | ပျမ်းမျှ |
|---|---|---|---|---|---|---|---|
| MGE ထုတ်လုပ်မှု အချက်အလက် | ပတ္တမြား နှင့် နီလာ | ယူနစ် (000) ကာရက် | ၁၁၀၃၇ | ၁၃၄၈၂ | ၆၈၄၄ | ၄၈၂၅ | - |
| | အခြားကျောက်မျက်များ | | - | - | ၃၃၀၉ | ၂၁၂၄ | - |
| ထိုင်းအကောက်ခွန်ရည်ညွှန်းဈေးနှုန်းများ | ပတ္တမြား၊ နီလာ နှင့် မြ | ယူနစ် ၁ ကာရက် လျှင်အမေရိကန် ဒေါ်လာပေါင်း | US$ ၄.၂၆ | US$ ၃၇.၅၄ | US$ ၄၃.၅၅ | US$ ၃၈.၄၉ | US$ ၃၀.၉၆ |
| | အခြားကျောက်မျက်များ | | US$ ၀.၅၅ | US$ ၁.၀၁ | US$ ၀.၆၃ | US$ ၀.၅၉ | US$ ၀.၇၀ |
| ထိုင်းအကောက်ခွန် ဈေးနှုန်းများအရ ကဏ္ဍ၏ ခန့်မှန်းခြေတန်ဖိုး | ယူနစ် - အမေရိကန် ဒေါ်လာ သန်းပေါင်း | | US$ ၄၇ | US$ ၅၀၆ | US$ ၃၀၀ | US$ ၁၈၇ | US$ ၂၆၀ |
| ပတ္တမြားသီးသန့်အတွက် "Mogok margin" ၁၀၀% အသုံးချပြီးနောက် ကဏ္ဍ၏ တန်ဖိုး | ယူနစ် - အမေရိကန် ဒေါ်လာ သန်းပေါင်း | | US$ ၆၅ | US$ ၇၀၃ | US$ ၃၇၉ | US$ ၂၃၆ | US$ ၃၄၆ |

အရင်းအမြစ်များ - မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်း နှင့် ထိုင်းအကောက်ခွန်

အသုံးပြုရန် ထူးခြားသည့် အခွင့်အလမ်းတစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံသို့ မဖြတ်ရသေးသည့် ကျောက်များကိုလည်း တင်ပို့သော်လည်း မြန်မာနိုင်ငံမှ ကျောက်အများစုတို့သည် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် အကြမ်းထည်ဖြတ်တောက်ပြီးမှသာ ပြည်ပတွင် ပြန်လည်ဖြတ်တောက်ခြင်းဖြစ်သည်။ ကုန်သွယ်မှု အချက်အလက်များအတွင်း မဖြတ်ရသေးသော ကျောက်မျက်များအား မဖြတ်ရသေးသည့် ကျောက်စိမ်းနှင့် အတူတကွ အုပ်စုဖွဲ့ဖော်ပြထားသောကြောင့် စိစစ်လေ့လာရန် များစွာပိုမိုခက်ခဲစေသဖြင့် ကျွန်ုပ်တို့အနေဖြင့် ဖြတ်ပြီးသား ကျောက်မျက်များတွင် အာရုံစူးစိုက်ခဲ့ပါသည်။

ထိုင်းကုန်သွယ်ရေးအချက်အလက်များကို အသုံးပြု၍ ရေးဆွဲခဲ့သော ကျွန်ုပ်တို့၏ ခန့်မှန်းတွက်ချက်မှုများသည် Gemfields ၏ ဈေးနှုန်းအချက်အလက်များကို အသုံးပြုထားသည့် ခန့်မှန်းတွက်ချက်မှုများနှင့် အထိုက်အလျောက် ကွဲပြားပြီး (အောက်တွင် ကြည့်ရှုပါ) ၂၀၁၄ ခုနှစ်တွင် အထူးသဖြင့် နည်းပါးသည့် တန်ဖိုးတစ်ခုကို ဖော်ပြသည်။ မည်သို့ပင်ဆိုစေကာမူ ဤဈေးနှုန်းအချက်အလက်၌ မြန်မာနိုင်ငံ၏ ထုတ်လုပ်မှုပမာဏ၏ သိသာသည့် ပမာဏတစ်ခုကို ကိုယ်စားပြုသော နီလာ နှင့် အခြားသောယေဘုယျအားဖြင့် တန်ဖိုးပိုမိုနည်းပါးသည့် ကျောက်များပါဝင်သည် (မြန်မာနိုင်ငံတွင် မြသိုက်များမရှိပေ။) ထို့ကြောင့် ဤချဉ်းကပ်မှုသည် အောက်တွင်ဖော်ပြထားသော အခြားချဉ်းကပ်မှုများထက် ပိုမိုတိကျမည်ဟု ကျွန်ုပ်တို့အနေဖြင့် သတ်မှတ်ပါသည်။ ဤချဉ်းကပ်မှုအရ ၂၀၁၄ နှင့် ၂၀၁၇ အကြားတွင် မြန်မာနိုင်ငံ၏ ကျောက်မျက်ထွက်ရှိမှုသည် တစ်နှစ်လျှင်ပျမ်းမျှတန်ဖိုး အမေရိကန်ဒေါ်လာ ၂၆၀ သန်း သို့မဟုတ် မြန်မာ့ပတ္တမြားအတွက် "Mogok margin" တစ်ခုကို ထည့်သွင်းခဲ့သောအခါ တစ်နှစ်လျှင်အမေရိကန် ဒေါ်လာ ၃၄၆ သန်း ရရှိခဲ့သည်။

ဤခန့်မှန်းတွက်ချက်သည့် ဗျူဟာတွင် အားနည်းချက် အချို့ရှိပါသည်။ ပထမ ဦးစွာ ၂၀၁၆ ခုနှစ်တွင် စတင်ကာ နှစ်စဉ် စာရင်းအင်း စာစောင်အတွင်းရှိ ကျောက်မျက်ထုတ်လုပ်ရေးဆိုင်ရာ MGE အချက်အလက်များတွင် စုစုပေါင်းထုတ်လုပ်သည့် ကာရက်များအတွင်း တန်ဖိုးပိုမိုနည်းပါးသည့် ကျောက်မျက်များ (သို့မဟုတ် "အခြားကျောက်မျက်များ") စတင်ပါဝင်လာခဲ့သည်။ အထက်ပါ ခန့်မှန်းခြေများသည် ပတ္တမြား၊ မြ သို့မဟုတ် နီလာမဟုတ်သည့် ထုတ်လုပ်မှုပမာဏကို ဈေးနှုန်းသတ်မှတ်ရန် ထိုင်းနိုင်ငံ၏ အခြားကျောက်မျက်များတင်သွင်းမှု (HS 7103.99) မှ ဈေးနှုန်းအချက်အလက်များကို အသုံးပြုကာ ချိန်ညှိထားခြင်းဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ မြန်မာနိုင်ငံ၏ နီလာ နှင့် ပတ္တမြားတို့အပေါ် အသုံးချခဲ့သည့် HS 7103.91 အတွက် စုစုပေါင်း ဈေးနှုန်းအချက်အလက်အတွင်း (မြန်မာနိုင်ငံမှ ထုတ်လုပ်ခြင်း မရှိသည့်) မြကဲ့သို့ ထည့်သွင်းခြင်းကဲ့သို့သော ဖြေရှင်းရန် ပိုမိုခက်ခဲသည့် အခြားစိန်ခေါ်မှုများ ရှိပါသည်။ နောက်ဆုံးအနေဖြင့် "Mogok margin" အပေါ် အထက်ပါ အသုံးချမှုအရ မိုဂုတ်ဘက်၏ ပတ္တမြားဈေးနှုန်းများသည် ကမ္ဘာပေါ်ရှိ နိုင်ငံအများအပြားတို့ထံမှ ပတ္တမြားဈေးနှုန်းများနှင့် တူညီသည်ဟု ယူဆထားပြီး ယင်းသည် မှန်ကန်ချင်မှ မှန်ကန်မည်ဖြစ်သည်။

## ချဉ်းကပ်မှု ၂ -

## MGE ထုတ်လုပ်ရေး အချက်အလက် နှင့် Gemfields ဈေးနှုန်းအချက်အလက်များကို အသုံးပြုခြင်း

Gemfields သည် မိုဇမ်ဘစ်ရှိ ကြီးမားသည့် ပတ္တမြားကျောက်တွင်းတစ်ခုကိုလည်ပတ်လုပ်ကိုင်ပြီး (အပိုင်း ၅.၂ ရှိ လေးထောင့်ကွက်ကို ကြည့်ရှုပါ) လေလံပွဲအနည်းငယ်မှတဆင့် ပတ္တမြား နှင့် အခြားသော ကျောက်မျက်များကို နှစ်စဉ်ရောင်းချသည်။ ကျောက်မျက်ခန့်မှန်းခြေများအတွက် MGE ထုတ်လုပ်ရေးထံ အသုံးချခဲ့သည့် ဤဈေးနှုန်း အချက်အလက်များကို အသုံးပြုခြင်းဖြင့် ကျွန်ုပ်တို့အနေဖြင့် မြန်မာနိုင်ငံ၏ နှစ်စဉ် ကျောက်မျက်ထုတ်လုပ်မှု တန်ဖိုးဖြတ်ခြင်းများအား ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၉၇ သန်းမှ ၂၀၁၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၅၀ သန်းအထိ - သို့မဟုတ် နှစ်စဉ်ပျမ်းမျှ အမေရိကန်ဒေါ်လာ ၃၁၁ သန်း ရရှိခဲ့သည်။ အဆိုပါခန့်မှန်းခြေများအပေါ် "Mogok margin" ကို အသုံးချခြင်းဖြင့် ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ လေးနှစ်တာကာလအတွင်း နှစ်စဉ် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၃၆၈ သန်းတန်ဖိုးကို ရရှိသည်။

ဤချဉ်းကပ်မှုတွင်လည်း ဖြစ်နိုင်ခြေရှိသော အားနည်းချက်များ ရှိပါသည်။ ပထမဦးစွာ MGE ၏ ထုတ်လုပ်မှု ပမာဏဆိုင်ရာ အချက်အလက်များတွင် နီလာ နှင့် ပတ္တမြားတို့ ပါဝင်သော်လည်း ကျွန်ုပ်တို့အနေဖြင့် ပတ္တမြား အမျိုးမျိုး၊ နီလာများ နှင့် အခြားသော မှတ်စာအမျိုးအစားများကို ဖော်ပြထားသည့် Gemfields ၏ ဈေးနှုန်းတစ်ခုကို အသုံးချခဲ့ပါသည်။ မှတ်စာ ပါဝင်ခြင်းကြောင့် အကယ်၍ ယင်းကို ပတ္တမြား နှင့် နီလာတို့ထက် ပိုမိုနည်းပါးသော ပျမ်းမျှဈေးနှုန်းများဖြင့် ရောင်းချရပါက မြန်မာနိုင်ငံ၏ထုတ်လုပ်မှုကို တန်ဖိုးချ၍ တွက်ချက်မှု ဖြစ်စေနိုင်သည်။ အလားတူပင် ကျောက်များ၏ အမျိုးအစား နှင့် အဆင့်တို့အလိုက် ဖြန့်ဖြူးမှုသည် Gemfields နှင့် မြန်မာနိုင်ငံရှိ ကျောက်တွင်းများအကြားတွင် တူညီသည်မဟုတ်သဖြင့် အဆိုပါကွဲပြားခြားနားမှုများသည် ခန့်မှန်းတွက်ချက်မှုများအပေါ် သက်ရောက်နိုင်ပါသည်။ ကျွန်ုပ်တို့ထံတွင် မြန်မာနိုင်ငံမှ ထုတ်လုပ်သည့် အခြားသော ကျောက်မျက်များနှင့် ပတ်သက်၍ Gemfields ထံမှ ဈေးနှုန်းအချက်အလက်များ မရှိသဖြင့် အထက်ပါ ခန့်မှန်းခြေများသည် မြန်မာ့ကျောက်မျက်လုပ်ငန်း၏ ပတ္တမြား နှင့် နီလာ တို့မှ ရရှိသည့် တန်ဖိုးများကိုသာ ထင်ဟပ်သည်။

နောက်ဆုံးအနေဖြင့် Gemfields က ၎င်း၏ လေလံပွဲများကို ပြုလုပ်သည့် နည်းလမ်းအတွင်း ပြောင်းလဲမှုများကြောင့် နှစ်ကာလများအကြား ဈေးနှုန်းများကို နှိုင်းယှဉ်ရန် ခက်ခဲစေသည်။ ၂၀၁၄ ခုနှစ်မှ စတင်ကာ Gemfields သည် မတူညီသည့် လေလံပွဲ အမျိုးအစားများကို ပြုလုပ်လာခဲ့သည် - တန်ဖိုးပိုမိုမြင့်မားသည့် ပတ္တမြားများအတွက် လေလံပွဲအချို့၊ တန်ဖိုးပိုမိုနည်းပါးသည့် ပတ္တမြားများအတွက် လေလံပွဲအချို့ နှင့် ရောနှောထားသည့် လေလံပွဲအချို့။ အဆိုပါ လေလံပွဲများသည် နှစ်ကာလများတွင် တူညီစွာ ပြုလုပ်ခဲ့ခြင်းမဟုတ်ဘဲ လေလံပွဲတစ်ခုချင်းစီရှိ ပမာဏ နှင့် အရည်အသွေးတို့သည်လည်း မတူညီကြပေ။ ထို့ပြင် ကျောက်များအား ၎င်းတို့ကို ထုတ်လုပ်ခဲ့သည့် နှစ်အတွင်းရှိ လေလံပွဲအတွင်း ရောင်းချခြင်းဖြစ်ချင်မှဖြစ်သည့်အတွက် ပိုမိုရှုပ်ထွေးမှုဖြစ်စေသည်။ ဤသို့သော လေလံစနစ်၏ ထူးခြား

## Gemfields လေလံဈေးနှုန်းများ

| | | ၂၀၁၄ | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ | ပျမ်းမျှ |
|---|---|---|---|---|---|---|
| MGE ထုတ်လုပ်မှု အချက်အလက် (ပတ္တမြား နှင့် နီလာ) | ယူနစ်-(၀၀၀) ကာရက် | ၁၁၀၃၇ | ၁၃၄၈၂ | ၆၈၄၄ | ၄၈၂၅ | - |
| Gemfields အညွှန်းဈေးနှုန်း | ယူနစ် ၁ ကာရက် လျှင်အမေရိကန် ဒေါ်လာပေါင်း | US$ ၄၀.၈ | US$ ၁၈.၁ | US$ ၂၈.၈ | US$ ၇၃.၁ | US$ ၄၀.၂ |
| Gemfields လေလံဈေးနှုန်းများအရ ကဏ္ဍ၏ ခန့်မှန်းခြေ တန်ဖိုး | ယူနစ် - အမေရိကန် ဒေါ်လာ သန်းပေါင်း | US$ ၄၅၀ | US$ ၂၄၃ | US$ ၁၉၇ | US$ ၃၅၃ | US$ ၃၁၁ |
| ပတ္တမြားသီးသန့်အတွက် "Mogok margin" ၁၀၀% အသုံးချပြီးနောက် ကဏ္ဍ၏ ခန့်မှန်းခြေတန်ဖိုး | ယူနစ် - အမေရိကန် ဒေါ်လာ သန်းပေါင်း | US$ ၆၂၆ | US$ ၃၃၈ | US$ ၂၄၉ | US$ ၄၄၅ | US$ ၄၁၅ |

အရင်းအမြစ်များ - မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း နှင့် Gemfields နှစ်စဉ် အစီရင်ခံစာများ

ကွဲပြားမှုများကြောင့် နှစ်များစွာ ပါဝင်သော အချက်အလက်များသည် မည်သည့် နှစ်တစ်နှစ်အတွင်းရှိ တန်ဖိုးမဆိုထက် ကဏ္ဍအပေါ် ပိုမိုတိကျသည့် တန်ဖိုးဖြတ်မှု တစ်ခုကို ပေးအပ်နိုင်ပါသည်။

## ဖြစ်နိုင်ခြေရှိသည့် နောက်ထပ်ချဉ်းကပ်မှု နှစ်မျိုး - UN Comtrade အချက်အလက် နှင့် မြန်မာ့ ကျောက်မျက်ရတနာ အရောင်းပြပွဲအချက်အလက်များကို အသုံးပြုခြင်း

ကျွန်ုပ်တို့အနေဖြင့် MGE ၏ ထုတ်လုပ်ရေးအချက်အလက်များသို့ နောက်ထပ် ဈေးနှုန်းအချက်အလက် အရင်းအမြစ်နှစ်ခုကိုအသုံးချရန် ထည့်သွင်းစဉ်းစားခဲ့သော်လည်း ၎င်းတို့နှစ်ခုစလုံးသည် စိတ်ချယုံကြည်ရမှု အလုံအလောက် မရှိဟု ကောက်ချက်ချခဲ့သည်။ ပထမတစ်ခုမှာ နိုင်ငံများမှတင်ပြထားသည့် ပို့ကုန်၊ သွင်းကုန်များအတွက် ဈေးနှုန်းအချက်အလက်များကို ထုတ်ပြန်သည့် UN Comtrade အချက်အလက် စုစည်းမှုဖြစ်သည်။ ဤအချက်အလက်၏ အဓိက ပြဿနာမှာ ယင်းသည် မြန်မာ့ကျောက်မျက်များအတွက် ညွှန်ပြထားသည့် တန်ဖိုးများသည် တစ်ကာရက်လျှင်အမေရိကန်ဒေါ်လာ ၂ မှ အမေရိကန်ဒေါ်လာ ၅၂၂၁ အထိ များစွာကျယ်ပြန့် ကွဲပြားနေခြင်းဖြစ်သည်။ အဆိုပါတန်ဖိုးများသည် ကုန်ပစ္စည်းများပေးပို့မှုတစ်ခုချင်းစီအတွက် အလွန်ထူးခြားမနေသော်လည်း နှစ်စဉ် ပျမ်းမျှများအတွက်မူ အမျိုးမျိုးပြောင်းလဲနိုင်ပါသည်။ MGE ၏ ထုတ်လုပ်ရေး အချက်အလက်များအပေါ် UN Comtrade ဈေးနှုန်းအချက်အလက်များကို အသုံးပြုပါက မြန်မာနိုင်ငံ၏ကျောက်မျက်ကဏ္ဍသည် ၂၀၁၈ ခုနှစ်တွင် ခန့်မှန်းခြေတန်ဖိုး အမေရိကန်ဒေါ်လာ ၁၅.၈၉ ဘီလီယံ ရှိသော်လည်း ၂၀၂၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀၉၄၅၆ သာရှိမည် ဖြစ်သည်။

အဆိုပါတန်ဖိုးနှစ်ခုစလုံးတို့သည် ထူးခြားကွဲပြားသည့် အစီရင်ခံတင်ပြမှုနှင့် ကုန်သွယ်မှု အချက်အလက်အတွင်း အချို့သော အင်အားကြီးမားသည့် သွေဖည်သော အချက်အလက်များကြောင့် အလွန်အစွန်းရောက်နေခြင်း ဖြစ်နိုင်ခြေမြင့်မားပါသည်။ ဥပမာအားဖြင့် ၂၀၂၀ ခုနှစ်တွင် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံမှ ကျောက်မျက် ၇၅၇၅ ကီလိုဂရမ် (HS. 7103.91) တင်သွင်းခဲ့သည်ဟု တင်ပြခဲ့ပါသည်။ ယင်းသည် အဆိုပါနှစ်အတွင်း အလေးချိန်အရ မြန်မာနိုင်ငံ၏ပို့ကုန်များ၏ ၉၉.၈% ကို ကိုယ်စားပြုသဖြင့် အခြားသော တန်ဖိုးခန့်မှန်းခြေများထက် များစွာပိုမိုနိမ့်ကျသည့် တစ်ကာရက်လျှင်အမေရိကန်ဒေါ်လာ ၂ ကျော်မျှသာ ရှိသော (ထိုင်းသွင်းကုန် အချက်အလက်များအရ သက်ဆိုင်ရာ လများအတွင်း သက်ဆိုင်ရာနိုင်ငံများအလိုက် တင်ပြထားသည့် တစ်ခုချင်း တန်ဖိုးဖြတ်မှုများစွာတို့နှင့် မကိုက်ညီသော) ပျမ်းမျှ ဈေးနှုန်းတစ်ခုကို ရရှိသည်။ ဤသို့ တင်ပြထားသည့် ကိန်းဂဏန်း၏နောက်ကွယ်တွင် မည်သို့ရှိကြောင်း ရှင်းလင်းစွာမသိရသော်လည်း ဤဥပမာနှင့် အခြားသော ဥပမာများအရ UN Comtrade အချက်အလက်သည် ပြဿနာများရှိနေသည့် ချဉ်းကပ်မှုတစ်ခုဖြစ်ကြောင်း တွေ့ရသည်။

ကျွန်ုပ်တို့ ထည့်သွင်းစဉ်းစားခဲ့သည့် ဒုတိယမြောက် အစားထိုးရွေးချယ်စရာ အချက်အလက်များမှာ မြန်မာနိုင်ငံ၏ ကျောက်စိမ်း နှင့် ကျောက်မျက်ပြပွဲများတွင် ရောင်းချခဲ့သည့် ဈေးနှုန်းအချက်အလက်များဖြစ်သည်။ အရောင်းပြပွဲများဟုခေါ်သော အဆိုပါပြပွဲများကို MGE မှ ကာလအပိုင်းအခြားအလိုက် ကျင်းပပြုလုပ်ခဲ့သည်။ ဈေးကွက်ဈေးနှုန်း သတင်းအချက်အလက် အရင်းအမြစ်တစ်ခုအဖြစ် ဤအချက်အလက်၏တန်ဖိုးကို ၂၀၁၉ ခုနှစ် အစီရင်ခံစာတစ်ခုအတွင်း မြန်မာနိုင်ငံ၏ ကျောက်မျက်ကဏ္ဍအပေါ် အစောပိုင်း တန်ဖိုးဖြတ်မှုတစ်ခု ပြုလုပ်ရန် ကြိုးပမ်းခဲ့သော Natural Resource Governance Institute (NRGI) အပါအဝင် လုပ်ငန်းနှင့်ပတ်သက်သည့် အရင်းအမြစ်များစွာတို့မှ မေးခွန်းထုတ်ခြင်းခံခဲ့ရသည်။ NRGI ၏ အဆိုအရ အရောင်းပြပွဲတစ်ခုမှ ယူနှစ်အလိုက် ပျမ်းမျှရောင်းချသည့် ဈေးနှုန်းများသည် ၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ်အတွင်း တစ်ကာရက်လျှင် အမေရိကန်ဒေါ်လာ ၇ နှင့် ၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ်အတွင်း တစ်ကာရက်လျှင် အမေရိကန်ဒေါ်လာ ၄ ခန့် ရှိခဲ့သဖြင့် ယင်းသည် ကဏ္ဍကို "အလွန်နည်းပါးသည့်" တန်ဖိုးဖြတ်ခြင်းကို ဖြစ်စေမည်ဖြစ်သည်။ တန်ဖိုးဖြတ်ခြင်းဆိုင်ရာ ပြဿနာအပြင် အရောင်းပြပွဲများမှ ရောင်းချမှုများဆိုင်ရာ အချက်အလက်များကိုလည်း စိစစ်လေ့လာမှုလုပ်ဆောင်ရန် ခက်ခဲသည့်နည်းလမ်းတစ်ခုဖြင့် စုစည်းထားပါသည်။ ကျောက်မျက်အမျိုးအစားများစွာတို့အား အနှစ်ချုပ်အချက်အလက်အတွင်း ထည့်သွင်းထားသဖြင့် တန်ဖိုးများစွာ ပိုမိုနည်းပါးသည့် သလင်းကျောက်ကဲ့သို့သော အလယ်လတ်တန်းတန်ဖိုးရှိသည့်ကျောက်များအား ပတ္တမြား နှင့် နီလာတို့မှ ခွဲထုတ်ရန် မဖြစ်နိုင်သဖြင့် ကဏ္ဍကို တန်ဖိုးဖြတ်ရန်အတွက် အရောင်းပြပွဲ အချက်အလက်များ အသုံးပြုခြင်းအတွက် အရေးပါသည့်စိန်ခေါ်မှုများ ဖြစ်စေသည်။

## ၂၀၁၇ ခုနှစ်နောက်ပိုင်း ကျောက်မျက်ကဏ္ဍအပေါ် တန်ဖိုးဖြတ်ခြင်းများ

မြန်မာ့ကျောက်မျက်ကဏ္ဍ၏ တန်ဖိုးကို ခန့်မှန်းတွက်ချက်ခြင်းသည် ၂၀၁၇ ခုနှစ် နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးတို့ကြောင့် ပိုမိုခက်ခဲလာခဲ့ပါသည်။ ပထမဦးစွာ ယခုအစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း လိုင်စင်များ စတင်သက်တမ်းကုန်ဆုံးလာခဲ့ပြီးနောက်ပိုင်းတွင် စုစုပေါင်းထုတ်လုပ်မှုပမာဏတွင် မကြေညာထားသည့် ထုတ်လုပ်မှုများ မြင့်တက်လာခဲ့သော်လည်း တိကျသည့် ခန့်မှန်းခြေများ ထွက်ရှိရန်အတွက် နောက်ထပ် အချက်အလက်များ မရရှိတော့ပေ။ တစ်နည်းအားဖြင့် ဤကာလမှ တရားဝင်ထုတ်လုပ်မှု ခန့်မှန်းခြေများသည် ယခင်နှစ်များလောက် ကဏ္ဍ၏ အမှန်တကယ်ရှိသည့် အရွယ်အစားကို ထင်ဟပ်နိုင်မှု ပိုမိုနည်းပါးပါသည်။

ထို့ပြင် ၂၀၁၇ ခုနှစ်နောက်ပိုင်းတွင် ထုတ်လုပ်ရေးနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ ဖော်ပြထားသည့် MEITI အစီရင်ခံစာများမရှိသဖြင့် နှစ်စဉ်စာရင်းအင်းစာစောင်အတွင်း ဖော်ပြထားသည့် ထုတ်လုပ်ထားသော ကာရက်၏ မည်သည့် ပမာဏတို့သည် ပတ္တမြား နှင့် နီလာတို့ဖြစ်ပြီး မည်သည်တို့သည် အခြားကျောက်မျက်များထက် သိသိသာသာ တန်ဖိုးပိုမိုနည်းပါးသော ကျောက်များ ဖြစ်ကြောင်း ဆုံးဖြတ်နိုင်မည့် နည်းလမ်းမရှိပေ။ အောက်ပါ ခန့်မှန်းခြေများအတွက် ကျွန်ုပ်တို့အနေဖြင့် ၂၀၁၇ ခုနှစ် အချက်အလက်များကို အသုံးပြုထားပြီး ၎င်းအရ

## ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ မှတ်တမ်းတင်ထားသည့် ကျောက်မျက် ထုတ်လုပ်မှု နှင့် ကဏ္ဍအပေါ် တန်ဖိုးဖြတ်မှု၊ အမေရိကန်ဒေါ်လာ သန်းပေါင်း

| | | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
|---|---|---|---|---|
| ထုတ်လုပ်မှု (MGE ၏ တရားဝင် ခန့်မှန်းခြေများ) | ကာရက်ပေါင်း (၀၀၀) | ၃၇၆၇ | ၁၈၅၂ | ၅၂ |
| ထိုင်းသွင်းကုန်ဈေးနှုန်းများအရ ကဏ္ဍ၏ ခန့်မှန်းခြေတန်ဖိုး | အမေရိကန်ဒေါ်လာသန်းပေါင်း | US$ ၅၂ | US$ ၅၂ | US$ ၁ |
| Mogok margin ၁၀၀% ဖြင့် ထိုင်းသွင်းကုန်ဈေးနှုန်းများအရ ကဏ္ဍ၏ ခန့်မှန်းခြေ တန်ဖိုး | အမေရိကန်ဒေါ်လာသန်းပေါင်း | US$ ၆၆ | US$ ၆၆ | US$ ၂ |
| Gemfields ဈေးနှုန်းများအရ ကဏ္ဍ၏ ခန့်မှန်းခြေတန်ဖိုး | အမေရိကန်ဒေါ်လာသန်းပေါင်း | US$ ၂၆၇ | US$ ၈၃ | – |
| Mogok margin ၁၀၀% ဖြင့် Gemfields ဈေးနှုန်းများအရ ကဏ္ဍ၏ ခန့်မှန်းခြေတန်ဖိုး | အမေရိကန်ဒေါ်လာသန်းပေါင်း | US$ ၃၃၇ | US$ ၁၀၄ | – |

မှတ်ချက် - ထိုင်းသွင်းကုန် ဈေးနှုန်းခန့်မှန်းခြေများအရ ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ခုနှစ် အတွင်း နှစ်စဉ် ထုတ်လုပ်မှု ပမာဏ၏ ၆၉.၄၃% တို့သည် ပတ္တမြား နှင့် နီလာ တို့ ဖြစ်ပြီး ကျန်ပမာဏသည် အခြား ကျောက်မျက်များ ဖြစ်ကြသည်။ ဤအချိုးသည် ၂၀၁၇ ခုနှစ် မြန်မာ EITI အစီရင်ခံစာမှဖြစ်သည်။ HS 7103.91 အတွက် ထိုင်း သွင်းကုန် ဈေးနှုန်းများကို ပတ္တမြား နှင့် နီလာတို့အတွက် အသုံးချခဲ့ပြီး HS 7103.99 မှ ဈေးနှုန်းများကိုမူ အခြားကျောက်မျက်များအတွက် အသုံးချခဲ့သည်။

စုစုပေါင်းကာရက်၏ ၆၉.၄၃% တို့သည် ပတ္တမြား နှင့် နီလာတို့ဖြစ်ကြသည်။ နောက်ဆုံးအနေဖြင့် Covid-19 ကပ်ရောဂါသည် ကျောက်မျက်ကဏ္ဍကို သိသိသာသာထိခိုက်စေခဲ့ပြီး နှစ်တစ်နှစ်တာအတွင်းတင်ပြသည့် ပမာဏ နှင့် တန်ဖိုးများနှင့်ပတ်သက်၍ ပိုမိုကြီးမားသည့် မရေရာမှုများကို ဖြစ်လာစေခဲ့သည်။ ကပ်ရောဂါကြောင့် Gemfields သည် ၂၀၂၀ ခုနှစ်အတွင်း မည်သည့်လေလံပွဲကိုမျှ ကျင်းပခဲ့ခြင်း မရှိသဖြင့် အဆိုပါနှစ်အတွက် ခန့်မှန်းခြေတစ်ခု ရေးဆွဲနိုင်ရန် မဖြစ်နိုင်ပေ။

## ပျောက်ဆုံးနေသည့် သန်းပေါင်းများစွာ - မှောင်ခိုကုန်သွယ်သည့် ကျောက်မျက်များအတွက် ခန့်မှန်းခြေများကို ချိန်ညှိပါသလား။

တူးဖော်ရေးလုပ်ကွက်တွင် တူးဖော်ထုတ်လုပ်ခဲ့သည်ဟု မှတ်တမ်းတင်ခဲ့ပြီးနောက် အဆင့်တစ်ဆင့်တွင် ပျောက်ဆုံးသွားသည့် ကျောက်မျက်များအတွက် အမျိုးမျိုးသော ခန့်မှန်းတွက်ချက်သည့် နည်းစနစ်များ ရှိပါသည်။ မည်သို့ပင်ဆိုစေကာမူ (အရောင်းပြပွဲ သို့မဟုတ် ကုန်သွယ်မှု အချက်များအတွင်း မဆိုထားနှင့်) ထုတ်လုပ်ရေး အချက်အလက်များတွင်ပင် မည်သည့်အခါမျှ မှတ်တမ်းတင်ထားခဲ့ခြင်း မရှိသည့် ကျောက်မျက်ပမာဏများကို ခန့်မှန်းတွက်ချက်ရန် သိသိသာသာ ပိုမိုခက်ခဲပါသည်။ တရားဝင်ထုတ်လုပ်မှု ကိန်းဂဏန်းများသည် ထုတ်လုပ်မှု၏သိသာသည့် အချိုးအစားကို ဖော်ပြထားခြင်းမရှိဟု ပုံမှန်ဆိုသလို ဝေဖန်ခြင်းခံလာခဲ့ရသည်။ MEITI အတွက် အကျိုးစီးပွားပတ်သက်ဆက်နွယ်သူများနှင့် တွေ့ဆုံမေးမြန်းမှုများမှတဆင့် လုပ်ဆောင်ခဲ့သည့် ၂၀၁၆ ကျောက်မျက်ကဏ္ဍ ပြန်လည်သုံးသပ်မှုတွင် "မြန်မာနိုင်ငံ၌ထုတ်လုပ်ခဲ့သော ကျောက်မျက် ၈၀% အထိတို့ကို ကြေညာခဲ့ခြင်းမရှိဘဲ တရားဝင်စနစ်ကို ကျော်လွှားခဲ့သည်" ဟု တွေ့ရှိခဲ့ရသည်။ ဤအချက်သည် ကဏ္ဍ၏ စုစုပေါင်းအရွယ်အစား သို့မဟုတ် တန်ဖိုးကို ခန့်မှန်းတွက်ချက်ရန် မည်သည့် ကြိုးပမ်းမှုအပေါ်မဆို သိသိသာသာ မရေရာမှု ဖြစ်စေသည်။

ထုတ်လုပ်မှုကိုတင်ပြရန် ပျက်ကွက်မှုသည် တရားမဝင် စီးပွားရေးအလေ့အထများ၊ အကျင့်ပျက်ခြစားမှုများ၊ မှောင်ခိုကုန်သွယ်ခြင်းကို အားပေးသည့် မက်လုံးများနှင့် လျော့ရဲသော လိုက်နာစေရန် ဆောင်ရွက်မှုတို့ကြောင့် ဖြစ်သည်။ အထက်ပါ ခန့်မှန်းခြေအားလုံးတို့သည် တရားဝင်ထုတ်လုပ်မှု အချက်အလက်များတွင်သာ အခြေခံထားခြင်းဖြစ်ပြီး တူးဖော်ရေးလုပ်ကွက်ရှိ ထုတ်လုပ်မှုကို လျော့၍ တင်ပြခြင်းကို ထည့်သွင်းစဉ်းစားထားခြင်း မရှိပေ။ (ကျွန်ုပ်တို့အနေဖြင့် ယုံကြည်ရသည်ဟု ထည့်သွင်းစဉ်းစားထားသည့်) စုစုပေါင်းထုတ်လုပ်မှု၏ ၈၀% တို့အား တူးဖော်ရေး လုပ်ကွက်တွင် ကြေညာခဲ့ခြင်းမရှိဟူ၍ယူဆပါက ကဏ္ဍ၏ အရွယ်အစား သို့မဟုတ် တန်ဖိုးတို့အပေါ် ခန့်မှန်းခြေများသည် ၅ ဆအထိ မြင့်တက်လာမည် ဖြစ်သည်။

အထက်တွင် ဖော်ပြခဲ့သော ပထမချဉ်းကပ်မှုအတွင်းသို့ ဤမကြေညာထားသည့် ထုတ်လုပ်မှုခန့်မှန်းခြေကို ပေါင်းစပ်ထည့်သွင်းကာ ထိုင်းအကောက်ခွန်မှ ဈေးနှုန်းအချက်အလက်များကို အသုံးပြုပြီး "Mogok Margin" ကို အသုံးချပါက မြန်မာ့ကျောက်မျက်ကဏ္ဍ၏ ထွက်ပေါ်ရလဒ်အတွက် ခန့်မှန်းခြေတန်ဖိုးသည် ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ကာလအတွင်း နှစ်စဉ် အမေရိကန်ဒေါ်လာ ၁.၇၃ ဘီလီယံ ရှိမည်ဖြစ်သည်။ အဆိုပါ မကြေညာထားသည့် ထုတ်လုပ်မှု ခန့်မှန်းခြေကိုပင် အထက်တွင်ဖော်ပြခဲ့သော ဒုတိယမြောက်နည်းလမ်းအတွင်း ပေါင်းစပ်ထည့်သွင်းကာ ထိုင်းအကောက်ခွန်မှ ဈေးနှုန်းအချက်အလက်များကို အသုံးပြုပြီး "Mogok Margin" ကို အသုံးချပါက ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ် အကြား နှစ်စဉ် အမေရိကန်ဒေါ်လာ ၂.၀၇ ဘီလီယံ ခန့်မှန်းခြေတန်ဖိုးတစ်ခု ရရှိမည်ဖြစ်သည်။

နောက်ထပ် သုတေသနများ (ဥပမာ Gemfields ၏ ၈၆၄၀၃ ဧကရှိသော မိုဇမ်ဘစ်ရှိ လုပ်ကွက်များမှထုတ်လုပ်သည့် ပတ္တမြားတန်ဖိုးသည် မြန်မာနိုင်ငံ၏လုပ်ကွက်များမှထုတ်လုပ်သည့် တန်ဖိုးနှင့် အရွယ်အစားတို့နှင့် နှိုင်းယှဉ်ပါက မည်သို့ရှိပုံ) ပြုလုပ်ခြင်းဖြင့် အဆိုပါကိန်းဂဏန်းများသည် ပိုမိုကျယ်ပြန့်သော အခြေအနေတစ်ခုအတွင်း ကျိုးကြောင်းဆီလျော်မှုရှိမရှိ ခန့်မှန်းတွက်ချက်ရန်အတွက် အထောက်အကူပြုနိုင်မည်ဖြစ်သည်။



အသေးစား လက်လုပ်လက်စား ပတ္တမြားတူးဖော်သည့် အဖွဲ့တစ်ဖွဲ့ မိုးကုတ်တွင် လုပ်ကိုင်နေကြပုံ၊ ၂၀၂၀ ခုနှစ် မတ်လ။ MO

# ENDNOTES


1 “Step by step: Myanmar gem sector emerges from isolation and U.S. sanctions”, American Gem Trade Association, 2016, p.6; “EITI Report 2017–2018”, Myanmar Extractive Industries Transparency Initiative, March 2020, p.99 (https://eiti.org/document/myanmar-20172018-eiti-report)

2 “Myanmar: Coup Leads to Crimes Against Humanity”, Human Rights Watch, 31 July 2021 (https://www.hrw.org/news/2021/07/31/myanmar-coup-leads-crimes-against-humanity); “Myanmar military uses systemic torture across country”, Associated Press, 28 October 2021 (https://apnews.com/article/myanmar-torture-military-prisons-insein-abuse-390fe5b49337be82ce91639e93e0192f)

3 “Myanmar: Coup Leads to Crimes Against Humanity”, Human Rights Watch, 31 July 2021 (https://www.hrw.org/news/2021/07/31/myanmar-coup-leads-crimes-against-humanity)

4 EU COUNCIL DECISION (CFSP) 2021/639 of 19 April 2021 amending Decision 2013/184/CFSP concerning restrictive measures in view of the situation in Myanmar/Burma (https://eur-lex.europa.eu/legal-content/EN/TXT/?uri=CELEX%3A32021D0639); “Treasury Sanctions Military Holding Companies in Burma”, US Department of the Treasury, 25 March 2021 (https://home.treasury.gov/news/press-releases/jy0078)

5 “UN rights expert urges sanctions on Myanmar’s oil, gas sectors”, Reuters, 7 July 2021 (https://www.reuters.com/business/media-telecom/un-rights-chief-urges-asean-move-myanmar-dialogue-2021-07-07/); “Myanmar junta’s growing reliance on extractives for cash raises concerns”, Mongabay, 18 June 2021 (https://news.mongabay.com/2021/06/myanmar-juntas-growing-reliance-on-extractives-for-cash-raises-concerns/)

6 “The Economic Interests of the Myanmar Military”, United Nations Independent Fact-Finding Mission on Myanmar, United Nations Human Rights Council, A/HRC/42/CRP.3, August 2019, pp.7, 30 and 36 (https://www.ohchr.org/EN/HRBodies/HRC/MyanmarFFM/Pages/EconomicInterestsMyanmarMilitary.aspx)

7 See “Jade: Myanmar’s ‘Big State Secret’”, Global Witness, October 2015 (https://www.globalwitness.org/en/campaigns/oil-gas-and-mining/myanmarjade/) and “Jade and conflict: Myanmar’s vicious circle”, Global Witness, June 2021 (https://www.globalwitness.org/en/campaigns/natural-resource-governance/jade-and-conflict-myanmars-vicious-circle/)

8 “Step by Step: Myanmar Gem Sector Emerges from Isolation and U.S. Sanctions”, AGTA, 2016, p.12

9 “Myanmar’s flawed new gemstone law set to restart gemstone permits in tainted sector”, Global Witness, 20 December 2018 (https://www.globalwitness.org/en/press-releases/myanmars-flawed-new-gemstone-law-set-to-restart-gemstone-permits-in-tainted-sector/); MEITI licensing data (https://myanmareiti.org/en/publication-category/meiti-reports)

10 “Gem industry leaders attend meeting with junta officials”, Myanmar Now, July 2021 (https://www.myanmar-now.org/en/news/gem-industry-leaders-attend-meeting-with-junta-officials)

11 Global Witness analysis of MEITI data from 2014–15 to 2017–18 (https://myanmareiti.org/en/publication-category/meiti-reports)

12 Canada had already imposed sanctions against MEHL and MEC in 2007. See “US and UK Join Canada in Designating Myanmar’s Military Conglomerates, with EU Considering Further Action”, Gibson Dunn, 2 April 2021 (https://www.gibsondunn.com/us-and-uk-join-canada-in-designating-myanmar-military-conglomerates-with-eu-considering-further-action/)

13 “Who profits from a coup? The power and greed of Senior General Min Aung Hlaing”, Justice for Myanmar, 30 January 2021 (https://www.justiceformyanmar.org/stories/who-profits-from-a-coup-the-power-and-greed-of-senior-general-min-aung-hlaing)

14 “Myanmar coup: Min Aung Hlaing, the general who seized power”, BBC News, 1 February 2021 (https://www.bbc.co.uk/news/world-asia-55892489)

15 “Junta troops kill two protesters in Mogok at National Unity government rally”, Myanmar Now, 17 April 2021 (https://www.myanmar-now.org/en/news/junta-troops-kill-two-protesters-in-mogok-at-national-unity-government-rally). “Scenes of terror in Myanmar’s Mogok”, Reuters, 19 April 2021 (https://www.bangkokpost.com/vdo/world/2101803/scenes-of-terror-in-myanmar-mogok/) and “Monk arrested in Mogok crackdown forced to disrobe, charged under 505b”, Myanmar Now, 12 March, 2021 (https://www.myanmar-now.org/en/news/monk-arrested-in-mogok-crackdown-forced-to-disrobe-charged-under-505b)

16 Armed Conflict Location & Event Data Project (ACLED) data on clashes in Mogok Township since 1 February 2021

17 “Daily Briefing”, Frontier Myanmar, 2 July 2021

18 “Gemstone Sector Review: In Support of Myanmar EITI”, MEITI, 2016, p.15 (https://www.resourcedata.org/document/rgi-myanmar-eiti-gemstone-sector-review); “Multifaceted: Governance and Conflict Risks in Myanmar’s Ruby Industry”, Natural Resource Governance Institute, 2018, p.1 (https://resourcegovernance.org/analysis-tools/publications/multifaceted-governance-and-confict-risks-myanmar-ruby-industry)

19 “Gemstone Sector Review: In Support of Myanmar EITI”, MEITI, 2016, pp.6 and 15. The current world record holder is a ruby from Mogok known as the ‘sunrise ruby’ which sold in May 2015 for US$30.33 million at a Sotheby’s auction in Geneva, or more than US$1 million per carat (https://www.resourcedata.org/document/rgi-myanmar-eiti-gemstone-sector-review)

20 https://www.tiffany.com/sustainability/product/gemstones-metals-materials/

21 Cartier correspondence with Global Witness, 2021, Gübelin response to Global Witness letter, 2021

22 Military conglomerates Myanmar Economic Holdings Limited and Myanmar Economic Corporation, and state-owned regulator Myanma Gems Enterprise

23 “Gemstone Sector Review: In Support of Myanmar EITI”, MEITI, 2016, p.15 (https://www.resourcedata.org/document/rgi-myanmar-eiti-gemstone-sector-review); “Multifaceted: Governance and Conflict Risks in Myanmar’s Ruby Industry”, NRGI, 2018, p.1 (https://resourcegovernance.org/analysis-tools/publications/multifaceted-governance-and-confict-risks-myanmar-ruby-industry)

24 “800 years of Mogok: A Celebration in Tenuous Times”, International Gem Society, 2018 (https://www.gemsociety.org/article/800-years-of-mogok-a-celebration-in-tenuous-times/)

25 Global Witness analysis of MEITI data (https://myanmareiti.org/en/publication-category/meiti-reports)

26 “Fluxed Up: Fracture Healing of Ruby”, Richard W. Hughes, Palagems.com, 2005 (https://www.lotusgemology.com/index.php/component/content/article?id=152:fluxed-up-the-fracture-healing-of-ruby)

27 “Expedition to the Ruby and Spinel Mines of Namya (Northern Burma/Myanmar)”, Adolf Peretti and Anong Kanpraphai, Gemresearch Swisslab AG, 2003 (https://www.gemresearch.ch/assets/documents/publication-articles/2003-08-namya-spinel-and-ruby-mines-contributions-no02-parta-1.pdf)

28 “800 years of Mogok: A Celebration in Tenuous Times”, International Gem Society, 2018 (https://www.gemsociety.org/article/800-years-of-mogok-a-celebration-in-tenuous-times/)

29 “Gemstone Sector Review: In Support of Myanmar EITI”, MEITI, 2016, pp.6 and 15 (https://www.resourcedata.org/document/rgi-myanmar-eiti-gemstone-sector-review)

30 “The Economic Interests of the Myanmar Military”, United Nations Independent Fact-Finding Mission on Myanmar, United Nations Human Rights Council, A/HRC/42/CRP.3, August 2019, p.62 (https://www.ohchr.org/EN/HRBodies/HRC/MyanmarFFM/Pages/EconomicInterestsMyanmarMilitary.aspx)

31 “Myanmar’s flawed new gemstone law set to restart gemstone permits in tainted sector”, Global Witness, 20 December 2018 (https://www.globalwitness.org/en/press-releases/myanmars-flawed-new-gemstone-law-set-to-restart-gemstone-permits-in-tainted-sector/)

32 “Back to business as usual in Myanmar’s jade mines?”, Frontier Myanmar, 28 November 2018 (https://www.frontiermyanmar.net/en/back-to-business-as-usual-in-myanmars-jade-mines/); “Parliament passes gemstone bill amid criticism”, Thompson Chau, Myanmar Times, 8 February 2019 (https://www.mmtimes.com/news/parliament-passes-gemstone-bill-amid-criticism.html)

33 “Jade and conflict: Myanmar’s vicious circle”, Global Witness, June 2021 (https://www.globalwitness.org/en/campaigns/natural-resource-governance/jade-and-conflict-myanmars-vicious-circle/)

34 Global Witness analysis of MEITI data (https://myanmareiti.org/en/publication-category/meiti-reports). See also “Gem industry leaders attend meeting with junta officials”, Myanmar Now, July 2021 (https://www.myanmar-now.org/en/news/gem-industry-leaders-attend-meeting-with-junta-officials)

35 A few jade and gemstone mining licences were extended, including for jade mining in Hkamti in Sagaing Region, according to a former gemstone industry official, but details have not been made public. Interview with former gemstone industry official; 2021 (Global Witness interview 922)

36 Interviews with a member of staff at a gemstone mining company and an informal gemstone miner in Mogok, 2021 (Global Witness interviews 902 and 906)

37 “Gem industry leaders attend meeting with junta officials”, Myanmar Now, July 2021 (https://www.myanmar-now.org/en/news/gem-industry-leaders-attend-meeting-with-junta-officials)

38 “Neither war nor peace: the future of the cease-fire agreements in Burma”, Transnational Institute, 2009, p.2 (https://reliefweb.int/report/myanmar/neither-war-nor-peace-future-cease-fire-agreements-burma); “The Economic Interests of the Myanmar Military”, United Nations Independent Fact-Finding Mission on Myanmar, United Nations Human Rights Council, A/HRC/42/CRP.3, August 2019, pp.35–36 (https://www.ohchr.org/EN/HRBodies/HRC/MyanmarFFM/Pages/EconomicInterestsMyanmarMilitary.aspx)

39 “Militias in Myanmar”, The Asia Foundation, July 2016, p.12 (https://asiafoundation.org/wp-content/uploads/2016/07/Militias-in-Myanmar.pdf)

40 “Ceasefire capitalism: military–private partnerships, resource concessions and military–state building in the Burma–China borderlands”, Kevin Woods, *The Journal of Peasant Studies* Vol. 38, No. 4, October 2011 (http://www.mekonglandforum.org/node/2553); “Multifaceted: Governance and Conflict Risks in Myanmar’s Ruby Industry”, NRGI, March 2018, p.10 (https://resourcegovernance.org/analysis-tools/publications/multifaceted-governance-and-confict-risks-myanmar-ruby-industry); “Pigeon Blood Valley: On the Trail of Mogok’s Famed Burmese Ruby”, Adolf Peretti and Thierry Falise, 2016, p.75; “Militias in Myanmar”, The Asia Foundation, July 2016, pp.iii, 25 (https://asiafoundation.org/wp-content/uploads/2016/07/Militias-in-Myanmar.pdf)

41 “Ending ethnic armed conflict in Burma: A complicated peace process”, Lian H. Sakhong and Paul Keenan, Burma Centre for Ethnic Studies, 2014, p.145 (https://themimu.info/sites/themimu.info/files/documents/Book_Ending_Ethnic_Armed_Conflict_in_Burma_Keenan_2014.pdf)

42 “Leaders from Mongla, UWSA Meet on ‘New Year’s Greeting Tour’”, Shan Herald Agency for News, 23 January 2019 (https://www.bnionline.net/en/news/leaders-mongla-uwsa-meet-new-years-greeting-tour); “Jade and conflict: Myanmar’s vicious circle”, Global Witness, June 2021, p.47 (https://www.globalwitness.org/en/campaigns/natural-resource-governance/jade-and-conflict-myanmars-vicious-circle/)

43 “Situation in Mong Hsu Gem Land”, All Burma Students’ Democratic Front (ABSDF), published in “Human Rights Year Book 1995: Burma”, Human Rights Documentation Unit (HRDU) of the National Coalition Government of the Union of Burma (NCGUB), 1995, p.235 (https://www.burmalibrary.org/docs/LIVELY.PDF)

44 Interview with Mong Hsu resident, 2017 (Global Witness interview 505)

45 “Myanmar’s strongest ethnic armed group says drug label ‘not fair’”, Reuters, 7 October 2016 (https://www.reuters.com/article/us-myanmar-wa-idUSKCN1270R3)

46 The UWSA was awarded its first gemstone and jade mining permits after signing a ceasefire with the military in 1989; by 2002, the junta-run *New Light of Myanmar* newspaper was reporting that “the Wa group has been permitted to undertake about 30 percent of mining business at… Mongshu [Mong Hsu] gems land” as part of an opium substitution programme. “Foreign diplomats witness developments and opium-substitute undertakings of Wa regions in eastern and northern Shan State”, *New Light of Myanmar,* 4 April 2002 (http://uzo.sakura.ne.jp/burma/nlm/nlm_data/nlm_2002/nlm_04_2002/nlm_04_04_2002). “Step by Step: Myanmar Gem Sector Emerges from Isolation and U.S. Sanctions”, AGTA, 2016, p.13; “Neither war nor peace: the future of the cease-fire agreements in Burma”, Transnational Institute, 2009, p.14 (https://reliefweb.int/report/myanmar/neither-war-nor-peace-future-cease-fire-agreements-burma); interviews with: Mogok civil society representative and former businessman, 2021; Yangon-based journalist, 2019; Shan State-based journalist, 2019; Mogok civil society representative, 2019; civil society representative, 2018; Myanmar analyst, 2017 (Global Witness interviews 101, 201, 212, 213, 301c and 607)

47 “Sector Wide Impact Assessment of Limestone, Gold and Tin Mining in Myanmar”, Myanmar Centre for Responsible Business, March 2018, p.212 (https://www.myanmar-responsiblebusiness.org/pdf/SWIA/Mining/00-Myanmar-Mining-Sector-Wide-Assessment.pdf)

48 “History”, Ruby Dragon Group (https://www.rubydragongroup.com/history.html). “Multifaceted: Governance and Conflict Risks in Myanmar’s Ruby Industry”, NRGI, March 2018, pp.10–11 (https://resourcegovernance.org/analysis-tools/publications/multifaceted-governance-and-conflict-risks-myanmar-ruby-industry) and interview with Mogok civil society representative and former businessman, 2021 (Global Witness interview 101)

49 “Nay Win Tun: Burma’s Gem Stone Tycoon”, The Irrawaddy, 31 October 2007 (https://www2.irrawaddy.com/article.php?art_id=9164); Response to Global Witness letter, Ruby Dragon Group of Companies, November 2021

50 “Ruby Mining”, Ruby Dragon Group (https://www.rubydragongroup.com/ruby-mining.html). “Myanmar’s ‘Valley of the Rubies’ emerges from shadows”, Nikkei Asian Review, 8 April 2018 (https://asia.nikkei.com/Life-Arts/Life/Myanmar-s-Valley-of-the-Rubies-emerges-from-shadows)

